
FEDERAL JOURNAL MYANMAR
ETHNIC PEACE FEDERALISM

# ဖက်ဒရယ် ဂျာနယ်မြန်မာ

Quarterly Journal of Federalism




# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား.......?

QUARTERLY JOURNAL | ISSUE 44 | October 31, 2024

ဖက်ဒရယ်ဂျာနယ်၊ မြန်မာ သုံးလပတ် ထုတ်ဝေမှု၊ အမှတ်စဉ် (၄၄)၊ အောက်တိုဘာ (၃၁) ရက်၊ ၂၀၂၄ ခုနှစ်

# မာတိကာ

ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား
ဖက်ဒရယ်ဂျာနယ်၊ မြန်မာ
အမှတ်စဉ် (၄၄)


ဖက်ဒရယ်ဂျာနယ်၊ မြန်မာ မူဝါဒ
ဖက်ဒရယ်ဂျာနယ်၊ မြန်မာ ရည်မှန်းချက်ပန်းတိုင်
ဖက်ဒရယ်ဂျာနယ်၊ မြန်မာ အယ်ဒီတာ့အာဘော်

## ကဗျာကဏ္ဍ

၁။ ရွေးကောက်ပွဲ ဖတ်စာ — ဘုန်းနေလ (ရှမ်းမြေ)
၂။ အရှုံးမောင်းတဲ့ ကားပေါ်မှာ — ရွှေပု
၃။ ဥက္ကဋ္ဌကြီး၏ စည်းဝေးပွဲ — နှောင်းမွန်း

## ကာတွန်းကဏ္ဍ

၄။ ကာတွန်း — Rifle

## အင်တာဗျူးကဏ္ဍ

ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား — အယ်ဒီတာအဖွဲ့

၅။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပြောရေးဆိုခွင့်ရှိသူ — စိုင်းလိတ်နဲ့ တွေ့ဆုံခြင်း
၁၀။ ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ALD) အထွေထွေအတွင်းရေးမှူး — ဦးမျိုးကျော်နဲ့ တွေ့ဆုံခြင်း
၁၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် — ဒေါ်အေးမြမြမျိုး နဲ့ တွေ့ဆုံခြင်း
၁၅။ သုညဖက်ဒရယ်ပညာရေးဖောင်ဒေးရှင်းတည်ထောင်သူ — မောင်သုညနဲ့ တွေ့ဆုံခြင်း
၂၁။ လူထုဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ — ဦးအောင်ဇော်မိုးနဲ့ တွေ့ဆုံခြင်း
၂၉။ လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ ဥက္ကဋ္ဌ — မနုလိုင်နဲ့ တွေ့ဆုံခြင်း
၃၆။ ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ တွဲဖက်အတွင်းရေးမှူး — ဦးကျော်စိုး (ခ) ပူကမ်လမ်ခုပ်နဲ့ တွေ့ဆုံခြင်း
၃၉။ နိုင်ငံရေးလေ့လာသုံးသပ်သူ — သွန်းနေစိုးနဲ့ တွေ့ဆုံခြင်း

## ဆောင်းပါးကဏ္ဍ

၄၅။ အသက်ဝင်နေတဲ့ စစ်ကောင်စီအတွက် ရွေးကောက်ပွဲက ထွက်ပေါက်ဖြစ်မလား — အိုက်နီ (ဖြူး)
၅၀။ စစ်အုပ်စုရဲ့ နောက်ဆုံးထွက်ပေါက်ဖြစ်တဲ့ ရွေးကောက်ပွဲ ပရိယာယ် — ကျော်ကိုကို
၅၆။ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲက နိုင်ငံရေးထွက်ပေါက်လား အစဝင်ပေါက်သာ ဖြစ်နေ — ဟန်နရီမင်း
၆၀။ ရွေးကောက်ပွဲသည် စစ်ကောင်စီ အသုံးချမည့် ဖြေဆေး — မင်းကျော်ဖေ
၆၆။ လမ်းချင်းတူပေမယ့် လူခြင်းမတွေ့ကြသေးတာလား — ညီညီ

# မာတိကာ

ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား
ဖက်ဒရယ်ဂျာနယ်၊ မြန်မာ
အမှတ်စဉ် (၄၄)

## ဆောင်းပါးကဏ္ဍ


| | | |
|---|---|---|
| ၇၂။ | စစ်ကောင်စီလက်ထဲမှာ ရွေးကောက်ပွဲ ကျင်းပပိုင်သောအခွင့်အာဏာသည် နတ္ထိမရှိ | ကျော်ကိုကို |
| ၇၆။ | တော်လှန်ရေးထဲက လူ့ဂုဏ်သိက္ခာ လူသားဖြစ်တည်မှုနှင့် လူသားဆန်မှု | စိုင်းထက် အတွေးအမြင် |
| ၇၉။ | လေသံပစ် ရွေးကောက်ပွဲ | ဝင်းမျိုးသူ |
| ၈၂။ | ရွေးကောက်ပွဲက စစ်ကောင်စီအတွက် နိုင်ငံရေးထွက်ပေါက်လား | ရိုးသက် |


## ဖက်ဒရယ်ရေးရာကဏ္ဍ


| | | |
|---|---|---|
| ၉၃။ | ဂျာမန်ပြည်ထောင်စု၏ ဒေသန္တရအစိုးရများအကြောင်းကို လေ့လာခြင်း | Salai Kipp |
| ၁၀၃။ | မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC) ရဲ့တော်လှန်ရေးအရွေ့များ | အယ်ဒီတာအဖွဲ့ |
| ၁၁၃။ | ချင်းပြည်အစိုးရ၏ အစိုးရလုပ်ငန်းများနှင့် တော်လှန်ရေးအရွေ့များ | အယ်ဒီတာအဖွဲ့ |
| ၁၁၇။ | တိုင်းရင်းသား၊ အမျိုးသားနှင့် နိုင်ငံသား စသည်တို့ကို ရောထွေးမသုံးစေလို | ဆလိုင်းထောင်း |
| ၁၂၂။ | အနာဂတ် ဒီမိုကရေစီ–ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်တည်ဆောက်ဖို့အတွက် အခက်ခဲဖြစ်နိုင်ဆုံးအချက်များ | ဟန်နရီမင်း |


## တိုင်းရင်းသားရေးရာကဏ္ဍ


| | | |
|---|---|---|
| ၁၃၃။ | ကယား (ကရင်နီ) လူမျိုးတို့ရဲ့ အထွတ်အမြတ်ထားရာ ဖားစည် | အယ်ဒီတာအဖွဲ့ |


## တော်လှန်လူငယ်အသံကဏ္ဍ


| | | |
|---|---|---|
| | ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား | အယ်ဒီတာအဖွဲ့ |
| ၁၃၇။ | တအာင်းနိုင်ငံရေးအကျဉ်းသားဟောင်း | မိုင်းဆိုပ်ချိုဝ်း |
| ၁၄၀။ | ပအိုဝ်းတိုင်းရင်းသား | ခွန်ဇော်မိုး |
| ၁၄၃။ | Current Political Science Student | Salai (ချင်းလူငယ်) |
| ၁၄၆။ | ကရင်နီလူငယ် | ကိုဇက် |
| ၁၄၈။ | မွန်တိုင်းရင်းသားတော်လှန်လူငယ် | ကိုပြည့် |
| ၁၅၂။ | အင်းတိုင်းရင်းသား တော်လှန်လူငယ် | မနွေးအိအိကျော် |
| ၁၅၄။ | ရခိုင်တိုင်းရင်းသူ | မခိုင်ရတနာဦး |
| ၁၅၅။ | ကချင်တိုင်းရင်းသားလူငယ် | Justice Naw |
| ၁၅၇။ | ပြည်မအခြေစိုက် တော်လှန်လူငယ် | Justin |

# ဖက်ဒရယ်ဂျာနယ် မြန်မာ မူဝါဒ

- ဖက်ဒရယ်ဂျာနယ်၊ မြန်မာသည် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတွင် အထောက်အကူပြုရန်။
- တိုင်းရင်းသား လူမျိုးစုတန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိရေး ဆောင်ရွက်ရန်။
- ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် အထောက်အကူပြုရန်။
- တိုင်းရင်းသားလူမျိုးစု ဒေသများရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ဖော်ထုတ်ရန်။
- တိုင်းရင်းသားလူမျိုးစု၏ နိုင်ငံရေးအသိအမြင် မြင့်မားလာစေရန်နှင့် စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်။
- အနာဂါတ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေးအခန်းကဏ္ဍတွင် တိုင်းရင်းသားလူမျိုးစုများ၏ ပါဝင်မှုမြင့်တင်လာနိုင်ရန်။
- တိုင်းရင်းသားလူမျိုးစုများ၏ ခံယူချက်များ၊ အယူအဆများကို ပြည်သူတစ်ရပ်လုံး သိမြင်စေရန်။

# ဖက်ဒရယ်ဂျာနယ် မြန်မာ ရည်မှန်းချက်ပန်းတိုင်

- ဖက်ဒရယ်ဂျာနယ် မြန်မာသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရာတွင် အဓိကကျသော တိုင်းရင်းမီဒီယာပလက်ဖောင်းတစ်ခုအနေနှင့် ရပ်တည်သွားမည်ဖြစ်ပြီး မြန်မာပြည်သူလူထုတို့၏ ရပိုင်ခွင့်၊ အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့်မြှင့်တင်ပေးနိုင်ရန်လည်း ရည်ရွယ်သည်။

- ချယ်ရီဖောင်ဒေးရှင်းသည် မတူကွဲပြားမှုကို လေးစားတန်ဖိုးထားသည့်အားလျော်စွာ ချယ်ရီဖောင်ဒေရှင်း၏ တိုင်းရင်းမီဒီယာပလက်ဖောင်းဖြစ်သည့် ဖက်ဒရယ်ဂျာနယ်မြန်မာတွင် ပါဝင်နေသော ဝိုင်းတော်သားများသည် မြန်မာပြည်အနှံ့အပြားမှ သွေးချင်းတိုင်းရင်းညီအစ်ကိုမောင်နှမများ ဖြစ်ကြသည်။

- ချယ်ရီဖောင်ဒေးရှင်းနှင့် ဖက်ဒရယ်ဂျာနယ် မြန်မာဝိုင်းတော်သာများသည် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာရေးကို အန္တိမပန်းတိုင်အဖြစ် သတ်မှတ်ပြီးမဏ္ဍိုင် တစ်ရပ်အနေဖြင့် ရပ်တည်ကာ ဆက်လက်လှမ်းချီသွားမည်ဖြစ်သည်။

မှတ်ချက်။ ။ ဤစာစဉ်တွင် အသုံးပြုထားတဲ့ ဓါတ်ပုံအရင်းအမြစ်များသည် အင်တာနက်ကွန်ရက်များမှ အဓိကထား အသုံးပြုထားခြင်း ဖြစ်ပါသည်။

## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

စစ်ကောင်စီသည် ၂၀၂၀ပြည့်နှစ်ရွေးကောက်ပွဲကို ရွေးကောက်ပွဲမသမာမှုများ ရှိခဲ့တာကြောင့် ယုံကြည်နိုင်ဖွယ်မရှိဆိုတဲ့ စွပ်စွဲချက်များနဲ့ ၎င်းတို့၏ အာဏာသိမ်းမှုကို ကျိုးကြောင်းဆီလျော်ကြောင်း သက်သေပြဖို့ နည်းမျိုးစုံ ကြိုးပမ်းရာတွင် ရွေးကောက်ပွဲပြန်လည်ကျင်းပမည်ဆိုခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ကို တွေ့ရပေသည်။

ထို့ပြင် နိုင်ငံတကာအလယ်၌ ၎င်းတို့၏ တရားဝင်မှုရရှိရေးအတွက် ကြိုးပမ်းမှုများက မအောင်မမြင် ဖြစ်လာသည့် အချိန်တွင် ၎င်းကိုဆန့်ကျင်တဲ့ လူထုတရပ်လုံးကို အင်အားအလွန်အကျွံသုံးပြီး ရက်စက်မှု အပေါင်း သရဖူဆောင်းကာ ဖိနှိပ်မှုမျိုးစုံဖြင့် ကျူးလွန်လျှက် ရှိနေသည်။

အင်အားသုံးပြီးထိန်းချုပ်နိုင်ဖို့ ကြိုးစားနေသည့် စစ်ကောင်စီသည် ယခုအခါ နိုင်ငံအနှံ့မကြုံစဖူး ခုခံတော်လှန်မှု များနဲ့ရင်ဆိုင်နေရပြီး စစ်တပ်စခန်းများစွာနှင့် အုပ်ချုပ်ရေးနယ်မြေ မြို့ပေါင်းများစွာကိုလည်း လက်လွှတ်ဆုံးရှုံး ထားနေရပြီဖြစ်သည်။ ထိုသို့ဆုံးရှုံးမှုများစွာ ကြုံတွေ့လာရသည့်အတွက် စစ်ကောင်စီသည် ၎င်းအတွက် နိုင်ငံရေးထွက်ပေါက် အဖြစ် ရှန်းထွက်နိုင်ဖို့ ကြိုးစားလာသည်။

စစ်ကောင်စီသည် ရွေးကောက်ပွဲမသမာမှုဇာတ်ကြောင်းကို ထပ်ခါထပ်ခါပြောဆိုနေပြီး ၎င်း၏စွပ်စွဲပြောဆိုမှုက မှန်ကန်သည်ဟု ထင်ယောင်ထင်မှားဖြစ်စေရန် နည်းပေါင်းစုံဖြင့် ကြိုးပမ်းအားထုတ်လာရာတွင် ရွေးကောက်ပွဲအခင်းအကျင်းသစ်ကို ဦးတည်လာပြီး ရွေးကောက်ပွဲကျင်းပပေးမည်ဟု မက်လုံးများစွာဖြင့် ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေများကို ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။

စစ်ကောင်စီသည် ရွေးကောက်ပွဲနှင့် ပါတ်သက်ပြီး အိမ်နီးချင်းနိုင်ငံတချို့ရဲ့ ထောက်ခံမှုကိုလည်း ရရှိထားသည်ဟု ယူဆရသည့် အခြေအနေနှင့် စစ်ကောင်စီထံ မှတ်ပုံတင်သည့် နိုင်ငံရေးပါတီ အမည်ခံများ ရှိနေသည့်အတွက် ရွေးကောက်ပွဲကျင်းပပေးမည်ဟု အခိုင်အမာကြွေးကြော်ပြီး အားထုတ်ပြင်ဆင်လာ နေသည်။


ဤအခြေအနေတွင် စစ်ကောင်စီက ကျင်းပမည့် ရွေးကောက်ပွဲအပေါ် အတိုက်အခံအင်အားစုများသာမက တော်လှန်ပြည်သူအားလုံးက စိတ်ဝင်တစားဖြင့် ဆန်းစစ်ရန်လည်း လိုအပ်ပေသည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အသက်သွေးကြော ဖြစ်သည်။ ဒီမိုကရေစီအား စစ်မှန်စွာ ကျင့်သုံးနိုင်ဖို့ တရားဥပဒေစိုးမိုးမှု ရှိနေဖို့သည် အဓိက အခရာပင် ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု မရှိပဲ ဒီမိုကရေစီကို ကျင့်သုံးနိုင်မည်မဟုတ်၊ စစ်မှန်တရားမျှတမည့် ရွေးကောက်ပွဲသည်လည်း ဝေးနေသေးမည် ဖြစ်သည်။

ဥပဒေစိုးမိုးရေးအခြေခံကနေ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲကျင်းပကြမည်ဆိုလျှင် အနိမ့်ဆုံးအားဖြင့် လွတ်လပ်တဲ့ အခြေခံအခွင့်အရေးများ ပြဋ္ဌာန်းထားရန် လိုအပ်သည်။ လွတ်လပ်တဲ့အခြေခံအခွင့်အရေးများနှင့်အတူ လွတ်လပ်သည့် နိုင်ငံရေးပတ်ဝန်းကျင် ရှိပါသလား။ စစ်ကောင်စီသည် ၎င်းတို့ ထာဝရအာဏာ ဆုပ်ကိုင်နိုင်ရေးအတွက် မည်သည့်အခါမျှ ထိုကဲ့သို့သော နိုင်ငံရေး ပတ်ဝန်းကျင်မျိုး ဖန်တီးပေးမည်မဟုတ်ပေ။

တဖက်ကကြည့်ပြန်လျှင်လည်း ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးနှင့် တော်လှန်ရေး ပန်းတိုင်ကို လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနိုင်ဖို့ နိုင်ငံရေးအဆင့်မှ ဥပဒေအဆင့်သို့ တက်လှမ်းလာနိုင်ရန် ဝိုင်းဝန်း တွန်းအားပေးဖို့ လိုအပ်နေသည်။

စစ်ကောင်စီ၏ အာဏာသိမ်းမှုကြောင့် (၄)နှစ်နီးပါး နိုင်ငံတဝန်း ဘယ်ပေါင်းစုံမှ နှိမ့်ကျမှု၊ ဖိနှိပ်မှုများကို ခံစား နေရသည့် ပြည်သူလူထုရဲ့ဘဝတွေကို ပြန်လည်ကုစားမှုရရှိလာနိုင်ရေးအတွက် သော်လည်းကောင်း၊ စစ်ကောင်စီ၏ နိုင်ငံရေးထွက်ပေါက် ရှာဖွေနေသည့် ရွေးကောက်ပွဲ မဖြစ်မြောက်လာနိုင်ရေးအတွက် သော်လည်းကောင်း ကြိုးပမ်းနေ ကြသည့် အတိုက်အခံ အင်အားစုများနှင့် တော်လှန်ပြည်သူများ အနေဖြင့်လည်း ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးနှင့် တော်လှန်ရေး ပန်းတိုင်ကို လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနိုင်ဖို့ နိုင်ငံရေးအဆင့်မှ ဥပဒေ အဆင့်သို့(တနည်းအားဖြင့် လွှတ်တော် ကိုယ်စားပြုကော်မတီအဆင့်မှ လွှတ်တော်အခင်းအကျင်းအဆင့်သို့) တက်လှမ်း လာနိုင်ရန် လိုအပ်ပြီး လွှတ်တော်အခင်းအကျင်းအဆင့်မှ တော်လှန်ရေးကာလ(ကြားကာလ)အတွင်း ဥပဒေကြောင်း အရ ပြဋ္ဌာန်းကျင့်သုံးနိုင်ဖို့ ဖက်ဒရယ်ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာနိုင်ဖို့ တက်အစုံ ရွက် အကုန် ဖွင့်ရမယ့်အချိန်ပင် ဖြစ်ကြောင်း နှိုးဆော်လိုက်ရပါသည်။





# ရွေးကောက်ပွဲ ဖတ်စာ

ဘုန်းနေလ (ရှမ်းမြေ)

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
ပြိုင်တိုင်းရှုံးသည့်ပါတီများ
အရှက်တရားနည်းနည်းထား
မပြိုင်ပါနှင့်လား

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
အမတ်ရူးများ သတိထား
ဂန်း(သေနတ်)နှင့် ညားလိမ့်မည်
ရွေးကောက်ပွဲကြီး ကျင်းပမည်

◆ လူထုကြားထဲ မဲဆွယ်သွား
ဘော်ဒီဂတ်များ လိုလိမ့်မည်
ရွေးကောက်ပွဲကြီး ကျင်းပမည်
လိုတမျိုး မလိုတမျိုး
မျက်နှာနှစ်မျိုးနှင့်လူစား
သတိထားရမည်

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
မဲဆွယ်တော့ သူလာ
သဘာဝဘေးနှင့်ကြုံတော့ သူမလာ
ကူညီကယ်ဆယ်ရေး ဝေးလို့
အာဏာရူးရမည့်အရေး
တွေးကြံနေသူများ
ပြည်သူက အဆုံးအဖြတ်ပေးလိမ့်မည်

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
စစ်ကိုင်းနှင့်မန္တလေးနယ်များ
မဲဆွယ်သွားက
ဂျမ်ပါစက်များ သယ်ရမည်

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
မဲဆွယ်တော့ ပြည်သူအကြိုက်ပြော
အမတ်ဖြစ်တော့ ပြည်သူ့အသံ မကြား
ဒီလို အမတ်လောင်းများ
မဲပေးမမှားရန် ရှောင်ရှားရမည်

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
အာဏာရှင်ခေတ် အမတ်သစ်
စစ်ဗိုလ်လူထွက် များလိမ့်မည်

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
၂၀၁၀ရွေးကောက်ပွဲစတိုင်နှင့်
၂၀၂၅ရွေးကောက်ပွဲအသစ်
အတူတူပဲ ဖြစ်လိမ့်မည်

◆ ရွေးကောက်ပွဲကြီး ကျင်းပမည်
လွှတ်တော်တလွှား
စစ်ဗိုလ်နှင့်စစ်တပ်ထွက်
နှစ်သီးစားများ
လူပါးဝပြီးတိုင်းပြည်ဖျက်အုံးမည်

# အရှုးမောင်းတဲ့ ကားပေါ်မှာ

ရွှေပု




◆ အမေ....
ဟိုးကောင်းကင်ပေါ်က ငှက်ကလေး
တွေ
ဘယ်သို့ဦးနေ ပျံသန်းနေတာလဲ။
သူတို့ဦးနှ သူတို့အိမ်ကိုပေါ့ကွယ်
သားလည်း သူတို့လို အိမ်ပြန်ချင်တယ်။

◆ အမေ.......
ဟိုးသစ်ပင်ထိပ်ဖျားမှာ
ထက်အောက်နိမ့်မြင့်
ငှက်မကြီးနဲ့ ငှက်သားလေးတွေ
ဘာတွေလုပ်နေတာလဲ။


◆ ပညာသင်နေတာပေါ့ကွယ်
သားလည်း သူတို့လိုပညာသင်ချင်
တယ်။

◆ သြော်...သားရယ်
အမေတို့ဘဝ
အမေတို့လက်ရှိအခြေက
အရူးမောင်းတဲ့ကားပေါ်မှာ။

◆ အေး..ဒီကားပေါ်က
မသေမပျောက်
အခြေတစ်ခုရောက်လို့
ဆင်းခွင့်ကြုံခဲ့ရင်
ငါ့သားတို့မျိုးဆက်
အိမ်ပြန်ချင်လည်း ပြန်ရမယ်
စာသင်ချင်လည်း သင်ရမယ်။
အခုလောလောဆယ်တော့
ဒီအရူးမောင်းတဲ့ကား
ဘုရားတလို့သာ စီးနေပါဦးလို့
အမေတောင်းပန်ပါတယ်ကွယ်။

# ဥက္ကဌကြီး၏ စည်းဝေးပွဲ

နောင်မွန်း



လူစုံပြီလား
အစည်းအဝေးစတော့မယ်

လာမယ့်နှစ်ဆောင်းမှာ
ရွေးကောက်ပွဲကြီး ကျင်းပမယ်တဲ့
ငါ့အထက်လူကြီးက ညွှန်ကြားလာတယ်

ရွေးကောက်ပွဲဆိုတာ
ကိုယ်ကြိုက်တဲ့သူ
ရွေးချယ် မဲထည့်ယုံပဲ
ကြိုတင်ပြင်ဆင်ထားကြ
ထည့်ချင်သူဘေး
အမှန်ခြစ်ပေးရင် ရပြီ

လာမယ့်ရွေးကောက်ပွဲမှာ
ဦးဆောင်မယ့်သူက
ငါ့အထက် အရာရှိ
မဲရုံစောင့်က ငါ့တပည့်တွေ
မဲရေတွက်မှာက ငါ့တူကျောင်းဆရာနှင့်အဖွဲ့
ငါ့သူငယ်ချင်းက စောင့်ကြည့်ရေးအဖွဲ့ဝင်

အချိန်တန်
ငါ့နေရာ ငါ့စားပွဲ
ဆိုင်းဘုတ်လေးလဲ
တံဆိပ်တုံးလဲ
ထိုးမြဲလက်မှတ်

အရင်တိုင်းပဲမှတ်ထား
ရွေးကောက်ပွဲရောက်ရင်
မဲလာထည့်ကြဖို့ မမေ့နဲ့
အစည်းအဝေးက
ဒါပါပဲ ။




ကာတွန်း-Rifle




ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား
ဖက်ဒရယ်ဂျာနယ်၊ မြန်မာ
အမှတ်စဉ် (၄၄)



# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD) ပြောရေးဆိုခွင့်ရှိသူ

**စိုင်းလိတ်နဲ့ တွေ့ဆုံခြင်း**

**၁။ ဒီမိုကရေစီ ကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ရွေးကောက်ပွဲဆိုတာ ဘယ်လောက်ထိ အရေးကြီးသလဲ။ လွတ်လပ်ပြီး မျှတတဲ့ရွေးကောက်ပွဲကို ကျင်းပနိုင်ဖို့ ဘယ်လိုအခင်းအကျင်းမျိုးရှိဖို့ လိုအပ်သလဲ။**

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီသွားရာလမ်းမှာ မဖြစ်မနေ ဖြတ်သန်းရမယ့်ဘူတာတစ်ခုလို့ ဆိုရပါမယ်။ ဒီမိုကရေစီဆိုတာ ပြည်သူ့အကျိုးအတွက် ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ ပြည်သူ့အစိုးရက အုပ်ချုပ်ခြင်းပဲ၊ ပြည်သူက ပြည်သူကို အုပ်စိုးတာပေါ့။ စစ်မှန်တဲ့ဒီမိုကရေစီဆိုတာ စည်းကမ်းရှိရတယ်၊ တရားမျှတမှု ရှိရတယ်၊ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းရတယ်၊ ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်ရတယ်၊ နိုင်ငံကြီးသားပီသရတယ်လို့ ဆိုပါတယ်။

ပြည်သူက ပြည်သူကိုအုပ်ချုပ်ခွင့်ရဖို့ရာ နိုင်ငံသားပြည်သူတွေဟာ နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်ခွင့်ရှိရပါမယ်၊ ရွေးကောက်ပွဲမှာ ပါဝင်ဆောင်ရွက်ပြီးတော့ အောက်ခြေကနေ နိုင်ငံ့ခေါင်းဆောင်ရွေးချယ် တင်မြှောက်တဲ့ အထိ ပါဝင်ခွင့်ရှိရမယ်။ တပြိုင်တည်းမှာ ရွေးကောက်ခံသူ

အဖြစ် ပါဝင်ခွင့်ရှိရပါမယ်။ ဆိုလိုတာက မဲပေးနိုင်ဖို့၊ အရွေးချယ်ခံနိုင်ဖို့၊ အဲ့ဒီကတစ်ဆင့် ဥပဒေပြုရေးမှာပါဝင်ဖို့ အတွက် ရွေးကောက်ပွဲကို ဖြတ်ကို ဖြတ်သန်းရမယ်။ ဒါကြောင့် ရွေးကောက်ပွဲဟာ ဒီမိုကရေစီဖြစ်စဖို့ အင်မတန် အရေးကြီးပါတယ်။

လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဆိုတာ ရွေးကောက်ပွဲ မတိုင်ခင်ကာလမှာရော၊ ရွေးကောက် ပွဲကျင်းပနေဆဲကာလမှာပါ လွတ်လပ်မှုရှိရပါမယ်။ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရမယ့်အပြင် ခြိမ်း ခြောက်တာ အကျပ်ကိုင်တာလုံးဝမရှိရဘူး။ ပြီးရင် ရွေး ကောက်ပွဲအလွန်ကာလ နိုင်ငံရေးအာမခံချက်တွေ ရှိရပါမယ်။ အဓိပ္ပာယ်ကတော့ ရွေးကောက်ပွဲရလဒ်အတိုင်း အကောင်အထည်ဖော်ဖို့ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိရပါမယ်။ မဲဆန္ဒရှင်ပြည်သူလူထုကို မျက်ကွယ်ပြုပြီး အကျိုးလိုလို့ ညောင်ရေလောင်းတဲ့ ရွေးကောက်ပွဲမျိုး၊ အာဏာရှင် အလိုမကျမချင်း ကြုံသလိုထလုပ်တဲ့ ရွေးကောက်ပွဲမျိုးကတော့ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတဲ့အပြင် လူထုအတွက်လည်း အကျိုးမရှိပါဘူး။

**၂။ မြန်မာပြည်ရဲ့ လက်ရှိပြည်တွင်းအခြေအနေက ရွေးကောက်ပွဲတစ်ခု ကျင်းပနိုင်ဖို့ လုံလောက်တဲ့ အခင်းအကျင်းမျိုး ရှိနေပြီလား၊ ဘယ်လို မြင်ပါသလဲ။**

လက်ရှိပြည်တွင်းရေး အခြေအနေက လယ်ပြင်မှာ ဆင်သွားသလို ထင်ထင်ရှားရှားကြီး ဆိုးရွားနေတာ ငြင်းကွယ်လို့ မရပါဘူး။ တပြည်လုံးအနှံ့ တိုက်ပွဲတွေဖြစ်နေတယ်၊ တရားဥပဒေစိုးမိုးမှုလုံးဝမရှိဘူး။ နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးတွေ ပျောက်ဆုံးနေတယ်၊ လူမှုတရားမျှတမှုတွေ ပျောက်ဆုံးနေတယ်။ ရွေးကောက်ပွဲ ကျင်းပတယ်ဆိုတာ တရားဥပဒေစိုးမိုးမှုရှိဖို့ လိုအပ်သလို ဥပဒေကိုယ်တိုင်ကတရားမျှတမှု ရှိဖို့လိုအပ်ပါတယ်။ အနည်းဆုံးအားဖြင့် အခုပြောတဲ့ အချက်အလက်တွေကို အာမခံနိုင်ရပါမယ်။ ဒါမှမဟုတ်ရင်တော့ ရွေးကောက်ပွဲကျင်းပဖို့ လုံလောက်တဲ့ အခင်းအကျင်းလို့ ယူဆလို့မရပါဘူး။

**၃။ စစ်ဘောင်အင်မတန်မှ ကျယ်နေတဲ့ကာလမှာ စစ်ကောင်စီက ရွေးကောက်ပွဲကို ဘာကြောင့် အပူတပြင်း ဖော်ဆောင်ကျင်းပချင်နေတယ်လို့ ယူဆပါသလဲ။**

လွတ်လပ်ရေးရပြီး နောက်ပိုင်း အခုလက်ရှိကာလဟာ စစ်ဘောင်အကျယ်ဆုံး အချိန်အပိုင်းအခြားလို့ ပြောနိုင်ပါတယ်၊ ဒီလိုအခြေအနေမှာ ရွေးကောက်ပွဲကို အပူတပြင်းဖော်ဆောင် ချင်တယ်ဆိုတာ အကြောင်းအချက် သုံးလေးမျိုးလောက်တော့ ရှိပါလိမ့်မယ်။ ပထမတစ်ချက်က ပြည်သူရဲ့တခဲနက် တောင်းဆိုမှုကို တုန့်ပြန်ဖို့ပါ။ ၂၀၂၁ ခုနှစ်နောက်ပိုင်း ခက်ခဲကြမ်းတမ်းလွန်းတဲ့ နိုင်ငံ့အခြေအနေကို ပြန်လည်တည့်မတ်ဖို့ရာ တစ်ခုတည်းသော နည်းလမ်းဟာ တိုင်းပြည်ပုံစံအသစ်၊ အုပ်ချုပ်သူအသစ်နဲ့ သွားရမယ်။ ဖက်ဒရယ်ဒီမိုကရေစီ နည်းနာနဲ့ သွားမှုရမယ်လို့ အညာအကြေ၊ တောင်ပေါ် မြေပြန့် တညီတညွတ်တည်း တောင်းဆိုနေကြတယ်။ အရပ်သား အုပ်ချုပ်ရေးစစ်စစ်ကို လိုလားနေကြတယ်။ ဒါကို ရွေးကောက်ပွဲနည်းလမ်းနဲ့ ဖြေရှင်းချင်တာ တစ်ချက်ပေါ့။

ဒုတိယတစ်ချက်က အိမ်နီးချင်းတရုတ်ပြည်နဲ့ နိုင်ငံတကာရဲ့ ဖိအားကြောင့်လို့ ယူဆတယ်။ ဒီစစ်အစိုးရလက်ထက်မှာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပိုများလာရုံမက၊ ဒေသအနှံ့ ပြည်သူ့ကာကွယ်ရေးတပ်တွေ ပေါ်ပေါက်လာတယ်။ တကယ်လည်း တိုက်ခိုက်တော်လှန်တယ်။ လူတန်းစားပေါင်းစုံ နေရာမလပ်ဆိုသလို တိုက်ပွဲတွေဆင်နွှဲနေကြတယ်။ မြို့သိမ်း၊စခန်းသိမ်းရုံမက ရမခပါအရ ယူထားလိုက်နိုင်တယ်။ နမခတောင်တည်းတည်းလေးပဲ ကျန်တော့တာ။ မေမြို့၊ မန္တလေး ခြိမ်းခြောက်ခံနေရပြီ၊ ဖားကန့်ကျခါနီးနေပြီ။ ပြည်နယ် ဒေသအားလုံးလိုလိုကို လက်လွှတ်လိုက်ရတော့ စစ်ကောင်စီကို ကျားကန်ပေးထားတဲ့ အိမ်နီးချင်းနိုင်ငံတွေက ဗဟိုအစိုးရပြိုကျလို့ မဖြစ်ဘူးဆိုပြီး ကယ်တင်ဖို့ကြိုးစားတယ်။ ရွေးကောက်ပွဲမြန်မြန်လုပ်၊ အစိုးရအသစ် မြန်မြန်ဖွဲ့ပေါ့။ အနူ့လက် မီးကင်တာလောက်ပဲဆိုတာသိသိချည်းနဲ့ ဖမ်းမိဖမ်းရာ ကောက်ရိုးလေးတစ်မျှင်အဖြစ် အားကိုးလုပ်တာပေါ့ဗျာ။

တတိယတစ်ချက်ကတော့ မြန်မာစစ်ခေါင်းဆောင်တွေရဲ့ စံလွဲစိတ်ခံယူချက်ကြောင့်လို့ ဆိုကြတာပဲ။ ဘာမဆိုဘောင်ထဲကလုပ်တယ်၊ ဥပဒေအတိုင်း လုပ်တယ်၊ အကျိုးရှိခြင်းမရှိခြင်းက အဓိကမဟုတ်ဘူးဆိုတဲ့ တလွဲခံယူချက်ဟာ အစဉ်အလာလိုပဲ သူတို့အထဲမှာ စွဲကပ်နေတယ်။ ၂၀၂၅ မှာ ရွေးကောက်ပွဲလုပ်မယ်ဆိုတာလည်း နိုင်ငံရေးလမ်းပြမြေပုံ ၅ ချက်အရ လုပ်တယ်၊ ဘောင်ထဲကလုပ်တယ်ဆိုတာမျိုးမဖြစ်ဖြစ်အောင် ကြံဆောင်တာတစ်ခုပါပဲ။ ရသေ့စိတ်ဖြေပေါ့ဗျာ။



တခြားအကြောင်းအချက်တွေလည်း ရှိနိုင်ပါတယ်။

**၄။ စစ်ကောင်စီနဲ့ UEC က လက်ရှိရွေးကောက်ပွဲစနစ် ဖြစ်သည့် နိုင်သူအကုန်ယူစနစ် (FPTP)နေရာမှာ အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation) PRဖြင့် အစားထိုးနိုင်ရေး ရွှေ့တိုးလုပ်ဆောင်လျက် ရှိနေပါတယ်။ PRစနစ်ကတော့ အမှန်တကယ် အာမခံချက်ရှိတဲ့ နိုင်ငံရေး အခင်းအကျင်းတစ်ခု ဖြစ်လာနိုင်သလား။**

FPTP စနစ်ရော၊ PR စနစ်ပါ အားသာချက်၊ အားနည်းချက်ကိုယ်စီရှိပါတယ်။ ကိုယ့်တိုင်းပြည် အခြေအနေနဲ့ အများဆုံးကိုက်ညီတာရွေးသုံးရတာပါပဲ။ ယေဘုယျအားဖြင့်တော့ မတူကွဲပြားမှုများတဲ့ ကျနော်တို့ရဲ့ ပြည်ထောင်စုမှာတော့ PR စနစ်ကပိုသင့်တော်မယ်လို့ ဆိုနိုင်ပါတယ်။ သို့သော် ဒါကနောက်ပိုင်းကိစ္စပဲ ဖြစ်မယ်။ လောလောလတ်လတ် အရေးကြီးနေတာက ပြည်ထောင်စုရဲ့ စုဖွဲ့မှုပုံသဏ္ဍာန်ပါ၊ အများစုသဘော ကြိုက်ညီတဲ့ အနေအထားရောက်ဖို့ ခုခံတော်လှန်နေဆဲပဲ။ စုဖွဲ့မှုပုံသဏ္ဍာန် အကြမ်းထည်ရပြီးရင် ပဏာမပုံချော့ဖြစ်ဖို့ အသွင်ကူးပြောင်းရေး ကာလတစ်

ခုမှာ ပြင်ဆင်မှုတွေ အသေးစိတ်လုပ်ရအုံးမယ်။ ဖြတ်ပြောရရင်တော့ ရွေးကောက်ပွဲစနစ်ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်က အစိတ်အပိုင်းတစ်ခုပဲ ဖြစ်တယ်။ ပြည်သူလူထု အများစုရဲ့ဆန္ဒနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ဖို့ လို့လမစိုက်ဘဲရွေးကောက်ပွဲစနစ်ကိုပဲ ရှေ့တန်းတင်တယ်ဆိုတာ အနာတခြား ဆေးတခြားဖြစ်နေတာပေါ့။

ခုနက ဆက်စပ်မေးထားတဲ့ဟာ PR စနစ်မှ မဟုတ်ဘူး၊ တခြားဘယ်ရွေးကောက်ပွဲစနစ်ပဲဖြစ်ဖြစ် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို အာမခံနိုင်ဖို့ရာ အခြေကျတဲ့ နိုင်ငံရေးစနစ် အရင်ဖြစ်ရှိဖို့ လိုပါတယ်။ ဆိုပါစို့ ဖက်ဒရယ်စနစ်နဲ့ တိုင်းပြည်တည်ဆောက်မယ်၊ ဒီမိုကရေစီကျင့်စဉ်အတိုင်း ညှိနှိုင်း ချီတက်ကြမယ်၊ ဒီအခါမှာ အထက်ကပြောခဲ့တဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ တရားဥပဒေ စိုးမိုးမှုနဲ့ တန်းတူညီမျှမှု စတာတွေရှိဖို့ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းနိုင်တဲ့ အခင်းအကျင်းလိုလာပြီ။ အရပ်သားစစ်စစ် အုပ်ချုပ်ရေး စနစ် ထူထောင်နိုင်ဖို့ အစီအမံတွေ ရေးဆွဲချမှတ်ရတော့မယ်။ ဒါတွေကိုလုပ်နိုင်ဖို့ တိုက်ပွဲတွေ ရပ်ရမယ်၊ အရပ်သားပြည်သူတွေကို ပစ်ခတ်တိုက်ခိုက်နေတာကို ရပ်ရမယ်။ သက်ဆိုင်သူအားလုံး ပါဝင်ညှိနှိုင်းနိုင်ဖို့ လိုအပ်တယ်။ ဒီလိုမျိုး ပြည်ထောင်စုတည်ရှိရေးကို အာမခံနိုင်တဲ့ အခင်းအကျင်း မဖော်ဆောင်ဘဲ အပရိက ကိစ္စတွေနဲ့ အချိန်ကုန်နေသရွေ့တော့ အချိန်ကြာလေ မိုးကြီးချုပ်လေပဲ။ အဓိကအကျဆုံးက အာဏာရှင်စနစ်ကို ချက်ချင်း ဖျက်သိမ်းပြီး၊ နိုင်ငံပြုစိတ်အပြည့်နဲ့ ပြည်သူကပြည်သူကို အုပ်ချုပ်နိုင်အောင် လမ်းရှင်းပေးဖို့၊ ပြည်ထောင်စုသားစိတ်ဓာတ်နဲ့ နိုင်ငံပြန်တည်ဆောက်ဖို့၊ ငါ့ဖို့တွေဖျောက်ပြီး လူကိုလူလိုမြင်ဖို့ mindset တွေ change ရပါမယ်။ ပင်စည်မခုတ်၊ အမြစ်မလှန်ဘဲ ကိုင်းဖျားကိုင်းနားချိုင်ပစ်ရုံနဲ့ အလင်းမရပါဘူး။

**၅။ စစ်ကောင်စီပြောတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ရင် ပြည်တွင်းအခြေအနေနဲ့ တော်လှန်ရေး ရပ်ဝန်းတခုလုံး အပေါ်မှာ ဘယ်လိုသက်ရောက်မှု ရှိလာနိုင်မလဲ။**

အမည်ခံအစိုးရကွက်ကွက်ကလေးနဲ့ တော်လှန်အင်အားစု ပတ်ပတ်လည်ဝိုင်းနေတဲ့ ပေါက်ကွဲလုလု မီးတောင် လို ဖြစ်သွားမှာပေါ့။ တရုတ်၊ အိန္ဒိယ၊ ထိုင်းနဲ့ အာဆီယံနိုင်ငံတချို့က အသိမှတ်ပြုကောင်းပြုပါလိမ့်မယ်။ သို့သော် တိုင်းရင်းသားပြည်သူလူထု လိုချင်တာက ဆေးမြီးတိုမဟုတ်ဘူး၊ တဒင်္ဂအေးချမ်းရေး မဟုတ်ဘူး။ စစ်တပ်ဝင်မပါတဲ့ အရပ်သားအစိုးရ ပေါ်ပေါက်ရေး ဖြစ်တယ်။ ဒါကို လျစ်လျူရှုပြီး သူတို့ တိုင်းပြည်ရဲ့ ကိုယ်ကျိုး စီးပွါးသက်သက်ကို အခြေပြုပြီး တရားမျှတမှုအတွက် ခုခံတွန်းလှန်သူတွေကို ချနင်းကြလေမလား၊ ဒါဆို နိုင်ငံတကာကရော အသာတကြည် လက်ပိုက်ကြည့်နေပါ့မလား။ ယူကရိန်း – ရုရှားအရေးလောက်၊ အစ္စရေး– ဟားမတ်စ်အရေးလောက်၊ တောင်တရုတ်ပင်လယ်အရေးလောက် ရှေ့တန်းမရောက်ခဲ့တဲ့ မြန်မာ့ဖက်ဒရယ် တော်လှန်ရေးဟာ အဲ့ဒီအခါကျမှ ကမ္ဘာ့နိုင်ငံများအတွက် ဦးစားပေး ပြဿနာကြီး ဖြစ်လာနိုင်ပါတယ်။

**၆။ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး**

**နိုင်ငံတကာအသိုင်းအဝန်းက ဘယ်လိုသဘောထား ရှိသင့် သလဲ။ (တဖက်က အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတွေက စစ်ကောင်စီ ကျင်းပချင်တဲ့ ရွေးကောက်ပွဲအပေါ် ထောက်ခံနေတဲ့ သဘောထားရှိနေတာ တွေ့ရပါတယ်)**

တရုတ်၊ အိန္ဒိယ၊ ထိုင်းအပြင် အနောက်အုပ်စုအကုန်လုံး စိုးရိမ်နေတာက ဗဟိုအုပ်ချုပ်ရေးစနစ် အသစ် မထူ ထောင်နိုင်ခင် တိုင်းပြည်တစ်စစီ ပြိုကွဲမှာကိုပါပဲ။ ကိုယ်တွေပျက်တာက အရေးမဟုတ်ဘူး။ သူတို့ဆီ စစ်မီးပွါးကျရောက်မှာ၊ ပြဿနာမျိုးစုံဒုက္ခမျိုးစုံ ကူးစက် မှာကို သူတို့ အထူးစိုးရိမ်တယ်။ သူတို့ရဲ့ ကမ္ဘာ့ချီ စီးပွါးရေးစီမံကိန်းကြီးတွေ မြန်မာ့အရေးကြောင့် ရပ်တန့်နေရတာ၊ လောလောဆယ် ပေါပေါပဲပဲရနေတဲ့ သယံဇာတနဲ့ လူ့အရင်းအမြစ်တွေ လက်လွှတ်မခံချင်တာ၊ အနာဂတ်ပထဝီနိုင်ငံရေး ရိုက်ခတ်မှုဒဏ် မခံချင်တာစတာတွေကြောင့် မြန်မြန်ပြေလည်ရင် ပြီးရောဆိုပြီး ရွေးကောက်ပွဲကို တွန်းအားပေးနေကြတယ်။ ဒါဟာ ရေရှည်ပြဿနာကို မဖြေရှင်းနိုင်မှန်း သူတို့နားမလည်ဘူး၊ နားလည်ဖို့လည်း သူတို့မလုပ်ချင်ကြဘူး။ သူတို့ နားလည်ဖို့လုပ်ရမှာက ကိုယ်တွေရဲ့တာဝန်၊ ကိုယ့်အရေးကို ဘယ်လိုတော့ရှုမြင်သင့်တယ် သွားပြီးမျှော်မှန်းတာက အဓိပ္ပာယ်မရှိပါဘူး၊ ပြဿနာအရင်းအမြစ်ကဘာလဲ ဆိုတာရှင်းပြပြီး သူတို့အမှန်မြင်အောင် ကြိုးစားတာကပဲ အဖြေရဖို့လမ်းစဖြစ်တယ်လို့ ယူဆပါတယ်ခင်ဗျား။

**အယ်ဒီတာအဖွဲ့**




# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ – ALD ရဲ့ အထွေထွေအတွင်းရေးမှူး

## ဦးမျိုးကျော်နဲ့ တွေ့ဆုံခြင်း

**၁။ စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးဖို့ဖိတ်ခေါ်တဲ့အပေါ် ထောက်ခံထားတဲ့ ပါတီ ၂၆ ခုကို ဘယ်လို သဘောထားမှတ်ချက်ပေးချင်ပါသလဲ။**

ဒီအုပ်စုတွေက စစ်တပ်က တစ်ဖက်လှည့်နဲ့ထောင်ခဲ့တဲ့ ပါတီတွေဖြစ်တယ်။ တစ်ဖက်မှာ ပြန်ပြီး မျက်နှာပြရင်တော့ တိုင်းရင်းသားအရေး၊ အမျိုးသားအရေးကို အရေခြုံတယ်။ နိုင်ငံရေး ရပ်တည်ချက်တော့ ကွာသွားတယ်။ အဲ့ဒီပါတီတွေက စစ်တပ်အတွက် ဟို့ကတည်းက ထောင်ခဲ့တဲ့ ပါတီတွေ အများစုဖြစ်တယ်။

တချို့ ဒီဘက်က ပါတီငယ်တွေလည်းပါပါတယ်။ သူတို့ကလည်း အခွင့်အရေး ရမလားဆိုတဲ့ ပုံစံမျိုးနဲ့ပေ့ါ။ ဒီပါတီတွေက တောက်လျှောက် ပြည်ခိုင်ဖြိုးပါတီက ထုတ်ပြန်တဲ့ အထဲမှာ ပါဝင်တယ်။ အဲ့ဒီပါတီတွေနဲ့ ကျနော်တို့ပါတီနဲ့က လုံးဝ ဆန့်ကျင်တယ်။ ကျနော်တို့က ပါတီစထောင်ကတည်းက မြန်မာနိုင်ငံမှာ စစ်အာဏာရှင်ကို မလိုလားဘူး။ စစ်တပ်က အာဏာထိန်းတယ်လို့ပြောတယ်ဆိုပင်မဲ့ အာဏာသိမ်းတာပဲဖြစ်တယ်။ အာဏာသိမ်းထားတဲ့ စစ်ကောင်စီက ရွေးကောက်ပွဲ

ကော်မရှင် အသစ်ဖွဲ့တယ်။ ပြန်ပြီးတော့ မှတ်ပုံတင်ခိုင်းတယ်။ ဒါကို ကျနော်တို့က ပါတီရဲ့ စည်းမျဉ်း စည်းကမ်းအရ လက်ခံလို့မရဘူး။

**၂။ စစ်ကောင်စီက အရင်က တိုင်းရင်းသားတပ်ဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ်တယ်။ NUG နဲ့ PDF တွေတော့ မပါခဲ့ဘူးပေါ့။ အခုတော့ PDF တွေကိုပါ ထပ်ပြီး ဖိတ်ခေါ်လာတယ်။ ဒါကဘယ်လို သဘောထားမျိုးလဲ။**

အာဏာ balance လုပ်တဲ့အခါမှာ စစ်တပ်က အားနည်းနေတဲ့အတွက် တစ်ဖက်ကို အလျှော့ပေးပြီး လိုက် ညှိနှိုင်းရတယ်။ ဟိုတုန်းကဆိုလည်း AA တို့ဆို အကြမ်းဖက်လို့ ကြေညာထားတယ်။ နောက်ပိုင်းမှာ အကြမ်းဖက်ဆိုတဲ့ အသုံးနှုန်းကို ပြန်ဖြုတ်ပေးတယ်။ အခု အကြမ်းဖက်လို့ကြေညာတယ်။ အခုတခါ ညှိနှိုင်းဖို့ ထပ်ခေါ်တယ်။ သူတို့မှာက မူတစ်ခုတည်းမဟုတ်ဘူး။ လိုရင် လိုသလို အလျှော့အတင်းပြုလုပ်နေတာ။ ဒါတွေကိုကြည့်ပြီး ဒီကောင်က ငါတို့ကို အလျှော့ပေးနေပြီးလို့ အထင်သေးလို့ မရသလို သတိကြီးစွာထားပြီး လုပ်ရမယ်။

**၃။ တစ်ဆက်တည်းမှာပဲပေါ့ လက်ရှိနိုင်ငံရေး အရွေ့က ဘယ်ဘက်ကို ဦးတည်သွားနိုင်လဲ။**

မအလ နဲ့ အပေါင်းအပါ တွေကတော့သူတို့ သွားချင်တဲ့လမ်းကို ရအောင်ဆွဲတာပဲ။ အမှန်တော့ ရွေးကောက်ပွဲကလည်း အာဏာသိမ်းစဉ် သူတို့ ကြေညာချက်ရဲ့ နောက်ဆုံးမှာပါပြီးသားပဲ။ သူတို့က အာဏာသိမ်းချင်လို့ သိမ်းတာ။သူတို့ ဆက်ပြီး အုပ်ချုပ်ဖို့အတွက် သိမ်းတာ။ အဲ့လိုလုပ်ဖို့ အတွက်လည်း သူတို့ကကိုယ့်ပြည်သူတွေကို ချနင်း သတ်ဖြတ်ခဲ့တာပဲ။ ဒါပေမယ့် သူတို့သွားချင်တဲ့ လမ်းကို ချောချောမွေ့မွေ့မရောက်တဲ့အခါမှာ အပေးအယူလုပ်တာ၊ ဖိတ်ခေါ်တာ၊ ငြိမ်းချမ်းရေး ဆွေးနွေးမှာဆိုတဲ့ စကားတွေဖြစ်လာတာပဲ။

**၄။ စစ်ကောင်စီက နိုင်ငံရေးထွက်ပေါက်အနေနဲ့ရော သူ့ရဲ့ ရှယ်ချက်ချက်ဖြစ်တဲ့ ရွေးကောက်ပွဲကို အကောင်အထည်ဖော်ဖို့ကြိုးစားနေတယ်။ တော်လှန်ရေးဘက်က အားလုံးကလည်း ဒါကို ဆန့်ကျင်ဖို့က လုံးဝသေချာတယ်။ လက်ရှိအချိန်မှာတော်လှန်ရေး အင်အားစုတွေဖြစ်တဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေ၊ PDF တွေရော၊ NUG ကရော ဘာတွေ လုပ်ဆောင်သင့်လဲ။ ဘာတွေကို အကောင်အထည်ဖော်သင့်လဲ။**

တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွေကတော့ သူတို့အလုပ် သူတို့လုပ်နေတာပဲ။ အခုမှမဟုတ်ဘူး။ တိုင်းရင်းသားတော်လှန်ရေး အင်အားစုတွေကစပြီး လက်နက်ကိုင်တော်လှန် ကတည်းက သူတို့ယုံကြည်ရာ၊ သူတို့လူမျိုး၊ သူတို့ဒေသအတွက် အလုပ်လုပ်နေကြတာပဲ။ ဒီဘက်ကိုရောက်လာတဲ့ တော်လှန်ရေးအဖွဲ့တွေ၊ NUG တို့ အနေနဲ့က သူတို့အလုပ်ကို သူတို့ လုပ်ဖို့လိုတယ်။ သူတို့ရဲ့ ဦးတည်ရာ၊ ဦးတည်ချက်ကဝေဝါးတယ်။ ရှင်ရှင်းလင်းလင်း မရှိဘူး။ အဲ့တော့ ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကိုယ့်အလုပ်ကို လုပ်ဖို့လိုပါတယ်။

**အယ်ဒီတာအဖွဲ့**

# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
လသာမြို့နယ်၊ အမှတ် (၂) တိုင်းဒေသကြီး
လွှတ်တော်ကိုယ်စားလှယ်

## ဒေါ်အေးမြမြမျိုးနဲ့ တွေ့ဆုံခြင်း



**၁။ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ရွေးကောက်ပွဲဆိုတာ ဘယ်လောက်ထိ အရေး ကြီးသလဲ။ လွတ်လပ်ပြီး မျှတတဲ့ရွေးကောက်ပွဲကို ကျင်းပနိုင်ဖို့ ဘယ်လိုအခင်းအကျင်းမျိုးရှိဖို့ လိုအပ်သလဲ။**

ဒီမိုကရေစီနိုင်ငံများအတွက် ရွေးကောက်ပွဲဟာ အင်မတန်အရေးကြီးတဲ့ အခန်းကဏ္ဍ၊ မရှိ မဖြစ် အရေးပါတဲ့ အခန်းကဏ္ဍတရပ်ပါ။ ဒါပေမယ့် ရွေးကောက်ပွဲတစ်ခုရှိရုံနဲ့တော့ ဒီမိုကရေစီနိုင်ငံလို့ မဆိုနိုင်ပါဘူး။ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲရှိဖို့ ငြိမ်းချမ်းတည်ငြိမ်မှုရှိဖို့လိုအပ်ပါတယ်။ မဲစာရင်းပြုစုရေးနဲ့ ရွေးကောက်ပွဲဥပဒေတွေအပြင် ရွေးကောက်ပွဲရလဒ်ကိုလက်ခံပေးဖို့ပါ။ ကိုယ်လိုချင်တဲ့ရွေးကောက်ပွဲ ရလဒ်မရတိုင်း အာဏာထသိမ်းနေသမျှ ရွေးကောက်ပွဲဟာ ပြဿနာ မဖြေရှင်းနိုင်ဘဲ ပြဿနာပိုဆိုးသွားစေတာကျွန်မတို့လက်ရှိ ရင်ဆိုင် နေရတဲ့ အနေအထားဟာသက်သေပါ။

**၂။ မြန်မာပြည်ရဲ့ လက်ရှိပြည်တွင်းအခြေအနေက ရွေးကောက်ပွဲတစ်ခု ကျင်းပနိုင်ဖို့ လုံလောက်တဲ့အခင်း အကျင်းမျိုး ရှိနေပြီလား၊ ဘယ်လိုမြင်ပါသလဲ။**

လက်ရှိပြည်တွင်းအခြေအနေက ရွေးကောက်ပွဲတစ်ခုကျင်းပနိုင်ဖို့ လုံလောက်တဲ့အခင်း အကျင်းမျိုးမရှိပါဘူး၊ စစ်ဘောင်သာလျှင်ပိုကျယ်လာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူကလက်မခံလို့ပါ။

**၃။ စစ်ဘောင်အင်မတန်မှ ကျယ်နေတဲ့ကာလမှာ စစ်ကောင်စီက ရွေးကောက်ပွဲကို ဘာကြောင့် အပူတပြင်း ဖော်ဆောင်ကျင်းပချင်နေတယ်လို့ ယူဆပါသလဲ။**

ရွေးကောက်ပွဲကို စစ်ကောင်စီက ဘာကြောင့် အပူတပြင်း ဖော်ဆောင်ကျင်းပချင်နေသလဲဆိုတော့ သူတို့အနေနဲ့ ထွက်ပေါက်ရှာဖို့ ဆောင်ရွက်တာသာဖြစ်ပါတယ်။

**၄။ စစ်ကောင်စီနဲ့ UEC က လက်ရှိ ရွေးကောက်ပွဲစနစ်ဖြစ်သည့် နိုင်သူအကုန်ယူ စနစ် (FPTP) နေရာမှာ အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation) PRဖြင့် အစားထိုးနိုင်ရေး ရှေ့တိုး လုပ်ဆောင်လျက် ရှိနေပါတယ်။ PR စနစ်ကကော အမှန်တကယ် အာမခံချက်ရှိတဲ့ နိုင်ငံရေးအခင်းအကျင်း တစ်ခု ဖြစ်လာနိုင်သလား။**

လက်ရှိအခြေအနေမှာ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) PRကလည်း အဖြေမဟုတ်ပါဘူး။ ရွေးကောက်ပွဲစနစ်ကြောင့် ပဋိပက္ခဖြစ်တာမဟုတ်ပါ။ ရွေးကောက်ပွဲရလဒ်ကို လက်မခံဘဲ အာဏာသိမ်းခြင်းကြောင့် ပြည်သူကလက်မခံတာ ဖြစ်ပါတယ်။

**၅။ စစ်ကောင်စီပြောတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ရင် ပြည်တွင်းအခြေအနေနဲ့ တော်လှန်ရေးရပ်ဝန်း တစ်ခုလုံးအပေါ်မှာ ဘယ်လိုသက်ရောက်မှု ရှိလာနိုင်မလဲ။**

တော်လှန်ရေးဟာ ဘယ်အရာမှ၊ ဘယ်ပုဂ္ဂိုလ် ဘယ်နိုင်ငံကမှ တားလို့မရနိုင်တော့ပါဘူး။ တော်လှန်ရေး အရှိန်ဟာ ပိုမြင့်လာဖို့ပဲရှိပြီး ပြည်တွင်းကလက်ရှိ တပိုင်းတစ ငြိမ်နေသေးတဲ့ နေရာတွေမှာပါ ပဋိပက္ခပို များလာနိုင်ပါတယ်။

**၆။ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး နိုင်ငံတကာ အသိုင်းအဝန်းက ဘယ်လိုသဘောထားရှိသင့် သလဲ။ (တဖက်ကအိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတွေက စစ်ကောင်စီကျင်းပချင်တဲ့ ရွေးကောက်ပွဲအပေါ် ထောက်ခံနေတဲ့ သဘောထားရှိနေတာ တွေ့ရပါတယ်)**

ဒီမိုကရေစီစံနှုန်းကို အလေးထားတဲ့ ဘယ်နိုင်ငံကမှ စစ်ရာဇဝတ်မှုကျူးလွန်ထားတဲ့ စစ်ကောင်စီဦးဆောင်ကျင်းပတဲ့ ရွေးကောက်ပွဲကို အသိအမှတ်ပြုမှာ မဟုတ်ပါဘူး။ ပြည်တွင်းရေးကို မစွက်ဖက်ရေး၊ တည်ငြိမ်ရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ စစ်ကောင်စီနဲ့ မပျက်ယွင်းတဲ့ နိုင်ငံတွေအနေနဲ့တော့ အားပေးတာရှိကောင်းရှိလာနိုင်ပေမယ့် နိုင်ငံသူ၊ နိုင်ငံသားတွေ လက်ခံကျေနပ်မှုမရှိရင် ရွေးကောက်ပွဲအပါအဝင် ဘယ်အရာကမှ မအောင်မြင်နိုင်ပါဘူး။

**၇။ ဖြည့်စွက်ချက်။ ။**

အထက်မှာပြောခဲ့သလိုပဲရွေးကောက်ပွဲနဲ့လည်း ထွက်ပေါက်မရနိုင်ပါဘူး။ ရွေးကောက်ပွဲကျင်းပနိုင်တဲ့ နေရာလည်း သိပ်မရှိနိုင်ပါဘူး။ ဒီလောက်အရပ်သား ပြည်သူတွေကို သတ်ဖြတ်နေတဲ့သူတွေဆီကနေ တရားမျှတလွတ်လပ်တဲ့ ရွေးကောက်ပွဲဆိုတာ စဉ်းစားလို့တောင်မရနိုင်ပါဘူး။ စစ်ကောင်စီနဲ့ ပူးပေါင်းတဲ့ပါတီတွေ၊ နိုင်ငံရေးသမားတွေကသာပဲ ရာဇဝတ်သားတွေနဲ့ ကြံရာပါတရားခံတွေဖြစ်သွားပါလိမ့်မယ်။

**အယ်ဒီတာအဖွဲ့**

# မပြောဘဲပစ်တဲ့မြားတွေ

ဂျပန်တွေမှာ တခါတခါကျ သိပ်နားလည်ရခက်တဲ့ စရိုက်တွေ၊ ထုံးစံလေးတွေရှိတယ်။ ဒါကိုလည်း သူတို့က ထိန်းသိမ်းကြပါတယ်..တဲ့။ ဒီအကြောင်းပြောဖို့ အစလေး တော့ နည်းနည်းပြောမှဖြစ်မယ်။

အင်မတန်နှစ်သက်တဲ့ ဟိုက္ကုကဗျာအကြောင်းနဲ့ ပတ်သက်ပြီး ဆရာမောင်သာချိုရေးပြဖူးတာလေးကို သတိရရင်းဒီစာကိုရေးဖြစ်တာပါပဲ။ သူတို့ မူလတန်းမှာ ကတည်းက ပြဋ္ဌာန်းတဲ့ "အိုင်အိုကြီးပါလား..." ဟိုက္ကုနဲ့ ပတ်သက်လို့ ဆရာမောင်သာချိုကို ဂျပန်တစ်ယောက်က ရှင်းပြတဲ့အခါမှာ ဆရာကြီးမင်းသုဝဏ် ဘာသာပြန်ခဲ့ပုံလို "ပလုံ" တို့ "ကြား" တို့ ဗသျှီး ရဲ့မူရင်းမှာ မပါဘူး..တဲ့။ (ဆရာကြီး က ဒါကို သိကောင်းသိမှာပါ။ မြန်မာမှု ပြုတဲ့အခါ မြန်မာ့နားဝင်အောင် အားထုတ်ခဲ့တာမျိုးဖြစ် နိုင်တယ်။) မူရင်းကဗျာသဘောအရ ရေသံကို ကဗျာဖတ် သူက ကိုယ့်ဘာသာခံစားပြီး ကြားဖို့ပါပဲတဲ့။ ကဗျာဆရာ က ဒီအလုပ်ကို ဝင်မလုပ်ပေးဘူးပေါ့။

အိုင်အိုကြီး

ဖားတစ်ကောင် ခုန်ချ

ရေသံ။________ ဒီသဘောဖြစ်နိုင်ပါတယ်။

အဲဒီလိုရှင်းပြတဲ့အခါ အပေါ်ကပြောခဲ့တဲ့ ဂျပန် တွေပဲနားလည်ခံစားတတ်တဲ့ ဓလေ့တစ်ခု ပြောပြသွားတယ်။ သူတို့ရှေးကစစ်ဘုရင်တွေဟာ ရိုးရာလက်ဖက်ရည် ဆိုင်လေးတွေမှာ ချိန်းတွေ့တတ်ကြတယ်..တဲ့။ ချိန်းတဲ့ အချိန်မှာ တိတိကျကျ ရောက်လာကြပေမဲ့ စကားတစ်လုံး မှ မပြောဘဲ၊ လက်ဖက်ရည်ဆိုင်လေးရဲ့ တိတ်ဆိတ်မှု၊ တပွက်ပွက်မြည်နေတဲ့ ရေနွေးအိုးဆူသံ၊ တဖောက် ဖောက်ကျနေမဲ့ မိုးစက်သံ၊ ကိုယ်စီကြားနေရမဲ့ အသက်ရှူ သံ တွေကြားမှာ လက်ဖက်ရည်ခွက်လေးတွေငုံ့သောက်၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ ဒီအတိုင်းထိုင် နေကြရင်း ပြန်ချိန်တန်တော့ ပြန်သွားကြတယ်...တဲ့။

ပိုပြီးမင်သက်မိစရာကောင်းတာက မကျေနပ်စရာ ရန်ငြိုးဖွဲ့သူ စစ်ဘုရင်ချင်းလည်း ချိန်းတွေ့တာပဲတဲ့။ အဲဒီ လိုပဲ လက်ဖက်ရည်ဆိုင်လေးထဲမှာ တိတ်ဆိတ်စွာထိုင်ပြီး လက်ဖက်ရည်သောက်ရင်း.. အချိန်တန်တော့ သေနတ် ကိုယ်စီဆွဲထုတ်လို့ တစ်ယောက်နဲ့တစ်ယောက် ကျေကျေ နပ်နပ်နဲ့ ပစ်သတ်ကြပါသတဲ့။

ကိုယ်လည်း ပြောပြလို့မတတ်တာတွေ ဘာမှမပြော တော့ဘဲ ကိုယ်လုပ်ရမယ်ထင်တာလေးတွေ လျှောက်လုပ် နေမိတဲ့အခါ ဒီအကြောင်းလေးကိုတွေးမိလို့ ဒီစာကိုရေးမိ တာပါပဲ။ (ဒီလို..တစ်ယောက်နဲ့တစ်ယောက် ဘာမှမပြော ဘဲ သူ့စကား ကိုယ့်စကား အပြန်အလှန်ကြားမိနေကြဖူး သူတွေ ရှိရင်ရှိမှာပါ။)

သစ္စာနှင့်အမျှ<br>••ကေအို••<br>ရှမ်းတောင်ကျေးလက်

သုညဖက်ဒရယ်ပညာရေးဖောင်ဒေးရှင်းဟာ နွေဦးတော်လှန်ရေး စတင်ပေါ်ပေါက်လာချိန်ကနေ ဒီကနေ့အချိန်ထိ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ပညာရေး၊ ကျန်းမာရေး၊ စစ်ရှောင်ဘေးအရေး၊ CDM ထောက်ပို့၊ တော်လှန်ရေးထောက်ပို့၊ လူသားချင်းစာနာထောက်ထားမှုစတဲ့ အခန်းကဏ္ဍတွေကို အဓိကထားဆောင်ရွက်နေတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။

ပညာရေးကဏ္ဍအနေနဲ့ ကြားကာလ ပြည်သူ့ကျောင်းများကို အဓိကထား ကူညီထောက်ပံ့ပေးနေသလို ကျန်းမာရေးကဏ္ဍအနေနဲ့ မြေပြင်နဲ့ ရှေ့တန်းမှာ အမှန်တကယ်လိုအပ်နေတဲ့ နေရာတွေကို ဆေးဝါးနဲ့ဆေးပစ္စည်းတွေ ကူညီထောက်ပံ့နေတယ်လို့ သိရပါတယ်။

CDM ထောက်ပို့ကဏ္ဍအနေနဲ့လည်း ဌာနပေါင်းစုံ CDM သူရဲကောင်းတွေကို လစဉ် ၃၀ ဦးထက်မနည်း တစ်ယောက်ကို ၅ သောင်းနှုန်း ကူညီထောက်ပံ့နေပြီး စစ်ရှောင်ဘေးရှောင်ကူညီရေးအနေနဲ့ကတော့ မြန်မာနိုင်ငံ နေရာအနှံ့အပြားက စစ်ပွဲတွေကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်



## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

သုညဖက်ဒရယ်ပညာရေးဖောင်ဒေးရှင်းတည်ထောင်သူ

**မောင်သုည တွေ့ဆုံမေးမြန်းခြင်း**

ထွက်ပြေးနေရတဲ့ ပြည်သူများကို အဓိကထား ကူညီထောက်ပံ့ပေးနေတာ ဖြစ်ပါတယ်။

**၁။ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ရွေးကောက်ပွဲဆိုတာ ဘယ်လောက်ထိ အရေးကြီးသလဲ။ လွတ်လပ်ပြီးမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပနိုင်ဖို့ ဘယ်လိုအခင်းအကျင်းမျိုးရှိဖို့ လိုအပ်သလဲ။**

ဒီမိုကရေစီဆိုတာက လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲရှိမှ ဖြစ်မယ်ဆိုတာကို လူတိုင်းသိပါတယ်။ ကျနော်တို့ တိုက်ရိုက်ဒီမိုကရေစီဖြစ်ဖြစ်၊ ကိုယ်စားပြုဒီမိုကရေစီပဲ ဖြစ်ဖြစ် မဲပေးကြရပါတယ်။ နောက်ပြီးတော့ ပြည်သူ့ဆန္ဒ၊ ပြည်သူရဲ့ ဆုံးဖြတ်ချက်၊ ပြည်သူရဲ့ ရွေးချယ်မှုက အလေးထားရမှာ ဖြစ်တယ်။ ရွေးကောက်ပွဲဟာလည်း ပြည်သူလူထုရဲ့ဆန္ဒ ဘယ်လောက် ထပ်တူကြလဲဆိုတာကို အဲဒီရွေးကောက်ပွဲရဲ့ လွတ်လပ်တဲ့ တရားမျှတမှုနဲ့ပဲဆိုင်ပါတယ်။

နောက်တစ်ခုကကြတော့ အခုလောလောဆယ် စစ်ကောင်စီရဲ့ ရွေးကောက်ပွဲ အခင်းအကျင်းကတော့ ၂၀၀၈ အောက်က အခင်းအကျင်း၊ စစ်ဖိနပ်အောက်က အခင်းအကျင်းလို့ ကျနော့်အနေနဲ့တော့ သုံးသပ်ချင်ပါတယ်။ အတိုဆုံးနဲ့ အရှင်းလင်းဆုံး ပြောရမယ်ဆိုလို့ရှိရင် အခုလက်ရှိ စစ်ဖိနပ်အောက်က အခင်းအကျင်းနဲ့ ပြောင်းပြန် အခြေအနေမျိုးမှသာ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်နိုင်မယ်လို့ ဒီမေးခွန်းကို ကျနော် ဖြေကြားချင်ပါတယ်။

**၂။ မြန်မာပြည်ရဲ့ လက်ရှိပြည်တွင်းအခြေအနေက ရွေးကောက်ပွဲတစ်ခုကျင်းပနိုင်ဖို့ လုံလောက်တဲ့ အခင်းအကျင်းမျိုး ရှိနေပြီလား၊ ဘယ်လိုမြင်ပါသလဲ။**

ဒီမေးခွန်းကိုတော့ ပြည်သူတွေကပဲ အဖြေပေးရမှာပဲ ဖြစ်ပါတယ်။ မြို့ပြက ပြည်သူလူထုဖြစ်စေ၊ ကျေးလက်က ပြည်သူလူထုဖြစ်စေ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကို ကျနော်တို့လက်မခံကြဘူး ဆိုတာကလည်း ဒီတော်လှန်ရေး အရှေ့ပေါ်မှာ ကြည့်ပြီးတော့ ကျွန်တော်တို့ ဆုံးဖြတ်လို့ရပါတယ်။ ပြည်သူလူထုက လုံးဝ လက်မခံသေးလို့လည်း ကျနော်တို့က ဒီနေ့အချိန်ထိ တော်လှန်ရေးက ဖြစ်ပေါ်လာတာပါ။ ဆန့်ကျင်ကန့်ကွက်တယ်လို့ ထုတ်ဖော်ပြောဆိုနေကြတာကလည်း ကျနော်တို့ အားလုံး အသိပဲဖြစ်ပါတယ်။ အကြောင်းရင်းကို ဆန်းစစ်လိုက်ရင်တော့ လွတ်လပ်ပြီးတော့ တရား မျှတလိမ့်မယ်လို့ မယုံကြည်တာကြောင့်လည်း ပါတယ်ပေါ့နော်။

နောက်ပြီးတော့ လူထုမပါတဲ့ လူထုက သဘောမတူတဲ့ ရွေးကောက်ပွဲကို ဝင်ပြီးတော့မှ အောင်မြင်စရာလည်း မရှိပါဘူး။ စစ်ကောင်စီဟာ ရွေးကောက်ပွဲကို ထွက်ပေါက်အဖြစ် အသုံးချနေတာ အားလုံးအမြင် ပဲဆိုတာ ကျနော်တို့တွေ သိထားရမှာ ဖြစ်တယ်။ နောက်တစ်ခုကကြတော့ တစ်နိုင်ငံလုံးနီးပါးမှာ ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်နေတာကို ကျနော်တို့အသိပါပဲ။ ပြီးတော့ သဘာဝဘေးအန္တရာယ်တွေကလည်းဘယ်သူ့အကူအညီမှမပါပဲ ကျနော်တို့အချင်းချင်း လက်တွဲပြီးတော့ကျော်ဖြတ်နေရတာကလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ စီးပွားရေးသာမကပဲနဲ့ ပညာရေး၊ ကျန်းမာရေးတွေကလည်း ချွတ်ခြုံကျနေတဲ့

အထွေထွေ အကြပ်အတည်းကြီးကိုလည်း လူထုတရပ်လုံးကနေပြီးတော့ ခါးစည်းပြီးတော့ ရင်ဆိုင်နေရတာပါ။

ဒါတင်မဟုတ်သေးပဲနဲ့ ကျွန်တော်တို့ဟာ စစ်အုပ်စုရဲ့ မတရားဥပဒေအမျိုးမျိုးရယ်၊ လူ့အခွင့်အရေးချိုးဖောက်မှု အဖုံဖုံစတဲ့ ဖိနှိပ်မှုအောက်ကနေပြီးတော့ ရွေးကောက်ပွဲအခင်းအကျင်းဟာ တရားမျှတလွတ်လပ်တဲ့ ရွေးကောက်ပွဲ ဘယ်လိုမှဖြစ်လာနိုင်စရာ မရှိတာကို သက်သေပြတဲ့ အချက်အလက်တွေအနေနဲ့ အများကြီးရှိနေပါတယ်။

**၃။ စစ်ဘောင်အင်မတန်မှ ကျယ်နေတဲ့ကာလမှာ စစ်ကောင်စီက ရွေးကောက်ပွဲကို ဘာကြောင့် အပူတပြင်း ဖော်ဆောင်ကျင်းပချင်နေတယ်လို့ ယူဆပါသလဲ။**

ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲ ဖြစ်လာဖို့ဆိုတာ အစောနားက ကျနော်ပြောခဲ့သလို စစ်ဖိနပ်အောက်ကရွေးကောက်ပွဲအခင်းအကျင်းဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုမှတော့မဖြစ်နိုင်ဘူး။ ပြီးတော့ တရားမျှတမှုရလာမယ့် ရွေးကောက်ပွဲလည်း ဖြစ်လာမှာမဟုတ်ဘူး။ သဘောသဘာဝကိုပဲ ဆောင်တဲ့ ရွေးကောက်ပွဲ၊ သူတို့ရဲ့ ထွက်ပေါက်အနေနဲ့ ဆောင်ယူတဲ့ ရွေးကောက်ပွဲပဲ ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့တော့ ဖြေချင်ပါတယ်။

ရွေးကောက်ပွဲကိုတော့စစ်ကောင်စီက နိုင်ငံရေးထွက်ပေါက်အနေနဲ့ အသုံးချတာဖြစ်တယ်။ အရင်လို ၂၀၀၈အောက်ကနေပြီးတော့ သာသာယာယာ နေနိုင်တဲ့ အခြေအနေမျိုးကို ပြန်လည်လိုလားသလို နိုင်ငံတကာက သူ့ကို တရားဝင်အစိုးရအနေနဲ့ ရွေးကောက်ခံအစိုးရပါဆိုပြီး အသိအမှတ်ပြုလာအောင် စစ်ကောင်စီကသူ့ရဲ့ နောက်မြီးဆွဲ ပုလင်းတူဖူးဆို့ပါတီတွေနဲ့ ပူးပေါင်းကြံစည်နေတာလည်းဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါကြောင့်လည်း ရွေးကောက်ပွဲကို ဦးတည်ပြီးတော့ သန်းခေါင်စာရင်း ကောက်တာတွေကို လုပ်နေတာဖြစ်တယ်လို့တော့ ကျနော့်အနေနဲ့ ယူဆပါတယ်။

**၄။ စစ်ကောင်စီခန့် UEC က လက်ရှိ ရွေးကောက်ပွဲစနစ်ဖြစ်သည့် နိုင်သူအကုန်ယူ စနစ် (FPTP) နေရာမှာ အချိုးကျ ကိုယ်စားပြုစနစ် (Proportional Represen–tation) PRဖြင့် အစားထိုးနိုင်ရေး ရှေ့တိုးလုပ်ဆောင်လျက်ရှိနေပါတယ်။ PRစနစ်ကတော အမှန်တကယ် အာမခံချက်ရှိတဲ့ နိုင်ငံရေး အခင်းအကျင်းတစ်ခု ဖြစ်လာ နိုင်သလား။**

ဖက်ဒရယ်ဒီမိုကရေစီအခင်းအကျင်းမှာတော့ ဒါကတော့ ဟုတ်တာပေါ့။ နိုင်သူအကုန်ယူ စနစ်ထက်စာရင် အချိုးကျကိုယ်စားပြုစနစ်က လူထုကိုယ်စားပြုမှု ပိုများတယ်လို့ ကျနော့်အနေနဲ့ ထင်တယ်။ ဒါပေမယ့် အခုရွေးကောက်ပွဲက စစ်အာဏာရှင်စနစ် အောက်ကနေပြီးတော့ ကျင်းပမယ့် ရွေးကောက်ပွဲ ဖြစ်နေတယ်။ နောက် တစ်ခုကကြတော့ ရွေးကောက်ပွဲ ဦးစီးကျင်းပမယ့်ရွေးကောက်ပွဲ ကော်မရှင်ဆိုတာကလည်း စစ်ကောင်စီက ခန့်ထားတဲ့ လူတွေပဲလေ။ နောက်ပြီးတော့ ဒီအခင်း အကျင်းနဲ့ ရွေးကောက်ပွဲမှာတော့ နိုင်သူအကုန်ယူစနစ် ဆိုရင်လည်း စစ်ကောင်စီ လက်ဝေခံပါတီတွေကပဲ အကုန်ယူမှာဖြစ်တယ်။

နောက်ပြီးတော့ အချိုးကျကိုယ်စားပြုစနစ်ဆိုရင်လည်း စစ်ကောင်စီရဲ့ လက်ဝေခံအုပ်စုတွေကပဲ ကိုယ်စားပြု မှာပေါ့နော်။ လူထုရဲ့ ကိုယ်စားပြုမှုဆိုတာ လုံးဝမပါတဲ့အထိ ရှိလာမှာမဟုတ်ဘူးဆိုတာ ဒါဟာ အသေအချာပဲ ဖြစ်တယ်။ ဒါကြောင့် စစ်ကောင်စီရဲ့ PR စနစ်ကတော့ ဘယ်နိုင်ငံရေး အာမခံချက်မှ ရှိမှာမဟုတ်ဘူးလို့ ကျနော့်အနေနဲ့ ဖြေကြားချင်ပါတယ်။

**၅။ နောက်ထပ်မေးချင်တာက စစ်ကောင်စီက ဒီ PR စနစ်နဲ့ ရွေးကောက်ပွဲလုပ်ခွင့်ရှိသလား။ ဘာကြောင့်လဲဆိုတော့အခုကကျင့်သုံးနေတဲ့ဟာက ၂၀၀၈ ဖွဲ့စည်းပုံ မှာလည်း နိုင်သူ အကုန်ယူစနစ်ကို ထည့်သွင်း ကျင့်သုံးထားတာ တွေ့ရတယ်။ ဆိုတော့ အခု သူတို့က ဖွဲ့စည်းပုံ မပြင်ဘဲနဲ့ ဒီ PR စနစ်ကို လုပ်ဖို့ အစားထိုးဖို့ ပြင်ဆင်နေတယ်။ ဒီလိုဖြစ်တဲ့ဟာက သူတို့ ကိုယ်တိုင် ပြဋ္ဌာန်းထားတဲ့ ၂၀၀၈ နဲ့ ဆန့်ကျင်ပြီးတော့ လုပ်နေတယ်။ တကယ်လို့ ပြင်မယ်ဆိုရင်လည်း လွှတ်တော်ရှိဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်မှာပဲ ဆုံးဖြတ် ပြီးမှ အတည်ပြုရမှာ ဖြစ်တဲ့ အခါကြတော့ ဒီပေါ်မှာ ကောဘယ်လိုမြင်ပါသလဲ။**

ဒါကတော့ အရှေ့မှာဖြေသွားခဲ့သလို သူတို့ အနေနဲ့ နိုင်ငံရေးထွက်ပေါက်ရဖို့အတွက် လုပ်တာလို့ပဲ ကျနော့်အနေနဲ့ ယူဆပါတယ်။ နိုင်ငံတကာက သူတို့ကို ရွေးကောက်ခံအစိုးရ အနေနဲ့ အသိအမှတ် ပြုဖို့အတွက် ပေါ့။ အဲဒီတော့ ဗမာစကားပုံရှိတယ်။ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ အတိုင်းပဲ စစ်ကောင်စီက နိုင်ငံတဝန်းမှာ စစ်မီးဟုန်းဟုန်းတောက်နေတဲ့ အချိန်မှာ၊ သဘာဝဘေးအန္တရာယ်တွေ ဖြစ်နေတဲ့ အချိန်မှာ တောင်မှပဲ လုပ်ဖို့ပြင်ဆင်နေတာဆိုတော့ ဒါကြီးက စဉ်းစားရမယ်ဆိုရင်တောင်မှ ကျနော်တို့ ပြည်သူတွေ အနေနဲ့ သိထားရမှာ ဖြစ်ပါတယ်။ နိုင်ငံမှာဒီလောက် အရေးပေါ်အခြေအနေ ဖြစ်တာတောင်မှပဲတစ်ဘို့တည်း အတွက် ကြည့်ပြီးတော့ သူတို့လိုချင်တဲ့ သူတို့ရချင်တဲ့ အတင်းအဓမ္မဆန်သော ရွေးကောက်ပွဲ ဆိုတာကြီးကို လုပ်ဖို့ပြင်ဆင်နေတယ်။

အဲဒီတော့ သန်းခေါင်စာရင်းတွေကလည်း ကောက်နေတယ်။ ကျနော့်အနေနဲ့ကတော့ ဒီလိုသုံးသပ်ချင်ပါတယ်။ ဘာကြောင့်လဲဆိုရင်တော့သူတို့ရဲ့ အာဏာတည်မြဲဖို့၊ နိုင်ငံတကာက သူတို့ကိုအသိအမှတ်ပြုဖို့လို့ပဲ သုံးသပ်ချင်ပါတယ်။

**၆။ စစ်ကောင်စီပြောတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ရင် ပြည်တွင်းအခြေအနေနဲ့ တော်လှန်ရေးရပ်ဝန်းတစ်ခုလုံးအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိလာနိုင်မလဲ။**

ကျနော်တို့ရဲ့ တော်လှန်ရေးက ဆက်လက်စီးဆင်းနေမှာပဲ။ စစ်ကောင်စီကိုယ်တိုင်ကလည်း လွတ်မြောက်ဒေသတွေလို့ သတ်မှတ်ထားတဲ့ နေရာတွေ၊ တော်လှန်ရေးအားကောင်းတဲ့ ဒေသတွေ၊ မြေပြင်မှာ ဘာမှ မငြိမ်းချောက်နိုင်ပဲ လေကြောင်းကနေပြီးတော့ပဲ နေ့စဉ်နဲ့အမျှ ဗုံးကြဲနေတာတွေကလည်း အားလုံးအသိပဲ ဖြစ်တယ်။ ဒီရွေးကောက်ပွဲမှာလည်း ထို့အတူပါပဲ၊ ဘယ်ဒေသမှာမှလည်း အောင်အောင်မြင်မြင် ဖြစ်လမှာ မဟုတ်ဘူးလို့ ကျွန်တော်အနေနဲ့ကတော့ ရဲရဲကြီး ပြောရဲတယ်။ စစ်ကောင်စီ ထိန်းချုပ်ထားနိုင်တဲ့ ဒေသတွေ

မှာလည်း လူထုက No Vote လုပ်ပြီးတော့ တခဲနက် သပိတ်မှောက်ကြဖို့ များလိမ့်မယ်လို့ ကျနော့်အနေနဲ့ တော့ယူဆပါတယ်။

ဒါပေမယ့် စစ်ကောင်စီက ထိန်းချုပ်ထားတဲ့ ဒေသတွေမှာတော့ ခြိမ်းခြောက်ပြီးတော့ မဲထည့်ခိုင်း တာမျိုး ဆိုရင်တော့ ကျွန်တော်လည်း မပြောတတ်ဘူး ပေါ့နော်။ စစ်ကောင်စီဆိုတာကလည်း သိတဲ့အတိုင်းပဲ ပြည်သူလူထုကိုလက်နက်အားကိုးပြီးတော့အနိုင် ကျင့် နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ အဲဒါကြောင့် ပြည်သူ လူထုကိုတော့ လက်နက်နဲ့ခြိမ်းခြောက်ပြီးတော့မဲထည့် ခိုင်းမယ်လို့ ကျွန်တော်ထင်တယ်။

**၇။ စစ်ကောင်စီရဲ့ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝန်းက ဘယ်လိုသဘောထား ရှိ သင့်သလဲ။ (တဖက်ကအိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတွေက စစ်ကောင်စီကျင်းပချင်တဲ့ ရွေးကောက်ပွဲအပေါ် ထောက်ခံနေတဲ့ သဘောထားရှိ နေတာ တွေ့ရပါတယ်)**

ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဒီစစ် ကောင်စီရဲ့ ရွေးကောက်ပွဲကို ထောက်ခံတယ်ဆိုတဲ့ နိုင်ငံတွေကအစကတည်းက ဒီတော်လှန်ရေးမှာ မ ထောက်ခံတဲ့ နိုင်ငံတွေပဲလို့ ပြောချင်ပါတယ်။ အိမ်နီး ချင်းနိုင်ငံတွေကတော့ စစ်ကောင်စီနဲ့ ပလဲပနံသင့်တာ ကြောင့် စစ်ကောင်စီ လုပ်သမျှကိုတော့ အားပေးနေမှာ ပဲ။ အနောက်နိုင်ငံတွေကတော့ လွတ်လပ်တရားမျှတ ခြင်းမရှိတဲ့ ဒီရွေးကောက်ပွဲကို လက်ခံကြမှာမဟုတ်ဘူး ဆိုတာကိုတော့ သိစေချင်ပါတယ်။ အဲဒီအတွက် ကြောင့်ပြည်သူ့အစိုးရလို့ သတ်မှတ်ထားတဲ့ အမျိုးသား ညီညွတ်ရေးအစိုးရ အပါအဝင် တော်လှန်ရေးအင်အားစု တွေ အနေနဲ့ကလည်း အိမ်နီးချင်းနိုင်ငံတွေကို အခု ထက်ပိုပြီးတော့ ကောင်းမွန်တဲ့ဆက်ဆံရေး တည် ဆောက်ပြီး ပိုမိုအသိအမှတ်ပြုခံရအောင် ကြိုးပမ်း သင့် တယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။

အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ ထိုင်းတို့အနေနဲ့ သူတို့ရဲ့ အကျိုးစီးပွားကို ကျော်လွန်ပြီးတော့ မြန်မာ နိုင်ငံမှာ စစ်အာဏာရှင် မရှိမှသာ ငြိမ်းချမ်းမယ်ဆိုတဲ့ အသိမျိုးကိုလည်း တော်လှန်ရေးဦး ဆောင်သူတွေ အနေနဲ့ ဒီထက်ပိုပြီးတော့ အိမ်နီးချင်းနိုင်ငံတွေ အပါ အဝင် နိုင်ငံတကာကို ချပြသင့်တယ်။ အသံများများ ထွက်ပေးဖို့လိုပါတယ်။ နောက်ပြီးတော့ မြန်မာပြည်သူ တွေရဲ့ဆန္ဒကိုလည်း ကောင်းကောင်းသဘောပေါက် နားလည်အောင် ကျနော်တို့ရဲ့ တော်လှန်ရေးခေါင်း ဆောင် တွေအနေနဲ့ ဒီထက်ပိုပြီးပြောသင့်တယ်။ ဒီလိုမှ လည်း စစ်ကောင်စီရဲ့ ရွေးကောက်ပွဲအပေါ်မှာ လက်မခံ တဲ့ သဘောထားရှိမယ်လို့ယူဆပါတယ်။

**၈။ နောက်ဆုံးအနေနဲ့ ကျနော်တို့ပြည်သူလူထုဆို ရင် စစ်ဘေးဒဏ်၊ ကုန်ဈေးနှုန်း အစစအရာရာ မြင့် တက်မှုတွေ၊ စစ်ကောင်စီက မတရားချမှတ်ထားတဲ့ ဥပဒေတွေရဲ့ကြားမှာ နေ့စဉ်လူမှုဘဝ ရှင်သန်နေရတဲ့ ကြားထဲကနေ အခုဆိုရင် တစ်နိုင်ငံလုံးနီးပါး ရေဘေး ထပ်ကြုံနေရတယ်။ ဒီလိုမျိုး ဒုက္ခပေါင်းစုံ ကြုံတွေ့နေရ တဲ့ ပြည်သူလူထုတွေကို အားပေးစကား ပြောပေးပါဦး။**

ကျနော်တို့ဖောင်ဒေးရှင်းအနေနဲ့ကော၊ ကျနော့်

အနေနဲ့ကော တင်ထားတာ ရှိပါတယ်။ ပြည်သူမှာ ပြည်သူပဲ ရှိပါတယ်။ ကျနော်တို့ ပြည်သူတွေကို ကျနော်တို့ တော်လှန်ရေးဘက် တော်သားတွေက အမြဲတမ်း ပစ်မထားပါဘူး။ နောက်ပြီးတော့ အခုဒီအစီအစဉ်က တကယ့်ဦးတည်ပြီးတော့ သွားတဲ့ခေါင်းစဉ်က ရွေးကောက်ပွဲကို ဦးတည်ပြီးတော့ သွားတယ်ပေါ့နော်။ အဲဒီအတွက် စစ်ကောင်စီ၊ စစ်အုပ်စုရဲ့ ရွေးကောက်ပွဲဟာ ၂၀၀၈စစ်ကျွန်ဥပဒေ အသက်ရှည်ရေး၊ စစ်အုပ်စုကနေပြီး နိုင်ငံ တကာ ဝင်ဆံ့ရေးစီမံကိန်း တစ်ခုသာဖြစ်တာမလို့ ကျနော်တို့ပြည်သူလူထုတွေက ဒါတွေကိုသိထားဖို့ လိုပါတယ်။

နောက်ပြီးတော့ ဒီရွေးကောက်ပွဲကိုပြည်သူ လူထုအနေနဲ့ တော်လှန်ရေးအစကတည်းက ကိုင်စွဲထားတဲ့ အာဏာဖီဆန်ရေး၊ လူထု CDM အတိုင်းပဲ သပိတ်မှောက် No Vote လုပ်ကြဖို့ ဒီနေရာကနေ သတင်းစကား ပါးလိုပါတယ်။ မကြာတော့သော အချိန်ကာလတွေမှာလည်း ကျွန်တော်တို့ပြည်သူတွေဟာ တော်လှန်ရေး ဘက်တော်သားတွေကို စိတ်မပျက်စေရအောင် ကျနော်တို့တော်လှန်ရေး ဘက်တော်သားတွေအနေနဲ့ အကောင်းမွန်ဆုံးသော ချပြမှုတွေ ချပြပေးဖို့လည်းရှိပါတယ်။ ကျွန်တော်တို့ တော်လှန်ရေး ဘက်တော်သား တွေအားလုံးဟာ ကျွန်တော်တို့ရဲ့ ပြည်သူ လူထုနဲ့  တော်လှန်ပြည်သူလူထုနဲ့ တသားတည်းရှိတယ်ဆိုတဲ့ အကြောင်း ဒီနေရာကနေပြီးတော့ သတင်းစကားပါလိုပါတယ်။

**အယ်ဒီတာအဖွဲ့**

# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ

## ဦးအောင်မိုးဇော်နဲ့ တွေ့ဆုံခြင်း



**၁။ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ရွေးကောက်ပွဲ ဆိုတာ ဘယ်လောက်ထိ အရေးကြီးသလဲ။**

ကျနော်လေ့လာဖူးတဲ့ အထွေထွေရွေးကောက်ပွဲတွေကတော့ အဲဒီတိုင်းပြည်ရဲ့ ဒီမိုကရေစီအခြေအနေကို ဖော်ပြနေတာဖြစ်တယ်။ ရွေးကောက်ပွဲက ဘယ်လောက်ထိလွတ်လပ်လဲ၊ ဘယ်လောက်ထိ တရားမျှတလဲ၊ ဘယ်လောက်ထိသန့်ရှင်းလဲ၊ ဒီရွေးကောက်ပွဲကို ဘယ်လိုပုံစံလုပ်သလဲ အဲဒီအခြေအနေတွေကို ကြည့်ပြီးတော့ ရွေးကောက်ပွဲကျင်းပတဲ့နိုင်ငံရဲ့ ဒီမိုကရေစီအခြေနေကို တိုင်းတာလို့ရပါတယ်။ ဒါကြောင့်မို့လို့ ရွေးကောက်ပွဲတွေဟာ တိုင်းပြည်တစ်ခုမှာ ဒီမိုကရေစီ ဘယ်လောက်ထိရှင်သန်လဲ၊ ဖွံ့ဖြိုးလဲဆိုတဲ့ အခြေအနေတွေကို ပိုင်းဖြတ်လို့ ရနိုင်တဲ့ မှတ်ကျောက်လို့တောင် ပြောလို့ရပါတယ်။

**၂။ စစ်ကောင်စီက ဆက်လက်ကျင့်သုံးနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ**

**ဥပဒေရဲ့ ပုဒ်မ ၇၄ မှာ မြို့နယ်ကို အခြေခံ၍သော်လည်းကောင်း၊ လူဦးရေးကို အခြေခံ၍သော်လည်းကောင်း၊ FPTP နိုင်သူအကုန်ယူ ရွေးကောက်ပွဲစနစ်တစ်ခုတည်းကိုပဲကျင့်သုံးဖို့ကန့်သတ်ပြဋ္ဌာန်းထားပါတယ်၊ စစ်ကောင်စီက PR စနစ်ကို အစားထိုး ကျင့်သုံးမယ်လို့လည်း ပြောပြန်ပါတယ်၊ ဖွဲ့စည်းပုံကို မပြင်ပဲနဲ့တော့ ကျင့်သုံးဖို့ခက်မယ်လိုထင်ပါတယ်လွှတ်တော်မရှိတဲ့ အခုကာလက ပြင်လို့လည်းမရနိုင်ဘူးဆိုတော့၊ စစ်ကောင်စီက ဒီရွေးကောက်ပွဲကို ဘယ်လိုပုံစံမျိုးနဲ့ လုပ်နိုင်ချေတွေ ရှိပါသလဲ။**

အခုကျနော်တို့ ရွေးကောက်ပွဲနဲ့ပါတ်သက်လို့ ပြောဆိုနေတဲ့ကိစ္စတွေကကနေ့ ကျနော်တို့ နိုင်ငံရေးအခြေအနေနဲ့ပါတ်သက်လို့ ကျော်ပြီးပြောနေသလားလို့ ကျနော်အဲ့သလိုခံစားမိတယ်။ ဒီကနေ့ကျနော်တို့ နိုင်ငံရဲ့အခြေအနေက ရွေးကောက်ပွဲလုပ်မယ်ဆို ဘယ်မှာသွားလုပ်မှာလဲ ရွေးကောက်ပွဲလုပ်စရာ နေရာမရှိဘူး။ ရွေးကောက်ပွဲ လုပ်မယ်ဆိုရင်တောင် ကျနော်တို့က ဆန့်ကျင်ရမှာ အဲ့ရွေးကောက်ပွဲကို မပျက်ပျက်အောင် လုပ်ရမှာပဲ။ ကျနော်တို့ရပ်တည်ချက်က ဒီရွေးကောက်ပွဲဖြစ်မလာဖို့ပဲ သူတို့လည်း ဖြစ်လာအောင်လုပ်နိုင်တဲ့ အနေအထားမရှိဘူး။

ပြည်တွင်းမှာ နိုင်ငံရေးပါတီတွေရှိကြတယ်၊ ရွေးကောက်ပွဲ ကော်မရှင်မှာ မှတ်ပုံတင်ကြတယ်။ တကယ်တမ်းကြတော့ ကြံ့ဖွံ့နဲ့ Alliance ဆိုတော့ ကြံ့ဖွံ့ကို နိုင်ငံရေးပါတီတခုအဖြစ်ခများတို့မြင်လား၊ မြင်ရင် ပြဿနာရှိတယ်လို့ ကျနော်ကတော့ထင်တယ်။ အဲ့ဒီလိုပဲ နိုင်ငံရေးပါတီထောင်ကြတယ်။ ကိုယ့်ရဲ့ ဒီမိုကရေစီကို ရိုက်ချိုးဖျက်ဆီးနေတဲ့သူရဲ့အောက်မှာ နိုင်ငံရေး ပါတီတည်ထောင်တယ်ဆိုတာက တကယ့်ဒီမိုကရေစီနိုင်ငံရေးပါတီတွေ ဟုတ်မဟုတ် ကျနော်တို့ ဆန်းစစ်ဖို့လိုတယ်။

အဲ့ဒါတွေကို ဒီမိုကရေစီနိုင်ငံရေးပါတီအဖြစ် လက်ခံပြီဆိုရင် ပြဿနာရှိတယ်။ အခု (၄၈)ပါတီ မှတ်ပုံတင်တယ်။ အသိမှတ်ပြုတယ်။ အဲ့ဒီ (၄၈)ပါတီတွေက နိုင်ငံရေးပါတီတွေလား ခင်များတို့သေသေချာချာကြည့်စေချင်တယ်။ ရွေးကောက်ပွဲလုပ်ခဲ့ ပြည်သူလူထုက မဲထည့်ခဲ့တယ်။ ပြည်သူလူထုက ဘယ်စိတ်သဘောဆန္ဒနဲ့မဲထည့်ခဲ့တာလဲ ဆန်းစစ်စေချင်တယ်။ ကျနော်နားလည်တာက ပြည်သူလူထု မဲထည့်တယ်ဆိုတာက ဒီကောင်တွေကို မောင်းချတာမင်းတို့သွား၊ မင်းတို့ကိုမလိုချင်တော့ဘူးဆိုပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပုံပေးတာ။ ဟိုကောင်တွေကို မောင်းချတာ။ ရွေးချယ်တာမဟုတ်ဘူး။ ကျနော်က အဲ့သလိုပဲနားလည်တယ်။ ဆိုတော့ လက်ရှိနိုင်ငံရေး အခြေအနေမှာတော့ စစ်အုပ်စုကို နိုင်ငံရေးအဝန်းအဝိုင်းကနေ မောင်းထုတ်ဖို့က အဓိကဖြစ်တယ်။

စစ်အုပ်စုကို မောင်းထုတ်ပြီးတာနဲ့ အာဏာရှင်တွေကို မောင်းထုတ်ပြီးတာနဲ့ ကျနော်တို့ တိုင်းပြည်ကို ဖက်ဒရယ် ဒီမိုကရေစီအခြေခံ ပြန်တည်ဆောက်ဖို့လိုတယ်။ အဲဒါပြီးတော့မှ ရွေးကောက်ပွဲဆိုတာ လာမှာဖြစ်တယ်။ ဆိုတော့ ဖက်ဒရယ်ဒီမိုကရေစီကို တည်ဆောက် ကြမယ်ဆို ဘယ်ပုံဘယ်နည်း တည်ဆောက်

ကြ မလဲဆိုရင် အခုအခြေနေက ရှုပ်ထွေးနေတယ်။

ပြီးတော့ နဂိုတိုင်းနဲ့ပြည်နယ် (၁၄) ခုဆိုတာ မဖြစ်နိုင်တော့ဘူး။ နောက်တခုက ပြည်နယ်တွေ ဖွဲ့စည်းမှုကလည်းကျနော်တို့အစဉ်အဆက်စဉ်းစားခဲ့သလို Top down ပုံစံ အပေါ်ကလာမှာ ဟုတ်တော့ဘူး။ အခုကရင်နီကိုကြည့် ကရင်နီက သူ့ဖာသာသူတည်ဆောက်တာ သူ့ပြည်နယ်ရလုနီးနီး ဖြစ်နေပြီ။ KIA ကလည်း အဲလိုပဲ စဉ်းစားမှာပဲ သူတို့ကိုယ်တိုင်တည်ဆောက်မယ်။ ရခိုင်လည်း ဒီလိုပဲစဉ်းစားမှာပဲ။ ရခိုင်က ရခိုင်ပြည်နယ်ကို အရင်ဖော်ထုတ်မယ်။

အဲ့ဒီလိုပဲ ကျနော်တို့တိုင်းပြည်ထဲမှာရှိတဲ့ ဧရာဝတီတိုင်းပဲဖြစ်ဖြစ်၊ တနင်္သာရီပဲဖြစ်ဖြစ် ကိုယ့်ဖာသာကို အောက်ခြေကနေ ပြန်တည်ဆောက်နိုင်အောင် လုပ်ရမယ်။ ပြီးတော့မှ သွားပြီးတော့စုစည်းမယ်။ ဆိုလိုတာက Bottom-Up ပေါ့ အဲ့သလို ပုံစံသွားစုစည်းမှု။ ဆိုတော့ အဲ့အခြေအနေပြီးမှ ဘယ်လိုရွေးကောက်ပွဲပုံစံလုပ်ကြမလဲဆိုတာ ပေါ်ပေါက်မယ်။

အခုအခြေအနေ ပြီးပြီးရောဆိုပြီး ခင်များတို့လာဆိုပြီး စကားထိုင်ပြောကြ ပြီးတော့မှ တိုင်းပြည်ကိုဆက်သွား အဲဒီပုံစံကမဖြစ်တော့ဘူးလို့ ထင်ပါတယ်။ တကယ်တမ်း လက်တွေ့ကြည့်ပါ မြို့နယ် (၇၀) ကျော်က အသေချာသိမ်းပြီးနေပြီ။ ရန်ကုန်လိုနေရာမျိုးမှာ ရွေးကောက်လုပ်နိုင်ဖို့ ခက်တယ်။ ကနေ့အခြေအနေမှာ ရွေးကောက်ပွဲ လုပ်နိုင်မယ်ဆိုရင် ဧရာဝတီတိုင်းလိုနေရာမှာ ဖြစ်ကောင်းဖြစ်နိုင်တယ်။

ဒါကလွဲလို့ရှိရင် တတိုင်းပြည်လုံးအနေအထားက တကယ်ကို မတည်မငြိမ်ဖြစ်နေတာ။ အကယ်လို့ သူတို့လုပ်နိုင်လို့လုပ်တယ်ပဲထား ကျနော်တို့ကဒါကိုတားရမယ်။ နိုင်ငံရေးအရ ဒီကောင်တွေ ရွေးကောက်ပွဲလုပ်တာကို လက်ခံလို့မရဘူး။ အခုကဒီကောင်တွေ တရုတ်အားကိုး အိန္ဒိယအားကိုးနဲ့ ရွေးကောက်ပွဲ လုပ်နိုင်ဖို့ကြိုးစားနေတာ ဒါတောင် တရုတ်က အရမ်းထောက်ခံနေတာ မဟုတ်ဘူး။ ချိန်ချိန်စစနဲ့ အနားကပ်နေတာ။

အဲ့တော့ ကျနော်ပြောချင်တာကတော့ ရွေးကောက်ပွဲကိစ္စက နည်းနည်းလေးအချိန်စောသေးတယ်လို့ထင်ပါတယ်။ ကနေ့ အနေအထားက တစ်တိုင်းပြည်လုံးဒီကောင်တွေကို မောင်းချနိုင်ဖို့ ကြိုးစားနေတဲ့ အနေအထားဖြစ်တယ်။ ဒီကောင်တွေလွှင့်သွားမဲ့ အနေအထားကလည်း အမှန်တကယ်မြင်တွေ့နေရတယ်။ ကျနော်တို့ဖက်က ညီညီညွတ်ညွတ်ရှိဖို့ပဲ လိုတယ်လို့ ကျနော်ထင်ပါတယ်။

**၃။ လက်ရှိ စကစနဲ့ UEC မှာ တိုင်းရင်းသားပါတီများ အပါအဝင် ပါတီပေါင်း ၆၃ ပါတီ မှတ်ပုံတင်ကြတယ်လို့ သိရပါတယ်။ ဒီထဲက တချို့တိုင်းရင်းသား ပါတီကြီးတွေကိုတော့ ပါတီမှတ်ပုံတင်မပေးတာကိုလည်း တွေ့ရပါတယ်။ ဆိုတော့ တရားမဝင် စစ်အာဏာသိမ်းထားတဲ့ စစ်ကောင်စီက ရွေးကောက်ပွဲ လုပ်ခွင့်ရှိသလား။ ယုံကြည် လို့ရော ရပါ့မလား။**

ရွေးကောက်ပွဲကတော့ ယုံလို့မရဘူး။ ဒီကောင်တွေကိုလည်း ယုံလို့မရဘူး။ အထူးသဖြင့် လွတ်လပ်ရေးရပြီးကတည်းက နောက်ပိုင်းအဆက်ဆက် စစ်တပ်ကိုကိုင်လာတဲ့ကောင်တွေ ဗမာတပ်ပေါ့။ ဗမာမဟုတ်

တဲ့ တိုင်းရင်းသားတွေက အဲ့လိုပဲပြောကြတာလေ။ ဒီဗမာ့တပ်မတော်ကို တစ်သက်လုံးယုံလို့ရမှာ မဟုတ်ဘူး။ ဆိုတော့ အဲ့လိုပုဂ္ဂိုလ်မျိုးတွေ၊ အဲ့လိုအဖွဲ့အစည်းမျိုးတွေကို ကျနော်တို့တိုင်းပြည်က မောင်းထုတ်နိုင်မှ ကျနော်တို့တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်၊ ငြိမ်းချမ်းအောင်လုပ်လို့ရမယ်။ အဲ့ကောင်တွေရှိနေသ၍ ကျနော်တို့တိုင်းပြည် ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူး။ အခု ကောင်းချင်ယောင်ဆောင်လည်း ခဏပဲ နောက်တခါပြန်သိမ်းမှာပါပဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံး၊ ကျနော်တို့နိုင်ငံရေးစနစ်တခုလုံး ပြောင်းပစ်မှရမယ်။ တကယ့် ဒီမိုကရေစီကို အခြေခံတဲ့စနစ်၊ တကယ့်ဖက်ဒရယ်ကို အခြေခံတဲ့စနစ်ကို ကျနော်တို့ ခိုင်ခိုင်မာမာပြန်တည်ဆောက်နိုင်မှ၊ အဲဒီကတည်ဆောက်တဲ့အထဲမှာ စစ်အုပ်စုမပါမှ၊ ပယ်ချနိုင်မှရမယ်။နိုင်ငံရေးထဲမှာအဲ့ကောင်တွေရှိနေသ၍ ကျနော်တို့ တိုင်းပြည် ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူး။ အဲ့တော့ ကျနော်တို့အလုပ်က ဒီပုဂ္ဂိုလ်တွေကို ဖယ်ပစ်မောင်းထုတ်ရမယ်။

**၄။ စစ်ကောင်စီအနေနဲ့ရွေးကောက်ပွဲကို သူ့ရဲ့ နိုင်ငံရေးထွက်ပေါက်အဖြစ် အသုံးပြုနိုင်တယ်လို့ သုံးသပ်ကြတာတွေလည်းရှိပါတယ်။ လက်ရှိစစ်ကောင်စီကို တော်လှန်နေတဲ့ အင်အားစုတွေဘက်က ဘယ်လောက်အဆင့်ထိ ဆန့်ကျင်ဟန့်တားဖို့ ပြင်ဆင်ထားကြပြီလဲ။**

ကျနော့်အမြင်ကတော့ အမေရိက အထူးသဖြင့် ဥရောပပေါ့။ အကယ်လို့ စစ်ကောင်စီ ရွေးကောက်ပွဲ လုပ်မယ်ဆိုလို့ရှိရင် ဒီကိစ္စကို မပူးပေါင်းဖို့အတွက် ကျနော်တို့ တိုက်တွန်းဖို့လိုပါမယ်။ လက်ရှိမှာလည်း အမေရိကန် ပြည်ထောင်စုဆိုလို့ရှိရင် ဒီရွေးကောက်ပွဲကို အသိအမှတ်ပြုချင်တဲ့ သဘောမရှိဘူး။ သို့သော်လည်းပဲ ကျနော်တို့ အိမ်နီးချင်းနိုင်ငံတွေပေါ့ ထိုင်းနိုင်ငံကတော့ ရွေးကောက်ပွဲလုပ်စေချင်တဲ့ သဘောရှိတယ်။ လက်ရှိအစိုးရရော လက်ရှိခေါင်းဆောင်တွေ ရောပေါ့။ အိန္ဒိယလည်းသဘောထားရှိတယ်။ အိန္ဒိယက ကြိတ်ပြီးတော့ ကူညီနေပုံရတယ်။ ဒါပေမဲ့ တရုတ်ကတော့ မသေချာသေးဘူးလို့ ကျနော်ထင်တယ်။ တရုတ်ကလုပ်စေချင်တယ်။ ဒါပေမဲ့ ပြောင်ကြီး မင်းတို့လုပ်ကွာဆိုတဲ့ အခြေအနေမျိုးတော့ မရောက်သေးဘူး။ တရုတ်တွန်းနေတဲ့ လမ်းကြောင်းက တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ လမ်းကြောင်း ကိုတွန်းနေပုံရတယ်။ တဖက်က အာဆီယံရဲ့ ကြိုးစားမှုကိုလည်း တရုတ်ကထောက်ခံပုံရတယ်။ အဲ့ဒီဟာတွေ အကုန်လုံးကကျနော်တို့အတွက်က အန္တရာယ်လို ဖြစ်တယ်။ သို့သော်လည်းပဲ ကျနော်တို့ပြည်တွင်းက ကျနော်တို့ ပြည်သူတွေ၊ တကယ်တော်လှန်ရေးလုပ်နေတဲ့လူတွက ပြင်းပြင်းထန်ထန် ဒီကိစ္စကို ဆန့်ကျင်မယ်ဆိုလို့ရှိရင် ဆန့်ကျင်လို့ရနိုင်မယ်လို့ ကျနော်ယူဆတယ်။ အခြေခံအားဖြင့် ကျနော်တို့ တော်လှန်ရေး လုပ်နေတဲ့သူတွေရဲ့ သဘောထား ညီညီညွတ်ညွတ်နဲ့သေသေချာချာတရုတ်ကိုပြောနိုင်မယ်၊ အာဆီယံကိုပြောနိုင်မယ်၊ ထိုင်းကိုပြောနိုင်မယ်ဆိုရင် အခြေနေကပြောင်းသွားနိုင်တယ်။

ထိုင်းရဲ့သဘောထားကလည်း ရွေးကောက်ပွဲဆိုတာကို အခြေခံအားဖြင့် လက်ခံပေမဲ့ တနေ့တခြား

တော့ သူလည်း ပြောင်းလာနိုင်တယ်။ ကျနော်တို့ အထဲမှာ တော်လှန်ရေးအင်အားစုတွေက သိမ်းလာနိုင်တာနဲ့ အမျှ သူတို့သဘောထားကလည်း နည်းနည်းတော့ရွေ့လာတယ်။ ကနေ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေ ဘယ်လောက်ထိ အားကောင်းလဲ နောက်ထပ်မြို့တွေ ဘယ်လောက်ထိ ဆက်သိမ်းနိုင်မလဲ၊ အဲ့လိုပဲပြည်တွင်းမှာရှိတဲ့ ကျနော်တို့ပြည်သူတွေက ဘယ်လောက်ထိ ဆက်ပြီးတော့ ဒီအခြေအနေကြီးကို တောင့်ခံနိုင်မလဲပေါ့။ ဘယ်လောက်ထိဆက်ပြီး စစ်အုပ်စုကိုတွန်းနိုင်မလဲပေါ့။

ဒီကနေ့ ဗမာပြည်တွင်းမှာ ဖြစ်ပျက်နေတဲ့အရာတွေက ချက်ခြင်းကမ္ဘာကြီးကို ကျယ်ပြန့်လာတယ် ဆိုတဲ့ဟာက အထဲမှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတဲ့ သတင်းတွေကို သိဖို့အတွက် ကြိုးစားရတဲ့အခြေအနေ မဟုတ်တော့ဘူး နိုင်ငံတကာက ချက်ခြင်းသိနေတယ်။ အဲ့ဒီအတွက်ကြောင့် ဒီရွေးကောက်ပွဲနဲ့ ပါတ်သက်လို့ ကျနော်တို့ရဲ့သဘောထားကို တိတိကျကျပြောဆိုတဲ့ ကိစ္စတွေကိုလည်း နိုင်ငံတကာကအကုန်လုံးသိပါတယ်။

ကျနော်တို့ ထူးပြီးတော့ လော်ဘီတောင် လုပ်နေစရာမလိုတော့ဘူး။ အဓိကကတော့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ အာဆီယံပေါ့ဗျာ။ ဒီနိုင်ငံတွေကိုတော့ ကျနော်တို့ ဆက်ပြီးတော့တွန်းဖို့လိုမယ်လို့ ကျနော်ကတော့ ထင်တယ်။ သူတို့မသိတာ မဟုတ်ဘူးသိတယ်။ ထိုင်းဆိုလည်း မသိတာမဟုတ်ဘူး သိတယ်။ ဒါပေမဲ့ ပြဿနာက သူ့နိုင်ငံကိုယ်၌က ဝန်ထုပ်ဝန်ပိုး ကြီးလိုဖြစ်နေတာကို၊ ဗမာပြည်ထဲက လူများတွေက သူ့တိုင်းပြည်ထဲကို ရောက်နေတယ်ဆိုတဲ့ အခါကျတော့ သူ့တိုင်းပြည်အတွက်ကအတော်ပြဿနာရှိနေတယ်။ သူ့အခြေအနေကိုလည်း စာနာပါတယ်။ သို့သော်လည်း သူနဲ့ သေချာဆက်ပြီးတော့ စကားပြောရမယ်။ ဆက်ပြီးတော့ တွန်းရမယ်လို့ ကျနော်ကတော့ ထင်ပါတယ်။

**၅။ စစ်ကောင်စီက အတင်းအကြပ်နဲ့ ရွေးကောက်ပွဲကို ပြုလုပ်နိုင်ခဲ့ရင် နောက်ဆက်တွဲ ဘာတွေဖြစ်လာနိုင်မယ်လို့သုံးသပ်ပါသလဲ။ စစ်ကောင်စီအပေါ်နိုင်ငံတကာအနေနဲ့ ထိတွေ့ဆက်ဆံရေး အခင်းအကျင်း အပြောင်းလဲ ရှိလာနိုင်မလား၊ တဘက်ကတော်လှန်ရေးအပေါ်သက်ရောက်မှုတွေ ရှိသွားနိုင်မလား။**

သူတို့ဖာသာ သူတို့လုပ်မယ်ဆိုလို့ရှိရင်တောင် ဘယ်သူမှအသိမှတ်ပြုတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ ကျနော် မထင်ဘူး။ ပြည်တွင်းကပြည်သူတွေလည်း အသိမှတ်ပြုမှာမဟုတ်သလို၊ နိုင်ငံတကာအသိုင်းအဝိုင်းကလည်းအသိမှတ်ပြုမှာမဟုတ်လောက်ဘူး။ သူလုပ်မဲ့ရွေးကောက်ပွဲက သူလုပ်နိုင်တဲ့ ကွက်ကွက်ကလေးကိုပဲ သူလုပ်မှာ ဖြစ်တယ်။ ဒါကို မဖြစ်အောင် ကျနော်တို့တားရမှာဖြစ်တယ်။ အကယ်၍ လုပ်နိုင်ခဲ့သည်ရှိသော် ဘယ်ဒေသတွေမှာ လုပ်နိုင်မှာလဲ ပဲခူးတိုင်းအရှေ့ခြမ်း တောင်ငူဖက်မှာလုပ်နိုင်မယ်ထင်လား၊ ညောင်လေးပင်ဖက်မှာ လုပ်နိုင်မယ်ထင်လား၊ အခုမြေပြင်မှာ ဖြစ်ပျက်နေတာကိုကြည့်ကြည့်ပါ လုပ်နိုင်ဖို့အတွက် တော်တော်ခက်တယ်။ ဧရာဝတီတိုင်းမှာရော တစုံတရာဖြစ်နိုင်ခြေရှိတယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ ညဖက်တွေမှာ ပစ်တာခတ်တာတွေရှိလာမယ်။ တော်တော်ကို ရှုပ်ဆိုး

အကျဉ်းတန်တဲ့ဟာတွေ ဖြစ်နိုင်တယ်။

သို့သော်လည်း စစ်အုပ်စုက ဘယ်သူ့မျက်နှာမှ ကြည့်တာမဟုတ်ဘူး။ နင်းကန်ပြီး လုပ်ချင်ရင်လုပ်မှာ သူတို့ ပိုင်တဲ့နေရာလေးမှာပေါ့။ သို့သော် သူတို့ပိုင်တဲ့ နေရာမှာ ရွေးကောက်ပွဲ ဖြစ်တယ်ပဲထားအုံးပေါ့ ဘယ်သူကထောက်ခံမှာလဲ။ ပြီးတော့အချို့အချို့သော မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေ အဲ့လိုအခြေအနေမျိုးမှာ ရွေးကောက်ပွဲဝင်ရဲမလား။ သူတို့ ဝင်ရဲလို့ရှိရင်ဝင် ပြဿနာအများကြီးရှိတယ်။ နောက်ဆက်တွဲပြဿနာတွေ အများကြီးဖြစ်လာလိမ့်မယ်။

ဒါကြောင့်မို့လို့ အဲ့ဒီရွေးကောက်ပွဲရလဒ်က ဘယ်လိုပဲ ထွက်လာထွက်လာ အပေါင်းလက္ခဏာဆောင်မလာဘူးလို့ ကျနော်ထင်တယ်။ ပိုပြီးတော့ ရုပ်ဆိုးလာနိုင်တယ်။ ဒီမှာ တချို့နိုင်ငံတွေက ထောက်ခံတယ်ပဲထားအုံး တရုတ်ကထောက်ခံမယ်၊ အိန္ဒိယက ထောက်ခံမယ်။ တကယ်တမ်း တရုတ်က ပြဿနာကို ရွေးကောက်ပွဲဆိုတာထက် နှစ်ဖက်တွေ့ပြီးတော့ ဆွေးနွေးစေချင်နေတာ၊ ဆွေးနွေးအဖြေရှာခိုင်းနေတာ။

ရွေးကောက်ပွဲလုပ်ခိုင်းနေတာမဟုတ်ဘူး။ ရွေးကောက်ပွဲလုပ်ဖို့လက်တွေ့မှာ အနောက်ကနေဆော်သြနေတာက အိန္ဒိယ၊ ထိုင်းဆိုရင် နည်းနည်းစမ်းကြည့်နေတာ၊ ထိုင်းရဲ့ အခြေအနေက နိုင်ငံတကာရဲ့ သဘောထားအပေါ်မှာအများကြီးအလေးထားတယ်၊သူ့သဘောထား ပြောင်းနိုင်တယ်။ အတင်းအကြပ် ဖိတွန်းလို့မရဘူး။ အခုကုန်သွယ်ရေးကိစ္စပဲကြည့် ဟိုကောင်တွေက မြဝတီဖက်ကနေ မဖြတ်တော့ဘူး။ ပင်လယ်လမ်းကြောင်းကနေ ဖြတ်လာတာ။ ထိုင်းကိုယ်၌ကလည်း ဗမာအစိုးရကို မယုံရဲဘူး။ ရွေးကောက်ပွဲကို သူလုပ်စေချင်တယ် ဆိုတာ သူ့ပခုံးပေါ်မှာကျနေတဲ့ ဝန်ထုပ်ဝန်ပိုးတစုံတရာဖြေလျော့စေချင်လို့ပဲ ကျနော်ထင်တယ်။

ဆိုတော့ ကျနော် အဓိက ပြောချင်တာကတော့ အဲ့ဒီရွေးကောက်ပွဲ ဖြစ်လာမယ်ဆိုလို့ ရှိရင်လည်း အဲ့ဒီရွေးကောက်ပွဲက ကျနော်တို့နိုင်ငံရဲ့ နိုင်ငံရေးအတွက် အဖြေမဟုတ်ဘူး။ မင်းအောင်လှိုင်အတွက်တော့ အဖြေဖြစ်ရင်ဖြစ်မှာပေါ့။ ရွေးကောက်ပွဲလုပ်ပြီး တယောက်ယောက်ရဲ့ ပခုံးပေါ်ပုံချပြီး သူထွက်ပြေးရင် ပြေးမှာပေါ့။ သူ့အတွက်ကတော့ ဟုတ်ချင်ဟုတ်မယ်။ သို့သော်လည်းပဲ တိုင်းပြည်တခုလုံးရဲ့ အဖြေလုံးလုံးမဟုတ်ဘူးလို့ ကျနော်ထင်ပါတယ်။

**၆။ NUG အပါအဝင် NUCC ဟာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်တည်ဆောက်အရေးအတွက် ဆိုရပ်တစ်ခုဆိုရင် ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကိုင်ဆွဲထားကြတဲ့ ဒီမိုကရေစီအရေးလှုပ်ရှားသူ အင်အားစုတွေနဲ့ ဖက်ဒရယ်အရေး လှုပ်ရှားခဲ့ကြတဲ့ အင်အားစုတွေကြား တဘက်က စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကို ဆန့်ကျင်မှုအပြင် လက်ရှိ မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို ပိုအားကောင်းတဲ့ ပေါင်းစပ်မှုမျိုးဖြစ်အောင် ဘယ်လိုပုံဖော်သင့်ပြီလဲ။**

ကျနော်အနေနဲ့ အခြေခံအားဖြင့် နှစ်ချက်ပြောချင်ပါတယ်။ပထမတခုကမြေပြင်မှာတကယ်လက်တွေ့တိုက်ပွဲဝင်နေတဲ့ အင်အားစုတွေရှိတယ် Local PDF ၊ PDF တွေ နောက်ပြီး တိုင်းရင်းသားအဖွဲ့အစည်းတွေ ရှိ

တယ်။ တိုင်းရင်းသားအဖွဲ့အစည်းနယ်မြေထဲမှာ အလုပ်လုပ်နေကြတဲ့ PDF အဖွဲ့အစည်းတွေ ရှိကြတယ်။ တခြားသူတို့ရဲ့ မိခင်နိုင်ငံရေး အဖွဲ့အစည်းတွေ ရှိကြတယ်။ အဲ့ဒီအဖွဲ့အစည်းတွေ အသီးသီးကြားမှာ ပြောဆိုဆက်ဆံမှု အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုက အင်မတန်လိုအပ်တယ်လို့ ကျနော်ထင်ပါတယ်။ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တွေကတဆင့် ယုံကြည်မှုကို ခိုင်ခိုင်မာမာရအောင် တည်ဆောက်သင့်တယ်။

အဲ့ဒါမှ ကျနော်တို့ ပြောနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ ကိစ္စကပိုပြီးတော့ ခိုင်မာအားကောင်းလာလိမ့်မယ်လို့ ကျနော်ထင်တယ်။ အဲ့ကိစ္စကို လေးလေးနက်နက်ဆောင်ရွက်စေချင်တယ်။ ကရင်နီမှာပဲ ကြည့်ကြည့်၊ ကရင်ဒေသမှာပဲကြည့်ကြည့် တခြား ကချင်၊ စစ်ကိုင်းဒေသတွေမှာပဲ ကြည့်ကြည့် အင်အားစုတွေက ပြန့်ကြဲနေကြတယ်။ တချို့ NUG PDF တွေရှိတယ်၊ Local PDF တွေရှိတယ်။ ဒီဖက်မှာ ဆိုရင်လည်း KNU ကို အခြေခံပြီး လှုပ်ရှားဆောင်ရွက်နေတဲ့ PDF တွေရှိတယ်။ ကရင်နီမှာ ဆိုရင်လည်း ဒီလိုပဲ အင်အားစုတွေ ကွဲပြားနေကြတယ်။ ကွဲပြားခြားနားနေတဲ့ အင်အားစုတွေကြားမှာ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ဖို့၊ အပြန်အလှန် နားလည်မှုတည်ဆောက်ဖို့ ပိုပြီးတော့ ခိုင်ခိုင်မာမာလက်တွဲဆောင်ရွက်ကြဖို့ အဲ့ကနေ တဆင့်မှ ဖက်ဒရယ် နိုင်ငံကို ဦးတည်ဖို့လိုမယ်။ အဲ့အခြေခံကို သေသေချာချာကျအောင် ကျနော်တို့အားလုံးက ဝိုင်းပြီးတော့ အာပေးစေချင်တယ်။

နောက်တခုက အင်အားစု အသီးသီးက ပြောကြပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုတာ ကျနော်တို့ နွေဦးတော်လှန်ရေးဖြစ်ခါစက ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးဆိုတဲ့ အသံ အင်မတန်နည်းတယ်။ ဒါပေမဲ့ ကနေ့ကာလမှာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုတာက တတိုင်းပြည်လုံး ပြောနေပြီ။

အင်အားစုအသီးသီးက ပြောနေတာဆိုတဲ့အခါကြတော့ ဟုတ်ပြီဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဘယ်လို တည်ဆောက်ကြမလဲ ဆိုတဲ့ကိစ္စနဲ့ ပါတ်သက်လို့ ကျနော်တို့ NUCC မှာပဲဖြစ်ဖြစ် ဒီထက်ကျယ်ပြန့်တဲ့ နိုင်ငံရေး အဖွဲ့အစည်းအသီးသီး စုပေါင်းပြီးတော့ပဲဖြစ်ဖြစ် အသေအချာ ဆွေးနွေးစေချင်တယ်။ အချိန် ကျနော်တို့ ရပါတယ်။ NUCD အပေါ်မှာ မြင်တဲ့အမြင်တွေကတော့ အမျိုးမျိုးရှိကြတယ်။ ဒီကိစ္စက ကျနော်အနေနဲ့ကတော့ သဘာဝကျတယ်လို့ထင်ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုတွေက ချက်ချင်းလက်ငင်းကြီးတော့ အကုန်လုံးတစ်ထိုင်ထဲ သဘောမတူနိုင်ဘူး၊ အမြင်တွေလည်း မတူကြဘူး ဒီကိုရောက်လာတဲ့ လူတွေ၊ ကိုယ်စားပြုတာတွေ နေရာဒေသအသီးသီးက နောက်ခံလူမျိုးဆိုလည်း အသီးသီးကဒေသဆိုလည်း အသီးသီးက ချက်ချင်း လက်ငင်းနားလည်းမှုတွေက တထပ်ထဲမဖြစ်နိုင်ဘူး။ သို့သော်လည်း ယေဘုယျအားဖြင့် စစ်အုပ်စုကို လုံးလုံးဖယ်မယ်၊ ၂၀၀၈ ကို လုံးလုံးဖယ်မယ်၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်

မယ်ဆိုတဲ့အပေါ်မှာ အခြေခံအားဖြင့်တော့ တူကြတယ်။ အသေးစိတ်အား ဖြင့် တူညီအောင်ဆိုတဲ့ ကိစ္စသည် ကျနော်တို့ ဆက်စကားပြောကြရမှာ ဖြစ်တယ်။ စကားပြောပြီးမှ အားလုံးသဘောတူ နိုင်တဲ့အနေအထားကို ဒီမှာရှိနေတဲ့ တိုင်းရင်းသား အင်အားစုတွေ KIO, KNU, KNPP တွေရှိမယ်။ အခြား ပလောင်တို့ ရှိမယ်။ ဒီအင်အားစုနဲ့ NLD နဲ့ NUG နဲ့ အကြားမှာ နားလည်မှု တည်ဆောက် နိုင်မယ်ဆို ကျနော်တို့အတွက် အများကြီးအောင်မြင်တယ် ပြောရမယ်။

နောက်တဆင့် ကျနော်တို့ CSO အင်အားစုတွေ အသီးသီးရှိကြမယ် ဒီအင်အားစုတွေ လည်း ညှိနှိုင်းနိုင်မယ် ဆိုလို့ရှိရင် ပိုပြီးတော့အောင်မြင်နိုင်မဲ့ အနေအထား ဖြစ်လာမယ်။ သဘောသဘာဝအရ နည်းတော့နည်း နိုင်တယ်၊ စကားများမှာပဲ၊ ရန်ဖြစ်မှာပဲ အဲ့ဒါတွေကို စိတ် ခါတ်ကျနေစရာမလိုဘူး။ ကျနော်တို့ကြားမှာ လက်သီးနဲ့တယောက်နဲ့တယောက်ထမထိုးဖို့ပဲလို တယ်။ နိုင်ငံရေး အရတော့ ဆွေးနွေး ငြင်းခုန်ကြမှာပဲ။ အဲ့ဒါတွေကို သည်းခံပြီးတော့ သဘောတူ ညီမှုတွေကို တနေ့တခြား ရအောင် ကြိုးစားသွားဖို့ ကျနော်အနေနဲ့ ရဲဘော်တွေအားလုံးကို တိုက်တွန်းလိုပါတယ်။

**အယ်ဒီတာအဖွဲ့**



## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

(Generations' Solidarity Coalition of Nationalities GSCN)

ဥက္ကဋ္ဌ

မနန္ဒလှိုင်နဲ့ တွေ့ဆုံခြင်း

**၁။ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ရွေးကောက်ပွဲဆိုတာ ဘယ်လောက်ထိ အရေးကြီးသလဲ။**

ကျမတို့ကလူငယ်လည်း ဖြစ်တယ်ဆိုတော့ ရွေးကောက်ပွဲဆိုလို့ရှိရင် ဗမာပြည်ထဲမှာဆို စာကနေ လေ့လာခဲ့တာတွေပဲ ရှိတယ်။ နောက်တစ်ခုက ကျမတို့ရဲ့ မျိုးဆက်အနေနဲ့ ကြုံတွေ့ခဲ့ရတာက ၂၀၁၅ ရွေးကောက်ပွဲပေါ့နော၊ ၂၀၁၀ မှာ လုပ်တဲ့ဟာကိုတော့ ကျမတို့က ရွေးကောက်ပွဲလို့ မသတ်မှတ်ဘူး။ ဒါပေမဲ့ စစ်တပ်ဖက်ကတော့ ၂၀၀၈ အရ ရွေးကောက်ပွဲလုပ်တယ်ပေါ့။

ဆိုတော့ ဒီလိုရွေးကောက်ပွဲတွေပဲ ကျမတို့ကကြုံရတယ်။ ပြီးရင် တခြားနိုင်ငံကနေပြီးတော့မှ လေ့လာခွင့်ရတဲ့ ရွေးကောက်ပွဲစနစ်တွေကိုပဲ ကျမတို့ကမြင်ရတယ်။ ရွေးကောက်ပွဲက တော့ နိုင်ငံတစ်နိုင်ငံကို ဘယ်လိုမျိုးပုံစံနဲ့ ပြည်သူလူထုကို သူ့ရဲ့ သက်တမ်းအတွင်းမှာ ဦးဆောင်သွားမှာလဲဆိုတာကို ပြသရတဲ့ အမှတ်အသား တစ်ခုလို့မြင်တယ်။ ကိုယ့်မှာ တာဝန်ကျလာတဲ့ ကာလလေးနှစ်ပဲဖြစ်ဖြစ်၊ ငါးနှစ်ပဲဖြစ်ဖြစ်ပေါ့။ ရွေးကောက်ခံပြီးတော့ တက်လာတဲ့ လူတွေရဲ့ နိုင်ငံအပေါ်မှာ အုပ်ချုပ်သွားတဲ့ စနစ်ပေါ့ အဲ့ဒါက ဒီမိုကရေစီအရ ဘယ်လောက်စည်းစနစ်ကျလဲ၊ ဒီမိုကရေစီကို ဘယ်လောက်ထိ ကျင့်သုံးသွားလဲဆိုတဲ့ဟာကို ပြည်သူ လူထုကို ပြသရတာဖြစ်တယ်။ တကယ့် ဒီမိုကရေစီနိုင်ငံတွေကြတော့ သူတို့ရဲ့နိုင်ငံကို ခေါင်းဆောင်တွေ အပြောင်းအလဲ လုပ်တဲ့ဟာကြရင်လည်း ဒီမိုကရေစီစည်းစနစ်တွေကို ကျင့်သုံးတဲ့ပေါ်မှာကြည့်ပြီးတော့မှပဲ သူတို့ခေါင်းဆောင်

ကို ရွေးချယ်ကြတာဖြစ်တယ်ပေါ့လေ။ ဒါကြောင့်မလို့ ရွေးကောက်ပွဲတွေကနေ တက်လာတဲ့ခေါင်းဆောင်များသည် လူထုအတွက်ဆိုလို့ရှိရင် သူတို့ကိုစောင့်ကြည့်နေတဲ့ကာလဖြစ်တယ်။ သူတို့ရဲ့နိုင်ငံကိုဦးဆောင်တဲ့တရားမျှတမှု၊ လွတ်လပ်ခွင့်တွေ ပွင့်လင်းမြင်သာမှုတွေဒါတွေဟာ ဒီမိုကရေစီရဲ့စံနှုန်းတွေ ဖြစ်တဲ့အတွက်ကြောင့်မလို့ ဒါတွေကို ပြသရတဲ့ ကာလတစ်ခုအနေနဲ့ပေါ့။ ဒါကလည်း နိုင်ငံသားတွေအတွက်အရေးကြီးတယ်လို့ မြင်ပါတယ်။

**၂။ မြန်မာပြည်ရဲ့ အနီးစပ်ဆုံးရွေးကောက်ပွဲသမိုင်းကိုကြည့်ရင် (FPTP) လို့ခေါ်ကြတဲ့ အနိုင်ရသူ အကုန်ယူ ရွေးကောက်ပွဲစနစ်ကိုကျင့်သုံးခဲ့တာတွေ့ရပါတယ်) လို့ခေါ်တဲ့ အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးတာမတွေ့ရသေးပါဘူး။ ရွေးကောက် ပွဲစနစ် အမျိုးမျိုးရှိကြတဲ့ထဲက အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကြတဲ့အခါ ဘယ်လိုရွေးကောက်ပွဲစနစ်က သင့်တော်မယ်လို့ ယူဆပါသလား။**

ကျမတို့ အနာဂါတ် ဖက်ဒရယ်နိုင်ငံမှာ ဘယ်လိုရွေးကောက်ပွဲပုံစံ ကျင့်သုံးမလဲဆိုတာက ကျမတို့ရဲ့လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအကြပ်အတည်းကို ဘယ်လိုကျော်လွှားမလဲဆိုတဲ့ အပေါ်မှာလည်း အများကြီးမူတည်တာပေါ့လေ။ အခုက ဖက်ဒရယ်နိုင်ငံကိုသွားမယ်ဆိုတာက ဒီနိုင်ငံ နယ်နိမိတ်ထဲမှာရှိနေတဲ့ ပါဝင်ပါတ်သက်သူများအားလုံးက အဆင်သင့်ရှိနေပြီလား နိုင်ငံရေးစိတ်ဆန္ဒရှိနေပြီလားဆိုတာကိုကိုယ့်ဟာကိုယ်ဆန်းစစ်ရမဲ့ အခြေအနေတခုလို့ ကျမမြင်တယ်။

ဘာကြောင့်လဲဆိုတော့ လက်ရှိအခြေအနေနဲ့ ကျမတို့က PR စနစ်ဆိုလို့ရှိရင် ၂၀၁၅ ကို ပြန်ကြည့်လိုက်ရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေပြီးတော့မဲ အပြတ်အသတ်နိုင်တယ်။ ဒါပေမဲ့ ဒုတိယသည် ပြည်ခိုင်ဖြိုး ပါတီဖြစ်တယ်။ ဆိုတော့ အဲ့လိုအခြေနေမျိုးမှာ ၂၀၀၈လို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ၂၅%က အုပ်ချုပ်ရေးပိုင်းကစ သူ့ရဲ့ကဏ္ဍတိုင်းမှာ ယူထားတာက စစ်တပ် ဖြစ်တယ်ပေါ့။

အဲ့ဒါကိုကြည့်လိုက်ရင် ကျမတို့ကတစ်မဲအသာ အနိုင်ရစနစ်ကို ဖော်ပြထားသော်လည်း ဒါကအတု အယောင်သဘောမျိုး ဖြစ်တယ်ဆိုတာကို ကျမတို့ မြင်တွေ့ရမှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ စစ်တပ်ကသူ့ဟာသူဝင်ယူတယ်။ ပြည်ခိုင်ဖြိုးကလည်း သူ့ဟာသူရှိနေတုန်းပဲဖြစ်တယ်။

အဲ့တော့ အနာဂါတ်မှာဆိုရင်ကျမတို့ကဒီနိုင်ငံရေးပြဿနာကိုအရင် အားလုံးသဘောတူညီနိုင်တဲ့ နိုင်ငံရေးတည်ဆောက်မှုကို အုတ်မြစ်ချရမှာကို ဦးစားပေး အခြေအနေ ဖြစ်မယ်ထင်တယ်။ ဖက်ဒရယ်နိုင်ငံစစ်စစ်ထူထောင်ဖို့အတွက်အုတ်မြစ်ချနိုင်ပြီဆိုရင် ဘယ်လိုမဲစနစ်၊ ဘယ်လိုရွေးကောက်ပွဲစနစ်နဲ့ သွားမလဲဆိုတဲ့ဟာကိုဒီနေ့ဒီအချိန်မှာတော့ ခန့်မှန်းဖို့စောတယ်။

ကျမဥာဏ်မီသလောက် စဉ်းစားကြည့်ရင် ကျမတို့က အချိုးကျ ကိုယ်စားပြုမှုစနစ်ကို ကျမတို့နိုင်ငံကတော့ ကျင့်သုံးရလိမ့်မယ်။ ဒါပေမဲ့ အဲ့ဒီအချိုးကျကိုယ်စားပြုမှုကို ကျင့်သုံးတဲ့အချိန်မှာကျတော့ ပြည်နယ် (၇) ခု တိုင်း (၇) ခု ဆိုတဲ့ ဖွဲ့စည်းမှုနဲ့တော့

အလုပ်ဖြစ်မှာမဟုတ်ဘူး။ ဆိုတော့ အနာဂါတ်မှာ ဖြစ်လာမဲ့ ပြည်ထောင်စု အဖွဲ့ဝင်ဖြစ်လာမဲ့ ပြည်နယ်တွေရဲ့ ဖွဲ့စည်းမှုစနစ်မှာလည်း ရွေးကောက်ပွဲစနစ်ကို အများကြီး ပုံဖော်သွားနိုင်မဲ့ အခြေအနေဖြစ်တယ်။ အဲ့ဒါကြောင့် PR စနစ်ကို သွားတဲ့အချိန်မှာလည်း တစ်ပါတီထဲကနေတော့မှ အားလုံးကို လွှမ်းမိုးသိမ်းကျုံးပြီး ရရှိသွားတဲ့ဟာမျိုးကတော့ ကျမတို့နိုင်ငံမှာ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်တဲ့ ရွေးကောက်ပွဲ စနစ်မဟုတ်ဘူးဆိုတာကိုတော့ ကျမတို့ ဒီနေ့အခြေနေမှာ ကွက်ကွက်ကွင်းကွင်းမြင်နေရတယ်။

အဲဒါ ဘာကိုပြလဲဆိုတော့ ၂၀၁၅ ကိုလည်း ပြလို့ရသလို ၂၀၁၀ မှာလည်း ရွေးကောက်ပွဲလို့ပြောနေပေမဲ့ သူ့ဟာသူလုပ်ပြီး သူ့ဟာသူနိုင်သွားတယ်၊ သူ့ဟာသူ အစိုးရတက်လုပ်တယ်ပေါ့။ နောက် ၁၉၉၀ ကို ပြန်ပြီး လေ့လာကြည့်လိုက်ရင်လည်း ထိုနည်းငင်းပဲ။ ကျမတို့နိုင်ငံမှာက လူမျိုးစုတွေအများကြီးရှိတယ်။ လူမျိုးစုထဲမှာမှ လူမျိုးစုအကြီးတွေ၊ လူနည်းစုတွေကလည်း အများကြီးရှိနေတဲ့ အတွက်ကြောင့် အချိုးကျစနစ်ကို စနစ်တကျ အကောင်ထည်ဖော်ဖို့တော့လိုတယ်။ နိုင်ငံရေးပါတီတစ်ခုတည်းက လက်ဝါးကြီးအုပ်တာကို ပြင်ဆင်နိုင်တာက အချိုးကျစနစ်ဖြစ်တယ်။ အခုလိုမျိုး (၇) တိုင်း (၇) ပြည်နယ် ဆိုတဲ့ခေါင်းစဉ်မျိုးနဲ့တော့ PR စနစ်ဆိုလည်း တကယ့်နိုင်ငံရေးတန်းတူညီမျှမှုကိုတော့ ဖြေရှင်းနိုင်မဲ့စနစ်တော့ မဟုတ်သေးဘူး။

အခု စစ်တပ်က စဉ်းစားနေတဲ့ပုံစံက PR တော့ PR စနစ်။ ဒါပေမဲ့ လက်ရှိ နယ်နမိတ်အတိုင်း စဉ်းစားတာက ကျမတို့အတွက် အဖြေမဟုတ်ဘူး။ ဆိုတော့ အနာဂါတ်မှာတော့ လူနည်းစုတွေ၊ လူများစုတွေအားလုံးကိုထည့်သွင်းစဉ်းစားဖို့ အရေးကြီးတယ်။

အထူးသဖြင့် ကျမတွေးမိသလောက်ဆိုအထက်လွှတ်တော်လိုမျိုးဆိုရင် လူမျိုးစုအားလုံးက နေပြီးတော့ အချိုးတူကိုယ်စားပြုတဲ့ စနစ်မျိုးကို ကျင့်သုံးရင် ကျမတို့နိုင်ငံအတွက် ဒါကအနည်းငယ် နိုင်ငံရေးအရထွက် ပေါက်တခုအနေနဲ့လည်းဖြစ်တယ်။နောက်ပြီး တည်ငြိမ် မှုကိုလည်းဖြစ်စေနိုင်တယ်။ လွှတ်လပ်ရေးရခါစဖဆပလ အစိုးရလက်ထက်မှာလည်း ဖက်ဒရယ်စနစ်ပုံစံလို့ ပြောသော်လည်း တကယ်တမ်း ဖြစ်သွားတာက တပြည်ထောင်စနစ်ပုံစံနဲ့ ကျင့်သုံးသွားကြတယ်။ လွှတ်တော်မှာ ကျန်တဲ့နိုင်ငံရေးပါတီတွေထက် ဖဆပလကပဲ သိမ်းကျုံးပြီးတော့မှမဲရသွားတဲ့ ဟာမျိုးတွေက တောက်လျှောက်ဖြစ်ခဲ့တယ်။

ဆိုတော့ ကျမတို့နိုင်ငံရဲ့ နိုင်ငံရေးပဋိပက္ခတွေကို ပြန်ကြည့်ရင်တော့ ရွေးကောက်ပွဲစနစ်တွေရဲ့ ပုံဖော်မှုမှာ နိုင်ငံရေးအရ တန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားတဲ့ ပုံစံမျိုးကိုတော့ မတွေ့ရဘူးပေါ့။ ဒါကြောင့် အနာဂါတ်မှာတော့ အချိုးကျစနစ်ကို ကျင့်သုံးရမယ်။ အဲ့ဒီထဲမှာမှ အထက်လွှတ်တော်မျိုးမှာဆို လူမျိုးအားလုံးပါဝင်တဲ့ အချိုးတူစနစ် ရဖို့အတွက်ကို စဉ်းစားသင့်တယ်။

**၃။ စစ်ကောင်စီက ဆက်လက် ကျင့်သုံးနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၇၄ မှာ မြို့နယ်ကို အခြေခံ၍ သော်လည်းကောင်း၊ လူဦးရေ**

**ကိုအခြေခံ၍ သော်လည်းကောင်းဆိုပြီး FP TP နိုင်သူအကုန်ယူ ရွေးကောက်ပွဲစနစ် တခုတည်း ကိုပဲကျင့်သုံးဖို့ ကန့်သတ်ပြဋ္ဌာန်း ထားပါတယ်။ စစ်ကောင်စီက PR စနစ်ကို အစားထိုးကျင့်သုံးမယ် လို့လည်း ပြောပြန်တယ်။ ဖွဲ့စည်းပုံကိုမပြင်ပဲနဲ့တော့ ကျင့်သုံးဖို့ခက်မယ်လို့ထင်ပါတယ်။ လွှတ်တော် မရှိတဲ့ အခုကာလက ပြင်လို့လည်း မရနိုင်ဘူးဆိုတော့။ စစ်ကောင်စီက ဒီရွေးကောက်ပွဲကို ဘယ်လို ပုံစံမျိုး နဲ့ လုပ်နိုင်ချေတွေ ရှိပါသလဲ။**

စစ်တပ်ကို ပြန်ကြည့်မယ်ဆိုရင် သူတို့ကိုယ်တိုင်ရေးဆွဲ ဥပဒေကိုလည်း လေးစားတဲ့သူမဟုတ်ဘူး။ ပြီးရင် ဥပဒေဆိုတာ သူ့ရဲ့ပါးစပ်ပေါ်မှာ မူတည်တာ ပေါ့လေ၊ ဒါကို စစ်ခေါင်းဆောင်တွေ တောက်လျှောက် ကျင့်သုံးခဲ့တာပဲ။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံထဲမှာ တစ်မဲသာ အနိုင်ရစနစ်ကို ပြဋ္ဌာန်းထားလည်း အခုသူတို့က PR အချိုးကျစနစ်ကို လုပ်ရင်လည်းလုပ်မှာပဲ။ သေနတ်ကို အားကိုးပြီးတော့ လုပ်တာအတွက်ကြောင့်မို့ တရားဝင် သည်ဖြစ်စေ တရားမဝင်သည် ဖြစ်စေသမိုင်းမှာလည်း အဲ့လိုပဲ တောက်လျှောက်လုပ်လာခဲ့တယ်လေ။ အဲ့တော့ ကျမတို့မှာ ငြင်းစရာမရှိပါဘူး။ သူလုပ်ချင်ရင် ထလုပ် မှာပေါ့နော။ သူ့အနေနဲ့ ရွေးကောက် ပွဲကိုလုပ်ဖို့ စီစဉ် နေတာကြာခဲ့ပြီ။ ၂၀၂၃ ကတည်းက လုပ်မယ်ပေါ့လေ၊ အခု ၂၀၂၄ တောင်ရောက်နေပြီ။

အဲ့ဒီအခြေအနေတွေကို ကျမတို့ပြန်ကြည့်ရင် အခုက ရွေးကောက်ပွဲဖြစ်နိုင်ခြေဆိုတာထက် လက်ရှိ သူက စစ်ရေးမှာလည်း ရှုံးနိမ့်နေတယ်၊ စီးပွားရေးမှာ လည်း မြန်မာငွေ ၁သိန်းနဲ့ ထိုင်းဘတ် ၅၀၀-၆၀၀ ရှိနေ တယ်ဆိုတော့ သူကအဆိုးဆုံးအခြေအနေကိုသူရင်ဆိုင် နေရပြီ။ နောက်တခုကလူထုကလည်း ဘယ် လောက် ပဲ စီးပွားရေးကြပ်တည်းနေပါစေ ကြံ့ကြံ့ခံပြီးတော့မှ ဒီ တော်လှန်ရေးမှာ ပါဝင်နေဆဲဖြစ်တယ်။ ရွေးကောက်ပွဲ ကိုရတဲ့နည်းနဲ့ လုပ်ချင်ရင်တော့ လုပ်လို့ တော့ရမယ်။ ကျမအနေနဲ့ကတော့ ရွေးကောက်ပွဲ ယတိပြတ်ဖြစ်မယ် ဆိုတာကိုတော့ ယုံကြည်မှုနည်းတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ စီစဉ်ခဲ့တာကြာပြီ။ အခုအခက်ခဲဆုံးအခြေအနေမှာ ရွေးကောက်ပွဲထလုပ်ဖို့ ဆိုတာက ဖြစ်နိုင်ခြေနည်းတယ်။ ဖြစ်ရင်တောင် သူတို့ အားကောင်းတဲ့ နေရာအနည်းငယ်မှာသာရမယ်။ ရန် ကုန်တောင်မှ သိပ်မသေချာဘူးပေါ့။ မန္တလေး၊ လားရှိုး တို့ဆိုလည်း သူတို့လုံးဝထိန်းချုပ်လို့မရတဲ့ နေရာတွေ ဖြစ်နေပြီ။

အဲ့လိုအခြေအနေကိုကြည့်ရင် ရွေးကောက်ပွဲကို ဘယ်နေရာမှာလုပ်မှာလဲလို့ ကျမတို့က မေးခွန်းတောင် ပြန်ထုတ်ရမလို ဖြစ်နေတယ်။ ဘယ်ပြည်သူက မဲရုံကို ဘယ်လိုသွားမလဲပေါ့။ နောက်တခုက စစ်တပ်က ရွေး ကောက်ပွဲလုပ်တာ တစ်ခုတည်းမဟုတ်ဘူး။

ကျမတို့ နိုင်ငံမှာရှိတဲ့ နိုင်ငံရေးပါတီတွေကရော သူတို့ရဲ့ နိုင်ငံရေးရပ်တည်ချက်ကဘာလဲ၊ ဘယ်လဲဆို တာကို ကြည့်ရမှာဖြစ်တယ်။ စစ်တပ်တခုတည်းကိုပဲ ကြည့်ရမှာမဟုတ်ဘူး။ ရွေးကောက်ပွဲလုပ်တယ်ဆိုတာ နိုင်ငံရေးပါတီရှိမှ လုပ်လို့ရတာကိုး၊ အဲ့တော့ အခု ကျမ တို့နိုင်ငံမှာရှိတဲ့ နိုင်ငံရေးပါတီတွေက ဘယ်လိုမျိုး နိုင်ငံ

ရေးရပ်တည်ချက် ရှိနေလဲဆိုတာက မေးခွန်းထုတ်စရာ တခုလိုမြင်တယ်။ စစ်တပ်ကသူလုပ်ချင်ရင် ထလုပ်မှာ အဲ့ဒါကိုပံ့ပိုးနေတဲ့ နိုင်ငံရေးပါတီတွေကလည်း ကျမတို့ နိုင်ငံအတွက် တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေလို့ မြင်ပါတယ်။

**၄။ စစ်ကောင်စီအနေနဲ့ရွေးကောက်ပွဲကို သူ့ရဲ့ နိုင်ငံရေးထွက်ပေါက်အဖြစ် အသုံးပြုနိုင်တယ်လို့ သုံးသပ်ကြတာတွေလည်း ရှိပါတယ်။ လက်ရှိစစ်ကောင်စီကို တော်လှန်နေတဲ့အင်အားစုတွေဘက်က ဘယ်လောက်အဆင့်ထိ ဆန့်ကျင်ဟန့်တားဖို့ ပြင်ဆင် ထားကြပြီလဲ။**

လက်ရှိနွေဦးတော်လှန်ရေးမှာ စစ်တပ်က အတော်လည်း ထိနာနေတာကို တွေ့ရတယ်။ ဒါပေမဲ့ ကျမတို့ နိုင်ငံမှာက ဘာပဲလုပ်လုပ် တစ်သံထဲထွက်ဖို့ ဆိုတာက တော်တော်လည်းခက်ခဲတဲ့ အခြေနေဖြစ်တယ်။ ကျမတို့ အရပ်ဖက်အဖွဲ့အစည်းတွေကြားမှာလည်း ဒီနေ့အထိ ပြည်တွင်းမှာ ပုံစံမျိုးစုံနဲ့ စစ်တပ်မှာ မှတ်ပုံ တင်ပြီးနေတဲ့ သူတွေလည်းရှိတယ်။ မှတ်ပုံမတင်ဘဲနဲ့ အထဲမှာ လှုပ်ရှားမယ်ဆိုတဲ့ သူတွေလည်း ရှိတာပေါ့လေ။ ဒါကအရပ်ဖက် အဖွဲ့အစည်းတွေ တခုထဲမဟုတ်ဘူး၊ နိုင်ငံတကာအဖွဲ့အစည်းတွေလည်းရှိတယ်။ ဒါက တနည်းအားဖြင့် စစ်တပ်ကို တရားဝင်မှုပေးနေတယ်လို့ပဲ နိုင်ငံရေးအရ ဆန်းစစ်ကြည့်ရင်တော့ အဲ့လိုပဲမြင်တယ်။ ဘာကြောင့်လဲဆိုတော့ စစ်တပ်ဆီက ခွင့်ပြုချက်ရမှ နေထိုင်ရမဲ့အခြေနေဆိုတော့ စစ်တပ်ကို တရားဝင် အသိအမှတ်ပြုတာပါပဲ။

အခုအခြေနေမှာ ပြန်ကြည့်ရင်တော့ သန်းခေါင်စာရင်းပဲကောက်ကောက် သူ့ကိုသူ ဘာပဲလုပ်လုပ် ရာနှုန်းပြည့် လုပ်နိုင်တာတော့မရှိဘူး။ ဘာကြောင့်လဲဆိုတော့ နယ်မြေတော်တော်များများက ဆုံးရှုံးထားရပြီဖြစ်တယ်။ ဒီဟာတွေကို ကြည့်ခြင်းအားဖြင့် သူတို့အခေါ်စစ်မှုထမ်းပေါ့။ စုဆောင်းရေးမှာတောင်မှ ဒီနေ့အထိ အောင်မြင်သလားဆိုတဲ့ဟာကို ပြန်ကြည့်လို့ရတယ်။

ဘာလို့ဆို လူငယ်တွေ နည်းမျိုးစုံ ပုံစံမျိုးစုံနဲ့ ရှောင်နေကြတယ်။ ဒါကိုကြည့်လိုက်ရင် သူ့ရဲ့လက်အောက်မှာ တာဝန်မထမ်းဆောင်ချင်ကြဘူး။ ဆိုတော့ ရွေးကောက်ပွဲမှာ သန်းခေါင်စာရင်းကောက်တယ် ဆိုပေမဲ့လည်း ဒါကို ကူညီပေးတဲ့သူတွေအတွက်လည်း အန္တရာယ်များတယ်။ သူတို့လုပ်နိုင်တဲ့ ရွေးကောက်ပွဲနယ်မြေက မဆိုသလောက်ပဲရှိတယ်။ အဲ့တော့ကျမတို့က ကိုယ်လုပ်နေတဲ့ အလုပ်ကို တစိုက်မတ်မတ်လုပ်ပြီး နယ်မြေတွေကို သိမ်းနိုင်နေရုံမဟုတ်ဘူး။ အုပ်ချုပ်ရေးယန္တရားတွေ စတင်ရှင်သန်နိုင်ပြီးတော့မှ တည်တံ့ခိုင်မြဲရေးက စစ်တပ်ရဲ့ ရွေးကောက်ပွဲကို ဟန့်တားနိုင်တဲ့ အခြေနေဖြစ်တယ်။ လောလောဆယ်မှာဆိုရင် ကရင်နီကို ရှေ့မှာမြင်နေရတယ်လေ။

ဒီလိုမျိုးထိကို ကျမတို့ နေရာတော်တော်များများမှာ လုပ်နိုင်ပြီဆိုလို့ရှိရင် ကျမတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အမြင်တွေလည်း ပြောင်းလဲလာတယ်။ အဲ့ဒီအပြင်ကို အနောက်နိုင်ငံတွေကလည်း ကျမတို့ရဲ့ မြေပြင် အခြေအနေပြောင်းလဲမှုပေါ်မှာ မူတည်ပြီးတော့မှ သူတို့ချဉ်းကပ်မှုတွေကရွေ့နေတာဖြစ်တယ်။ အဲ့ဒါ

ကြောင့် ကျမတို့နဲ့အတူ အရပ်ဖက်အဖွဲ့အစည်းတွေ အနေနဲ့လည်း စစ်တပ်ကို ဖြုတ်ချနိုင်မယ်ပေါ့။ ဒါပေမဲ့ ကျမတို့ အရပ်ဖက်အဖွဲ့အစည်းတွေ ကြားမှာလည်း ညီညွတ်မှုမရှိဘူးပေါ့။

**၅။ NUG အပါအဝင် NUCC ဟာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဆုံရပ်တစ်ခုဆိုရင် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကိုင်ဆွဲထားကြတဲ့ ဒီမိုကရေစီအရေးလှုပ်ရှားသူ အင်အားစုတွေနဲ့ ဖက်ဒရယ်အရေး လှုပ်ရှားခဲ့ကြတဲ့ အင်အားစုတွေကြား တဘက်က စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကို ဆန့်ကျင်မှုအပြင် လက်ရှိမြန်မာ့နိုင်ငံရေးအခင်းအကျင်းကိုပိုအားကောင်း တဲ့ ပေါင်းစပ်မှုမျိုးဖြစ်အောင် ဘယ်လိုပုံဖော်သင့်ပြီးလဲ။**

ကျမတို့က စစ်အာဏာရှင် အမြစ်ဖြတ်ခြေမှုန်းရေးလို့ပြောတဲ့အခါ၊ အဲ့ဒီစစ်အာဏာရှင်ကို ပြုတ်ကျနိုင်မဲ့ လုပ်ငန်းစဉ်တွေမှာတော့ ကိုယ့်ဟာကိုလည်း ပြန်ပြီးတော့ သုံးသပ်ဖို့လိုမယ်။ လက်ရှိ NUCC ရဲ့ အခြေအနေကိုလည်း အားလုံးသိပြီးသားဖြစ်တယ်ပေါ့လေ။ ပြည်သူလူထုတွေ ပြောတာက လူများပြီးတော့ အလုပ်မဖြစ်ဘူးပေါ့။ နောက်တခုက မရွေ့နိုင်ဘူးပေါ့။ သုံးနှစ်ကျော်ကာလအတွင်းမှာ NUCC က ဘာတွေလုပ်နေလဲ ပြည်သူက သိတောင်မသိဘူး။ ကျမကိုယ်တိုင်လည်း NUCC ကကောင်စီထဲမှာ ဝင်ပြီးတော့ တာဝန်ယူဖူးပါတယ်။

ဆိုတော့ လူငယ်တယောက်အနေနဲ့ ပြန်ကြည့်ရင် ကျမတို့ နိုင်ငံရေးရှေ့ရွေ့ဖို့အတွက် လုံလောက်တဲ့ အားထုတ်မှုက NUCC မှာ မရှိဘူးဆိုတာထက် မမြင်နိုင်ဘူးပေါ့လေ။ ဒါကကျမတို့တော်လှန်ရေးကို သွားတဲ့အချိန်မှာ မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေဖြစ်စေနိုင်တယ်။ အဲ့ဒါကို NUCC ကိုယ်တိုင်က ကိုယ့်ရဲ့အခန်းကဏ္ဍ၊ ကိုယ့်ရဲ့လုပ်ဆောင်နိုင်မှုကို ပြန်ပြီးတော့မှ သုံးသပ်ဖို့လိုနေတယ်။ တချိန်ထဲမှာပဲ တခြားသောအင်အားစု NUG ပဲပြောပြော CRPH ပဲပြောပြော CRPH ဆိုလို့ရှိရင် NUCC ထဲမှာ သူလည်း ဝင်ပါတာဖြစ်တယ်။ အဲ့ဒါတွေကို ကျမတို့ပြန်ကြည့်ရင် ၂၀၂၀ ရလဒ်ကို အကောင်အထည်ဖော်နိုင်ရေးထက်ကို ဗမာပြည်ရဲ့ ရေရှည်တည်တံ့ခိုင်မြဲမဲ့ ဖက်ဒရယ်နိုင်ငံကိုသွားမဲ့ဟာကို တစိုက်မတ်မတ်နဲ့ စဉ်းစားရမယ်။စဉ်းစားတဲ့ အချိန်မှာလည်း အမှန်တကယ် စိတ်ဆန္ဒရှိရှိနဲ့ စဉ်းစားဖို့လိုမယ်ထင်တယ်။ အဲ့သလိုစဉ်းစားလာပြီဆိုရင် ဒီစုရပ်တွေအကုန်လုံးပေါင်းရင် အခုစစ်တပ်က အားနည်းသွားတယ်၊ ယိုင်လာတယ်ဆိုတာက ကျမတို့ရဲ့စုစည်းမှုအားကောင်းလာလို့ဖြစ်တယ်။

ဆိုတော့ ကျမတို့ ဒီထက်မက အားကောင်းအောင် တည်ဆောက်နိုင်ရင် စစ်တပ်က မှေးမှိန်သွားလာမှာဖြစ်တယ်။ နောက်ဆုံးပြိုကွဲသွားတဲ့အထိ ဖြစ်သွားနိုင်တယ်။ ကျမတို့က စည်းလုံးတယ်ဆိုတာထက် မတူကွဲပြားတဲ့ အခြေအနေတွေ၊ လိုလားချက်တွေကို လက်ခံနိုင်ဖို့လိုအပ်တယ်။ အဲ့ဒါက NUCC, NUG တခုထဲမဟုတ်ဘူး CRPH အပါအဝင် ၂၀၂၀ ရွေးကောက်ပွဲ အနိုင်ရတဲ့ နိုင်ငံရေး ပါတီတွေကိုယ်တိုင်ကလည်း အရေးကြီးတယ်။ ဒါပေမဲ့ အခုကျမတို့ စစ်အာဏာရှင်ကို ဖြုတ်ချနေတဲ့အချိန်မှာ စစ်အာဏာရှင်က ပြုမူတဲ့

အပြုမူတွေကို ကိုယ်တွေကမလုပ်မိဖို့အရေးကြီးတယ်။ အစုအဖွဲ့ အားလုံးပေါ့။ မဟုတ်ရင် ပြည်သူက ဘယ်သူ့ကိုအားကိုး ရမှန်းမသိတော့ဘူး ဖြစ်နေမယ်။ ဒါကိုလည်း ကျမတို့ သတိထားဖို့လို ပါတယ်။

နောက်တခုက ကျမတို့ ဖက်ဒရယ်နိုင်ငံသွားမယ်လို့ ပြောထားတဲ့အတွက်ကြောင့်မို့ ဖက်ဒရယ်နိုင်ငံမှာ ရှိသင့်တဲ့ ကျင့်သုံးမှုတွေ ဖက်ဒရယ်ရဲ့ အနှစ်သာရကို အခုကတည်းက စပြီးတော့ အကောင်အထည်ဖော်မှရမယ်။ စစ်အာဏာရှင်ကို ဖြုတ်ချနေတဲ့ တပြိုင်နက်ထဲမှာ ဒီစနစ်တွေကို လည်း ကျင့်သုံးသွားဖို့လိုမယ်။

**အယ်ဒီတာအဖွဲ့**



# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

ဖိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ တွဲဖက်အတွင်းရေးမှူး

## ဦးကျော်စိုး (ခ) ပူကမ်လမ်ခုပ်နဲ့ တွေ့ဆုံခြင်း

**၁။ ရွေးကောက်ပွဲစနစ်အမျိုးအစား ဘယ်နှစ်မျိုးရှိသလဲ၊ လွတ်လပ်တဲ့ ရွေးကောက်ပွဲဆိုတာ ဘယ်လိုအခြေအနေမျိုးမှာ ကျင်းပကြသလဲ။**

ရွေးကောက်ပွဲစနစ် အမျိုးအစားကတော့ အများကြီးရှိကောင်းရှိမှာပါ ကျနော်တို့ ကြုံတွေ့ခဲ့ရတာတွေ ကျနော်တို့ အနီးအနားမှာ မြင်တွေ့ခဲ့ရတဲ့ တောင်ကိုးရီးယား၊ ဂျပန်တို့ဆိုရင် PR စနစ် ကျင့်သုံးခဲ့တာတွေရှိတယ်။ ကျနော်တို့ မြန်မာနိုင်ငံမှာတော့ FPTP ကို တောက်လျှောက်သုံးလာတာတွေ့ရတယ်။

လွတ်လပ်တဲ့ ရွေးကောက်ပွဲဆိုတာက ဘယ်လိုအခြေအနေမှာ ကျင်းပရမလဲဆိုလို့ရှိရင် ကျနော့်အမြင်ကို ပြောရမယ်ဆိုလို့ရှိရင်၊ လက်ရှိကျနော်တို့ မြန်မာနိုင်ငံအနေနဲ့ပြောရရင် စစ်ဘောင်အင်မတန်မှကျယ်နေတဲ့ အချိန်ကာလဖြစ်နေတယ်။ နိုင်ငံရေးအရ အဝန်းအဝိုင်းတစ်ခု သင့်တင့်မျှတတဲ့ နိုင်ငံရေးအခင်းအကျင်း တခုအဖော်ဆောင်သေးပဲနဲ့တော့ ရွေးကောက်ပွဲမလုပ်သင့်ဘူးပေါ့။

**၂။ မြန်မာပြည်ရဲ့ အနီးစပ်ဆုံးရွေးကောက်ပွဲ သမိုင်းကို ကြည့်ရင် (FPTP) လို့ခေါ်ကြတဲ့ အနိုင်ရသူအကုန်ယူ ရွေးကောက်ပွဲစနစ်ကိုကျင့်သုံးခဲ့တာ တွေ့ရပါတယ်) လို့ခေါ်တဲ့ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ် ကို ကျင့်သုံးတာ မတွေ့ရသေးပါဘူး ရွေးကောက်ပွဲ စနစ် အမျိုးမျိုးရှိကြတဲ့ထဲက အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ကြတဲ့အခါ ဘယ်လို ရွေးကောက်စနစ်က သင့်တော်မယ်လို့ ယူဆပါသလဲ။**

ကျနော့်အမြင်ကို ပြောရမယ်ဆိုလို့ရှိရင် FPTP စနစ်ကိုပဲ ပိုသဘောကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ PR စနစ်ကို ကျင့်သုံးမယ်ဆိုလို့ရှိရင် နည်းနည်းရှုပ်ထွေး တယ်။ နိုင်သူအကုန်ယူဆိုတဲ့ FPTP မှာတောင် မဲပေးတဲ့ အချိန်မှာ ပယ်မဲတွေက အင်မတန်မှများနေတယ်ဆို တော့ PR စနစ် အင်မတန်မှရှုပ်ထွေးတဲ့ မဲပေးစနစ်က ကျနော်တို့ နိုင်ငံအတွက် ဖြစ်နိုင်ပါ့မလားပေါ့။

**၃။ စစ်ကောင်စီနဲ့ UEC တွေက လက်ရှိ ရွေးကောက်ပွဲ စနစ်ဖြစ်တဲ့ နိုင်သူအကုန်ယူစနစ် (FPTP)နေရာမှာ အချိုးကျကိုယ်စားပြုစနစ် (Proportional Repres en-tation) PR ဖြင့် အစားထိုးနိုင်ရေး ရှေ့တိုးလုပ်ဆောင် လျက်ရှိနေပါတယ်။ စနစ်က တိုင်းရင်းသားပါတီတွေ လိုလားကြတဲ့ စနစ်လည်းဖြစ်နေတော့ရွေး ကောက် ပွဲ ဖြစ်လာနိုင်ပါသလား။**

စစ်ကောင်စီအနေနဲ့ ရွေးကောက်ပွဲကို အတင်း အဓမ္မလုပ်မယ်ဟေ့ဆိုလို့ရှိရင်တော့လုပ်နိုင်မယ်။ ဘာ ဖြစ်လို့လဲဆိုတော့ အာဏာသုံးရပ်လုံးကို သူ့လက်ထဲမှာ ရှိတာကိုး၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာ အဲ့ဒါတွေက သူ့လက်ထဲ မှာရှိတယ်ဆိုတော့ အတင်းအဓမ္မ လုပ်မယ်ဆိုရင် လုပ် နိုင်ပါတယ်။ လုပ်နိုင်တဲ့ နေရာကတော့ အကန့်အသတ် နဲ့ပေါ့နော်။

မြန်မာတစ်နိုင်ငံလုံး အထွေထွေ ရွေးကောက်ပွဲ ပုံစံမျိုးတော့ မဖြစ်လာနိုင်ဘူး။ အတင်းအဓမ္မလုပ်တဲ့ ရွေးကောက်ပွဲက NLD ပါဘူး။ SNLD မပါဘူး၊ ANP မပါ ဘူးဆိုရင် အဲ့ဒီရွေးကောက်ပွဲက တရားမျှတတဲ့ ရွေး ကောက်ပွဲဖြစ်လာနိုင်မလားပေါ့။ နိုင်ငံတကာကရော အသိမှတ်ပြုနိုင်မလား။ ပြည်သူလူထုကိုယ်၌ကလည်း ရွေးကောက်ပွဲရလဒ် ဘယ်လိုပဲထွက်လာထွက်လာ အသိမှတ်ပြုနိုင်မလားပေါ့။

ပါတီစုံရွေးကောက်ပွဲ ဆိုကတည်းက ပါတီတွေ အားလုံးကိုပါဝင်ခွင့်ပေးရမယ်။ သူတို့ ဝင်ပြိုင်နိုင်အောင် နိုင်ငံရေးအရ ဂုဏ်သိက္ခာရှိရှိ ဆွဲခေါ်နိုင်တဲ့အားက စစ်ကောင်စီမှာ လုံးဝမရှိတဲ့အခါကျတော့ဒီရွေးကောက် ပွဲ လုပ်နိုင်ခဲ့သည်ရှိသော်ရလဒ်ကတော့ ရလဒ်ကောင်းမ ဖြစ်လာနိုင်ဘူးလို့ပဲ ကျနော်သုံးသပ်မိပါတယ်။

**၄။ စစ်ကောင်စီက အတင်းအကြပ်နဲ့ ရွေးကောက်ပွဲကို ပြုလုပ်နိုင်ခဲ့ရင် နောက်ဆက်တွဲ ဘာတွေ ဖြစ်လာနိုင် မယ်လို့ သုံးသပ်ပါလဲ။ စစ်ကောင်စီအပေါ် နိုင်ငံတကာ အနေနဲ့ထိတွေ့ဆက်ဆံရေး အခင်းအကျင်းအပြောင်းလဲ ရှိလာနိုင်မလား။**

စစ်ကောင်စီကနေပြီးတော့ အတင်းအကြပ်ရွေး ကောက်ပွဲကို ပြုလုပ်နိုင်ခဲ့ရင် နောက်ဆက်တွဲအနေနဲ့ အကောင်းထက် အဆိုးဖက်ကို ပိုရောက်ပါလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ လုပ်နိုင်ခဲ့ရင် တစ်အချက်က နိုင်ငံရေးသမားတွေကို လုပ်ကြံသတ်ဖြတ်တာတွေ အများကြီးပေါ်လာမယ်။ အစိုးရကိုယ်၌က အစိုးရတရပ် အနေနဲ့ ပီပီပြင်ပြင် ပုံဖော်နိုင်လိမ့်မယ်လို့ မထင်ဘူး။ ယနေ့ကျနော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကသောင်း ကနင်းပဲပြောပြော၊ပဋိပက္ခပဲပြောပြောအကြပ်အတည်း ကနေ လွတ်မြောက်ဖို့ရန်အတွက် နိုင်ငံရေးထွက်ပေါက် တော့မဟုတ်ဘူး။ ဒါကြောင့် ရွေးကောက်ပွဲလုပ်လို့ရှိရင် ပိုပြီးမှတောင် ဆိုးရွားနိုင်တယ်လို့ယူဆတယ်။

အဲ့ဒါကြောင့် နိုင်ငံတကာဖက်ကရောစစ်ကောင် စီအပေါ်မှာ တိုင်းပြည်ပိုပြီးတော့ ဒုက္ခရောက်လာမယ်၊ ပြည်သူလူထုပိုပြီး ဒုက္ခရောက်လာမယ်။ ပိုပြီးကျပ် တည်းလာမယ် ဆိုလို့ရှိရင် နိုင်ငံတကာအဝန်း အဝိုင်း ကလည်း ဆက်ဆံရေးတွေ ပိုမိုပြီးတော့ ဖြတ်တောက် လာလိမ့်မယ်၊ ပိုပြီးကင်းကွာသွားလိမ့်မယ်လို့ပဲ ကျနော် သုံးသပ်မိပါတယ်။

**၅။ NUG အပါအဝင် NUCC ဟာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဆုံရပ်တစ်ခု ဆိုရင် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကိုင်ဆွဲထားကြတဲ့ ဒီမို ကရေစီအရေးလှုပ်ရှားသူ အင်အားစုတွေနဲ့ ဖက်ဒရယ် အရေး လှုပ်ရှားခဲ့ကြတဲ့ အင်အားစုတွေကြား တဘက် က စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကို ဆန့်ကျင်မှုအပြင် လက်ရှိမြန်မာ့နိုင်ငံရေး အခင်းအကျင်းကို ပို အားကောင်းတဲ့ ပေါင်းစပ်မှုမျိုးဖြစ်အာဝေင် ဘယ်လိုပုံ ဖော်သင့်ပြီးလဲ။**

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက် ဖို့ရန်အတွက် လက်ရှိမြန်မာ့နိုင်ငံရေး အခင်းအကျင်း ကနေ ဘယ်လိုပိုပြီးတော့ အားကောင်းအောင် ဘယ်လို ဆောင်ရွက်သင့် သလဲဆိုလို့ရှိရင် ကျနော့်အနေနဲ့တော့ ကနဦး ပြည်ထောင်စုဖွဲ့စည်းစဉ်က ၁၉၄၇ ခုနှစ်က အခြေအနေကို မေ့ပစ်လို့တော့မရဘူးပေါ့။ ပြီးရင် ကျ နော်တို့မှာ အပြန်အလှန်နားလည်မှုတွေ အပြန်အလှန် ယုံကြည်မှုတွေ အပြန်အလှန်လေးစားမှုတွေ အတွက် တွေ့ဆုံကြဖို့တော့လိုတယ်လို့ ထင်ပါတယ်။

ဘယ်အုပ်စုတွေ ပါဝင်ဖို့လိုသလဲဆိုလို့ရှိရင် ဖက်ဒရယ်ဒီမိုကရေစီ ရရှိရေးအတွက်လှုပ်ရှားနေတဲ့ အင်အားစုတွေ၊ ဒီမိုကရေစီရရှိရေးအတွက် အင်အားစု အစုအဖွဲ့အသီးသီး နိုင်ငံရေးပါတီသော်လည်းကောင်း Stake holder တွေအားလုံးတွေ့ဆုံပြီးတော့ သင့်သင့် မျှတတဲ့ နိုင်ငံရေးအခင်းအကျင်းတခု မဖော်ဘဲနဲ့တော့ ကျနော်တို့ ပြည်သူလူထုတွေလိုလားတဲ့ ဒီမိုကရေစီ ပြည်ထောင်စုကြီးကတော့ တည်ဆောက်နိုင်ကြလိမ့် မယ်လို့ မယူဆဘူး။ ကောင်းမွန်တဲ့ အပြောင်းအလဲ လည်းဖြစ်မလာ နိုင်ဘူးလို့ပဲ ကျနော်သုံးသပ်ပါတယ်။

**အယ်ဒီတာအဖွဲ့**

# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

နိုင်ငံရေး လေ့လာသုံးသပ်သူ

**သွန်းနေစိုးနဲ့တွေ့ဆုံခြင်း**



**၁။ ရွေးကောက်ပွဲစနစ်အမျိုးအစား ဘယ်နှစ်မျိုးရှိသလဲ။ လွတ်လပ်တဲ့ ရွေးကောက်ပွဲဆိုတာ ဘယ်လိုအခြေ အနေမျိုးမှာကျင်းပကြသလဲ။**

ရွေးကောက်ပွဲ ဘယ်နှစ်မျိုးရှိသလဲ ဒါတွေကတော့ အမျိုးစုံရှိပါလိမ့်မယ်။ စာအုပ်တွေထဲ ရေးဆွဲပြဌာန်း ထားတာပဲလေ။ အခုအချိန်မှာ ကျနော်တို့နိုင်ငံမှာဘယ်လို ရွေးကောက်ပွဲမှလုပ်လို့ မရဘူး။ လုပ်ရင်တောင် အဓိပ္ပါယ်မရှိဘူး။ အထူးသဖြင့် မင်းအောင်လှိုင်နဲ့ စစ်ကောင်စီကလုပ်တဲ့ ရွေးကောက်ပွဲဆို လုပ်ကိုမလုပ်သင့်တဲ့ ရွေးကောက်ပွဲပဲ။ သူကတခြားဘာမှမဟုတ်ဘူး သူ့ကိုယ်သူ Legitimate တရားဝင်မှုဖြစ်အောင် အယောင်ပြ ရွေးကောက်ပွဲကိုပဲ သူလုပ်ချင်တာဖြစ်တယ်။ သူ့ကိုယ်သူဆွဲတင်ချင်နေတာ ဒါပဲ။ သူ့ရဲ့ အာဏာသိမ်းခြင်းကလည်း တရားမဝင်ဘူး။ အဲ့ဒီ အာဏာသိမ်းတဲ့အပေါ်မှာလည်း လက်တဆုပ်စာလောက်တော့ ရှိရင်ရှိမယ်၊ ဒါပေမဲ့ ပြည်သူလူထု တရပ်လုံး (လုံး၀) လက်မခံဘူး။ လက်မခံလို့ပဲ ကျနော်တို့ ၂ ငါးလုံး အရေးတော်ပုံနေ့မှာ လမ်းပေါ်ထွက်တဲ့ လူဦးရေဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်အစိုးရကိုမဆို ပြုတ်ကျသွားစေနိုင်တဲ့ လူဦးရေမျိုး ကျနော်တို့ ထွက်ခဲ့တယ်။

အခုဆို ကျနော်တို့ အရမ်းရင်နာစရာကောင်းတယ်။ ဘင်္ဂလားဒေ့ရှ် ကျနော်တို့အနောက်

မှာ ဖြစ်သွားတဲ့ တော်လှန်ရေးက တော်လှန်ရေးဖက်တွေက အနိုင်ရသွားပြီ။ သူတို့ထွက်တဲ့ လူအုပ်က ကျနော်တို့ထွက်တဲ့ လူအုပ်ရဲ့ သုံးပုံနှစ်ပုံ လောက်တောင်မရှိဘူး။ ဒါပေမဲ့ သူများနိုင်ငံရဲ့ အစိုးရတွေက လူလိုသိတဲ့ အတွက်ကြောင့်၊ လူတွေအုပ်ချုပ်နေတဲ့ တိုင်းပြည်၊ တိုင်းပြည်ကိုချစ်တဲ့ လူတွေဖြစ်တဲ့ အတွက်ကြောင့်မို့၊ တိုင်းပြည်ကို မနာစေချင်တဲ့အတွက်ကြောင့်မို့ဆင်းပေးသွားတယ်။ ကျနော်တို့နိုင်ငံမှာ တစ်နိုင်ငံလုံးနီးပါးက မလိုလားပါဘူး ပြောတဲ့ဟာကိုလည်း မဆင်းပေးပဲ သေနတ်နဲ့ပစ် သွေးလမ်းခင်းပြီးတော့နေတယ်။

အဲ့လိုကောင်မျိုးက ဘာရွေးကောက်ပွဲမှ လုပ်လို့မရဘူး။ ဥပမာ ရွာတစ်ရွာကို ဓားပြတိုက်ထားပြီးတော့မှ ငါ့ကိုထောက်ခံမလား မထောက်ခံဘူးလားဆိုပြီး သေနတ်ချိန်ပြီး ရွေးကောက်ပွဲလုပ်တဲ့ ပုံစံမျိုးပဲ။ အခုဟာက ရွေးကောက်ပွဲဆိုတဲ့ အခြေခံအကြောင်းတရားနဲ့ကို မညီညွတ်ဘူး။ နောက်ပြီးတော့သူကအာဏာကို အတင်းအဓမ္မလုပ်ယူထားတဲ့ သူကရွေးကောက်ပွဲလုပ်မယ်၊ လုပ်မဲ့ရွေးကောက်ပွဲကိုလည်း စနစ်ပြောင်းမယ် ဆိုတော့ ပြောင်းဖို့အတွက် မန်ဒိတ် ဘယ်ကရှိတာလဲ၊ ဘယ်သူကပေးတာလဲ သူ့မှာသေနတ်ပဲရှိတယ်။ ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိဘဲနဲ့ သူ့ဟာသူလုပ်နေတာ ဒါရွေးကောက်ပွဲမဟုတ်ဘူး။ အလိမ်အညာပြဇာတ်တစ်ခုသာဖြစ်တယ်။

**၂။ စစ်ကောင်စီနဲ့ UEC တွေက လက်ရှိရွေးကောက်ပွဲစနစ်ဖြစ်တဲ့ နိုင်သူအကုန်ယူ စနစ် (FPTP) နေရာမှာ အချိုးကျ ကိုယ်စားပြုစနစ် (Proportional Repre-senatioon) PR ဖြင့် အစားထိုးနိုင်ရေး ရှေ့တိုး လုပ်ဆောင် လျက်ရှိနေပါတယ်။ စနစ်က တိုင်းရင်းသားပါတီတွေလိုလားကြတဲ့ စနစ်လည်း ဖြစ်နေတော့ ရွေးကောက်ပွဲ ဖြစ်လာနိုင်ပါသလား။**

ဘယ်လိုမှ မဖြစ်လာနိုင်ဘူးထင်တယ်။ ဘာလို့ဆိုမကြာခင်မှာ မန္တလေးတိုင်းမှာရှိတဲ့ မြို့တွေတော်တော် များများကျပါတော့မယ်။ လားရှိုး ရမခ လိုမျိုး သူတို့ရဲ့ အင်္ဂါစဉ်အရဆို စစ်ဌာနချုပ် နံပါတ် (၃) ရှိပါတယ်။ ဒီလောက် အင်္ဂါစဉ်မြင့်တဲ့ ဌာနချုပ်၊ ပြောရလို့ရှိရင် သူတို့အင်မတန် ဂုဏ်ယူရတဲ့နေရာလေ၊ ဗကပ ကိုရင်ဆိုင်တဲ့နေရာ၊ နောက်ပြီးလို့ရှိရင် ရှမ်းမြောက်တကြောမှာရှိတဲ့ တော်လှန်ရေးအင်အားစုတွေကို အဓိကဆန့်ကျင်အနိုင်ယူ နိုင်ခဲ့တဲ့နေရာ ဒီနေရာကြီးကိုတောင်မှ လပိုင်းနဲ့ ကျသွားတယ်ဆိုတော့လေ။

ပြောရရင် မင်းအောင်လှိုင်ရဲ့သားနဲ့သမီးတောင် မြန်မာနိုင်ငံထဲမှာ မရှိတော့ဘူး။ ပြီးတော့ သူတို့အထက်ပိုင်းက မိသားစုတွေတော်တော်များက နိုင်ငံခြားကို ရောက်နေကြပြီ။ ထိပ်ပိုင်းခေါင်းဆောင်တော်တော်များများက ထွက်ပြေးဖို့ပြင်ဆင်နေကြချိန် အောက်ကကောင်တွေပဲ ရူးလို့စစ်တိုက်နေတာ၊ ဆိုတော့ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုမှ သူတို့နိုင်ဖို့ အခြေနေမရှိတော့ဘူး။ ကျနော်ထင်တယ် နောက်ထပ်အလွန်ဆုံး ၆ လလောက်ဆိုရင် အဖြူအမဲသဲကွဲတော့မယ်ထင်တယ်။

အဲ့လောက်ယိုယွင်းနေတဲ့ အုပ်ချုပ်မှုမျိုးနဲ့ကတော့ ဘယ်လိုမှရွေးကောက်ပွဲဆိုတာ လုပ်လို့မရ

ဘူး။ သူတို့ဖက်က အာဏာတည်ပါတယ်ဆိုတဲ့ မြို့တွေမှာတောင်မှ သူတို့လုံလုံခြုံခြုံ နေနိုင်တာမဟုတ်ဘူး။ အညာဖက်မှာဆိုရင်လည်း အခုကျနော်တို့ဖက်က လူတွေလွှမ်းမိုးထားတာ အညာတကြောက ကျနော်တို့နိုင်နေပြီ။ သူတို့တွေ လေယာဉ်နဲ့လာတယ် လူချပေးတယ်၊ ပစ်တယ် အဲ့လိုအခြေအနေမှာ ကျနော်တို့ဖက်ကခဏရှောင် ပေးရတယ်။ သူတို့ပြန်သွားရင် ကျနော်တို့ ပြန်ရတယ်။ ဟိုနေ့ကဆို ဒီပဲယင်းကို ကျနော်တို့ရလိုက်တာပဲ။ ဒါပေမဲ့ ဒီကောင်တွေက အပေါ်ကလာတယ် ကျနော်တို့မှာ လေယာဉ်ပစ်မရှိဘူး။ အဲ့တော့ ကျနော်တို့ရဲ့ အသက်တွေထိခိုက်မှာစိုးလို့ ပြန်ဆုတ် ပေးရတယ်။

မကြာခင်မှာ ဒီနေရာတွေအားလုံး ကျနော်တို့ ပြန်သိမ်းနိုင်မှာ၊ အဲ့ဒီနေရာတွေအားလုံးမှာ ကျနော်တို့ ရှိပြီးသား ဟုတ်တယ်။ ဂိတ်ဆိုလို့ရှိရင် စစ်တပ်ဂိတ်ရဲ့ မလှမ်းမကမ်းမှာ ကျနော်တို့ PDF ဂိတ်ရှိတယ်။ ကျနော် ဟိုတလောကပဲ အညာကနေပြန်လာတာပါ။

ဆိုတော့ ပြောချင်တာက ကျနော်တို့အကုန်လုံး လွှမ်းမိုးနေပြီ။ အထူးသဖြင့် မြောက်ပိုင်းမှာက အင်အားတအားကောင်းနေပြီ။ မြစ်ကြီးနား၊ ဗန်းမော်၊ ဝိုင်းမော်တို့ဆိုရင်လည်း ကျနော်တို့ အကုန်လုံးဝိုင်းထားပြီးပြီ။ တကယ့်တကယ်တမ်း စစ်ကောင်စီရဲ့ လွှမ်းမိုးနိုင်မှုအားက မြို့ပေါ် ကွက်ကွက်လေးတွေမှာနဲ့ စစ်ဌာနချုပ်ကွက်ကွက်လေးတွေမှာပဲ ကျန်ပါတော့တယ်။

ဒီလောက်နဲ့ကတော့ ဘယ်ရွေးကောက်ပွဲမှလုပ်လို့မရသလို သူတို့ကိုယ်တိုင်တောင် အသက်ကိုဖက်နဲ့ ထုပ်ထားနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလိုအခြေနေမှာနိုင်ငံတော်ကို လွှမ်းခြုံနိုင်တဲ့ရွေးကောက်ပွဲမပြောနဲ့ ရပ်ကွက်ရွေးကောက်ပွဲတောင် စစ်ကောင်စီမှာ လုပ်ပိုင်နိုင်စွမ်းမရှိဘူး။

**၃။ လက်ရှိ စကစ ခန့် UEC မှာ တိုင်းရင်းသားပါတီများအပါအဝင် ပါတီပေါင်း ၆၃ ပါတီ မှတ်ပုံတင်ကြတယ် လို့ သိရပါတယ်။ ဒီထဲက တချို့တိုင်းရင်းသားပါတီကြီးတွေကိုတော့ ပါတီမှတ်ပုံတင်မပေးတာကိုလည်း တွေ့ရ ပါတယ်။ ဆိုတော့ တရားမဝင် စစ်အာဏာသိမ်းထားတဲ့ စစ်ကောင်စီက ရွေးကောက်ပွဲလုပ်ခွင့်ရှိသလား။ ယုံကြည်လို့ရော ရပါ့မလား။**

သူကရွေးကောက်ပွဲလုပ်ချင်နေတာမဟုတ်ပါဘူး။ ရွေးကောက်ပွဲရဲ့ အခြေခံအကျဆုံးကို စဉ်းစားရင်တောင်မှ ပြည်သူတွေအနေနဲ့ ငါတို့ကို ဘယ်သူအုပ်ချုပ်မလဲဆိုတဲ့ မဲပေးပြီးတော့ ရွေးရမဲ့ကိစ္စပေါ့။ အဲ့ဒါ သူက ငါအုပ်ချုပ်ချင်တယ်၊ မင်းတို့ ငါ့ကိုထောက်ခံကြဆိုတဲ့ပွဲကိုပဲ သူလုပ်ချင်နေတာဖြစ်ပါတယ်။ သူစစချင်း တက်လာကတည်းကိုက ပြောထားတဲ့စကားရှိတယ်၊ သူ့ကို နိုင်ငံခြားသတင်းထောက်က မေးတဲ့အခါမှာ သူပြောတဲ့စကားက အခုလိုအာဏာသိမ်းမှုကြောင့် နိုင်ငံတကာက ဝိုင်းပယ်ရင် ဘယ်လိုလုပ်မှာလဲ မေးတာကို သူက မိတ်ဆွေနိုင်ငံအချို့နဲ့ ဆက်ပြီးနေမယ်လို့ သူပြောတယ်။ အခုက ပြောတဲ့ မိတ်ဆွေနိုင်ငံအချို့တောင်မှ သူ့ကို ကျဉ်လာတယ်၊ အင်လာတယ်။ ဒီလူရဲ့ အာဏာသိမ်းမှု၊ ဒီလူရဲ့ ဥပဒေချိုးဖောက်မှုတွေကို နိုင်ငံတကာမှာပြန်ပြီးတော့ နှိုင်းယှဉ်စရာတောင် မရှိတော့ဘူး။ ပြောမယ်ဆိုရင် ကမ္ဘာပေါ်မှာရှိသမျှ အာဏာရှင်တွေ အများကြီးပါပဲ။

ဒါပေမဲ့ အဲ့ဒီအာဏာရှင်တွေက သူတို့ရဲ့ Ideol-

ogy ကို မှန်မှန်ကန်ကန်တည်ဆောက်နိုင်ကြတယ်။ ကောင်းသည် ဖြစ်စေ ဆိုးသည်ဖြစ်စေ သူတို့မှာ အခြေခံခိုင်မာတဲ့ Ideology ရှိတယ်။ နောက်ဆုံး Osa-ma bin Laden လူမျိုးမှာတောင် အနည်းဆုံး Ideology တခုရှိတယ်။ အဲ့ဒါကို ကျနော်မှန်တယ်လို့မပြောလိုဘူး။ ဒါပေမဲ့ သူတို့မှာ မှန်ကန်ခိုင်မာတဲ့ အတွေးအခေါ်ခံယူချက် ဖောင်ဒေးရှင်းတခုရှိတယ်။ ဒါပေမဲ့ မင်းအောင်လှိုင် နဲ့ စစ်အုပ်စုဟာ ခံယူချက်မှမရှိဘူး။

ပြောမယ်ဆိုလို့ရှိရင် အဖွဲ့အစည်းတခု (Orga-niz ation) တခု မဟုတ်တော့ဘူး။ နိုင်ငံရေးအင်အားစုလည်း မဟုတ်ဘူး။ သူတို့က ဓားပြအဖွဲ့ပဲ။ သူတို့ရဲ့ Ideology တခွန်းထဲ အမှန်တိုင်းပြောရလို့ရှိရင် သူတို့မိသားစုတွေ ကောင်းကောင်းနေချင်တယ်၊ ကောင်းကောင်းစား ကောင်းကောင်းဝတ်ချင်တယ်။ တစ်တိုင်းပြည်လုံးရဲ့ စည်းစိမ်ဥစ္စာတွေကို သူတို့တစုထဲပဲ လိုချင်တယ်။

တိုင်းပြည်ပျက်သွားအောင်လုပ်ပြီးတော့ တိုင်းပြည်ကိုရောင်းစားမယ်။ အဲ့တော့ ရွေးကောက်ပွဲတွေဘာတွေ သူလုပ်ချင်နေတာမဟုတ်ဘူး။ ငါ့ကို ရာထူးပေးကြ၊ ငါ့ကိုနေရာပေးကြ၊ ငါသတ်ရင်သေကြ၊ ငါထောင်ထဲ ထည့်လို့ရှိရင်နေကြ၊ ငါမောင်းထုတ်လို့ရှိရင် ပြေးကြ၊ ဒါတွေကိုပဲ သူလိုချင်တာ။ ဒါက ယဉ်ကျေးတဲ့ လူ့အဖွဲ့ အစည်းထဲမှာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ သူ့ကိုသူတော့ အမျိုးသားရေးလိုလိုလုပ်ပြီး ဘုန်းကြီးလည်း သူသတ်တာပဲ။

**၄။ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲမှာ ပါဝင်ဖို့ စီစဉ်နေတဲ့ နိုင်ငံရေးပါတီတွေအပေါ် ဘယ်လိုအမြင်ရှိပါသလဲ။**

နှစ်မျိုးမြင်ပါတယ်။ တချို့ကြတော့ ရိုးသားစွာနဲ့ စစ်ကောင်စီပေးထားတဲ့ထဲမှာ လုပ်လို့ရနိုင်မလားဆိုပြီး တော့ပေါ့။ တချို့ကတော့ အရင်တုန်းက အစဉ်အဆက် နေရာမရခဲ့ဘူး။ မရခဲ့တော့ အခုအခါမှာ ကျောသပ် ရင်သပ်လုပ်ခံရတော့ ပျော်ပြီးတော့ ရောပါသွားတယ်ပေါ့။ ဒါပေမဲ့ အဲ့ဒီလူတွေအားလုံးက မင်းအောင်လှိုင်နဲ့ စစ်အုပ်စုရဲ့ မတရားလုပ်တာကို တရားပါတယ်လို့ ဟန် ဆောင်ဖို့အတွက် လုပ်ဇာတ်ကြီးပြချင်တယ်။

ကျနော်တို့က ပါတီမှတ်ပုံတင်တဲ့ ပါတီတွေကို ဆန့်ကျင်ဖို့ပြောတဲ့အခါမှာ ငါတို့က ဒီလိုပေးထားချက်ထဲမှာ မလုပ်ရဘူးလား၊ ငါတို့ကငြိမ်းချမ်းစွာမလုပ်ရဘူးလား၊ ငါတို့က ဂုဏ်သိက္ခာရှိစွာ နိုင်ငံရေးလုပ်နေတာဖြစ်ပါ တယ်ပေါ့။ စစ်ဘောင်ကျယ်တာက တိုင်းပြည်အတွက် မကောင်းဘူး ဘာညာပေါ့။ ကျနော် ပြန်ပြောချင်တာက စစ်ဘောင်ကျယ်နေတာက ၁၉၆၂ ခုနှစ်ထဲကကျယ်တာ။

ဘာလို့ဆို ကျနော်တို့တွေရဲ့ အရပ်ဖက်နေရာတွေမှာကိုက စစ်တပ်က နေရာဝင်ယူနေတာဗျာ။ ကျနော်စစ်တွေမြို့ကို ရောက်တယ်။ ရခိုင်ခေါင်းဆောင်တွေနဲ့ စကားပြောဖြစ်တော့ စစ်တွေမြို့ရဲ့ ကမ်းနားတလျှောက်မှာ ဒီနေရာကြီးက အရမ်းကောင်းတာပဲ၊ ခရီးသွားအပန်းဖြေနေရာ လုပ်ဖို့အတွက်လို့ ပြောတော့ ဆရာရေမလုပ်နဲ့ အဲ့နေရာတွေက စစ်တပ်နေရာတဲ့။ ပြောချင်တာက နေရာကောင်းတွေ တော်တော်များများ

မှာ စစ်စခန်းတွေစိုက်ထားတယ်။ စစ်ဘောင်က တစ်နိုင်ငံလုံးကို ကုတ်သွေးစုပ်ပြီးကို ကျယ်နေတာ။ အခုမှ ကျနော်တို့ က စစ်ဘောင်ကို ပြန်ကျဉ်းအောင်စပြီး လုပ်နေရတာ။ နောက်တခုက ကျနော်တို့ ကိုယ်တိုင် ဂုဏ်သိက္ခာရှိစွာ နိုင်ငံရေးလုပ်လို့မရလို့ ဥပမာ ကျနော်ဆိုလို့ရှိရင် အမှုပေါင်းများစွာနဲ့ ပြေးနေရတယ်။ ကျနော်ဘာလုပ်မိလဲဆိုတော့ သတင်းတွေ တင်မိတယ်။ မတရားတာကို မတရားဘူးလို့ ပြောတယ်။ အဲ့ဒါလေးကို အမှုပေါင်းများစွာနဲ့ ဖမ်းဖို့ဆီးဖို့လုပ်တယ်။ ကျနော့်သူငယ်ချင်း ကဗျာဆရာခက်သီ ဆိုရင်လည်း ကဗျာလေးရေးရုံနဲ့ အသတ်ခံရတယ်။


ဆိုတော့ ကျနော်တို့တွေ ဂုဏ်သိက္ခာရှိစွာနဲ့ နေထိုင်ဖို့ ဂုဏ်သိက္ခာရှိစွာနဲ့ နိုင်ငံရေးပြောဖို့ကိစ္စကို ပြောခွင့်မရှိတာမို့လို့ အဲ့ဒီဂုဏ်သိက္ခာကို ပြန်တိုက်ယူနေရတာ ဖြစ်တယ်။ အခုက သူတို့က သူတို့ရဲ့လမ်းစဉ်ကို လိုက်ရမယ်၊ မလိုက်နိုင်ရင် သေရမယ်ဆိုသလိုမျိုး ဖြစ်နေတယ်။

ဆိုတော့ ကျနော်တို့က သေပေးရမဲ့လမ်းစဉ်ကို ကျနော်တို့ မလိုက်နိုင်လို့ ကျနော်တို့ရဲ့ အခွင့်အရေးကို ကျနော်တို့က ပြန်ယူနေတာ ဖြစ်တယ်။ အခုချိန်နိုင်ငံရေးပါတီတွေ ဘယ်လိုမြင်လဲဆိုတော့ သူတို့ရဲ့ အရူးဇာတ်ကြီးကို လိုက်ကပေးပြီး သူတို့ကို အားပေးရာရောက်နေပါတယ်။ မဆန့်ကျင်ဘူး ဆိုရင်တောင်မှ မအားပေးသင့်ပါဘူး။ ကိုယ့်ဟာကိုယ် ငြိမ်ငြိမ်လေး နေလိုက်ရင်တောင် ပိုကောင်းပါလိမ့်မယ်။

**အယ်ဒီတာအဖွဲ့**

ဖက်ဒရယ်အကြောင်းအရာများ၊ သတင်းများနှင့် တိုင်းရင်းသားအကြောင်းအရာများကို ဖက်ဒရယ်ဂျာနယ်၊ မြန်မာ Website စာမျက်နှာတွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါပြီး

**https://federaljournalmm.org**






# အသက်ငင်နေတဲ့ စစ်ကောင်စီအတွက် ရွေးကောက်ပွဲက ထွက်ပေါက်ဖြစ်မလား

အိုက်နီ(ဖြူး)

ရွေးကောက်ပွဲများကို သမိုင်းတွင် အစောဆုံးအဖြစ် ရှေးခေတ်ဂရိ၊ ရှေးခေတ်ရောမ နှင့် အလယ်ခေတ် ကာလ တလျှောက်လုံးတွင် ရောမဧကရာဇ် နှင့် ပုပ်ရဟန်းမင်းကြီး ကဲ့သို့သော အုပ်ချုပ်ရေးဆိုင်ရာ ခေါင်းဆောင်များအဖြစ်ရွေးချယ်ရန် အသုံးပြုခဲ့ပါတယ်။ ရွေးကောက်ပွဲများကို ရှေးခေတ်အိန္ဒိယ မွတ်ဆလင် ဘာသာရေးခေါင်းဆောင်များ၊ အွတ်မန်နှင့် အလီ၊ အလယ်ခေတ် ရာရှီဒွန်ဘာသာရေးခေါင်းဆောင်များ အုပ်ချုပ်မှုတွေမှာ ဂါနများက ရာဇာများ ရွေးချယ်ရာနှင့် အလယ်ခေတ်အစောပိုင်း ဘင်ဂေါ်တွင် ပါလဘုရင် ဂိုပါလတို့ကို ရွေးချယ်ရာ တို့တွင် ကျင့်သုံးခဲ့ကြပါတယ်။ အစိုးရလုပ်ငန်း တာဝန်တွေအတွက် လူထုရွေးကောက် ပွဲကို မြောက်အမေရိကနှင့် ဥရောပတွင် ကိုယ်စားပြုဒီမိုကရေစီ အစိုးရများအဖြစ် ရွေးကောက် တင်မြှောက်ခဲ့တဲ့ ၁၇ ရာစုနှစ် အစောပိုင်းအထိ မပေါ်ပေါက်ခဲ့သေးပါဘူး။

အမျိုးသမီးများ မဲပေးခွင့်ကို ကမ္ဘာ့အစောဆုံးအနေနဲ့ ၁၈ရာစုနှစ်လယ်လောက်မှာန ယူးဇီလန်နိုင်ငံမှာ မဲပေးခွင့်ရရှိပြီး ဥရောပနဲ့ အမေရိကန်နဲ့ အင်္ဂလန်နိုင်ငံတွေမှာ ၁၉ ရာစု ရောက်မှသာ မဲပေးခွင့်ရခဲ့ကြပါတယ်။ ရွေးကောက်ပွဲစနစ်ဟာ ဒီမိုကရေစီမရှိဘဲ လူထုတရပ် လုံး ထောက်ခံပါဝင်မှုမရှိဘဲ ကျင်းပလို့မရပါဘူး။ ကျနော်တို့ဗမာပြည် လူ့အဖွဲ့အစည်းမှာဆို

ရင် ရေးကျပြီး ခေတ် နောက်ကျလွန်းတဲ့ တိုင်းပြည်အဖြစ် ထီးပြိုင်နန်းပြိုင် ဘုရင့်နိုင်ငံအဖြစ်သာ နှစ်ကာလအတော်ကြာ ဖြတ်သန်းခဲ့ကြရပါတယ်။ ကုန်းဘောင်မင်း ဆက်ကာလမှာ စည်းမျဉ်းခံ ဘုရင်စနစ်ကျင့်သုံးပြီး ဒီမိုကရေစီ ခေတ်ဦးအဖြစ် လွှတ်တော်ပေါ်ပေါက်ရေး အားထုတ်ခဲ့ကြပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ၁၈၈၅ ခုနှစ်မှာ ဗြိတိသျှအရင်းရှင်တွေရဲ့ ၃ ကြိမ် ဖြစ်ပွားခဲ့တဲ့ ကျူးကျော်စစ်အပြီးမှာ ဗမာတပြည်လုံး အင်္ဂလိပ်လက်အောက်ကျဆုံးခဲ့ရတယ်။ နယ်ချဲ့အင်္ဂလိပ် လက်အောက် ကျဆုံးခဲ့မှသာ ပဒေသရာဇ်စနစ်ဟာ နိဂုံးချုပ်ခဲ့ရပါတယ်။

ကမ္ဘာ့သမိုင်း စာမျက်နှာတွေမှာ ဒီမိုကရေစီခေတ်ဦး ရောက်ရှိရေးအတွက် အသက်သွေးချွေးပေးဆပ်ပြီး ပဒေသရာဇ် စနစ်ဆန့်ကျင်ရေး ဒီမိုကရေစီစနစ်ကျင့်သုံးရေးတိုက်ပွဲတွေကို လူထုတိုက်ပွဲအဖြစ် တိုက်ပွဲဝင်ခဲ့ကြရပါတယ်။ အထင်ရှားဆုံးက ပြင်သစ်တော်လှန်ရေးပါ။ အရာရာ ဆင်းရဲငတ်မွတ်လာတဲ့ ပြည်သူလူထုကြီးက ရရာလက်နက်စွဲကိုင်ပြီး ပြင်သစ်ဧကရာဇ်ကို ဖြုတ်ချပြီး ဒီမိုကရေစီခေတ်ဦးကို သမိုင်းစာမျက်နှာအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဗမာပြည်မှာတော့ ဗြိတိသျှကိုလိုနီလက်ထက်ရောက်မှသာ ၉၁ ဌာနအုပ်ချုပ်ရေးလို ဗြိတိသျှအုပ်ချုပ်ရေးအောက်ကနေ မဲပေးခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့ လွတ်လပ်ရေးနဲ့အတူ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ဒီမိုကရေစီနည်းကျ မဲပေး ရွေးကောက်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။ ဗမာပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီစနစ်ရဲ့ အခြေခံအနှစ်သာရဖြစ်တဲ့ မဲပေးရွေးကောက်ခြင်းစနစ်ဟာ ဗိုလ်ချုပ်နေဝင်းရဲ့ စစ်အာဏာသိမ်းမှုကြောင့် ၁၉၆၂ ခုနှစ်မှာ အဆုံးနိဂုံးချုပ်ခဲ့ပါတယ်။

၁၉၅၈ ခုနှစ် စစ်အာဏာသိမ်းပွဲကဦးနုအစိုးရကနေ ပါလီမန်မှ တရားဝင် အာဏာလွှဲခဲ့တာပါ။ ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းပြီး အစိုးရအဖွဲ့ရော လွှတ်တော်ကိုပါဖျက်သိမ်းခဲ့တာ ဖြစ်ပါတယ်။ ဗမာပြည် လူထုကြီးရဲ့ ဒီမိုကရေစီနဲ့ လွတ်လပ်ခွင့် အရသာကို ငတ်မွတ်တောင့်တစွာ တိုက်ပွဲအလီလီကို ဖြတ်သန်းခဲ့ ရပါတယ်။ အုပ်စိုးခံပြည်သူလူထုကလည်း ဆက်ပြီး သည်းခံနိုင်စွမ်းမရှိတော့တဲ့အခါ အုပ်စိုးသူ စစ်အုပ်စု ကလည်း အုပ်စိုးနိုင်စွမ်း မရှိတော့တဲ့အခါ ၂၀၀၈ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး ၂၀၁၀ခုနှစ်မှာ ရွေးကောက်ပွဲစနစ်ကို ပြန်ကျင့်သုံးခဲ့ရပါတယ်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံရဲ့ အားနည်းချက်တွေကို အားလုံးသိရှိသားဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ လုပ်ပိုင်ခွင့်အာဏာကို ခွစီးခွင့်ရတဲ့ အခင်းအကျင်းကို ပြင်ဆင်ပြီးမှ လူထုကိုမဲပေးခွင့်ပေးခဲ့တာပါ။

ဒါကြောင့် ပြည့်ပြည့်ဝဝ ဒီမိုကရေစီအခွင့်အရေးမရှိဘူး ဆိုသော်လည်း ဒီမိုကရေစီအစိုးရအဖြစ်ကမ္ဘာ့မျက်နှာစာမှာ လူရာဝင်ချင်တဲ့ စစ်အုပ်စုဟာ ပြေလျှော့မှုတွေလုပ်ခဲ့ရပါတယ်။ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို တည်ရှိခွင့်ပေးခဲ့ရသလို၊ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးတာ၊ လူထုအခြေပြု အသင်းအဖွဲ့တွေ ဖွဲ့စည်းခွင့်တွေကို အကန့်အသတ်နဲ့ ခွင့်ပြုပေးခဲ့ပါတယ်။ စစ်အုပ်စုက ၂၀၀၈ဖွဲ့စည်းပုံနဲ့ ဘယ်လိုအကောင်းဟန်ပြခဲ့ပေမယ့် လူထုကြီးက စစ်တပ်ကို နိုင်ငံရေးက အပြီးထွက်သွားစေချင်ခဲ့တာပါ။ စစ်အုပ်စုက မျက်နှာဖုံးအသွယ်သွယ် ဘယ်လိုဖုံးဖိပေမယ့် ဖုံးမရဖိမရအဆုံး ၂၀၂၁ ခုနှစ် ဇန္နဝါရီလရက်နေ့မှာ ဘီလူးအစွယ်ကို ငေါငေါထွက်ပြီး စစ်အာဏာသိမ်းရတဲ့အထိပါပဲ။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဟာ သမိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ စစ်အာဏာ သိမ်းမှု ၃ကြိမ်ဖြစ်တဲ့ ၁၉၅၈ အာဏာ သိမ်းပွဲ၊ ၁၉၆၂ အာဏာသိမ်းပွဲ၊ ၁၉၈၈ အာဏာသိမ်းပွဲတွေနဲ့ နှိုင်းယှဉ်ရင် ပရမ်းပတာအဖြစ်ဆုံး၊ ရုပ်ပျက် ဆင်းပျက် အဖြစ်ဆုံးပါ။ ၁၉၅၈ခုနှစ်နဲ့ ၁၉၆၂ခုနှစ် စစ်အာဏာသိမ်းမှုကို ကမ္ဘာ့က စိတ်ဝင်စားမှုမရှိပါဘူး။ ကမ္ဘာကြီးက ကျူးဘားဒုံးပျံကိစ္စနဲ့ အလုပ်များနေပါတယ်။ ကမ္ဘာ့ရေစီးကြောင်းအရ ကွန်မြူနစ်ဆန့်ကျင်ရေး သမား ဗိုလ်နေဝင်း အာဏာသိမ်းတာကို အမေရိကန်ကလည်း သဘောတွေ့ခဲ့ပါတယ်။ ကွန်မြူနစ်ဝါဒ ဆန့်ကျင် မယ်ဆိုအာဏာသိမ်းပွဲတွေကို အားပေးခဲ့တဲ့သမိုင်းရှိပါတယ်။ ချီလီစစ်အာဏာသိမ်းမှုနဲ့ အင်ဒိုနီးရှား စစ်အာဏာသိမ်းမှုတွေက ထင်ရှားတဲ့ဥပမာတွေပါ။

ဒီနိုင်ငံတွေရဲ့ အာဏာသိမ်းပွဲတွေကို အားပေးတဲ့ အလုပ်ကိုပါ အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေ လုပ်ခဲ့တာပါ။ ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းမှုမှာတော့ ကမ္ဘာကြီး က ဗမာပြည်အရေးနဲ့ ပက်သက်ပြီး စိတ်ဝင်စားမှုရှိလာပြီး ဒီမိုကရေစီရေး လူထုတိုက်ပွဲ ထောက်ခံခဲ့ပါတယ်။ ဒါပေမယ့် လက်နက်ကိုင်တော်လှန်ရေးကို အားမပေးခဲ့ ပါဘူး။ အကြမ်းမဖက်လမ်းစဉ်ကို လိုင်းတင်ခဲ့တဲ့ ကာလဖြစ်ပါတယ်။ ၈၈အရေးတော်ပုံအပြီး နယ်စပ်ရောက် လာတဲ့ ကျောင်းသား၊ နိုင်ငံရေးသမားတွေကို ဂျင်းချပ်ရဲ့ အကြမ်းမဖက်နိုင်ငံရေးလမ်းစဉ်ကို အကျယ်တဝင့် ဝါဒဖြန့်ဖြူးခဲ့ပါတယ်။ ၂၀၂၁ခုနှစ် မင်းအောင်လှိုင်ရဲ့ စစ်အာဏာသိမ်းပွဲက ပရမ်းပတာအဖြစ်ဆုံး၊ ရုပ်ပျက် ဆင်းပျက်အဖြစ်ဆုံး ဖြစ်သလို လူထုကရော၊ နိုင်ငံတကာကပါ လုံးဝ လက်သင့်မခံပါဘူး။ ဒီအာဏာသိမ်းမှုကို စစ်အုပ်စုခေါင်းဆောင်ဟောင်းတချို့တောင် မနှစ်မြို့ခဲ့ပါဘူး။ အာဏာရှင်စနစ်တွေရဲ့ နေဝင်ချိန် ရောက်လာ လေလေ ပရမ်းပတာ ပိုဖြစ်လာလေလေပါပဲ။

ဒီကာလဟာ စစ်အာဏာရှင်စနစ်ရဲ့ နောက်ဆုံးခရီး လမ်းဆုံးတခု ဖြစ်ပါလိမ့်မယ်။ ဗမာပြည်သမိုင်းမှာ စစ်အာဏာသိမ်းမှုအပြီး ရက်ပိုင်းအတွင်း မရေမတွက်နိုင်တဲ့ လူထုလူတန်းစားအားလုံးပါဝင်တဲ့ လူထု တော်လှန်ရေးမျိုးကို နွေဦးတော်လှန်ရေးမှာ ရရှိခဲ့တာဖြစ်ပါတယ်။ ဗမာပြည်မှာအထင်ရှားဆုံးဖြစ်တဲ့ ၈ လေးလုံး လူထုတော်လှန်ရေးတောင် ဒီကနေ့ရရှိထားတဲ့ တောရောမြို့ပါမကျန် ပါဝင်တဲ့ ထောက်ခံပူးပေါင်း ပါဝင်မှုမရှိခဲ့ပါဘူး။

စစ်အာဏာသိမ်းမှုကို အောင်အောင်မြင်မြင်နဲ့ ထိမ်းသိမ်းနိုင်လိမ့်မယ်လို့ မင်းအောင်လှိုင်စစ်အုပ်စုထင်ခဲ့မိမှာပါ။ လက်တွေ့မှာ စိတ်ကူးနဲ့မတူတာ နဖူးတွေ့ ဒူးတွေ့ အခြေအနေပဲဖြစ်ပါတယ်။ ဗမာပြည်မှာ လက်နက်ကိုင် တော်လှန်ရေးကို အားမပေးခဲ့တာ ကြာပါပြီ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အကြမ်းမဖက် တော်လှန်ရေးလမ်းစဉ်ကို တလျှောက်လုံးကိုင်စွဲခဲ့တာပါ။ ဒီကနေ့ နွေဦးတော်လှန်ရေးကာလမှာ GZ လို့ ခေါ်တဲ့ ခေတ်မှီနည်းပညာ အသုံးပြုနေတဲ့လူငယ်တွေရဲ့ တီထွင်စမ်းသပ်မှုတွေကနေ လက်နက်ကိုင်တော်လှန်ရေးအထိ သယ်ဆောင်လာခဲ့နိုင်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်အမတ်အများစုပါဝင်တဲ့ CRPH ကပါ ထောက်ခံပူးပေါင်းပါဝင်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဗမာပြည် လူထုကြီးကစစ်တပ်ကို နိုင်ငံရေးကနေ ဖယ်ထုတ်ဖို့ နည်းသဏ္ဍာန်မျိုးစုံဖြင့် ကြိုးစားဖူးတဲ့ သက်ရှိသမိုင်းလူသားတွေပါ။ ဒီကနေ့လူငယ်တွေရဲ့ လက်နက်ကိုင်လမ်းစဉ်ကို အားပေးထောက်ခံဝန်းရံနေကြပါတယ်။ ကူညီထောက်ပံ့မှုတွေက အံ့မခန်းပဲဖြစ်ပါတယ်။

ဒီကနေ့ အဆင့်သစ်တွေကို ရောက်ရှိလာတဲ့ စစ်ရေးအဆင့်တိုင်းဆီမှာ ဘယ်အင် အားကြီးတိုင်းပြည်ရဲ့ စစ်ရေးအကူအညီမရခဲ့ပါဘူး။ ပြည်သူလူထုရဲ့ ပံ့ပိုးကူညီမှုနဲ့သာ ဖြစ်ထွန်းလာတာပါ။ စစ်ကောင်စီဟာ အရာရာ အရှုံးတွေနဲ့ ရင်ဆိုင်နေရပါတယ်။ တိုင်းရင်းသား အင်အားစုကိုဖက်ဒရယ်စကားလုံးတွေနဲ့ ချော့မြှူပါတယ်။ တိုင်းရင်းသားတော်လှန်ရေး အင်အားစုတရပ်လုံးကအ

> **စစ်ကောင်စီရဲ့ ရွေးကောက်ပွဲလေသံဟာ....**
> **ပြည်တွင်းကလူထုကို အသံပေးတဲ့ လေသံမဟုတ်ပါဘူး**
> **နိုင်ငံတကာအစိုးရတွေကိုပေးတဲ့ လေသံပါ**

ယုံအကြည်မရှိတော့ဘဲ နွေဦးတော်လှန်ရေးကြီးနဲ့ ဟန်ချက်ညီညီ ပေါင်းစပ်ပါဝင်နေတာပဲ ဖြစ်ပါတယ်။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပဖို့ ပြောဆိုလာနေတာကို သိရှိရပါတယ်။ စကာစက သူ့ထွက်ပေါက်ကို နည်းမျိုးစုံနဲ့ ကြိုးပမ်းနေရတာပါ။ ပင်ပင်ပန်းပန်း ကြိုးပမ်းနေရတာပါ။ ဒါက သူ့ရဲ့နေဝင်ချိန်ရောက်နေပြီဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ရှင်းရှင်းလင်းလင်း မြင်နေရတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲလေသံဟာ ပြည်တွင်းက လူထုကို အသံပေးတဲ့ လေသံမဟုတ်ပါဘူး။ နိုင်ငံတကာအစိုးရတွေကို ပေးတဲ့ လေသံပါ။ ကမ္ဘာ့ရေစီးကြောင်းအရလက်နက်ကိုင် တော်လှန်ရေးနဲ့ လူထုတော်လှန်ရေး အောင်မြင်မှုမျိုးကို အမေရိကန်နဲ့ အနောက်အုပ်စုရောမကြိုက်သလို တရုတ်နိုင်ငံလည်း မဖြစ်စေလိုပါဘူး။ စစ်ကောင်စီရဲ့ လေသံက အမေရိကန်နဲ့ တရုတ်အစိုးရတွေကို ပေးတဲ့မက်လုံးပါ။ စစ်ကောင်စီရဲ့ ကျဆုံးခန်းမှာ စစ်ကောင်စီအနေနဲ့ အရပ်ကူပါ၊ လူဝိုင်းပါဘဝကို ဆိုက်ကိန်း ရောက်နေပြီပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့စစ်ကောင်စီရဲ့ ရွေး ကောက်ပွဲဟာ နိုင်ငံရေးထွက်ပေါက် ဖြစ်လာစရာမရှိသလို၊ နိုင်ငံတကာကြားဝင်ပြီး စကာစ သက် ဆိုးရှည်စေမှုမျိုးကို လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးက လက်သင့်ခံမှာမဟုတ်ပါဘူး။ သမိုင်းရဲ့ဖန်တီးရှင်ဟာ ပြည်သူလူထုပဲဖြစ်ပါတယ်။ တိတိကျကျပြောရရင် ပြည်တွင်းကပြည်သူလူထုဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ ဗဟိုချက်မဟာ ပြည်တွင်းမှာပဲရှိပါတယ်။ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကို သရေတမြွားမြွားနဲ့ မျှော်လင့်နေကြတဲ့ နိုင်ငံရေးပါတီအချို့ကတော့ သူတို့ရဲ့လည်မျိုစွပ်တဲ့ ကြိုးကွင်းတခုထက် မပိုပါဘူး။ လူထုကိုကျောခိုင်းတဲ့ နိုင်ငံရေးပါတီတွေဟာ ဗမာ့သမိုင်းစာမျက်နှာသစ်ကနေ ပယ်ဖျက်ခံရမယ့် လူပုဂ္ဂိုလ်နဲ့နိုင်ငံရေးပါတီတွေပဲဖြစ်ပါတယ်။ စစ်ကောင်စီ ကျင်းပတဲ့ရွေးကောက်ပွဲဟာ ဒီမိုကရေစီအနှစ်သာရကင်းမဲ့ပြီး စစ်အာဏာရှင်စနစ်သက်ဆိုးရှည်ရေးအတွက်သာ ဖြစ်တယ်ဆိုတာကို သုံးသပ်တင်ပြလိုက်ရပါတယ်။

**အိုက်နီ (ဖြူး)**

" ဒီကနေ့ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲဟာ နိုင်ငံရေးထွက်ပေါက်ဖြစ်လာစရာမရှိသလို နိုင်ငံတကာကြားဝင်ပြီး စကာစ သက်ဆိုးရှည်စေမှုမျိုးကို လူမျိုးပေါင်းစုံပြည်သူလူထုကြီးက လက်သင့်ခံမှာ မဟုတ်ပါဘူး သမိုင်းရဲ့ ဖန်တီးရှင်ဟာ ပြည်သူလူထုပဲဖြစ်ပါတယ် "



# စစ်အုပ်စုရဲ့ နောက်ဆုံးထွက်ပေါက်ဖြစ်တဲ့ ရွေးကောက်ပွဲပရိယာယ်

ကျော်ကိုကို

၂၀၂၁ ဖေဖော်ဝါရီမှာ အာဏာသိမ်းခဲ့တဲ့ စစ်အုပ်စုဟာ ဘက်ပေါင်းစုံရင်ဆိုင်နေရတဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းတွေကို ကျော်လွှားနိုင်ဖို့ နည်းလမ်းကို အသည်းအသန် ရှာဖွေနေခဲ့ပါတယ်။ စစ်အာဏာရှင် တို့ရဲ့ ထုံးစံအတိုင်း အကြံကုန် ဂဠုန်ဆားချက်လုပ်တဲ့နည်းလမ်းကတော့ ရွေးကောက်ပွဲနည်းလမ်းပါပဲ။

ရွေးကောက်ပွဲကို လုပ်ပေးလိုက်ရင် လူထုကိုနိုင်ငံရေးအရ ပါဝင်ခွင့်ပြုတာလို့ သာမန်လူပြိန်းတွေက တွေးထင်လေ့ရှိကြပါတယ်။ထို့အတူပဲ အနောက်အုပ်စု၊ တရုတ်၊ ရုရှားနဲ့ နိုင်ငံတကာ အင်အားစုတွေကလည်း ရွေးကောက်ပွဲကျင်းပတာဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်တက်လာတာပါလို့ နှပ်ကြောင်းပေးကြတာ မျိုးလည်းရှိနေပါတယ်။

အမှန်တကယ်ကတော့ စစ်အုပ်စုက ကမကထလုပ်ပြီးကျင်းပတဲ့ ရွေးကောက်ပွဲမှန်သမျှဟာ နိုင်ငံတကာနဲ့ ပြည်သူလူထုကို လှည့်ဖြားတဲ့ မျက်လှည့်ပွဲသဘောသာဆောင်နေခဲ့ပါတယ်။

သမိုင်းတလျှောက်လုံး စစ်အာဏာတည်မြဲရေးအတွက် အတုအယောင် ရွေးကောက်ပွဲတွေ

လုပ်ပြီး ပြည်သူကိုအာရုံလွှဲလာတဲ့ စစ်အုပ်စုအကြောင်းကို ပြည်သူက ဒီတခါတော့ နောကျေအောင်သိပြီး နားလည်ပြီးသဘောပေါက်ပြီးဖြစ်ပါလိမ့်မယ်။

အကယ်၍ လက်ရှိအခြေအနေအရပ်ရပ်ကြောင့် မင်းအောင်လှိုင်ရဲ့ ရွေးကောက်ပွဲကို တိုက်ဖျက်ဖို့ တွန့်ဆုတ်နေ သေးတဲ့သူတွေရှိရင်လည်း အခုဆောင်းပါးကနေပြီး ဘာကြောင့် ရွေးကောက်ပွဲကို သပိတ်မှောက်သင့် သလဲဆိုတာ အခိုင်အမာတင်ပြဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။

## တလိမ်ပေါ် နှစ်လိမ်ဆင့်တဲ့ ရွေးကောက်ပွဲများ

စစ်အုပ်စုကျင်းပပေးခဲ့တဲ့ ရွေးကောက်ပွဲတွေ လေးကြိမ်လောက်ရှိသွားပါပြီ။ ပထမဦးဆုံးက ဗိုလ်နေဝင်းရဲ့ အိမ်စောင့်အစိုးရကြီးကြပ်တဲ့ ၁၉၆၀ ခုနှစ် အထွေထွေရွေးကောက်ပွဲဖြစ်ပါတယ်။

ဒီရွေးကောက်ပွဲကလည်း နောက်တကြိမ်အာဏာထပ်မသိမ်းခင် လူထုကို လှည့်စားဖို့ နိုင်ငံတကာကို လှည့်စားဖို့အတွက် ကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်တယ်။

ရွေးကောက်ပွဲအပြီးမှာ အနိုင်ရလာတဲ့ ဦးနုရဲ့ ပထစအစိုးရလက်ထဲမှာ အာဏာကနှစ်နှစ်ပဲခံပြီး ၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်းက တိုင်းပြည်ရဲ့ ယိုယွင်းလာနေတဲ့ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းရန်အလို့ငှာဆိုတဲ့ အကြောင်းပြချက်နဲ့ အာဏာသိမ်းလိုက်ပါတယ်။

၁၉၈၈ ခုနှစ်မှာ အာဏာသိမ်းခဲ့တဲ့ စစ်အုပ်စုကလည်း ၁၉၉၀ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကျင်းပပြီး လူထုကိုထပ်မံလိမ်ညာခဲ့ပါတယ်။

အနိုင်ရ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီကို အာဏာမပေးဘဲ ရေရှည်အချိန်ဆွဲတဲ့ အမျိုးသားညီလာခံ ကျင်းပပြီး ၂၀၀၈ စစ်ကျွန်ဥပဒေကိုသာ ပြဋ္ဌာန်းခဲ့ပါတယ်။

အခုတခေါက်မှာလဲ မင်းအောင်လှိုင်စစ်အုပ်စုဟာ တလိမ်ပေါ်နှစ်လိမ်ဆင့်တဲ့ ရွေး ကောက်ပွဲနဲ့ လူထုကို မျက်လှည့်ပြဖို့ ကြိုးစားနေပြန်ပါပြီ။ သမိုင်းတလျှောက် အတုအယောင်အလိမ်အညာတွေနဲ့ မွမ်းမံပြင်ဆင်ခဲ့တဲ့ ရွေးကောက်ပွဲနည်းဟောင်းကြီးကို ဖုန်သုတ်ပြီး ချောင်ထဲက ပြန်ထုတ်လာပြန်ပြီဆိုတာကို ကျနော်တို့တွေ အမှန်အတိုင်း သိနေဖို့ပဲလိုအပ်ပါတယ်။

## ပြုပြင်ပြောင်းလဲရေးလား၊ ထွက်ပေါက်ရှာရေးလား

နိုင်ငံရေးပါတီတွေ မှတ်ပုံတင်ခွင့်ပြုပြီး ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်နေတဲ့ စစ်အုပ်စုလုပ်ရပ်ကို အပေါ်ယံ ကြောပဲ သုံးသပ်ရင်တော့ ပြုပြင်ပြောင်းလဲရေးလို့ အထင်အမြင် မှားသွားးပါ

လိမ့်မယ်။

စစ်အုပ်စု အာဏာသိမ်းတာကို ဆန့်ကျင်ကန့်ကွက်ပြီး မှတ်ပုံပြန်မတင်လို့ ဖျက်သိမ်းခံလိုက်ရတဲ့ နိုင်ငံရေး ပါတီတွေရှိနေကြတာကို သတိထားကြည့်ရင် တွေ့ရမှာပါ။

ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၊ ဦးစိုင်းညွန့်လွင်တို့ ဦးဆောင်တဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၊ တိုင်းရင်းသားပါတီတွေထဲမှာ တနိုင်ငံလုံး တတိယ မဲအများဆုံးရထားတဲ့ တအာင်း(ပလောင်) အမျိုးသားပါတီတို့ဆိုရင် ဖျက်သိမ်းခံပြီး မှတ်ပုံပြန်မတင်ခဲ့ကြပါဘူး။

ဆိုလိုတာက ပြည်သူလူထုကို တကယ်ကိုယ်စားပြုတဲ့ပါတီတွေက အတုအယောင် ရွေးကောက်ပွဲကို ဆန့်ကျင်ထားကြပါတယ်။ ဒီပါတီတွေမပါဘဲ လက်တဆုပ်စာ လူနည်းစုကို ကိုယ်စားပြုမယ့် နိုင်ငံရေးပါတီ အနည်းအကျဉ်းလောက်သာ ပါဝင်လာမယ့် ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ တခုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသား အရေအတွက် ( ) ရှိချိန်မှာ ကျင်းပဖို့ ကြိုးစားနေတဲ့ အတွက် ဒီရွေးကောက်ပွဲဟာ ပြုပြင်ပြောင်းလဲရေးအတွက် မဟုတ်တာ ပိုသေချာသွားပါပြီ။ ရွေးကောက်ပွဲကျင်းပပြီး သူတို့ရဲ့အပြစ်တွေကို ဆေးကြောဖို့ ထွက်ပေါက်ရှာနေတာပါလို့ ပြောရင် သေချာပေါက် မှန်ပါလိမ့်မယ်။

စစ်အုပ်စုဟာ သူတို့ကို နိုင်ငံတကာအသိုင်းအဝိုင်းကဝိုင်းမပယ်ကြဘဲ ပြန်လည်အသိအမှတ်ပြုရေးအတွက် ရည်ရွယ်ပြီး အဆိုပါရွေးကောက်ပွဲဖြစ်မြောက်ဖို့ အသည်းအသန် ကြိုးပမ်းနေတာပဲဖြစ်ပါတယ်။

### မင်းအောင်လှိုင်စစ်အုပ်စုရဲ့ ထွက်ပေါက်

ယခုအကြိမ် အာဏာသိမ်းထားတဲ့ မင်းအောင်လှိုင်စစ်အုပ်စုဟာလည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကိုချမှတ်ကာ စစ်အာဏာသက်ဆိုးရှည်အောင်ဆွဲဆန့်ထားနိုင်ဖို့နှင့် နိုင်ငံတကာကစစ်အုပ်စုကို လက်ခံမှုရှိလာအောင် ဆွဲဆောင်နိုင်စေဖို့ ကြံရွယ်ထားကြပါတယ်။

> "စစ်အုပ်စုပ်ဟာ စစ်ရေးအရဖိအားလည်း ကြီးမားစွာ ရင်ဆိုင်နေရပါတယ်"

ညီနောင်မဟာမိတ်သုံးဖွဲ့ဦးဆောင်တဲ့ ၁၀၂၇ စစ်ဆင်ရေးကာလမှာ နယ်မြေအများကြီး လက်လွှတ်လိုက်ရတဲ့ မင်းအောင်လှိုင် စစ်အုပ်စုဟာ စစ်ရေးအရဖိအားလည်း ကြီးမားစွာ ရင်ဆိုင်နေရပါတယ်။ ဒီစစ်ရေးဖိအားကို လျှော့ချပစ်ဖို့နဲ့ သက်သာရာရစေဖို့ စစ်အုပ်စုက ထွက်ပေါက်တခုတော့ အသည်းအသန်ရှာဖွေနေပြီဖြစ်ပါတယ်။

မင်းအောင်လှိုင်စစ်အုပ်စုအနေနဲ့ ထွက်ပေါက်အလွန်မှာ NCA စာချုပ်နဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတည်မြဲရေး ရည်မှန်းချက်ရှိနေသလို ဒီရည်မှန်းချက်ပန်းတိုင်ဆီသွားရာ တံခါး၀ဟာလည်း စစ်အုပ်စုကလုပ်ဆောင်မည့် ရွေးကောက်ပွဲဖြစ်တယ်လို့ သုံးသပ်ရပါလိမ့်မယ်။

## ငရဲဘုံသို့သွားရာလမ်း

မင်းအောင်လှိုင်စစ်အုပ်စုရဲ့ မဟာဗျူဟာရည်မှန်းချက်တွေဖြစ်တဲ့ NCA အခင်းအကျင်းနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခင်းအကျင်းသည် ပြီးခဲ့တဲ့ ဆယ်နှစ်လုံးလုံး ပြည်သူလူထုကို အတိဒုက္ခရောက်စေခဲ့သော အခင်းအကျင်းများ ဖြစ်ပါတယ်။

တနည်းဆိုသော် မင်းအောင်လှိုင်တို့စစ်အုပ်စုရဲ့ ထွက်ပေါက်ဟာ သူတို့အတွက် သုခဘုံသို့ သွားရာလမ်းဖြစ်လင့် ကစား လူထုအတွက်တော့ ငရဲပြည်သို့ သွားရာလမ်းသာ ဖြစ်နေပါတယ်။ လူထုကို ငရဲပြည်အရောက်ပို့မည့် ထွက်ပေါက်တံခါးကို အပြီးပိတ်ပစ်မှသာ သက်သာရာရမည် ဖြစ်တယ်။ မင်းအောင်လှိုင်စစ်အုပ်စုကို လုံး၀ ထွက်ပေါက်မပေးမှသာ နွေဦးတော်လှန်ရေးအခြေအနေအရပ်ရပ် ဆက်လက်ဖွံ့ဖြိုး အားကောင်းလာမှာဖြစ်ပါတယ်။

## သွေးခွဲသပ်လျှို ဖဲ့ထုတ်ရန် အကြံဆိုး

စစ်ကောင်စီအစိုးရအဖွဲ့က ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့စွဲနဲ့ ထုတ်ပြန်ကြေညာချက်မှာနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့အဖြေရှာဖို့၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပြီး ရွေးကောက်ပွဲနည်းလမ်း သို့မဟုတ် ပါတီနည်းလမ်းကို ရွေးချယ်ကြဖို့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ PDFs တွေကို တိုက်တွန်းခဲ့ပါတယ်။

ဒီကြေညာချက်ရဲ့ ဆိုလိုရင်းကို သုံးသပ်ရရင် နိုင်ငံရေးပြဿနာကို တကယ်ဖြေရှင်းချင်တဲ့

**ဒီစစ်ရေးဖိအားကို လျှော့ချပစ်ဖို့နဲ့ သက်သာရာရစေဖို့ စစ်အုပ်စုက ထွက်ပေါက်တစ်ခုတော့ အသည်းအသန်ရှာဖွေနေပြီးဖြစ်ပါတယ်**

သဘောမျိုးမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ PDFs တွေရဲ့ အင်အားကို သွေးခွဲဖို့၊ ဖွဲ့ထုတ်စည်းရုံးဖို့လောက်ပဲ သဘောထားတာကိုအထင်အရှား တွေ့မြင်ရပါတယ်။ သူတို့ ဦးဆောင်ကျင်းပမယ့် ရွေးကောက်ပွဲကို အနှောင့်အယှက်မပေးနိုင်အောင် တော်လှန်ရေးအဖွဲ့အစည်းတွေကို လက်နက်ချဖို့ တိုက်တွန်းနေတဲ့ စာသာလျှင်ဖြစ်ပါတယ်။

ရွေးကောက်ပွဲနည်းလမ်း သို့မဟုတ် ပါတီနည်းလမ်းဆိုတာ တနည်းပြောရရင် NCA အောက်ကိုဝင်ခိုင်းတာ လည်းဖြစ်သလို ၂၀၀၈ ခြေဥအောက်ကို ခေါင်းငုံ့ဝင်ခိုင်းနေတာလည်း ဖြစ်ပါတယ်။ မရိုးရှင်းတဲ့ စစ်အုပ်စုရဲ့ အကြံဆိုးတွေအနက်က နောက်ဆုံးပေါ် အကြံဆိုးတခုသာလျှင် ဖြစ်နေတာကိုတွေ့ရမှာပါ။ သူတို့ရွေးကောက်ပွဲကို နိုင်ငံတကာက ထောက်ခံလာအောင် အသံကောင်းဟစ်ပြနေခဲ့တာပဲ ဖြစ်ပါတယ်။

## အငှားဗိုက်နဲ့ ဓားထိုးခံခိုင်းတဲ့ သန်းခေါင်စာရင်း

ရွေးကောက်ပွဲမလုပ်ခင် အကြိုအနေနဲ့ ဘယ်ဒေသတွေမှာ သူတို့ဩဇာပြန့်နှံ့နေသေးလဲဆိုတာ သိရအောင် သန်းခေါင်စာရင်းကောက်ပြီး သွေးတိုးစမ်းဖို့ စစ်အုပ်စုကကြိုးစားနေပါတယ်။ ဒီလိုကြိုးစားမှုဟာ အလဟဿ ဖြစ်ပြီး အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ရလိမ့်မယ်လို့ ပြောချင်ပါတယ်။ လက်ရှိစစ်ကောင်စီလက်အောက်မှာ ဝန်ထမ်းလုပ်နေတဲ့သူတွေကို အသုံးချပြီး သန်းခေါင်စာရင်း ကောက်ခိုင်းတာဟာ အရမ်းအန္တရာယ်များပါတယ်။

မကျေနပ်တဲ့ အင်အားစုတွေက သန်းခေါင်စာရင်း လာကောက်တဲ့ ဝန်ထမ်းတွေကို ပစ်ခတ်တာတွေ ခြိမ်းခြောက်တာတွေ လုပ်ခဲ့ရင် စစ်အုပ်စုက အကြမ်းဖက်လို့ စွပ်စွဲပြီး တော်လှန်ရေးအင်အားစုတွေကို အပြစ်ပုံချပါလိမ့်မယ်။ မတော်တဆဖြစ်လို့ ဝန်ထမ်းတွေ အသက်ဆုံးရှုံးသွားရင် အဲ့ဒီဝန်ထမ်းတွေသာ ဆုံးရှုံးနစ်နာကြရမှာ ဖြစ်ပြီး စစ်အုပ်စုကတော့ မသာအလောင်းပုံကို စစ်ဖိနပ်နဲ့နင်းတက်ပြီး ရွေးကောက်ပွဲကို မရမကလုပ်သွားမှာပဲ ဖြစ်တယ်။ လူသားမဆန် ရက်စက်ယုတ်မာ ရိုင်းစိုင်းလွန်းတဲ့ စစ်အုပ်စုကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြဖို့ပဲ ရှိပါတယ်။

စစ်အုပ်စုရဲ့ ဉာဏ်နီဉာဏ်နက်နဲ့ လုပ်နေတဲ့ သန်းခေါင်စာရင်းကိစ္စ၊ ရွေးကောက်ပွဲကိစ္စတွေကို အသိစိတ်ရှိရှိ ငြင်းဆန်တော်လှန်ကြဖို့ ဝန်ထမ်းလုပ်နေကြတဲ့သူတွေ တကယ့်ကို စဉ်းစားဆင်ခြင်ကြစေချင်ပါတယ်။ ကိုယ့်အတွက် ထွက်ပေါက်ရဖို့အရေး သူများတွေရဲ့ အသက်ကို ချနင်းစတေးနေတဲ့ လုပ်ရပ်မျိုးကို ဆန့်ကျင် ကြဖို့ တိုက်တွန်းလိုပါတယ်။

## မင်းအောင်လှိုင်ရဲ့ ရွေးကောက်ပွဲထွက်ပေါက်ကို အပြည့်အဝပိတ်ဆို့ရေး

အကြံဆိုးတွေနဲ့ ထွေးလုံးရစ်ပတ်နေတဲ့ စစ်အုပ်စုဟာ သန္ဓေမမှန်တဲ့ နိုင်ငံရေး အခင်း
အကျင်းကို အသက်သွင်းဖို့ ကြိုးပမ်းနေပါတယ်။ သန္ဓေမမှန်တဲ့ နိုင်ငံရေးပါတီတွေကို အစိမ်းသေ အသက်သွင်းသလို အောက်လမ်းနည်းနဲ့ အသက်သွင်းပြီး ကျင်းပမယ့် ရွေးကောက်ပွဲဟာ မသန့်ရှင်းတဲ့ ရွေးကောက်ပွဲပါ။ ညစ်ညမ်းတဲ့အတွေး၊ လိမ်လည်လှည့်ဖြားတဲ့အပြော၊ ယုတ်မာ ကောက်ကျစ်တဲ့လုပ်ရပ်တွေနဲ့ အစအဆုံးစီရင်ဖန်တီးထားတဲ့ ရွေးကောက်ပွဲထွက်ပေါက်ကို ကျနော်တို့ဘက်ကအပြည့်အဝ ပိတ်ဆို့ထားနိုင်ဖို့လိုပါတယ်။

လူထုက မပူးပေါင်းဖို့ လိုသလို ပူးပေါင်းတဲ့သူတွေကို အပြင်းအထန် သပိတ်မှောက်ကန့်ကွက်ရှုတ်ချဖို့လည်း လိုပါတယ်။ ရွေးကောက်ပွဲလုပ်ခွင့်မပြုဘဲ ဟန့်တားထားဖို့ လိုသလို လက်ရှိ တိုက်ပွဲဝင်နေဆဲ ဖြစ်တဲ့ တော်လှန်စစ်ကို အရှိန်မြှင့်ဖို့လည်း လိုနေပါပြီ။ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်နဲ့ လူထုတိုက်ပွဲသဏ္ဍာန် ပေါင်းစပ်ပြီး အတုအယောင် ရွေးကောက်ပွဲကို လုံးဝမလုပ်နိုင်အောင် ပိတ်ဆို့တားဆီးဖို့ ကြိုးစားအားထုတ်ကြပါ။ မင်းအောင်လှိုင်ရဲ့စစ်ရှုံးစစ်ကောင်စီကို အသက်ရှူပေါက် လုံးဝမပေးရေးအတွက် လူထုတရပ်လုံး စည်းလုံးရမယ့်အချိန်ကားစေ့ ရောက်လာခဲ့ပါပြီ။

“စိတ်ကူးမယဉ်နဲ့၊ တိုက်ပွဲဝင်ကြစို့.....”

**ကျော်ကိုကို**
**လွတ်မြောက်ဒေသတနေရာ**




# စစ်ကောင်စီရဲ့ ရွေးကောက်ပွဲက နိုင်ငံရေးထွက်ပေါက်မဟုတ်ဘဲ အစဝင်ပေါက်သာ ဖြစ်နေ

ဟန်နရီမင်း

**၁။ စစ်ကောင်စီရွေးကောက်ပွဲ လုပ်ခွင့်ရှိသလား...**

ကမ္ဘာပေါ်က အာဏာသိမ်းတဲ့ စစ်ခေါင်းဆောင်တိုင်းက ဒီလို ရွေးကောက်ပွဲတွေ ကျင်းပလေ့ရှိ ပါတယ်။ ကွဲပြားတဲ့အချက်က အာဏာသိမ်းတဲ့နိုင်ငံတိုင်းလိုလိုမှာ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေက အလိုလိုပျက်ပြယ်သွားသလို၊ လွှတ်တော်တွေလည်းပဲ ပါသွားတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြန်လည်ရေးဆွဲခိုင်း ပြီးတော့ ၎င်းလုပ်ငန်းစဉ်ပြီးပြီးမှ ရွေးကောက်ပွဲ လုပ်တာ (သို့) ရွေးကောက်ပွဲလုပ်ပြီး အစိုးရသစ်ကို အာဏာအကုန် လွှဲပြောင်းပေးပြီးနောက် ဖွဲ့စည်းပုံအခြေခံ (မူကြမ်း) နဲ့ ခဏအုပ်ချုပ်ပြီး ဥပဒေသစ်ရေးဆွဲကြတာ (သို့) ကြားဖြတ်အစိုးရကို အာဏာလွှဲပေးပြီး ကြားဖြတ်အစိုးရက လွှတ်တော်ခေါ်ယူတာ/ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲတာတွေ လုပ်ကြရပါတယ်။

အခုစကစက အာဏာတက်သိမ်းတော့ သူ့ကိုယ်သူ **"ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာထိန်းတယ်"**လို့ ပြောထားပေမဲ့၊ ကမ္ဘာအသိ ဖွဲ့စည်းပုံအခြေခံဥပဒေကို သူကိုယ်တိုင်က စတင် ချိုးဖောက်လိုက်တာပါ။ ၂၀၀၈ ဖွဲ့စည်းပုံအရ ဥပဒေဘောင်အတွင်းကနေလည်း နိုင်ငံတော် သမ္မတနဲ့ အစိုးရအဖွဲ့အကြီးကဲတွေကို  စွပ်စွဲတာ၊ အရေးယူဖို့ တိုင်ကြားတာတွေ မပြုလုပ်ဘဲ၊ လက်နက်အားကိုးနဲ့ ဖမ်းဆီးလိုက်တာပါ။ ၂၀၀၈ ဖွဲ့စည်းပုံကလည်း မပျက်ဘူး၊ သူက စောင့်ရှောက်တာလို့

ပြောပြန်ရော။ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ ဆိုလိုချက်တွေ၊ အနက်ဖွင့်ဆိုချက် တွေကလည်း လိုရာဆွဲကြပါတယ်။ NLD က အပြစ်ရှိခဲ့ရင်တောင် တရားဥပဒေဘောင် အတွင်းကနေပဲ ဖြေရှင်းရမှာ ဖြစ်ပါတယ်။ အမှန်တော့ စစ်တပ်ဆိုတာ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်တာမျိုးမလုပ်ဘဲ ကြားနေပေးတဲ့ အင်စတီကျူးရှင်း ဖြစ်နေရမှာပါ (ထိုင်းကခြွင်းချက်ပါ)။ နောက်တစ်ခုက ၂၀၀၈ ဖွဲ့စည်းပုံရဲ့ ဥပဒေစာပိုဒ်တွေကလည်း ရှင်းလင်းမနေဘူး။ အမှန်အတိုင်းပြောရရင် ဒီဥပဒေက စစ်တပ်ကို အာဏာသိမ်းလို့ ရအောင် လုပ်ဆောင်တဲ့ သဘောဆောင်နေတယ်။ အခန်း ၁၁ ကို ဖတ်လိုက်ရင် အရမ်းသိသာပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံရဲ့ အခန်း (၁၁) ပါအချက်အလက်တွေအရ ကာကွယ်ရေးဦးစီးချုပ်က ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ရယူနိုင်ပေမဲ့လည်း၊ သူ့ရဲ့ အရှေ့ပိုင်း လုပ်ငန်းစဉ်က မှားနေခဲ့တယ်။ ၂၀၀၈ ဖွဲ့စည်းပုံမှာ ပါတဲ့လိုက်နာရမယ့်အဆင့်တွေအတိုင်း မလုပ်ခဲ့လို့ပါ။ ၂၀၀၈ ဥပဒေပါအချက်အလက်အရ နိုင်ငံတော်သမ္မတက အချိန်အကန့်အသတ်နဲ့ လိုလို လားလား အာဏာလွှဲပြောင်းထားတာ မဟုတ်တော့ ဥပဒေနဲ့မကိုက်ညီဘူး။ ဒါကြောင့် အာဏာသိမ်းတဲ့ စစ်အုပ်စုက ဒီလိုရွေးကောက်ပွဲလုပ်ခွင့်ရှိသလားဆိုတော့ မရှိဘူးလို့ ဖြေရပါမယ်။

နောက်တစ်ခုက သူတို့ပြောသလို နိုင်ငံတော်အပေါ်ကျရောက်လာတဲ့ နိုင်ငံတော်ပျက်စီးစေမဲ့ အရေးပေါ် အခြေအနေလည်း ဟုတ်မနေပြန်ဘူး။ သူကအာဏာမသိမ်းမှီကလေးမှာ မဲမသမာမှုလို့ ပြောပေမဲ့ နောက်ပိုင်း သူတို့စိစစ်တော့လည်း မဲပေးခွင့်ရှိတဲ့ လူဦးရေသန်းဂဏန်းထဲက မဲအများအယွင်းက သောင်းဂဏန်းလောက်ပဲရှိတာဖြစ်လို့ minor အဆင့်သာရှိပါတယ်။ မှတ်ပုံတင်မရှိဘဲ မဲပေးခဲ့တဲ့ လူဦးရေ (၁၈) သန်း ဆိုတာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအား လိုရာဆွဲ အနက်ဖွင့်ဆိုမှုပါပဲ။ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ အခန်း (၉)၊ ၃၉၁။ (က)မှာ **“ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ် ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူ မဟုတ်သည့် အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့် ရှိသူတိုင်း သည် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသည်”** လို့ပဲ ပါတယ်။ **“မှတ်ပုံတင်ရှိသူ ဖြစ်ရမည်”** လို့ မပါတဲ့ အတွက် ဒီဥပဒေအတိုင်း လိုက်နာကျင့်သုံးခြင်းထက် ကျော်လွန်တဲ့အနက်ဖွင့်ဆိုခြင်းကလည်း ဒီဥပဒေကိုချိုးဖောက်တာပဲ။

တကယ်လို့ ၂၀၀၈ အရသာ လုပ်ခဲ့တယ်ဆိုရင် သူတို့ ရွေးကောက်ပွဲကို လုပ်တာသည် တရားဝင် ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက ၂၀၀၈ ရဲ့ ဥပဒေအချက်အလက်တွေက ရှင်းလင်းပြက်သားမှု မရှိဘူး။ **“တစ်ကြိမ်လျှင် (၆) လအထိ၊ (၂) ကြိမ်သက်တမ်းတိုးခွင့်ရှိသည်”** ဆိုတဲ့

အချက်က ၄၂၂ (ခ) နဲ့ ၄၂၅ တို့က သီးသန့်ကာလတွေကို ရည်ညွှန်းထားတာလား? တပ်တူ အခြေအနေကိုလား ဆိုတာ သိပ်မသေးကွဲဘူးလို့ ယူဆရတယ်။ သီးသန့် အခြေအနေကို ရည်ညွှန်း တယ်ဆိုရင်တောင် အချိန်ကအတော့်ကို ကျော်လွန်သွားပြီ ဖြစ်တဲ့အတွက် ဒါလည်း ထပ်ဆင့် ဥပဒေကို ချိုးဖောက်တာပဲ။ အခုတော့ ၂၀၂၅ နိုဝင်ဘာလမှ ကျင်းပမယ်ဆိုတော့ (၅) နှစ်နီးပါးမှ လုပ်နိုင်မဲ့ အနေအထား၊ ဒါတောင် သူတွက်ထားတာပါ။ စကစဟာ ၂၀၀၈ အခြေခံဥပဒေကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီခေါင်းစဉ်ရဲ့ မေးခွန်းကို ပထမဆုံးဖြေဆိုဖို့အတွက် ဒီအာဏာရှင်အစိုးရ တရားဝင် အစိုးရဖြစ်သလားဆိုတာ ပထမဆုံး မေးရပါမယ်။ သူက တရားဝင်ဖြစ်မှ နိုင်ငံရေးနဲ့ ပတ်သက်ပြီး သူ့လုပ်ရပ်က တရားဝင်မှာပါ။ တကယ်လို့ အဖြေက **"မဖြစ်ဘူး"** ဆိုရင်၊ သူ့လုပ် ရပ် ကလည်း **"လုပ်ခွင့်"** မရှိပါဆိုတဲ့ အဖြေပဲ ထွက်ပါတယ်။ Illegal Regime ဖြစ်နေတော့ legitimacy မရှိဘူး၊ နောက်ဆက်တွဲက တရားမဝင်တဲ့ အာဏာရှင်အစိုးရရဲ့ လုပ်ရပ်တိုင်းက တရားဝင် မ ဖြစ်နိုင်ဘူး။

**၂။ ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား**

အများစုက စစ်ကောင်စီရဲ့ ၂၀၂၅ ရွေးကောက်ပွဲဟာ သူ့အတွက် ထွက်ပေါက်လို့ ထင်ကြ တယ်။ ဒါက မှားယွင်းတဲ့ တွက်ချက်မှုသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတာကို အောက်မှာ ဆွေးနွေးသွား ပါမယ်။

တရုတ်နိုင်ငံ၊ အာဆီယံအဖွဲ့၊ အနောက်နိုင်ငံတွေနှင့် တော်လှန်အရေးအဖွဲ့အစည်းတွေ၊ သူ့ စစ်တပ်အတွင်းက ဖိအားတွေကြောင့် ဒီလိုလုပ်ခြင်းဖြင့် ဖိအား လျော့ကျလိမ့်မယ်လို့ စစ် ကောင်စီက ထင်ပါလိမ့်မယ်။ နောက်တစ်ခုက ၂၀၂၅ ရွေးကောက်ပွဲ ရလဒ်ကြောင့် စစ်ကောင်စီ ဟာ အရပ်သားအစိုးရကို အာဏာလွှဲပြောင်း ပေးပြီးနောက် စစ်တပ်အနေနဲ့ နိုင်ငံရေးလောကနေ စစ်တန်းလျားထဲ ပြန်သွားလိမ့်မယ်၊ အရပ်သားအစိုးရ စနစ်နဲ့အတူ လွှတ်တော် (၂)ရပ်ဟာလည်း ပြန်လည် လည်ပတ်နေကြလိမ့်မယ်၊ တဖြေးဖြေးနဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေရဲ့ လုပ်ရပ် တွေ ရပ်တန့်သွားလိမ့်မယ် .......စသဖြင့် တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတချို့က ထင်ကောင်း ထင်နိုင်ပါမယ်။ ဒါပေမဲ့ သူ့မှာ နောက်ကွယ် အကြံအစည် ကြီး(a big plan)ရှိထား ပြီးသားပါ။ အနောက်နိုင်ငံတွေကတော့ ဒီအစီအမံကြီးနဲ့ ပတ်သက်ပြီး အတိုင်းအတာတစ်ခုအထိ သိရှိထား ပြီးလည်း ဖြစ်ပါလိမ့်မယ်။ ယခင်တုန်းကလည်း စကစရဲ့ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးကြောင့်

တရုတ်ကြီးက စကစကို အရမ်းစိတ်ပျက်ခဲ့ရတယ် လို့လည်း ကြားလိုက်ရသေးတယ်။

၂၀၂၅ ရွေးကောက်ပွဲအစီအမံဟာ ပြည်သူတွေကို လှည့်စားဖို့အတွက်ပါ။ နောက်တစ်ခုက သူ့အတွက် အကျိုးရှိရုံသက်သက်ပါ။ သူက ရုပ်ပြအစိုးရကို ရှေ့က ကာပြပြီး နောက်ကွယ်က ကြိုးကိုင်ဖို့ သက်သက်ပါ။ တကယ်လို့ ၂၀၂၅ ရွေးကောက်ပွဲကို သူလုပ်ဆောင်နိုင်ခဲ့ရင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီးမြို့နှင့် တခြားတိုင်းနှင့် ပြည်နယ်တွေမှာတော့ စကစတပ် စခန်းတွေထဲမှာပဲ သတ်မှတ်ထားတဲ့ သူတွေကို စာရင်း အတိအကျနဲ့ ခေါ်ထားပြီး သူတို့ တွေကိုသာ မဲရုံထဲကိုအဝင်ခံမယ်။ မဲရလဒ်ကလည်း စကစရဲ့ ခြေစောင်ဖြစ်တဲ့ ကြံ့ဖွံ့ပါတီက အများစုနဲ့ အနိုင်ရပါမယ်။ အမျိုးသားရေးအစွန်းရောက်တွေ၊ စကစဘက်တော်သားနဲ့ ကြံ့ဖွံ့ အုပ်စုတွေမှ လွဲပြီး ပြည်သူ အများစုက မဲပေးဖို့ စိတ်ဝင်စားမှုရှိကြမှာတော့ မဟုတ်ဘူး။ ဒါကြောင့် ဒီနှစ်(၂၀၂၄) အောက်တိုဘာလ (၁) ရက်နေ့မှ စတင်ကောက်ယူမယ့် သန်းခေါင်စာရင်း ကရတဲ့ လူဦးရေစာရင်းကို သူကောက်ထည့် လိုက်ရုံပါပဲ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုတုန်းကလိုပဲ သူတို့က မဲအများစုနဲ့ အနိုင်ရမယ်။ မေးခွန်းက နိုင်ငံတော်သမ္မတက ဘယ်သူဖြစ်မလဲဆိုတာ မဟုတ်ဘဲ၊ ဘယ်အချိန်အထိ သူအုပ်ချုပ်နေမလဲ..? ဆိုတာပဲအဓိကကျတယ်။။ ကျန်တဲ့ဒုတမ္မတ၊ လွှတ်တော် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ...စတာတွေလည်း သူတို့ အခုချိန်ကတည်းက ရွေးထားပြီးသားဖြစ်မှာပါ။ လွှတ်တော်မှာလည်း စကစဘက်တော်သားပါတီတွေသာ ရှိနေကြမှာ ဖြစ်တဲ့အတွက် အခြေအတင်ဆွေးနွေးစရာမရှိဘဲ၊ မှတ်တမ်းရေးဖို့အတွက် လွှတ်တော်အစည်းအဝေးတက်ရတဲ့ အဆင့်ထက် ပိုလိမ့်မယ် မထင်ဘူး။ ဒါကြောင့် ၂၀၂၅ ရွေးကောက်ပွဲဟာ နေပြည်တော်က စကစနဲ့ အပေါင်းအပါတွေအတွက် ထွက်ပေါက် မဟုတ်ဘဲ၊ နေပြည်တော်မှာ စကစနဲ့ ကြံ့ဖွံ့တို့ရဲ့ နိုင်ငံရေးဇာတ်လမ်းက အစပြုဖို့ပဲရှိသေးတယ်၊ စကစခေါင်းဆောင်က နောက်ထပ် (၁၄) နှစ်လောက်တောင် ထိုင်ခုံမှာထိုင်နေဖို့ မျှော်မှန်းမထားဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ အဲဒီနောက်ပိုင်း အတွက်လည်း သူတို့စီမံထား ကြမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ စစ်တပ်နဲ့ အမျိုးသားရေးအစွန်းရောက်တွေက သူတို့ ကိုယ်သူတို့ မြန်မာနိုင်ငံရဲ့ **“ကယ်တင်ရှင်တွေ”** အဖြစ် သတ်မှတ်ထားကြပြီးတော့၊ မြန်မာပြည်ကို သူတို့အမွေရထားတယ်လို့ ခံယူထားကြလို့ ဒီနိုင်ငံရဲ့ ထိပ်တန်းနိုင်ငံရေး အခန်းကဏ္ဍမှာ သူတို့က အမြဲတမ်းရှိနေရမယ်လို့ သတ်မှတ်ထားကြပါတယ်။

ဒါကြောင့် စစ်တပ်က ၂၀၁၁-၂၀၂၀ ခုနှစ်တွေအထိ ဒီအတိုင်း မြန်မာပြည်ကို ပြန်လွှတ်ပေးခဲ့ တာကို နောင်တရပြီး၊ ဒီတစ်ကြိမ်မှာ သူတို့အစီအမံက စစ်တပ်နဲ့ ပြည်သူ(သူတို့ အခေါ်)နဲ့ တ

ထပ်တည်းကျအောင်၊ သူတို့ကို သီးသန့်မမြင်ဘဲ နိုင်ငံရေးလောကမှာ မရှိမဖြစ် လိုအပ်တဲ့ အဖွဲ့အစည်းတစ်ရပ်လို မြင်အောင် အတွေးအခေါ်တွေကို စတင်ပြီး ပြန်လည်ရိုက်သွင်းနေပြီ ဖြစ်ပါတယ်။ အစစအရာရာမှာ သူတို့က ကြိုးကိုင်ပါလိမ့်မယ်။ နောင်တစ်ချိန်မှာ ဘယ်တော့မှ မြန်မာနိုင်ငံသားတွေက သူတို့ကိုမဆန့်ကျင်တော့အောင်ပေါ့။ တကယ်လို့ သူတို့အကြံသာ အောင်မြင်သွားခဲ့ရင် မြောက်ကိုးရီးယားထက်သာမယ်မထင်ဘူး။

ဒါပေမဲ့ ဒီလိုလုပ်ဆောင်ခြင်းကြောင့် ပြည်သူတွေနဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ ဖိအားတွေက လျော့ကျမသွားဘဲ ပိုတောင်စိတ်ဆိုးစေပြီး၊ စစ်ရေးအရှိန်မြင့်လာ ပါလိမ့်မယ်။ မြန်မာပြည်ရဲ့ တခြားမြို့ကြီးတွေအထိပါ စစ်မီးကူးစက်လာပါလိမ့်မယ်။ အခုလက်ရှိ အခြေအနေအတိုင်းပဲ စစ်တပ်ဟာ ခုခံစစ်တိုက်နေရမှာဖြစ်တဲ့အတွက် နားရမယ့်အချိန်ရှိမှာ မဟုတ်သလို၊ ပြည်သူတွေဟာလည်း ဒီအတိုင်းပဲ နိုင်ငံရေးအကြပ်အတည်းကို ခံစားကြရအုံးမှာပါ။

ဒါနဲ့ NLD နယကဟောင်း ဦးဝင်းထိန်ရဲ့ ပြောကြားချက်ကို သွားသတိရမိပါတယ်။ သူ့စကားနဲ့ ဒီဆောင်းပါးကို အဆုံးသတ်လိုက်ပါတယ်။ သူရဲ့ **"သူတို့နှင့် ကျွန်တော်နှင့် အခြားဆောင်းပါးများ"** စာအုပ်ထဲမှာ **"ဗိုလ်ချုပ်ကြီးတွေအနေနဲ့ နေပြည်တော်က သမ္မတအိမ်တော်အပါအဝင်၊ နိုင်ငံတော်အကြီးအကဲတွေရဲ့ အိမ်တော်ကြီးတွေ၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ ခြံဝင်းကြီးတွေရဲ့ ခမ်းနားကြီးကျယ်ပုံက သူတို့တစ်သက်လုံး အုပ်ချုပ်တော့မယ့် အတွေးနဲ့ ဆောက်ခဲ့ကြတာနဲ့ တူတယ်၊ အခုတော့ သူတို့ ဒီလို(NLDအစိုးရကို လွှဲပေးခဲ့ရတော့) ဘယ်လောက် စိတ်နာလိမ့်မလဲဆိုပြီး အတွေးဝင်ခဲ့တယ်"** ဆိုတဲ့ စကားက အခုပိုပြီးတော့မှ မှန်နေပြီ ဖြစ်ပါတယ်။

**ဟန်နရီမင်း**

> **"၂၀၂၅ ရွေးကောက်ပွဲဟာ နေပြည်တော်က စကစနဲ့ အပေါင်းအပါတွေအတွက်ထွက်ပေါက်မဟုတ်ဘဲ၊ နေပြည်တော်မှာ စကစနဲ့ ကြံ့ဖွံ့တို့ရဲ့ နိုင်ငံရေးဇာတ်လမ်းက အစပြုဖို့ပဲရှိသေးတယ်"**

တစ်နိုင်ငံလုံးစစ်ရှုံးနေသည့် အာဏာသိမ်းစစ်ကောင်စီသည် ၂၀၂၅ ခုနှစ်နိုဝင်ဘာလတွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပေးမည်ဟု စစ်ခေါင်းဆောင်ကိုယ်တိုင် ပြောလာသည်။ ဩဂုတ်လ အတွင်း မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် စစ်ခေါင်းဆောင်တို့ တွေ့ဆုံမှုအပြီး တရုတ်မှ ရွေးကောက်ပွဲကျင်းပဖို့ အားပေးထောက်ခံမှုပြခဲ့ပြီးနောက် ကျယ်ကျယ်လောင်လောင် ပိုအသံထွက်လာခဲ့သည်။

တရုတ်မှ လူဦးရေသန်ခေါင်စာရင်း ကောက်ယူရေးနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အတွက်ပံ့ပိုးကူညီပေးမည်ဟု ပြောဆိုခဲ့သည်။ တစ်နိုင်ငံလုံးရှိပြည်သူများက စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရန် ကြိုးစားနေချိန်တွင် တရုတ်က ၎င်းတို့အကျိုးစီးပွားရှေ့ရှုပြီး မြန်မာပြည်သူများ၏ ဆန္ဒသဘောထားကို အလေးမထားဘဲ စစ်အာဏာရှင်ဘက်မှ ရပ်တည်ခဲ့ခြင်း ဖြစ်သည်။

အာဏာသိမ်းစစ်ကောင်စီမှ ရွေးကောက်ပွဲပြုလုပ်ပေးမည်ဟု ပြောလာသော်လည်းလက်ရှိ ပကတိအခြေအနေတွင် တိုင်းရင်းသားဒေသများနှင့် ပြည်မဒေသများပါ ငြိမ်းချမ်းမှုမရှိဘဲ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ ထို့အတူ ပြည်သူလူထုအနေနှင့်လည်း ရွေးကောက်ပွဲ ပြုလုပ်မည့်အပေါ် စိတ်ပါဝင်စားခြင်း မရှိသည်ကို တွေ့ရသည်။



တစ်နိုင်ငံလုံး မည်ကဲ့သို့အခြေအနေမျိုးနှင့် ကြုံတွေ့နေပါစေ၊ စစ်ကောင်စီခန့် ရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ပြီး ခွင့်ပြုချက်ရထားသည့် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရန် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံမှုတွင် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်ပွဲကျင်းပမည်ဟု ပြောခဲ့သော်လည်း ယခုနောက်ဆုံး နိုင်သူအကုန်ယူစနစ်ဖြင့် ကျင်းပမည်ဟု ပြောပြန်သည်။

ရွေးကောက်ပွဲကော်မရှင်ထံ ပါတီမှတ်ပုံတင်ခွင့်ပြုချက် ရပြီးသည့် ပါတီအရေအတွက် (၅၀) ကျော်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၊ ပြည်သူ့ပါတီ(PP) ၊ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ (SNDP) အပါအဝင် အခြားလူသိနည်းသည့်ပါတီတွေသာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲများတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပြည်သူများစွာ ထောက်ခံအားပေးခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) သည် ပါတီခေါင်းဆောင်များ ဖမ်းဆီးထောင်ချထားခံထားရသဖြင့် ပါတီပြန်လည်မှတ်ပုံတင်ခြင်းမရှိခဲ့သလို ရွေးကောက်ပွဲပြုလုပ်မည်ကိုလည်း တရားဝင်ခြင်းမရှိဘူးဟု ပြောဆိုထားပြီးဖြစ်သည်။ ထို့အတူရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) ၊ ရခိုင်အမျိုးသားပါတီ(ANP)များလည်း ပါဝင်ယှဉ်ပြိုင်ကြမည် မဟုတ်သည့်အတွက် စစ်တပ်လူထွက်များ၊ စစ်တပ်ကျောထောက်နောက်ခံပေးထားသည့်သူများနှင့် ဖွဲ့စည်းထားသည့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ထိုစနစ်အရ အားကောင်းအနိုင်ရဖို့ အခြေအနေဖြစ်လာသည်။

၂၀၂၀ အာဏာသိမ်းပြီးကတည်းက အာဏာသိမ်းစစ်ခေါင်းဆောင်က စစ်မှန်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု မကြာခဏပြောဆိုခဲ့သည်။ သို့သော် နိုင်ငံတော်အာဏာကို (၆) လတစ်ကြိမ်ဖြင့် အကြိမ်ကြိမ် သက်တမ်းတိုးအုပ်ချုပ်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပပေးရန်အတွက်မူတိုင်းပြည် မငြိမ်မသက်ဖြစ်နေသည်ဟုအကြောင်းပြခဲ့သည်။

အာဏာသက်တမ်းတိုးအုပ်ချုပ်နေသည့် (၃) နှစ်ကျော် (၄)နှစ်အတွင်း နိုင်ငံတော်ကိုကျဆုံးအဆင့်ရောက်အောင် တဖြည်းဖြည်းတွန်းပို့ခဲ့သည်။ နိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် စစ်ကောင်စီတပ်များသည် အကျအဆုံးများခဲ့ပြီး နယ်မြေဒေသများစွာ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

နိုင်ငံ၏ နေရာအနှံ့အပြားတွင် အာဏာသိမ်းစစ်ကောင်စီတပ်မှ အပြစ်မဲ့အရပ်သားပြည်

သူများကို အကြောင်းမဲ့ ပစ်သတ်ခြင်း၊ ဖမ်းဆီးစစ်ဆေးသတ်ဖြတ်ခြင်း၊ မိမိတို့ကိုဆန့်ကျင်သူများ ကိုခေါင်းစဉ်အမျိုးမျိုး ပုဒ်မတစ်ခုပြီး တစ်ခုတပ်ကာ နှစ်ရှည်ထောင်ဒဏ်ချခြင်း၊ သေဒဏ်ချမှတ် ခြင်းများ ပြုလုပ်ခဲ့သည်။ မိမိတို့လက်လွှတ်ဆုံးရှုံးခဲ့သည့် နယ်မြေများတွင် လေယာဉ်ဖြင့်ဗုံးကြဲ ဖျက်စီးခြင်းများ ပြုလုပ်ခဲ့သည်။

စစ်မှုထမ်းဥပဒေအမိန့်ထုတ်ပြီး လူငယ်လူရွယ်များကို စစ်မှုထမ်းခိုင်းပြီး ရှေ့တန်းပို့အသေ ခံခိုင်းသည်။ တချို့ ဒေသများတွင် ကျေးလက်နှင့်မြို့ပြမကျန် ပေါ်တာဆွဲခြင်း၊ ရပ်ကွက်ထဲအိမ်ထဲ အထိဝင်ရောက်ဖမ်းဆီးခြင်း စသဖြင့် ပုံစံအမျိုးမျိုးဖြင့် စစ်မှုထမ်းခိုင်းရန် လူသစ်စုသည်။

အာဏာသိမ်းစစ်ကောင်စီတပ်များသည် ကရင်၊ ကယား(ကရင်နီ)၊ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ တနင်္သာရီ၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးစသည့် နေရာဒေသများတွင် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များ၊ ဒေသကာကွယ်ရေးအဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် တိုက်ပွဲ များ ဆက် လက်ဖြစ်ပွားလျက်ရှိသည်။

ရှမ်းပြည်မြောက်ပိုင်းတွင် နေရာဒေသအများအပြားလက်လွှတ်ဆုံးရှုံးထားသည်။ ထို့အတူ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်၊ ကချင်ပြည်များမှာလည်း နေရာအများအပြား ဆုံးရှုံးနေပြီး တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ထို့အတူ လေယာဉ်များအသုံးပြုကာ မြို့ရွာများ နှင့် တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် လူနေရပ်ကွက်များ၊ စစ်ဘေးရှောင်စခန်းများ၊ ဘာသာရေး အဆောက်အဦများ (ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း)၊ စာသင်ကျောင်းများပါမကျန် ဗုံးများကြဲချခဲ့သည်။

ထိုကဲ့သို့ နိုင်ငံအနှံ့တိုက်ပွဲများဖြစ်ပွားနေပြီး တည်ငြိမ်အေးချမ်းမှု ကင်းမဲ့နေပါလျက်နှင့် ဘယ်လိုဘယ်ပုံ နည်းလမ်းနှင့် ရွေးကောက်ပွဲကျင်းပဖြစ်မှာလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

မိမိတို့အုပ်ချုပ်မှုအောက်တွင်ရှိသည့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသ များအတွင်း ရွေးကောက်ပွဲမဖြစ်ဖြစ်အောင် လုပ်မည်လား။ ဒါသည်ပင် အသေအချာ မပြောနိုင် သေးပေ။ လူဦးရေသန်းခေါင် စာရင်း ကောက်ယူရေးပင် ကြိုးစားရဦးမည့် အခြေအနေဖြစ်သည်။

အာဏာသိမ်းစစ်ကောင်စီမှ ရွေးကောက်ပွဲကျင်းပပေးမည် ဆိုသည့်သတင်းကို ပြည် သူများ စိတ်ဝင်စားမှုမရှိ သည်ကို တွေ့ရသည်။ လက်ရှိစစ်ကောင်စီကို အယုံအကြည်မရှိခြင်း လည်းဖြစ်နိုင်သည်။ နိုင်ငံရေးကိုမျက်ခြေမပြတ် စောင့်ကြည့်နေသူအနည်းငယ်သာ ရွေးကောက်ပွဲ အခင်း အကျင်းအပေါ် စောင့်ကြည့်နေသည့် အနေအထားဖြစ်သည်။

ရှမ်းပြည်နယ်တွင် နေထိုင်သည့် ဝါရင့်နိုင်ငံရေးသမား တစ်ဦးကို စစ်ကောင်စီကျင်းပ ပြုလုပ်မည့် ရွေးကောက်ပွဲ နှင့် ပတ်သက်ပြီး အမြင်သဘောထားကိုမေးကြည့်ရာ ၎င်းက "အဖက်ဖက်က ကျရှုံးနေတဲ့ သူတို့(စကစ)က အာဏာသိမ်းခဲ့တာလည်း ၄ နှစ်ကာလထဲ ရောက်လာခဲ့ပြီ။ ဘာမှတိုးတက်အောင် မလုပ်နိုင်ခဲ့သလို အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးအပိုင်းကို ကြည့်လည်း ယခင်ကထက် ပိုဆိုးလာခဲ့တယ်။ သူတို့တောင် ဘယ်နေရာသွားသွား လုံခြုံခြင်းမရှိတော့ဘူး။ နိုင်ငံတကာဆက်ဆံရေးမှာလည်း ဘယ်နိုင်ငံမှ အရေးတယူဆက်ဆံခြင်းမလုပ်ဘူး။ ဒီတော့ နိုင်ငံ တကာအမြင်မှာ အလှည့်အပြောင်းလည်းဖြစ်၊ နိုင်ငံတကာ အသိအမှတ် ပြုခံရရေး၊ တရားဝင်မှုဖြစ်ရေးနှင့် ပြည်တွင်းမှာလည်း တဖြည်းဖြည်းကျပ်တည်းလာတဲ့ အခြေအနေများအတွက် တချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ရွေးကောက်ပွဲလုပ်ပြီး သူတို့ပဲ အကျီပြောင်းအုပ်ချုပ်ဖို့ ခြေလှမ်းပြင်တာပဲ"ဟု သုံးသပ်ပြောဆိုသည်။ ပြည်တွင်းမှာ နိုင်ငံရေးအရဘာမှထူးပြီး ပြောင်းလဲသွားမှာမဟုတ်သလို ငြိမ်းချမ်းသွားဖို့ မမြင်ဘူးဟုငင်းကပြောသည်။

နိုင်ငံရေးမှာ တက်ကြွစွာပါဝင်လှုပ်ရှားနေသည့် ကိုဌေးအောင်(အမည်လွှဲ)ကလည်း စစ်ကောင်စီကလုပ်မည့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ "လက်နက်အားကိုး လူသတ်ဓားပြတိုက် အာဏာသိမ်းယူထားတဲ့ စစ်တပ်ကလုပ်ပေးမယ်ဆိုတဲ့ ရွေးကောက်ပွဲက ဘယ်လိုမှ တရားမျှတမှုရှိမှာမဟုတ်ဘူး။ တရားဝင်မှုလည်းမရှိဘူး။ နိုင်ငံတိုးတက်ကောင်းမွန်အောင် ပြုပြင်နိုင်မယ့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းလည်း မမြင်မိဘူး။ နိုင်ငံရေးအရ ကြည့်ရင်လည်း ပါဝင်သင့်ပါဝင်ထိုက်တဲ့ အတိုက်အခံပါတီ၊ အဖွဲ့အစည်းတွေ မပါဝင်နိုင်ဘူး။ သူခိုးကတရားဝင်သူခိုး ဖြစ်ဖို့ လုပ်တာပဲလို့မြင်တယ်။ ကျန်တာဘာမှ ထူးထူးခြားခြားဖြစ်လာဖို့ မရှိဘူး"ဟု ပြောသည်။

တကယ့်မြေပြင်အနေအထားအရလည်း ဝါရင့်နိုင်ငံရေးသမားတွေ နိုင်ငံရေးမှာ တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ သူတွေ သုံးသပ်သလို ၂၀၂၅ မှာ စစ်ကောင်စီက ပြုလုပ်မည့်ရွေးကောက်ပွဲသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ နိုင်ငံနှင့်လူမျိုးအတွက် ပြောင်းလဲသွားမှာမဟုတ်ဘူး။ စစ်ကောင်စီ၏ လှည့်ကွက်တွေနှင့် ပြည့်နေသည့် ရွေးကောက်ပွဲပဲ ဖြစ်ပါလိမ့်မည်။

၂၀၂၀ ခုနှစ်ရွေးကောက်ပွဲ အနိုင်ရအမတ်အများစု ပါဝင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဘက်မှ လည်း ဘယ်လိုရွေးကောက်ပွဲလုပ်လုပ် တရားဝင်မှုမရှိဘူး။ ရွေးကောက်ပွဲ မဖြစ်အောင်လည်း တားဆီးသွားမည်ဖြစ်ပြီး စစ်ကောင်စီကို ယခုထက် ပိုအရှိန်မြှင့် တိုက်ခိုက်သွားမည်ဟု တာဝန်ရှိသူတွေ ပြောထားသည်။

**"ရွေးကောက်ပွဲသည် ၎င်းတို့တရားဝင် ဆက်လက်အုပ်ချုပ်နိုင်ရေး နည်းလမ်းတစ်ခု ထွက်ပေါက်တစ်ခုအနေနှင့် မဖြစ်ဖြစ်အောင် လုပ်သွားမှာ သေချာသည်။ "**

၂၀၂၀ ရွေးကောက်ပွဲရလဒ်မဲမသမာမှုရှိသည်ဟု အကြောင်းပြအာဏာသိမ်းယူခဲ့ခြင်းသည် စစ်ခေါင်းဆောင်နှင့် နောက်လိုက်အပေါင်းအပါများမှ ယခင့်ယခင်က အာဏာသိမ်းစစ်ခေါင်းဆောင်များကဲ့သို့ နိုင်ငံတော်ကို နှစ်ရှည်အုပ်ချုပ်ရန် ကြံစည်ခဲ့ခြင်းဖြစ်သည်။ လက်နက်အားကိုးအနိုင်ကျင့်ကာ ပြည်သူကိုအုပ်ချုပ်ခဲ့သော်လည်း ၎င်းတို့တွေးထင်သလို အုပ်ချုပ်၍မရနိုင်မှန်း (၃) နှစ်ကျော်(၄)နှစ်အတွင်း လက်တွေ့ကျကျသိခဲ့ရပြီဖြစ်သည်။

ရွေးကောက်ပွဲသည် ၎င်းတို့တရားဝင်ဆက်လက်အုပ်ချုပ်နိုင်ရေး နည်းလမ်းတစ်ခု၊ ထွက်ပေါက်တစ်ခုအနေနှင့် မဖြစ်ဖြစ်အောင် လုပ်သွားမှာသေချာသည်။ (၄) နှစ်ကာလအတွင်း ၎င်းတို့အုပ်ချုပ်ခဲ့ရာ နိုင်ငံတကာ အလယ်တွင် လူရာမသွင်းခံရမှု၊ အသိအမှတ်ပြုတန်းတူမဆက်ဆံခံရမှု၊ ပြည်တွင်းတွင်လည်း ပြည်သူများ၏ ဆန့်ကျင့်တော်လှန်မှုများနှင့် ရင်ဆိုင်နေရခြင်း၊ တပ်မတော်သမိုင်းတလျှောက်တွင် မကြုံစဖူး နယ်မြေဒေသများစွာ ဆုံးရှုံးနေခြင်း၊ စစ်သားဦးရေထောင်သောင်းများစွာ ကျဆုံးလာခြင်း၊ ထွက်ပြေးခြင်း၊ လက်နက်ချခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအပါအဝင် အဖက်ဖက်မှ ကျဆုံးလာခြင်းများနှင့် ပြည်သူများစွာ ဆင်းရဲကြပ်တည်း လာခြင်းစသည့် အကြောင်းအရာများစွာတို့သည် စစ်တပ်ခေါင်းဆောင်များနှင့် နောက်လိုက်အပေါင်းများမှ မိမိတို့အဖွဲ့အစည်းတစ်ခုတည်း အကျိုးစီးပွားကိုကြည့်ပြီး အာဏာသိမ်းယူခဲ့ခြင်း၏ အကျိုးဆက်ရလဒ်များ ဖြစ်သည်။

၎င်းရလဒ်များသည် အာဏာသိမ်းယူအုပ်ချုပ်ခဲ့သည့် စစ်ခေါင်းဆောင်နှင့် နောက်လိုက်အပေါင်းအပါများ တက်ညီလက်ညီ အတူတကွ ဖော်စပ်ထားသည့် အဆိပ်များဟု ဥပမာခိုင်းနှိုင်းရပါလျှင် ယခုစစ်ခေါင်းဆောင် ပြောသည့် ၂၀၂၅ ခုနှစ်အတွင်း ကျင်းပပြုလုပ်ပေးမည်ဆိုသည့် ရွေးကောက်ပွဲသည် နိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် ရည်ရွယ်သည်မဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူများတွင်မကဘဲ စစ်ကောင်စီ အသိုင်းအဝိုင်းအထိပါ အဆိပ်သင့်လာပြီဖြစ်သည့်အတွက်ကြောင့် ၎င်းတို့ ဖော်စပ်ထားသည့်အဆိပ်များ သက်သာလို့ သက်သာငြားအသုံးချမည့် ဖြေဆေးသာဖြစ်သည်။

**မင်းကျော်ဖေ**




# လမ်းချင်းတူပေမယ့် လူခြင်းမတွေ့ကြသေးတာလား

ညီညီ

လမ်းချင်းတူလို့ လူချင်းတွေ့ကြတယ်ဆိုတာ တော်လှန်ရေးကာလထဲမှာ အသုံးများလာတဲ့ လက်သုံးစကား တစ်ခုဖြစ်တယ်။ စစ်အာဏာရှင်ကိုတော်လှန်နေကြတဲ့ မတူကွဲပြားတဲ့ ဒေသအသီးသီးမှ လူတွေက မထင်မှတ်ပဲ ဆုံတွေ့ကြပြီး စစ်အာဏာရှင်ပြုတ်ကျရေးကို အတူတကွ လက်တွဲ ဆောင်ရွက်သွားကြတာကို ရည်ရွယ်ရင်း ဒီစကားကို အသုံးပြုခဲ့ကြတာဖြစ်ပါတယ်။ လမ်းချင်းတူလို့ လူချင်းတွေ့ကြတဲ့ အခါမှာ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ နားလည်မှုတွေယူဖို့လိုသလို ယုံကြည်မှုတွေကို ပိုခိုင်မာအောင် တည်ဆောက်ဖို့ လိုတယ်။ ကိုယ်ကျိုးအတ္တတွေကို ဖြေလျှော့ပြီး အားလုံးရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အာဏာရှင်အမြစ်ပြတ်ရေးကို ဦးတည်နေဖို့လိုတယ်။ သို့ပေမယ့်လည်း လမ်းချင်းတူတယ်လို့ ဆိုပေမယ့် လူချင်းမတွေ့ကြသေးတာလား၊ အပြန်အလှန်ယုံကြည်ချက်တွေကို တည်ဆောက်လို့ မရသေးတာလား ဆိုတဲ့ မေးခွန်းထုတ်စရာကောင်းတဲ့ နွေဦးတော်လှန်ရေးရဲ့ အခြေအနေတချို့ကလည်း ရှိနေခဲ့ပြန်တယ်။

နွေဦးတော်လှန်ရေး အစဖြစ်တဲ့ ၂၀၂၁၊ ၂၀၂၂ ကာလတွေမှာ စစ်အာဏာရှင်ကို တိုက်ထုတ်နိုင်ဖို့ ရှိရင်းစွဲတိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့တွေနဲ့ စစ်အာဏာရှင်ကြောင့် လက်နက်ကိုင်တော်လှန်ရေးကို ရွေးချယ်လာတဲ့ လူငယ်အင်အားတွေ စုပေါင်းကာ ဖက်ဒရယ်တပ်မတော်တစ်ခုကို NUG က ကမကထလုပ်ပြီး ဖွဲ့လိမ့်မယ်လို့ ပြည်သူတွေ မျှော်လင့်ခဲ့ကြတယ်။ သို့ပေမယ့်

အကြောင်းအမျိုးမျိုးကြောင့် Federal Army ကို မဖွဲ့စည်းနိုင်ခဲ့သော်လည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တွေ ပေါ်ပေါက်လာတဲ့အချိန်မှာ ပြည်သူတွေ တခဲနက်ထောက်ခံအားပေးနေခဲ့တယ်။ PDF တွေ ပေါ်လာချိန်မှာလည်း ပြည်သူတွေက တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ ပါဝင်မှုနဲ့ အင်အားကိုလည်း စစ်အာဏာရှင် အမြစ်ပြတ်ရေးအတွက် မျှော်လင့် ကိုးစားခဲ့ကြတယ်။ ကျနော်တို့ ပြည်သူတရပ်လုံးက လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့တွေအားလုံး ညီညွတ်မှ တော်လှန်ရေးကြီး အမြန်အောင်မြင်မယ်ဆိုတာကို နားလည်လက်ခံထားကြပါတယ်။

ထို့ ၂၀၂၂ နှစ်ဦးပိုင်းကာလမှာ NUG ကာကွယ်ရေး ဝန်ကြီးဦးရည်မွန်က BBC နဲ့ အင်တာဗျူးတစ်ခုမှာ “ မဟာမိတ်တွေနဲ့ စစ်ရေးပူးပေါင်းဆောင်ရွက်ဖို့ ဗဟိုကွပ်ကဲရေးနဲ့ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ C3C နဲ့တကွ စစ်ရေးမဟာမိတ်စုစည်းမှုတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်ကို တော်လှန်ရေး ရေသောက်မြစ် တည်တဲ့နှစ်လို့ ပြောမယ်ဆိုရင် ၂၀၂၂ခုနှစ်ကိုတော့ တော်လှန်ရေးအောင်ပွဲခံမယ့်နှစ်လို့ ပြောချင်ပါတယ်။ ပိုမိုအားကောင်းလာတဲ့ တော်လှန်ရေးအဖွဲ့များအနေနဲ့ စစ်ကောင်စီရဲ့ အကြမ်းဖက်စစ်ဗျူဟာကို လအနည်းငယ်အတွင်း ဦးချိုးပစ်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်” ဆိုတဲ့အဖြေဟာ စစ်အာဏာရှင်ကို မလိုလားတဲ့ ပြည်သူတွေအတွက် အင်အားတက်စရာ စကားလုံးတွေဖြစ်ခဲ့တယ်။ သို့သော်လည်း ဒီစကားလုံးတွေက အခုချိန်အထိ လက်တွေ့ မဖြစ် လာခဲ့သေးပါဘူး။

၂၀၂၂ နဲ့ ၂၀၂၃ ကာလတွေမှာတော့ နေရာကွက်ကြား ဖြစ်နေတဲ့ စစ်ကောင်စီကို ခုခံတွန်းလှန်တိုက်ပွဲတွေနဲ့ပင် တော်လှန်ရေး အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်ကို ပြည်သူတွေအနေနဲ့တော့ လက်ကိုင်ထားဆဲဖြစ်တယ်။ ဒါပေမယ့် စစ်ကောင်စီကလည်း သူ့ရဲ့ နိုင်ငံရေးထွက်ပေါက်ဖြစ်တဲ့ ရွေးကောက်ပွဲလုပ်ဖို့ပြင်ဆင်နေသလို တိုင်းရင်းသားတော်လှန်ရေး တပ်ဖွဲ့တွေကိုလည်း ညှိနှိုင်းဖို့ကမ်းလှမ်းမှုတွေရှိခဲ့တယ်။ စစ်ကောင်စီရဲ့ အားပြိုင်မှုတွေ ပြင်းထန်လာချိန်မှာ တော်လှန်ရေးအစိုးရလို့ သတ်မှတ်ထားတဲ့ NUG နဲ့ တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့တွေကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ဖက်ဒရယ်ရေးရာ ညှိနှိုင်းဆောင်ရွက်မှုတွေ အဆင်မပြေဖြစ်မှာကိုလည်း ပြည်သူတွေက စိုးရိမ်ပူပင်နေခဲ့ရတယ်။

အဲ့ဒီအချိန်မှာ ၂၀၂၃ ခုနှစ် ၁၀ လပိုင်း ၂၇ ရက်နေ့မှာ ကိုးကန့် (MNTJP/ MNDAA)၊ တအာင်း (PSLF/ TNLA)၊ နှင့် ရက္ခိုင် (ULA/AA) တို့ စတင်ခဲ့တဲ့ Operation 1027 က ပြည်သူတစ်ရပ်လုံးအတွက် တော်လှန်ရေး မျှော်လင့်ချက်ကြီးကို ထပ်မံရှင်သန်စေခဲ့တယ်။ ၁၀၂၇

စစ်ဆင်ရေးအစပိုင်းမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကွတ်ခိုင်၊ ကျောက်မဲ၊ မူဆယ်၊ နမ့်ခမ်း၊ နောင်ချို၊ လားရှိုးနှင့် ချင်းရွှေဟော်မြို့များရှိ စစ်ကောင်စီအဖွဲ့များအား တပြိုင်နက်တည်း တိုက်ခိုက်ခဲ့ကြတယ်။ ထို့နောက် ရှမ်းပြည်နယ်အပြင် စစ်ကိုင်းတိုင်း၊ မိုးကုတ်၊ မန္တလေးနှင့် ထီးချိုင့်မြို့နယ်များတွင်လည်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ကောလင်းမြို့ကို သိမ်းပိုက်နိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့အထိ စစ်ကောင်စီစခန်း ၁၆၈ခုကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း ညီနောင်မဟာမိတ် အဖွဲ့တွေထံက သိရပါတယ်။

စစ်ဆင်ရေးကို ကြိုဆိုထောက်ခံကြသော မြန်မာပြည်သူလူထု တရပ်လုံး အပါအဝင် အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီကို မိမိတို့အနေဖြင့် များစွာကျေးဇူးတင်ရှိကြောင်း၊ တပြိုင်နက်တည်းတွင် မြောက်ပိုင်းညီနောင်မဟာမိတ် ၃ ဖွဲ့ အနေဖြင့်လည်း မိမိတို့ရည်မှန်းထားသော စစ်ရေး၊ နိုင်ငံရေး၊ ရည်မှန်းချက်များနှင့်အတူ မြန်မာပြည်သူလူထုတရပ်လုံး လိုလားသော ဆန္ဒ၊ မျှော်မှန်းချက်များကို အပြည့်အဝရရှိသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ညီနောင် ၃ ဖွဲ့က ပြောခဲ့တယ်။

ပြီးတော့ ၁၀၂၇ စစ်ဆင်ရေးနဲ့ ပတ်သက်ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၄ရက်နေ့ မဇ္ဈိမသတင်းဌာနရဲ့ အင်တာဗျူးတစ်ခုမှာ ဦးရည်မွန်က “Operation 1027 ရဲ့ ရှမ်းမြောက်ဒေသမှာဆိုရင် NUG/MODရဲ့ MDY PDFဟာ ညီနောင်များနဲ့ လက်တွဲပြီး တိုက်ပွဲဝင်နေတယ်။ အခြားစစ်နယ်မြေတွေက PDF/ပကဖ ရဲဘော်များ၊ မဟာမိတ် EROs များဆိုရင်လည်း ဟန်ချက်ညီ စစ်ဆင်နေကြပြီ ဖြစ်ပါတယ်။” လို့ဖြေခဲ့တာကို တွေ့ရတယ်။ ဒီဖြေဆိုချက်ကို ကြည့်ခြင်းအားဖြင့် NUGနဲ့ တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့တွေရဲ့ မဟာမိတ်ဆက်ဆံရေး အခြေအနေကို သိသာထင်ရှားစေခဲ့တယ်။

အဲ့ဒီ ၁၀၂၇ စစ်ဆင်ရေးမှာ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၁၁ရက်နေ့၊ ည ၉ နာရီတွင် တရုတ်၏ကြားဝင်စေ့စပ်မှုများအရ ဟိုင်ဂင်သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာခဲ့ပြီး အပစ်အခတ်ရပ်စဲရန် အပါအဝင် နှစ်ဖက်သဘောတူညီချက်တွေထွက်ပေါ်လာခဲ့တယ်။

ဒါပေမယ့် ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှာ ၁၀၂၇ စစ်ဆင်ရေးကို ဒုတိယလှိုင်းအနေနဲ့ ထပ်မံပြီး စစ်ကောင်စီကို တိုက်ခိုက်ခဲ့ကြတယ်။ ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း ထူးခြားချက်ဟာ ညီနောင်မဟာမိတ်သုံးဖွဲ့အနေနဲ့ နွေဦးတော်လှန်ရေးနဲ့ ပူးပေါင်းပြီး နယ်မြေသိမ်းတိုက်ပွဲတွေ အရှိန်အဟုန်နဲ့ စတင်နိုင်တာဖြစ်တယ်လို့ တိုက်ပွဲကို အဓိကဦးဆောင်နေတဲ့ တအာင်းအမျိုးသား

လွတ်မြောက်ရေးတပ် TNLA ပြောခွင့်ရ လွေးယေဦး က VOA မှာ ပြောခဲ့ပါတယ်။

ရှမ်းမြောက်ဒေသမှာ ပြန်လည်စတင်လာတဲ့ ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်းနဲ့ ဆက်စပ်ပြီး မန္တလေးတိုင်းအတွင်းပါ တော်လှန်ရေးတပ်များနှင့် အတူရှမ်းမန်း စစ်ဆင်ရေးအဖြစ် ထိုးဖောက်ဝင်ရောက်မည် ဖြစ်ကြောင်း ကို NUG ရဲ့ ကာကွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၂၇ ရက်နေ့မှာ ထုတ်ပြန်ခဲ့တယ်။ လားရှိုးအခြေစိုက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို MNDAA က သိမ်းပိုက်လိုက်ပြီးချိန်မှာတော့ မန္တလေးမြို့ကို သိမ်းနိုင်ဖို့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက မျှော်လင့်ချက်ကြီးမားနေကြတယ်။

အခုလိုမျိုး မျှော်လင့်ချက်ကြီးမားနေချိန်မှာ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ရဲ့ ၂၀၂၄ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်တစ်ခုက စက်တင်ဘာလ ၁၈ ရက်နေ့ညမှာ လူထုထံကို ပြန်လည်ပျံ့နှံ့လာခဲ့တယ်။ ဒီထုတ်ပြန်ချက်ထဲတွင် MNDAA ဟာ "တရုတ် (သို့မဟုတ်) မြန်မာကိုဆန့်ကျင်သော နိုင်ငံခြားအသိုင်း အဝိုင်းများနှင့် မပူးပေါင်းခြင်း၊ မဆက်ဆံခြင်း၊ မဟာမိတ်မဖွဲ့ ခြင်းသည် MNDAA ၏ နိုင်ငံရေး Redline ဖြစ်သည်။ ထို့အတူ MNDAA အနေဖြင့် NUG နှင့် စစ်ရေး၊ နိုင်ငံရေး အရပူးပေါင်းခြင်း၊ စစ်မြေပြင်များချဲ့ ထွင်ခြင်း၊ မန္တလေးနှင့် တောင်ကြီးကို ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများအား လုံးဝပြုလုပ်မည် မဟုတ်ပေ။" ဟူ၍ ဖော်ပြထားခဲ့တယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ပြည်သူအများစုရဲ့ ဝေဖန်မှုက မြင့်တက်နေခဲ့တယ်။ ဒီအချက်က မြန်မာ့နွေဦးတော်လှန်ရေးမှာ NUG နဲ့ တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ မဟာမိတ်ဆက်ဆံရေးကို မီးမောင်းထိုးပြလိုက်တာလားဆိုတဲ့ သုံးသပ်မှုတွေ ကိုလည်း တွေ့ရတယ်။ တချို့ကတော့လည်း တရုတ်ရဲ့ ဖိအားပေးမှုကြောင့်လို့ ထင်မြင်သူ တချို့လည်း ရှိပါတယ်။

MNDAA နဲ့ TNLA တို့က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့အားလုံးနီးပါးကို သိမ်းပိုက်နိုင်ခဲ့ပြီးချိန်မှာ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေတဲ့ တိုက်ပွဲများ အဆုံးသတ်ရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး အတွက် ကြိုးစားနေတယ်လို့ တရုတ်အစိုးရက ပြီးခဲ့တဲ့ ဩဂုတ်လကုန်ပိုင်းက ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

၁၀၂၇ စစ်ဆင်ရေးရဲ့ နောက်ပိုင်းမှာ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတန်ဖိုးရဲ့ ၉၁ ရာခိုင်နှုန်းကို တိုင်ရင်းသားတော်လှန်ရေးတပ်ဖွဲ့တွေ ထိန်းချုပ်နိုင်ခဲ့တယ်။ ဒါ့အပြင် မြန်မာနိုင်ငံအလယ်ပိုင်းမှာ ရှိတဲ့ တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုတချို့ကလည်း NUG လက်အောက်ရှိ PD-

Fတွေရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်ရှိနေပြီးဖြစ်တယ်။ ဒီအချက်တွေကြောင့် တရုတ်ဟာ မိမိကိုယ်ကျိုးစီးပွား ထိခိုက်မှုကို လျှော့ချနိုင်ရန်နှင့် မြန်မာပြည်တွင်းမှာရှိတဲ့ တရုတ်နိုင်ငံသားတွေကို အကာအကွယ်ပေးနိုင်ရန် ဝင်ရောက်စွက်ဖက်နေတယ်လို့ သုံးသပ်နေမှုများလည်း ရှိနေပါတယ်။

တရုတ်က စစ်ကောင်စီနဲ့သာမက NUGနဲ့ မြန်မာနိုင်ငံ တောင်ပိုင်းက  EAOs တချို့နဲ့ပါ ဆွေးနွေးမှုတွေရှိခဲ့ပြီး တရုတ်အနေနဲ့ မြန်မာ အကျပ်အတည်းကို အင်အားစု အားလုံးနဲ့ ထောင့်စုံ ဖြေရှင်းမှ တရုတ်အကျိုးစီးပွားပေါ် အာမခံချက်ရှိမယ်ဆိုတဲ့ စဉ်းစားချက်ကို အခြေခံကြောင်း ISP Myanmar ရဲ့ ဩဂုတ်လ ထုတ်ပြန်ချက်မှာ ဖော်ပြထားခဲ့တယ်။

တရုတ်က ကိုယ်ကျိုးစီးပွားအတွက် မြောက်ပိုင်းတိုင်းက တော်လှန်ရေးတပ်ဖွဲ့တွေကို ဖိအားပေးမှုတွေရှိနေသလို တဘက်က NUG နဲ့ တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့တွေကြားက နိုင်ငံရေး၊ စစ်ရေး မကျေလည်မှုတွေကလည်း တော်လှန်ရေးကာလ ၃နှစ်ကျော်အထိ ရှိနေဆဲပင် ဖြစ်ပါတယ်။

NUGနဲ့ တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့တွေကြားမှာ ဖက်ဒရယ်နဲ့ ပတ်သက်တဲ့ သဘောတူညီချက်တွေ အပြည့်အဝ မရရှိသေးခြင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) က NUG ၏ ဖက်ဒရယ်မူကြမ်းကို လက်မခံခြင်းနှင့် တိုင်းရင်းသားခေါင်းဆောင်အချို့က NUG တွင် တိုင်းရင်းသားကိုယ်စားပြုမှု လုံလောက်မှုမရှိဟု ထင်မြင်ကြခြင်း အပါအဝင်မကျေလည်တဲ့ အချက်တွေကလည်း ရှိနေဆဲဖြစ်တယ်။ NUG ကလည်း နိုင်ငံတကာအသိအမှတ်ပြုမှုရ ရှိရေးကို ကြိုးစားဆောင်ရွက်နေသလို တိုင်းရင်းသားအဖွဲ့အစည်းအချို့ကလည်း သူတို့ရဲ့ ကိုယ်ပိုင်တည် ဆောက်ထားတဲ့ နိုင်ငံတကာဆက်ဆံရေးကို ထိန်းသိမ်းထားချင်ကြပါတယ်။ လက်ရှိ အချိန်အထိ AA နဲ့ NUG တို့ဟာ အချို့သောကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပေမယ့် တရားဝင် မဟာမိတ်ဖွဲ့ထားခြင်း မရှိသေးပါဘူး။ AA က ရခိုင်တို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ရခိုင်ပြည် အတွင်း လွတ်လပ်ခွင့်ကို ဦးစားပေးတိုက်ပွဲဝင်နေခြင်း ဖြစ်တယ်။ဒါတွေအပြင် နှစ်ပေါင်းများစွာ ထဲကရှိခဲ့တဲ့ သမိုင်းကြောင်းဆိုင်ရာ ပြဿနာများကြောင့်လည်း EAOs အချင်းချင်းကြား၊ NUG နဲ့ EAOsများ ကြားတွင် ယုံကြည်မှုတည်ဆောက်ဖို့ ခက်ခဲနေမှုများလည်းရှိပြန်တယ်။

အချုပ်အားဖြင့် ပြောရမယ်ဆိုရင် NUG နဲ့ EAOs တွေရဲ့ ဆက်ဆံရေးက ပိုမိုခိုင်မာဖို့ လိုအပ်တယ်။ ဒါဟာ တော်လှန်ရေးအောင်မြင်ဖို့ အဓိကအချက်တွေထဲက ထိပ်ဆုံးတစ်ခုဖြစ်ပါ တယ်။ အမည်အားဖြင့်ကတော့ “ဖက်ဒရယ်ဒီမိုကရေစီ” စနစ်အတွက် သူတို့ရဲ့ ရည်ရွယ်ချက်

တွေက တူညီနေပေမယ့် အခုအချိန်မှာတော့ တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့တချို့ရဲ့ မျှော်လင့်ချက်နဲ့ NUG ရဲ့ ချမှတ်ထားတဲ့ မူဝါဒတွေ အကြား ကွာဟမှုတွေ ရှိနေပါသေးတယ်။ စစ်အာဏာရှင်ကို တော်လှန်ဖို့ NUG နဲ့ EAOs တွေကြား အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုမှာ အခက်အခဲတွေ ရှိနေဆဲဖြစ်ပေမယ့် တိုင်းရင်းသားအဖွဲ့များ၏ အကူအညီသည် တော်လှန်ရေး၏ အောင်မြင်မှုအတွက် အဓိကအခန်းကဏ္ဍရှိတယ်ဆိုတာ ငြင်းမရပါဘူး။ NUG အနေဖြင့် EAOs တွေရဲ့ သဘောထားနဲ့ ရည်ရွယ်ချက်ကို ပိုမိုအလေးထားဆွေးနွေးဖို့ လိုအပ်နေပါသေးတယ်။ ဒီနွေဦးတော်လှန်ရေးမှာ ပါဝင်နေကြတဲ့ တော်လှန်ရေးအဖွဲ့ အားလုံးမှာ စစ်အာဏာရှင်အမြစ်ပြတ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေး၊ နှစ် ၇၀ ကျော်ကြာနေတဲ့ ပြည်တွင်းစစ်ချုပ်ငြိမ်းရေး စတဲ့ အခြေခံ ရည်ရွယ်ချက်တွေ တူညီနေကြပေမယ့် ဘုံသဘောတူညီမှုတွေ၊ နိုင်ငံရေး၊ စစ်ရေး သဘောတူညီမှုတွေကတော့ ပြည်သူတွေမျှော်လင့်ထားသလောက် အားရကျေနပ်မှုတွေ မတွေ့နေရသေးပါဘူး။ ဒီတော်လှန်ရေး ၃ နှစ်ကျော်အတွင်းမှာ တော်လှန်ရေးခေါင်းဆောင်အဖွဲ့အစည်းတွေက လမ်းချင်းတူပင်မဲ့ လူချင်းမတွေ့ကြ သေးတာလား။ လူချင်းတွေ့ပြီးမှ ယုံကြည်မှုတွေ မတည်ဆောက်နိုင်ကြသေးတာလားဆိုတာ ပြန်စဉ်းစား သုံးသပ်ဖို့အချိန်တန်နေပါပြီ။

ညီညီ

**" ဒီတော်လှန်ရေး (၃) နှစ်ကျော်အတွင်းမှာ တော်လှန်ရေးခေါင်းဆောင်အဖွဲ့စည်း တွေက လမ်းချင်းတူပေမယ့် လူချင်းမတွေ့ကြသေးတာလာ...?**
**လူချင်းတွေ့ပြီးမှ ယုံကြည်မှုတွေ မတည်ဆောက်နိုင်ကြသေးတာလားဆိုတာ ပြန်စဉ်းစား သုံးသပ်ဖို့ အချိန်တန်နေပါပြီ "**

၂၀၂၅ မှာ အထွေထွေရွေးကောက်ပွဲကျင်းပမယ်လို့ စစ်ကောင်စီက ကြေညာထားပါတယ်။ ရွေးကောက်ပွဲ အကြိုလှုပ်ရှားမှုအနေနဲ့ တနိုင်ငံလုံး သန်းခေါင်စာရင်းကောက်ခံတာကို အခု ၂၀၂၄ အောက်တိုဘာ ၁ ရက်နေ့မှာ စလုပ်တော့မှာ ဖြစ်ပါတယ်။

စစ်အုပ်စုလက်ထဲမှာ ရွေးကောက်ပွဲကျင်းပပိုင်တဲ့ အခွင့်အာဏာ ရှိမရှိဆိုတာ အငြင်းပွားစရာ ကိစ္စရပ်တခု ဖြစ်လာပါတော့တယ်။ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အိမ်နီးချင်းနိုင်ငံတချို့က အေးချမ်းတည်ငြိမ်ရေး လမ်းကြောင်းကို နိုင်ငံရေးနည်းနဲ့ လျှောက်လှမ်းဖို့ လိုအပ်နေတယ်ဆိုပြီးတော့ စစ်ကောင်စီကို တွန်းအားပေးကြပါတယ်။ ဒီလိုတွန်းအားပေးတဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့နဲ့ အားလုံးပါဝင်နိုင်တဲ့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပဖို့ဆိုတာပါပါတယ်။

ဒါပေမယ့် မင်းအောင်လှိုင်ခေါင်းဆောင်တဲ့ စစ်အုပ်စုက နိုင်ငံတကာရဲ့အပြုသဘော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုတာတွေကို မျက်ကွယ်ပြုပြီး သူ့လမ်းကြောင်းနဲ့သူဆက်သွားချင်နေတယ်ဆိုတာကို တော်တော် သိသိသာသာတွေ့မြင်နေရပါပြီ။

မင်းအောင်လှိုင် ဆက်သွားချင်တဲ့ လမ်းကြောင်းက နှစ်ခုရှိပါတယ်။ တခုက တိုင်းရင်းသားလက်နက်ကိုင်တွေကို လက်နက်ချရေး ဖိအားပေးခြင်းဖြစ်တဲ့ NCA လမ်းကြောင်းဖြစ်ပြီး နောက်တခု ကတော့ နိုင်ငံရေးအင်အားစုမှန်သမျှကို စစ်တပ်အောက် ဒူးထောက်စေဖို့ဖိအားပေးတဲ့ ၂၀၀၈ ခြေဥလမ်းကြောင်းပဲဖြစ်ပါတယ်။



ဒီလမ်းကြောင်းနှစ်သွယ်ကို ရွေးကောက်ပွဲအခင်းအကျင်းနဲ့ ပီပြင်အောင် လုပ်နိုင်လိမ့်မယ်လို့ မင်းအောင်လှိုင် စစ်အုပ်စုက ယုံကြည်နေပါတယ်။ ဒီအခြေအနေကို ပြည်သူလူထုကရော ဘယ်လိုများတုံ့ပြန်ဖို့ရှိပါသလဲ။ မင်းအောင်လှိုင်ရဲ့ ရွေးကောက်ပွဲကရော တရားဝင်မှုရှိပါ့မလား။ အထူးသဖြင့် စစ်တပ်ကိုင်စွဲထားတဲ့ NCA လမ်းကြောင်းနဲ့ ၂၀၀၈ ခြေဥလမ်းကြောင်းအပေါ် ကျနော်တို့ ပြည်သူတွေ ဘယ်လိုသဘောထားမလဲဆိုတာ ဆန်းစစ်ကြည့်ကြပါစို့။

## ၂၀၀၈ ခြေဥကို ပြည်သူက ဖျက်သိမ်းပြီးဖြစ်

စစ်ကောင်စီအနေနဲ့ ရွေးကောက်ပွဲကျင်းပဖို့ရာ လမ်းပြမြေပုံကို ချမှတ်ထားတယ်ဆိုပေမယ့် ပြည်သူလူထုဘက်က စစ်အုပ်စုရဲ့ အခြေခံဥပဒေအပါအဝင် လမ်းပြမြေပုံ (၇)ချက်စလုံးကို လက်သင့်မခံကြောင်း အတိအလင်းကြေညာပြီးဖြစ်ပါတယ်။ ၂၀၂၁ နွေဦးတော်လှန်ရေးအစပိုင်းကတည်းက လူထုတရပ်လုံး စစ်ကျွန်ဥပဒေဖျက်သိမ်းရေးကို တရားဝင်ကြေညာပြီး စစ်ကောင်စီကို ဆန့်ကျင်တော်လှန်ခဲ့ကြတာဖြစ်တယ်။

မင်းအောင်လှိုင်ရဲ့ အာဏာသိမ်း စစ်ကောင်စီဟာ တရားဝင်အစိုးရတရပ် မဟုတ်ရုံသာမက လူသတ်အကြမ်းဖက်တဲ့ စစ်အုပ်စုတခုသာဖြစ်ပါတယ်။ ဒါကြောင့် သူတို့မှာလူထုထောက်ခံမှု မရှိသလိုတရားဝင်မှုလည်း မရှိနေပါဘူး။ ဒီအချက်ကိုထောက်ရှုကြည့်ရင် စစ်ကောင်စီမှာ ရွေးကောက်ပွဲလုပ်ပိုင်ခွင့်သည်နတ္ထိမရှိလို့ပြောရပါလိမ့်မယ်။

## နိုင်ငံရေးအင်အားစုများရဲ့ ထောက်ခံမှုမရခြင်း

နိုင်ငံတနိုင်ငံမှာ ရွေးကောက်ပွဲလုပ်ဖို့ဆိုတာ အဆိုပါနိုင်ငံတဝှမ်းလုံးက နိုင်ငံရေးပါတီတွေ၊ အင်အားစုတွေရဲ့ ပူးပေါင်းပါဝင်မှုလိုအပ်ပါတယ်။ ယနေ့နိုင်ငံရေးအခင်းအကျင်းအရ လူထုအားပေးထောက်ခံမှုရှိတဲ့ နိုင်ငံရေးပါတီတွေကို မတရားအမိန့်အာဏာနဲ့ ဖျက်သိမ်းထားပြီးဖြစ်နေတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီများဟာ ဒီရွေးကောက်ပွဲကို သပိတ်မှောက်ထားပြီး ဖြစ်တယ်လို့ ပြောလို့ရပါတယ်။

နိုင်ငံအနှံ့အပြားမှာရှိတဲ့ ပါတီဝင်တွေ၊ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူတွေ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူတွေနဲ့ အရပ်ဖက်အဖွဲ့အစည်းတွေ အတော်များများဟာလည်း စစ်ကောင်စီကို ဆန့်ကျင်တော်လှန်တဲ့ အခန်းကဏ္ဍမှာ နေရာယူပြီးဖြစ်တဲ့အတွက် အခုလုပ်မယ်ဆိုတဲ့ ရွေးကောက်ပွဲကို အသိအမှတ်ပြုစရာမလိုအပ်တော့ပါဘူး။

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစု တော်တော်များများနဲ့ စစ်အုပ်စု

ကြားမှာလည်း လက်နက်ကိုင်ပဋိပက္ခ ပြင်းထန်နေတာကြောင့် တကြောင်း၊ EROs တွေဘက်က စစ်ရေးအသာစီးယူထားနိုင်တာကြောင့်တကြောင်း စစ်ကောင်စီရဲ့ ရွေးကောက်ပွဲလုပ်နိုင်တဲ့ဘောင်ဟာ တအားကျဉ်းမြောင်းလွန်းလှတယ်လို့ ပြောရပါလိမ့်မယ်။

## စစ်အုပ်စုဘက်မှာ ဘယ်သူတွေရှိသလဲ

လူထုထောက်ခံမှုလည်းမရှိ၊ နိုင်ငံရေးတော်လှန်ရေးအင်အားစုတွေလည်း ပူးပေါင်းပါဝင်ခြင်းမရှိတဲ့ ရွေးကောက်ပွဲဟာ ဟန်ပြသက်သက်လုပ်ပြရုံထက်မပိုပါဘူး။ စစ်အုပ်စုက သူတို့ကို ထောက်ခံနေသူ လူတစုနဲ့ ပူးပေါင်းပြီး အတုအယောင်ရွေးကောက်ပွဲလုပ်ဇာတ်ကို ဖန်တီးနေတာပဲ ဖြစ်ပါတယ်။

သူတို့ကို ထောက်ခံသူတွေဆိုတာ အမျိုးသားရေး အစွန်းရောက်ဂိုဏ်းသားတချို့ရယ်၊ အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစား ကြောင်သူတော် စီးပွားရေးသမားတချို့ရယ်၊ ပြည်သူ့သစ္စာဖောက်တချို့ရယ် ပေါင်းစပ်ထားတဲ့ ကိုယ်ကျိုးရှာ အချောင်သမားအုပ်စုကို ဆိုလိုပါတယ်။

ERO အမည်ခံထားတဲ့ ဆိုးဆိုးဝါးဝါးလုပ်ရပ်တွေလုပ်ဆောင်နေသူ လူမျိုးစုလက်နက်ကိုင်တပ်တချို့ကလည်း စစ်အုပ်စုနဲ့ ပူးပေါင်းမည်လို့ သတင်းထွက်ပေါ်နေတာမျိုးလည်းရှိပါတယ်။ ဒါပေမယ့် သူတို့ကိုလည်း တိုင်းရင်းသားအချင်းချင်းတောင် ထောက်ခံမှုမရှိဘဲ သူတို့ဟာ ပြည်သူကို လက်နက်အားကိုးနဲ့ နှိပ်စက်နေတဲ့ ဖက်စစ်လူရမ်းကားတွေလို့သာ သတ်မှတ်ခံထားရတာပါ။

ဒီအခြေအနေ အခင်းအကျင်းကို ချုံကြည့်ရင် မင်းအောင်လှိုင်စီစဉ်နေတဲ့ ရွေးကောက်ပွဲရဲ့ ဥပမိရုပ်ဟာ ပုံပျက် ပန်းပျက်နဲ့ အဆင်းမလှအချင်းမလှဖြစ်နေရပါတယ်။

## နွေဦးတော်လှန်ရေး အနှစ်သာရ

စစ်ကောင်စီကို ဦးတည်တိုက်ပွဲဝင်နေတဲ့ နွေဦးလက်နက်ကိုင်တော်လှန်ရေးရဲ့ အနှစ်သာရက စစ်အာဏာရှင် စနစ်ကို အကြွင်းမဲ့ ဖြိုချရေးဖြစ်တယ်။ ဒါကြောင့် စစ်ကောင်စီသက်ဆိုးရှည်ရေးကို အားပေးအားမြှောက်ပြုတဲ့ ရွေးကောက်ပွဲလုပ်ငန်းကို လက်ခံလို့မရပါဘူး။

ရွေးကောက်ပွဲကိုလက်ခံပြီး မဲပေးတာ၊ ရွေးကောက်ပွဲအသစ်ကတက်လာတဲ့ စစ်ကျွန်အမတ်တွေကို လက်ခံတာမျိုးတွေဟာ စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် အဆိပ်ပင်ရေလောင်းတဲ့ လုပ်ရပ်မျိုးတွေဖြစ်လို့ တော်လှန်ရေးရည်မှန်းချက်တွေနဲ့ ဆန့်ကျင်ဖီလာဖြစ်စေပါတယ်။ နွေဦးတော်လှန်ရေးအနှစ်သာရ မပျောက်ပျက်ဖို့အတွက် စစ်အာဏာရှင်စနစ်အောက်က နိုင်ငံရေး ပလက်ဖောင်းမှန်သမျှကို တိုက်ဖြိုပစ်ရပါမယ်။ ပူးပေါင်းဆောင်ရွက်လို့မရပါဘူး။ ဒူး

> " စစ်ကောင်စီကို ဆန့်ကျင်တဲ့နေရာမှာ တည်ကြည်တဲ့ သန္နိဋ္ဌာန်ချပြီး အရာအားလုံးကို ပြတ်ပြတ်သားသားဆန့်ကျင်ရပါမယ်၊ ကျားသစ် ဥပုသ်စောင့်သလို စိတ်မခိုင်တဲ့ သီလမျိုး မထားရှိသင့်ပါဘူး "

ထောက်အညံ့ခံလို့ မရပါဘူး။ တော်လှန်ရေးရပ်တည်ချက်နဲ့ တော်လှန်ရေး ဂုဏ်သိက္ခာအတွက် အတုအယောင် ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ရပါမယ်။

စစ်ကောင်စီကို ဆန့်ကျင်တဲ့နေရာမှာ တည်ကြည်တဲ့ သန္နိဋ္ဌာန်ချပြီး အရာအားလုံးကို ပြတ်ပြတ်သားသား ဆန့်ကျင်ရပါမယ်။ ကျားသစ် ဥပုသ်စောင့်သလို စိတ်မခိုင်တဲ့ သီလမျိုး မထားရှိသင့်ပါဘူး။ အများယောင်လို့ ရောယောင်နောက်လိုက် တော်လှန်ရေးခြေအေးဝမ်းယောင်လုပ်လို့မရပါဘူး။

## ဖိနှိပ်နေဆဲ စစ်အုပ်စုကို လက်ခံပေးစရာ အကြောင်းပြချက်မရှိ

စစ်အုပ်စုဟာ အာဏာမသိမ်းခင်အချိန်၊ အာဏာစသိမ်းပြီးချိန်၊ ဒီကနေ့ အာဏာလက်လွတ်ဖို့ တည်းတည်းပဲ လိုတဲ့အချိန်ဆိုတဲ့ ကာလသုံးပါးစလုံးမှာ လူထုကိုအဆက်မပြတ် ဖိနှိပ်နေတဲ့သူတွေဖြစ်တယ်။ ရွာလုံးကျွတ်မီးရှို့၊ ကလေးသူငယ်မချန်သတ်ဖြတ်၊ သေပြီးသားရုပ်ကလာပ် တောင်မရှောင် မုဒိန်းကျင့်၊ အစုလိုက်အပြုံလိုက် ဖုံးကွဲပြီးသတ်၊ ကိုယ်ဝန်သည်ဗိုက်ထဲက ကလေး တောင် သူတို့လက်ချက်နဲ့ သေဆုံးနေရတဲ့အထိ နေ့တိုင်းနေ့တိုင်းပြည်သူကို ရက်ရက်စက်စက် ဒုက္ခပေးနေတာ ဖြစ်ပါတယ်။

အတင်းအဓမ္မ စစ်သားကောက်တာတွေ၊ လူဖမ်းပွဲတွေ၊ ငွေညှစ်တာတွေ နေ့စဉ်နားနဲ့မဆန့်အောင် ကြားနေရပါတယ်။ ဒီလိုအခြေအနေဆိုးတွေ ဖြစ်အောင်ဖန်တီးနေတဲ့ စစ်အုပ်စုကို တစ်ရက်ထက်တစ်ရက်ပိုရှင်သန်ခွင့် ပေးလို့မရတော့ပါဘူး။ ဒါကြောင့် သူတို့ရဲ့ ရွေးကောက်ပွဲ ထောင်ချောက်ထဲ ကိုယ်တိုင်မဝင်သွားအောင် အထူးသတိထားလုပ်ဆောင်သင့်ကြောင်းပြောလိုပါတယ်။

ကျနော့်တင်ပြချက်မှာ အနှစ်ချုပ်အနေနဲ့ တင်ပြလိုတာက လူထုထောက်ခံမှုမရှိတဲ့ စစ်အုပ်ချုပ်ရေးကို တိုက်ပွဲနဲ့ပဲ မှန်မှန်ကန်ကန်တုံ့ပြန်ပြီး ရွေးကောက်ပွဲနည်းလမ်းဆိုတာ အစားထိုးဖြေရှင်းရမယ့် နည်းလမ်းမဟုတ်ကြောင်း၊ ရွေးကောက်ပွဲနည်းလမ်းဟာ ပြည်သူများအတွက် မိစ္ဆာလမိုက်ညရဲ့ သွေးကျိန်စာသာ ဖြစ်ပြီးမကောင်းဆိုးဝါးစစ်တပ် ပိုကြီးထွားမလာအောင် အဲ့ဒီသွေးကျိန်စာကို ပျက်ပြယ်ဖို့ ကြိုးစားရမယ်လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုပါတယ်ခင်ဗျား။

**ကျော်ကိုကို**




# တော်လှန်ရေးထဲက လူ့ဂုဏ်သိက္ခာ လူသားဖြစ်တည်မှုနှင့် လူသားဆန်မှု

စိုင်းထက်

မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေး လူနည်းစုအခွင့်အရေးနဲ့ပတ်သက်ရင် (တိုင်းရင်းသား) လူမျိုးစုလူနည်းစု ပြည်သူတွေနဲ့အတူ ရိုဟင်ဂျာပြည်သူတွေအပေါ်ကိုပါ ခွဲခြားဆက်ဆံမှုမရှိဘဲ သင့်လျော်မျှတစွာ ရပ်တည်နိုင်ရေးဟာလည်း အရေးကြီးပါတယ်။

အခုလက်ရှိ ရခိုင်ပြည်မှာ ဖြစ်ပွားနေတဲ့ လူမျိုးရေး–နိုင်ငံရေး ရောယှက် ပဋိပက္ခအခြေအနေကိုကြည့်ရင် ဆိုရှယ်မီဒီယာပေါ်က မှတ်ချက်တချို့မှာ လူ့အခွင့်အရေး လူသားဖြစ်တည်ရေးကို ထိခိုက်စော်ကားတဲ့ အရေးအသား အသုံးနှုန်းတွေ၊ လူမျိုးရေးခွဲခြားဆက်ဆံတဲ့ အရေးအသား (အထူးသဖြင့် K words) တွေကို သိသိသာသာ တွေ့လာရပြန်ပါတယ်။ ဒီလိုမှတ်ချက်တချို့ဟာ အစွန်းရောက်အမျိုးသားရေးဝါဒီ တချို့ရဲ့ လူမျိုးရေးခွဲခြားဆက်ဆံမှု အမုန်းတရား ဖြန့်ဝေမှုတွေလည်း ပါဝင်နေသလို အကြမ်းဖက် စကစဒေါက်တိုင် သပ်လျှိုဝါဒဖြန့် သမားတွေရဲ့ ခလောက်ဆန်သွေးထိုး လှုံ့ဆော်မှုတွေလည်း ပါဝင်တာ တွေ့ရပါတယ်။

"လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်" ဟာ ဒီမိုကရေစီကျင့်စဉ်အနှစ်သာရတစ်ခုဆိုပေမယ့် ဒီအခွင့်အရေးကို တလွဲအသုံးချပြီး လူမျိုးရေး–ဘာသာရေးစတဲ့ ပဋိပက္ခသွေးချောင်းစီးမှုကို ဖြစ်ပွားစေမယ့် အမုန်းတရားဖြန့်ဝေမှု၊ ဝါဒဖြန့်သွေးထိုးလှုံ့ဆော်မှုတွေဟာလည်း ဒီမိုကရေစီတလွဲ

အသုံးချခြင်းမို့ ဒီလိုလုပ်ရပ်တွေ အလေ့အထတွေ လျော့နည်းပပျောက်လာအောင် တော်လှန်ရေး ကာလမှာကတည်းက ပွဲပြင်ထိန်းကျောင်းရမှာ ကာကွယ်တားဆီးကြရမှာဖြစ်ပါတယ်။

အထူးသဖြင့် လူမျိုးရေးနဲ့ ဘာသာရေး ပဋိပက္ခတွေဟာ ထိလွယ်ရှလွယ်ဖြစ်တာကြောင့် "သတင်းအချက်အလက် တိကျခိုင်မာမှုမရှိဘဲအတွင်းကျကျမသိထားဘဲ" ကိုယ်ယုံကြည်ထောက်ခံ ရာအုပ်စုတစ်စုဘက်ကိုပဲ မျက်စိစုံမှိတ်ပြီးကာကွယ်တာ၊ ကျန်အုပ်စုတစ်စုဘက်ကိုပဲ အကုန်ပုံချ ထိုးနှက်တိုက်ခိုက်တာဟာ စစ်အာဏာရှင်တွေ ဖန်တီးထားတဲ့ လူမျိုးရေး – နိုင်ငံရေး ပဋိပက္ခတွေ ကို လျော့နည်းပပျောက်အောင် ကူညီဖြေရှင်းမှု မဖြစ်စေဘဲ မြေပြင်ကဒုက္ခသည်ပြည်သူတွေအပေါ် ပိုပြီးဒုက္ခရောက်စေနိုင်သလို ပိုမိုရှုပ်ထွေးစေနိုင်ပြီး အမုန်းတရားတွေ ကြီးမားပြန့်ပွားစေနိုင်ပါ တယ်။

ဒ့ါအပြင် ဒါဟာတကယ့်အရှိတရား၊ အမှန်တရားကို ဘက်လိုက်မှုကင်းကင်းနဲ့ မမြင်နိုင် တော့ဘဲတရားမျှတမှု စစ်စစ်မှန်မှန်ကိုလည်း မတွေ့ရှိနိုင်သလို ကိုယ်ယုံကြည်ရပ်တည်ထားတဲ့ အုပ်စုအတွက်ပါ ကူညီဖြေရှင်းရာ မရောက်စေတာမို့ ကိုယ်တိုင်ကိုယ်ကျ မသိထားရင် ပဋိပက္ခကို ပို ပြီးဆိုးအောင် ကြားဝင်စွက်ဖက်ခြင်းမပြုဘဲကိုယ်နဲ့ ဆိုင်တယ်လို့ခံယူထားပြီး ဝင်ဖြေရှင်းမှ ဖြစ် မယ်ဆိုရင်တော့ မျှတစွာ ပါဝင်ရပ်တည်နိုင်ဖို့ ဘက်ပေါင်းစုံက အခြေအနေတွေ အချက်အလက် တွေကို မျှတစွာနားထောင်လေ့လာပြီး ဘက်ပေါင်းစုံက တရားမျှတမှု နစ်နာသူ အားလုံးရဲ့တရား မျှတမှုကို တန်းတူညီတူဖော်ထုတ်ပေးရမှာပဲ ဖြစ်ပါတယ်။ "အုပ်စု အပေါ် ရပ်တည်မှုနဲ့ အမှန်တရား အပေါ်ရပ်တည်မှု" ကွဲပြားစွာသိမြင်နားလည်ဖို့ အရေးကြီးပါတယ်။

ရိုဟင်ဂျာလူနည်းစု ပြည်သူတွေအပါအဝင် ရခိုင်ပြည်နယ်က လူမျိုးစုအသီးသီးရဲ့ ဒေသခံ ပြည်သူတွေ အားလုံးအပေါ်ချနင်းပြီး နိုင်ငံရေးအမြတ်ထုတ် အသုံးချမှုတွေဟာလည်း မျှတမှု အတွက် အမှန်စင်စစ် ရပ်တည်တိုက်ပွဲဝင်နေကြသူများအပေါ် ထိခိုက်နစ်နာစေပါတယ်။

တချို့ကလည်း ရခိုင်ပြည်အတွင်းကပြည်သူတွေအတွက် စိတ်ရင်းစေတနာစစ်မှန်စွာနဲ့ ရပ်တည်ပေးလိုတာထက် မိမိတို့အတွက်နိုင်ငံတကာအသိအမှတ်ပြုမှုနဲ့ နိုင်ငံတကာထောက်ပံ့မှု အရေးစိုက်ခံရမှုတွေကို ပိုပြီး လိုချင်မက်မောကြလို့သာ လူ့အခွင့်အရေးနဲ့ လူနည်းစုအခွင့်အရေး တွေကို သံယောင်လိုက် ဟန်ပြလုပ်ကြ တာဟာ အင်မတန်မှ အောက်တန်းကျတဲ့ လုပ်ရပ်လို့ မြင်ပါ တယ်။

နောက်တချက်က တန်းတူရေးလို့ပြောရင် လူနည်းစုအခွင့်အရေးဆိုတာဟာလည်း ထပ်တူ

တန်းတူအရေးပါပါတယ်။ တော်လှန်ရေးကာလမှာကော အသွင်ကူးပြောင်းရေးနဲ့ အနာဂတ်ကာလ အတွက်ပါမဖြစ်မနေ ထည့်သွင်းစဉ်းစားပြီး အလေးထားကာကွယ်ရမှာဖြစ်ပါတယ်။ "လူနည်းစု အခွင့်အရေး" လို့ ပြောတဲ့အခါ "လူမျိုးစု လူမျိုးရေး" ဆိုတဲ့အချက်တစ်ခုထဲကိုပဲ ကွက်မမြင်ကြသင့် ပါဘူး။

အင်အားနည်းတဲ့အဖိနှိပ်ခံ အစုအဖွဲ့ကိုဖြစ်စေ၊ တစ်ဦးချင်းကိုဖြစ်စေ "လူသားဖြစ်တည်မှု လူ့ဂုဏ်သိက္ခာ" ဆိုတဲ့အချက်ကို အဓိကအလေးထားပြီး ကာကွယ်ပေးရမှာ တရားမျှတမှုဖော် ဆောင်ပေးရမှာ ဖြစ်ပါတယ်။ လူသားဖြစ်တည်မှု၊ လူ့ဂုဏ်သိက္ခာ၊ လူသားလုံခြုံရေး ကို အလေးမ ထားသူတိုင်း ဖိနှိပ်ဆန့်ကျင်သူတိုင်းဟာ မည်သို့ပင် အာဏာရှင်စနစ်ဆန့်ကျင်ကြောင်း ကြွေးကြော် နေစေကာမူ လွတ်လပ်မှု၊ တန်းတူညီမျှမှုတွေနဲ့ ထိုက်တန်ရဲ့လား အာဏာရှင်စရိုက်ဆန်နေမလား ဆိုတာကိုလည်း ပြန်ဆန်းစစ်ဖို့လိုပါတယ်။

စကားမစပ် ဒါနဲ့ဆက်စပ်တွေးမိတာက ၂၁ တော်လှန်ရေးအစောပိုင်းမှာကြားခဲ့ကြရတဲ့ ရိုဟင် ဂျာပြည်သူတွေအပါအဝင် တိုင်းရင်းသား (လူမျိုးစု) တွေအပေါ် စာနာနားလည်တာဝန်ချ တောင်းပန်ခဲ့ကြတာတွေဟာလည်း ကိုယ့်အကျိုးအတွက်မျိုးမျှော်ကိုးပြီး ညောင်ရေသွန်းတာမျိုး အပေါ်ယံဟန်ပြ မဖြစ်စေချင်သလို ဖက်ဒရယ်အရေးကိုလည်း စစ်ရေးအားသာဖို့ တစ်ခုတည်း အတွက်အသုံးချခံအဖြစ် မသတ်မှတ်ကြဖို့ အထူးသတိချပ်စေချင်ပါတယ်။

**စိုင်းထက်**

**အတွေးအမြင်**

**"အုပ်စုအပေါ်ရပ်တည်မှုနဲ့ အမှန်တရား အပေါ်ရပ်တည်မှု ကွဲပြားစွာ သိမြင် နားလည်ဖို့ အရေးကြီးပါတယ်"**



# လေသံပစ်ရွေးကောက်ပွဲ

**ဝင်းမျိုးသူ**

ဇွန်လ ၁၅ ရက်နေ့ မိတ္ထီလာမှာလုပ်တဲ့ အစည်းအဝေးတခုမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် အတွင်း ရွေးကောက်ပွဲလုပ်မယ်လို့ ထုတ်ပြောလာတဲ့ သတင်းဗီဒီယိုတခု ယူကျု့(Youtube)မှာ အမှတ်မထင် ကြည့်လိုက်ရပါတယ်။ ၂၀၂၅ ခုနှစ် ဘယ်လ၊ ဘယ်အချိန်မှာ လုပ်မယ်လို့တော့ သဲသဲကွဲကွဲမပြောပေမဲ့ ထုံးစံအတိုင်း မိုးအကုန် ဆောင်းအဝင်မှာ လုပ်မယ်လို့ ရည်ရွယ်ပုံရပါတယ်။

စကစရဲ့ရွေးကောက်ပွဲကို အတိုက်အခံနဲ့ ပြည်သူအများက လက်မခံသလို ဒီလောက်နယ်မြေတွေ ဆုံးရှုံးနေတာ ရွေးကောက်ပွဲကော လုပ်နိုင်မှာလားလို့ ပျက်ရယ်ပြုကြမှာ အသေအချာပဲ။ သို့သော် ရွေးကောက်ပွဲ ဘယ်အချိန်မှာ လုပ်မယ်လို့ ထုတ်ပြောလိုက်တာဟာ နိုင်ငံတကာ အဖွဲ့စည်းတွေနဲ့ မြန်မာ့အရေး ထဲထဲပါပါ လုပ်ဆောင်နေတဲ့ နိုင်ငံတွေအထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ အမေရိကန်တို့ အနေနဲ့ အထူးအလေးထား နားပိုစွင့်ကြမယ်ထင်ပါတယ်။

ကျင်းပမယ်ပြောတဲ့ ရွေးကောက်ပွဲဟာ တရားမျှတမှုရှိမယ်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မယ်လို့ ဘယ်သူမှ လက်ခံထားကြမှာ မဟုတ်ပါဘူး၊ သို့သော် အာဆီယံဘုံသဘောတူညီချက် ၅ ချက်ကို လက်ခံပါမယ်လို့ လေသံပစ်ထားပေမဲ့ လိုက်နာမှုတစုံတရာမရှိတဲ့ စကစ အနေနဲ့ ရွေးကောက်ပွဲဟာ နိုင်ငံရေးအကြပ်အတည်းက ရုန်းထွက်လိုတဲ့ ထွက်ပေါက်တခုအဖြစ် ကြိုးပမ်း

နေတယ်ဆိုတာကို ပေးထားချက် တရပ် exist strategy အနေနဲ့ ဒီနိုင်ငံတွေက လက်ခံထားပုံရပါတယ်။

အရင်တုန်းကတော့ ရွေးကောက်ပွဲဟာ အလုံးစုံနိုင်ငံရေးအာဏာအကြွင်းမဲ့ရယူကာ နန်းတက်ရေးရည်မှန်းချက် political power consolidation process ဖြစ်ကောင်းဖြစ်ပေမဲ့ ခုနေခါမှာတော့ ငါလက်ကကျွတ် ပြွတ်ဆိုသလိုပဲ လက်ရှိ အာဆီယံတောင်းဆိုချက်ကိုတော့ ငါတို့အနေနဲ့ လိုက်မလုပ်နိုင်ဘူး။ နောင် ရွေးကောက်ပွဲက တက်လာတဲ့ အစိုးရကလုပ်ချင်လုပ်၊ မလုပ်ချင်နေပုံစံနဲ့ political twist နိုင်ငံရေး မလိမ့်တပတ်လုပ်ကာ ရှောင်ထွက်ချင်ပုံ ရတယ်လို့ သုံးသပ်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ ရွေးကောက်ပွဲဟာ လုပ်နိုင်တဲ့မြို့နယ်အချို့မှာ မည်ကာမတ်တပ် လုပ်ကာ ဖားတပိုင်းငါးတပိုင်း ရွေးကောက်ခံ ပွဲတက် ရုပ်သေး အစိုးရအဖွဲ့ တခုပေါ်ထွက်လာရေးကို အဓိကထား ဦးတည်ပုံရပါတယ်။ ကိုယ်တိုင် ရုပ်သေးအစိုးရမှာ မင်းသားကြီးအဖြစ် ဝင်ဆက်ကမှာလား မကဘူးလားက ရွေးကောက်ပွဲရလဒ် အပေါ်မှာပဲမူတည်ပါလိမ့်မယ်။

ဘယ်လိုအကြံအရွယ် စိတ်ကူးနဲ့ပဲ လုပ်လုပ် ရွေးကောက်ပွဲအချိန် လေသံပစ်လိုက်တာဟာ တရုတ်နိုင်ငံရဲ့ ဖေးမမှုကို အများကြီးရစေနိုင်မယ်လို့ သုံးသပ်မိပါတယ်။ စစ်အရှိန်မြင့်လာဖို့ တာစူနေတဲ့ မြောက်ပိုင်းမှာ တရုတ်ရဲ့ အထိန်းအကွပ်တွေ ပိုအားကောင်းလာရေးကို မျှော်မှန်းပုံရပါတယ်။ နိုင်ငံတကာသံတမန်ရေး ဖိအားကိုလည်း ထပ်တက်မလာရေးအတွက်လည်း လေသံပစ်ပုံရပါတယ်။

အမေရိကန်ရဲ့ လိုလားချက်က မြန်မာနိုင်ငံအတွင်း သူတလူငါတမင်း ဖြစ်နေတာထက် အနည်းဆုံး ရုပ်သေး အစိုးရ ရှိတာက တရုတ်တပ်တွေ ပြည်တွင်းဝင် တပ်စွဲနေတာထက် ပိုကောင်းတယ်လို့ ခံယူထားပုံရပါတယ်။ ဒါကြောင့် အမေရိကန်အတွက် ရွေးကောက်ပွဲ လက်ခံတာလက်မခံတာက လူထုအပိုင်း အရေးကြီးတာက ဖမ်းဆီးထားတဲ့ ခေါင်းဆောင်တွေ ပြန်လွှတ်ပေးရေးနဲ့ ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ပေးရေးတို့ကိုသာ အဓိက အလေးထား bargaining chip အနေနဲ့ စကစကို ညှိနှိုင်းနေပုံရပါတယ်။

**ဘယ်လိုအကြံအရွယ် စိတ်ကူးနဲ့ပဲ လုပ်လုပ် ရွေးကောက်ပွဲအချိန် လေသံပစ်လိုက်တာဟာ တရုတ်နိုင်ငံရဲ့ ဖေးမမှုကို အများကြီး ရစေနိုင်မယ်လို့ သုံးသပ်မိပါတယ်**

တရုတ်အတွက်ကတော့ ပြန်မပြောနားမထောင် ဖြစ်နေတဲ့ စကစထက် သူ့ဩဇာကို မလွန်ဆန်နိုင်တဲ့ ပိုပြီးနားထောင်ကောင်း နားထောင်မဲ့ ထိပ်ပိုင်းအာဏာအပြောင်းအလဲနှင့် စကစအာဏာ လက်သီးဆုပ် ဖြေလျှော့တာကို လိုလားတာမို့ လေသံပစ်တဲ့ရွေးကောက်ပွဲ အမှီပြုတဲ့ တရုတ်မြန်မာဆက်ဆံရေး လမ်းကြောင်းကို ပိုမိုပီပြင်အောင် ဖော်ဆောင်လာမဲ့ သဘောရှိပါတယ်။ အာဆီယံကတော့ တရုတ်နဲ့ အမေရိကန် သဘောအတိုင်း အသံထွက်မှာဖြစ်ပြီး အိန္ဒိယအနေနဲ့က လည်း တရုတ်အပြည့်အဝ မစိုးမိုးနိုင်တဲ့ မြန်မာပြည်အနေအထားကို လက်ခံမဲ့သဘောပါပဲ။

တော်လှန်ရေး လုပ်နေတဲ့သူတွေကတော့ သူတို့ချမှတ်ပြီးသား လမ်းစဉ်အတိုင်း ဆက်ချီတက်မှာဖြစ်ပြီး ရွေးကောက်ပွဲကို တတ်နိုင်သမျှ မကျင်းပနိုင်အောင် တားဆီးကြမှာ ဖြစ်ပါတယ်။ ဘယ်လောက်ထိ တားဆီးနိုင်မလဲက လူထုက ငွေကြေး အထောက်အပံ့ ဘယ်လောက်ဆက်လုပ်နိုင်မလဲ အပေါ်မူတည်ပါလိမ့်မယ်။

ဒီလိုတားဆီးမှုတွေ ပြင်းပြင်းထန်ထန်လုပ်ရင်းကနေ ထမင်းရည်ပူလောင်တဲ့ အဖြစ်မျိုးတွေနဲ့လည်း ကြုံတွေ့ကာ ကိုယ့်ရှူးကိုယ်ပါတ်မိနိုင်စရာတွေ ရှိနိုင်ပါတယ်။ အမှန်ကနေ အမှားဖြစ်ကာ လမ်းကြောင်းမလွဲရအောင် ခံစားချက်မလွန်ကဲဖို့ အစွန်းမရောက်ဘို့လည်း သတိပြုဆင်ခြင်ထိန်းကြောင်းမှုတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။

စိတ်ဝင်စားစရာ ကောင်းတာကတော့ လက်ရှိ စစ်ရေးအားသာမှု ရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ တရုတ်နဲ့ မကင်းနိုင်တာနှင့်အမျှ တရုတ်ဆန္ဒနှင့် အလိုက်အထိုက်ဆက်ဆံလိုက်လျော ဆောင်ရွက် နေကြသော်လည်း တရုတ်ကလည်း အဆိုပါအဖွဲ့တွေကို ၁၀၀% မထိန်းချုပ်နိုင်တာမို့ လွတ်ထွက်သွားနိုင်တဲ့ political slippage နိုင်ငံရေးခြေချော်မှုတွေ ရှိနိုင်ပါတယ်။

လားရှိုး၊ ကျောက်မဲ၊ ကန်ပိုင်တည်တို့မှာ စစ်ပွဲတွေမဖြစ်အောင် ထိန်းထားကောင်းထိန်းထားနိုင်ပေမဲ့ စစ်တွေ၊ သံတွဲ၊ အမ်း၊ ဗန်းမော်တို့ ကျရှုံးသွားတာမျိုးဟာ tipping point လိုမျိုးလဲဖြစ်နိုင်ပါတယ်။ တကယ်လို့ အဲ့ဒီမြို့တွေ ကျသွားရင်တော့ နိုင်ငံတကာလေယာဉ်တွေ မဆင်းသက်နိုင်အောင်အကြီးအကျယ် မြို့ပြအဆောက်အအုံတွေ ဖျက်ဆီးတာမျိုးတွေက မလွှဲမရှောင်သာ ကြုံတွေ့နိုင်စရာ ရှိနေနိုင်ပါတယ်။

**ဝင်းမျိုးသူ**




# ရွေးကောက်ပွဲက စစ်ကောင်စီအတွက် နိုင်ငံရေးထွက်ပေါက်လား

ရှိုးသက်

၂၀၂၀ပြည့်နှစ်က ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲ ရလဒ်များကို လက်မခံနိုင်ဘဲ မဲစာရင်းများ မှားယွင်းနေ သည်ဆိုသော အကြောင်းပြချက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခေါင်းဆောင်သော စစ်တပ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် အာဏာသိမ်းခဲ့ပြီးနောက် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အာဏာပြန်လည်လွှဲပေးမည်ဟု အတိအလင်း ကြေညာခဲ့သည်။

ထို့အတူ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ဟူသော ခေါင်းစဉ်တွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတရပ် ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်မည်ဟုလည်း ထည့်သွင်းဖော်ပြထားသည်။

**“နစက ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ထဲကရွေးကောက်ပွဲ အကောင်အထည်ဖော်နိုင်ဖို့ပေါ့၊ ဒါက နိုင်ငံရေးမှာ စစ်အာဏာရှင် ဆက်လက်စွက်ဖက်နိုင်ရေး စစ်အာဏာရှင် သက်ဆိုးရှည်ရေး အတွက်ပါ။ စကစရဲ့ လုပ်ရိုးလုပ်စဉ်၊ ကစားကွက်တွေက ငါတို့ အတွက် ရိုးနေပါပြီ။ စကစဟာ နိုင်ငံတကာ**

**နဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပြောဆိုဝေဖန်မှုကနေ နိုင်ငံရေးထွက်ပေါက် ရှာနေတယ်လို့လည်း ပြောလို့ရပါတယ်"**ဟု ချင်းအမျိုးသားတပ်ဦး (CNF) ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီက ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ပါတီ (NLD) အရပ်သားအစိုးရထံမှ အာဏာသိမ်းခဲ့သည့် စစ်ကောင်စီက ပြုလုပ်မည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှု ရှိမည်လား၊ ရွေးကောက်ပွဲသည် စစ်ကောင်စီအတွက် နိုင်ငံရေးထွက်ပေါက် တစ်ခုလားဆိုသည့် ဝေဖန်သုံးသပ်မှုများလည်း ပြည့်နှက်နေလျက်ရှိသည်။

**"နိုင်ငံရေးထွက်ပေါက်ဆိုတာထက် စပြီး အာဏာသိမ်းစဉ်ကတည်းက အဲဒီလို ကတိပေးထားတာဖြစ်တဲ့အတွက် သူ့ကတိကို သူတည်အောင်ကြိုးစားတယ်ပေ့ါဗျာ၊ သူဟာကတိတည်တဲ့သူ တစ်ယောက် ဖြစ်ပါတယ်ဆိုတဲ့ဟာကို ပြသပြီးတော့ နိုင်ငံတကာ ထောက်ခံမှု ရယူချင်တဲ့သဘောပါပဲ၊ ပြီးတော့ ဒီကြားထဲမှာ သူ့အသက်ဆက်လို့ရအောင် ပြင်ပနိုင်ငံတချို့ကလည်း အရေးပေါ် အကူအညီပေးလိုက်တာတွေလည်း ပါတာပေ့ါ၊ အဲဒီပြင်ပနိုင်ငံတချို့နဲ့ နိုင်ငံရေးသဘောတူညီမှု အရ ဒါကိုလည်း မဖြစ်မနေ လုပ်တဲ့သဘောလို့ ယူဆပါတယ်"**ဟု စစ်ရေး နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးစိုးဝင်းဆွေကပြောသည်။

ယခုအခါ စစ်ကောင်စီသည် ဘက်ပေါင်းစုံမှ နိုင်ငံရေး၊ စီးပွားရေး ပိတ်ဆို့မှုများ ပြုလုပ်ခံထားရသည့်အပြင် အာဆီယံ သဘောတူညီချက်များကိုလည်း ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် အကြပ်အတည်းများဖြင့် ရင်ဆိုင်နေရချိန် ရွေးကောက်ပွဲအား နိုင်ငံရေးထွက်ပေါက်တခုအနေဖြင့် အသုံးချလာခြင်းမျိုးဟု စစ်ရေးနိုင်ငံရေးလေ့လာသုံးသပ်သူများကဆိုသည်။

**"ရွေးကောက်ပွဲလည်း ဖြစ်လာနိုင်စရာအကြောင်း မရှိပါဘူး၊ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အထဲမှာ တဝက်ကျော်လောက်က ကျနော်တို့ တော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ ထိန်းချုပ်မှုအောက်မှာ အကုန်လုံး ရောက်နေပြီဖြစ်တယ်။ ဒါကိုသိလို့ သူကလည်း အပိုင်းလိုက် ရွေးကောက်ပွဲလုပ်မယ်ဆိုပြီးမှ လုပ်နေတာ။ အဓိကတော့ နိုင်ငံရေးထွက်ပေါက်ကို ရှာတဲ့ပုံစံပါပဲ။ ဒီကနေ အားလုံးသိကြတဲ့ အတိုင်းပဲ သူ့ရဲ့ အကြမ်းဖက် လုပ်ရပ်တွေကို နိုင်ငံတကာကလည်းသိနေပြီ။ အဲဒါကြောင့် သူက Internal Legitimacy မရရအောင် ရွေးကောက်ပွဲထွက်ပေါက်လုပ်ပြီးမှ External Legitimacy ရအောင်လုပ်တာပဲဖြစ်တယ်"**ဟု ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ အတွင်းရေးမှူး ၂ ဦးအောင်ဆန်းမြင့်ကပြောသည်။

ထိုသို့ ထုတ်ပြန်အသိပေးမှုများနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိသေးဟူသော

အကြောင်းပြချက်ဖြင့် စစ်ကောင်စီက ၆ လ တကြိမ် အာဏာသက်တမ်းတိုးမှု ၆ ကြိမ်အထိ ပြုလုပ်ပြီးနောက် လာမည့် ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည် ဖြစ်ကြောင်းအာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရားဝင်ထုတ်ဖော်ပြောဆိုခဲ့သည်။

ယခုအခါ ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း သန်းခေါင်စာရင်းကောက်ယူခြင်းများလည်း ပြုလုပ်နေလျက်ရှိသည်။

**"သန်းခေါင်စာရင်းကောက်တယ် ဆိုတာကလည်း ကျနော်တို့ စစ်ကိုင်းတိုင်းမှာပဲ စစ်ရှောင်ပြည်သူလူထုက ၁၂ သိန်းကျော်ရှိတယ်၊ အားလုံးကပြေးလွှားနေကြရတယ်၊ ကိုယ့်ဟာနဲ့ကိုယ်အခြေတကျနေထိုင်တဲ့သူက နည်းနေတယ်၊ ၂၀ ရာခိုင်နှုန်းကျော် စစ်ဘေးရှောင်တွေ ဖြစ်နေတယ်၊ အခြားတိုင်းနဲ့ပြည်နယ်တွေမှာလည်း ဒီလိုပဲ၊ ဒီလိုအခြေအနေမှာ သန်းခေါင်စာရင်းကောက်တယ်ဆိုတာမှာ ဘယ်လိုမှ အချက်အလက် မှန်မှန်ကန်ကန်မရနိုင်ပါဘူး၊ ဒါတွေက သူ့ဟာသူ လုပ်ချင်ရာတခုကို ဖွတ်လုပ်နေတာမျိုးပဲ၊ အကြမ်းဖက်စစ်တပ် ဆိုတာကတော့ ဖြစ်ချင်ရာတခုကို အမိန့်နဲ့အာဏာနဲ့ သေနတ်ထောက်ပြီး လုပ်တဲ့အကျင့်ရှိတာဆိုတော့ မဖြစ်ဖြစ်အောင် လျှောက်လုပ်မယ့်သဘောပါပဲ၊ ဒါတွေဟာ ဒီမိုကရေစီအနှစ်သာရနဲ့ ကိုက်ညီတဲ့ ရွေးကောက်ပွဲ ပြည်သူ့ရဲ့အချက်အလက်အမှန်တွေ ရနိုင်တဲ့ သန်းခေါင်စာရင်းဆိုတာမျိုး ဖြစ်လာဖို့က တော်တော်လေးကိုခဲယဉ်းပါတယ်"**ဟု စစ်ရေး နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးစိုးဝင်းဆွေက ပြောသည်။

သန်းခေါင်စာရင်း ကောက်ယူပြီးနောက် ရလဒ်များကိုကြေညာပြီး ရွေးကောက်ပွဲ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဩဂုတ် ၂၅ ရက်က မန္တလေးတိုင်းအစိုးရအဖွဲ့နှင့် စစ်ခေါင်းဆောင်တို့တွေ့ဆုံစဉ်ပြောကြားထားသည်။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှားယွင်းမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးချိန်တွင် မှန်မှန်ကန်ကန်ဖြစ်ရေး တာဝန်ရှိသူများ ဝိုင်းဝန်းဆောင်ရွက်ပေးရန်လည်း စစ်ခေါင်းဆောင်က ဆိုသည်။

ထို့ပြင် NLD အစိုးရလက်ထက် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ၌ မဲမသမာမှုများမှာ တနိုင်ငံလုံးအနှံ့ ဖြစ်ပေါ်ခဲ့ကြောင်း၊ စစ်တပ်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးအရဆောင်ရွက်ရာတွင် အာဃာတများထားခြင်း၊ လက်တုံ့ပြန်ခြင်းများမရှိဘဲ အေးအေးချမ်းချမ်းဖြစ်အောင်

ဆောင်ရွက်ရမည်ဟုလည်း ပြောဆိုသည်။

**"ရွေးကောက်ပွဲ အောင်မြင်နိုင်သလားဆိုတော့ အဓိကတော့ ဖြစ်အောင်လုပ်ရင်တော့ ဖြစ်တာပေါ့ဗျာ၊ ဒါပေမယ့်လို့ Free and Fair Election ဖြစ်သလား၊ နောက်ဘယ်နှရာခိုင်နှုန်း ပြည်သူက မဲလာပေးနိုင်မလဲ၊ လက်ရှိကျနော်တို့နိုင်ငံမှာက တော်လှန်ရေးအားကောင်းနေတဲ့ တိုင်းနဲ့ ပြည်နယ်တွေ အများကြီးရှိတယ်၊ တော်လှန်ရေးအားမကောင်းသော်ငြားလည်း သဘာဝဘေး၊ ရေဘေး ကြုံတွေ့နေရတဲ့နေရာတွေ အများကြီး ရှိတယ်၊ ဒီလိုအခင်းအကျင်းမှာ ရွေးကောက်ပွဲတခု ဖြစ်မြောက်ဖို့ဆိုတာက ဘယ်လိုမှကာဗာဖြစ်တဲ့ လူထုဆန္ဒအမှန်ကို ကိုယ်စားပြုနိုင်တဲ့ အခင်းအကျင်းမျိုးက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"**ဟု စစ်ရေးနိုင်ငံရေး လေ့လာသုံးသပ်သူ ဦးစိုးဝင်းဆွေက ပြောသည်။

စစ်ကောင်စီ၏ သန်းခေါင်စာရင်းကောက်ယူမှုတွင် တရုတ်နိုင်ငံကလည်း နည်းပညာဆိုင်ရာ အကူအညီပေးအပ်မည်ဟု အတိအလင်း ပြောဆိုထားသလို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကလည်း စစ်ကောင်စီ၏ ရွေးကောက်ပွဲမှာ ပြည်သူလူထု၏ ဆန္ဒနှင့် ဆန့်ကျင်နေသည်ဟု ထုတ်ပြန်ထားသည်။

**"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ တရားမျှတမှုလည်း မရှိပါဘူး၊ ငြိမ်းချမ်းရေးလည်း ဖော်ဆောင်လို့ မရနိုင်ပါဘူး။ ဒီဖိတ်ခေါ်ချက်ကိုလည်း ကျနော်တို့ စိတ်မဝင်စားဘူး။ သူတို့ရဲ့ တခုတည်းသော ထွက်ပေါက်ကို တရုတ်ဘက်က ပိုထောက်ခံအောင်လုပ်တဲ့ ဟန်ပြလုပ်ကွက်တစ်ခုသာဖြစ်ပါလိမ့်မယ်"** ဟု ဗမာပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (BPLA) ကွပ်ကဲရေးမှူး ကိုဆောင်းခကပြောသည်။

မြန်မာနိုင်ငံ၌ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၂၀၁၀ ပြည့်နှစ်ရွေး ကောက်ပွဲတွင် မြို့နယ်ပေါင်း ၃၂၅ မြို့ နယ်၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် မြို့နယ်ပေါင်း ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်တို့၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပုဒ်မ ၇ အရ နိုင်ငံ တော်သည်စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးသည်ဆိုသော ပြဋ္ဌာန်းချက်၏ အနှစ်သာရသည် စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အား တစ်နိုင်ငံလုံး မည်သည့်နေရာဒေသမကျန် ကျင့်သုံးရမည်ဖြစ်ကာ ထိုသို့ ကျင့်သုံးနိုင်ရန် အခြေခံအချက်မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို တနိုင်ငံလုံး ဆောင်ရွက်ပေးသွားမည်ဟု စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက

၂၀၂၃ ခုနှစ် မတ် ၂၄ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြား ထားသည်။

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲပြုလုပ်စဉ်ကလည်း မဲဆန္ဒနယ်တခုလုံး မကျင်းပနိုင်သည့် မြို့နယ် ၁၅ ခု (ရခိုင် ၉ /ရှမ်း ၆ ပါ)နှင့် နေရာအချို့မကျင်းပနိုင်သော မြို့နယ် ၄၂ ခု တို့ ရှိခဲ့ကြောင်း ရွေးကောက်ပွဲမှတ်တမ်းများအရ သိရသည်။

ရခိုင်ပြည်နယ်မှ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မြောက်ဦးတို့တွင် မဲဆန္ဒနယ်တခုလုံး မကျင်းပနိုင်ခဲ့သလို ကျောက်ဖြူ၊ အမ်း၊ စစ်တွေ၊ တောင်ကုတ်မြို့နယ်များရှိ ကျေးရွာအုပ် စုအချို့တွင်လည်း ကျင်းပနိုင် ခြင်းမရှိခဲ့ဟု သိရသည်။

ထို့အပြင် ရှမ်းပြည်နယ်အတွင်းရှိ မိုင်းလား၊ ပန်ဆန်း၊ နားဖန်း၊ မိုင်းမော၊ ပန်ဝိုင်၊ မိုင်းကိုင် မဲဆန္ဒနယ်များ အနေဖြင့် မဲဆန္ဒနယ်တခုလုံးမကျင်းပနိုင်ခဲ့သလို ကျောက်မဲ၊ နောင်ချို၊ နမ့်ဆန်၊ မန်တုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ ကွတ်ခိုင်၊ မူဆယ်၊ မက်မန်း၊ မိုင်းတုံ၊ တန့်ယန်း၊ လားရှိုး၊ ကွမ်းလုံ၊ ကုန်းကြမ်း၊ ဟိုပန်း မြို့နယ်များရှိ ကျေးရွာအုပ်စုအချို့တွင် လည်း ကျင်းပနိုင် ခြင်းမရှိခဲ့ဟု သိရသည်။

အလားတူ ၂၀၁၅ ခုနှစ်ကလည်း ရှမ်းပြည်နယ်အတွင်းမှ မြို့နယ် ၇ ခုတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိခဲ့သလို ကချင်၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းအတွင်းမှ ကျေးရွာအုပ်စု ၄၅၀ တွင်လည်း ရွေးကောက်ပွဲပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

လက်ရှိ နိုင်ငံအနှံ့ တိုက်ပွဲများ ဖြစ်ပွားနေခြင်း၊ ရှမ်းမြောက်နှင့် ရခိုင်၊ ကချင်ပြည်နယ်တို့၌ မြို့များစွာ လက်လွှတ် ဆုံးရှုံးနေရသော်လည်း ရွေးကောက်ပွဲကျင်းပရန် ကြိုးပမ်းနေသည့် စစ်ကောင်စီအနေဖြင့် မည်သည့်ပုံစံနှင့် လူဦးရေစာရင်းကောက်မည်၊ မည်သည့်စနစ်ဖြင့် ရွေးကောက်ပွဲ ကျင်းပမည်ကိုမူ အသေးစိတ် ရှင်းလင်း ဖော်ပြထားခြင်းမရှိပေ။

ထို့အတူ ပြီးခဲ့သည့် စက်တင်ဘာလ ၂၆ ရက်နေ့က ညပိုင်းတွင် စစ်ကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ PDF များနှင့် တော်လှန်ရေးအဖွဲ့များကို လက်နက်နှင့် အကြမ်းဖက်လမ်းစဉ်စွန့်၍ ပါတီနိုင်ငံရေးလမ်း ကြောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရန် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကမ်းလှမ်းပါသည်ဟုဆိုကာ ထုတ်ပြန်ခဲ့သည်။

**"အမှန်က PDF တွေ၊ တိုင်းရင်းသားလက်နက်ကိုင်တွေက လက်နက်စွန့်ရမှာ မဟုတ်ဘူး။ စစ်ကောင်စီက လက်နက်စွန့်ရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆို သူက လက်နက်အားကိုးပြီးတော့မှ လူထုတွေကို နေ့စဉ် ဖုံးကြဲတိုက်ခိုက်တယ်။ ဒါကြောင့်မလို့ ဒီဖိတ်ခေါ်ချက်၊ ထုတ်ပြန်ချက်က ကျမတို့အတွက်ရော၊ တခြားတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့တွေ အတွက်ရော မဖြစ်သင့်တဲ့ကိစ္စပါ"** ဟု တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ပြောခွင့်ရှိသူ လွေးယေဦးက ပြောသည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော်-မန္တလေး(MDY-PDF)မှ ဒေါက်တာ စိုးသူရဇော်ကလည်း **"ပြည်သူတွေကို နေ့စဉ်နဲ့အမျှ အကြမ်းဖက်နေတဲ့ စစ်တပ်က ကမကထလုပ်ပြီး ကျင်းပမယ့် နိုင်ငံရေးဆွေးနွေးပွဲဆိုတာ ဆိတ်ခေါင်းချိတ်ပြီး ခွေးသားရောင်းနေတာပါပဲ"** ဟု ပြောသည်။

နိုင်ငံရေးပြဿနာများကို ပြေလည်လိုသည့် စိတ်ရင်း အမှန်ဖြင့်သာ ဖိတ်ခေါ်ပါက ပထမဦးစွာ အပစ်အခတ်ရပ်စဲ ရမည်ဖြစ်သော်လည်း စစ်ကောင်စီသည် လက်နက်ကိုင်တပ်ဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရေး၊ အပစ်အခတ် ရပ်စဲရေးစသည်များကို တိတိကျကျ ဖော်ပြထားခြင်း မရှိဘဲ လက်နက်ကိုင်လမ်းစဉ်စွန့်၊ လက်နက်ချ၊ ပါတီထောင်ပြီး ၂၀၀၈ ဥပဒေဘောင်အတွင်းမှ ရွေးကောက်ပွဲ ဝင်ရေးကို ဦးတည်နေသည်ဟု တော်လှန်ရေးအင်အားစုများကဆိုသည်။

**"ဒီနေ့ ဒီအချိန်အခါမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ အခြေအနေတွေနဲ့ လုံးဝ မအပ်စပ်တော့ဘဲ ထပ်ခါတလဲလဲ အဲဒီလို ဓာတ်ပြားဟောင်းတွေ ပြန်ပြန်ဖွင့်နေတာ ဘာမှအလုပ်ဖြစ်တော့မှာ မဟုတ်ဘူး။ ကျနော်တို့လည်း နားညည်းတယ်ဗျာ။ ကျနော်တို့မှာ ဘုံနိုင်ငံရေးရည်မှန်းချက်၊ ဘုံနိုင်ငံရေး ရပ်တည်ချက်တွေအကုန်ရှိတယ်။ ဒါကဘာလဲဆိုတော့ စစ်တပ်ဟာ နိုင်ငံရေးကထွက်ပြီးတော့ အရပ်သားအုပ်ချုပ်မှုမှာခံယူ၊ ပရော်ဖက်ရှင်နယ် စစ်တပ်တစ်ခုဖြစ်လာဖို့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတိုင်း အဲဒီအတိုင်း ဆက်သွားရမယ် လက်ခံရမယ်"** ဟုလည်း ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ပြောရေးဆိုခွင့်ရှိသူ ပဒိုစောတောနီးကပြောသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးရန် ရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်၍ ရွေးကောက်ပွဲ လုံခြုံရေးနှင့် တည်ငြိမ်မှုရှိရန် နိုင်ငံရေးအရ ဖြေရှင်းရန်ကြေညာချက် ထုတ်ပြန်ရခြင်းဟု စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကပြောဆိုထားသည်။

၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုကို စစ်တပ်က တရားဥပဒေနှင့်အညီ ဖြေရှင်းရန်ကြိုးစားခဲ့သော်လည်းနိုင်ငံရေးနည်းလမ်းနှင့် မဖြေရှင်းဘဲ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ PDF အဖွဲ့

များဖွဲ့၍ အကြမ်းဖက် နည်းလမ်းဖြင့် ဖြေရှင်းခဲ့သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသောကြောင့် အဆိုပါ ကြေညာချက်ကို ထုတ်ပြန်ခြင်းဟု စစ်ကောင်စီက အသိပေး ရှင်းလင်းထားသည်။

**"ဘာကြောင့် အာဏာလွှဲပြောင်းယူလိုက်ရတာလဲဆိုတာကို ထုချေလွှာတင်ပြနဲ့ သန်းခေါင်စာရင်း ကောက်မည်ဖြစ်ကြောင်း ကြေညာသော ထုတ်ပြန်ချက်ဖြစ်နေ။ ခေါ်ပုံခေါ်နည်း နဲနဲများ လိုနေသလားလို့ပါ"** ဟု ကချင်လွတ်မြောက်ရေးကောင်စီ (KIC) ဒုဥက္ကဋ္ဌ ၁ ဒုတိယဗိုလ်ချုပ်ကြီး ဂွန်မော်ကလည်း သူ၏ လူမှုကွန်ရက်စာမျက်နှာမှတဆင့် ထုတ်ဖော်ပြောဆိုထားသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဖြေရှင်းရန် ပျက်ကွက်သဖြင့် စစ်တပ်က ၂၀၀၈ အခြေခံ ဥပဒေနှင့်အညီ အာဏာသိမ်းရသည်ဟု ဖော်ပြထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၉၊ ပုဒ်မ ၄၀၂ ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ် အတည်ဖြစ်စေရမည်ဟု ပါရှိပြီး အပိုဒ် (က) ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာလုပ်ငန်းများ၊ အပိုဒ်(ခ) ရွေးကောက်ပွဲဆိုင်ရာ ခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊ အပိုဒ် (ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သော ကိစ္စရပ်များဟု ထည့်သွင်းဖော်ပြထားသည်။

**"မင်းအောင်လှိုင်နဲ့ စစ်ကောင်စီမှာ ထွက်ပေါက်မရှိတော့ဘူး၊ သူ့ရဲ့တခုတည်းသော ထွက်ပေါက်က ရွေးကောက်ပွဲလုပ်ပြီး တရားဝင်အစိုးရလုပ်ချင်နေတာ၊ တရုတ်ကလည်း အဲဒီအတိုင်း ဖိအားပေးနေတယ် ထင်တယ်။ တဖက်မှာလည်း EAO တွေနဲ့ PDF တွေ ရန်ကလည်းရှိနေတော့ စစ်ရေးအရလည်း ပြေးလမ်းမရှိတော့ဘူး၊ တိုက်ရင်တိုက်သလောက် တမျိုးလုံး အသေခံ ရတော့မှာ၊ နိုင်ငံရေး အသက်ရှူလည်းကြပ်၊ စစ်ရေးလည်း ရှုံးနိမ့်ဆိုတော့ နောက်ဆုံး အရှက်မရှိ နိုင်ငံရေးနည်းလမ်းနဲ့ ပြန်ပြီး ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ကြပါဆိုပြီး ဖိတ်ခေါ်တော့တာပါ"** ဟု SOF တပ်ဖွဲ့မှူး ကိုအောင်စံရှားက ပြောသည်။

ထိုသို့ ကြေညာချက်ထုတ်ပြန်ပြီး နာရီပိုင်းအတွင်း လားရှိုးမြို့အား ဗုံးကြဲပြီး ဖျက်ဆီးခဲ့သလို တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ ထိန်းချုပ်မှုအောက်ရှိ လားရှိုး၊ သီပေါ၊ နောင်ချို၊ သံတွဲ၊ PDF များ ထိန်းချုပ်မှုအောက်ရှိ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းမှ ရွာများအပါအဝင် တိုင်းပြည်အနှံ့ရှိ မြို့ရွာများ၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အရပ်သားအိုးအိမ် အဆောက်အအုံများကို မြေပြင်တိုက်ပွဲ လုံးဝမရှိဘဲ လေကြောင်းတိုက်ခိုက်မှုများ အဆက်မပြတ် ပြုလုပ်နေသဖြင့် နိုင်ငံရေး

ပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေးပြောနေသည့် စစ်ကောင်စီအား မည်သူကမှ အယုံအကြည် မရှိကြသည့်အပြင် သဘောထား မှန်သည်ဟုလည်း မယူဆကြတော့ကြောင်း သိရသည်။

**"လက်နက်စွန့်ရမယ်၊ လက်နက်ချရမယ်၊ နိုင်ငံရေးအခင်းအကျင်းမှာ ပါဝင်နိုင်ဖို့ဆိုရင် ပါတီထောင်ပြီး ပါဝင်ကြရမယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ ယုံစရာအကြောင်းမရှိဘူး။ စစ်တပ်က ပြောတဲ့ကိစ္စတွေ ၁၀၀ ရာခိုင်နှုန်း နီးပါးလောက်က စိတ်ရင်းနဲ့ ပြောတာမဟုတ်ဘူး။ သူတို့ရဲ့ လက်ရှိကြုံတွေ့နေရတဲ့ အကျပ်အတည်းတွေကနေ ထွက်ပေါက်ရဖို့အတွက် လိုက်ပြီးတော့ ထွက်ပေါက်ရှာနေတာလို့ပဲ ယူဆပါတယ်"**ဟု လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဒေါ်နှင်းနှင်းမွှေးက ပြောသည်။

လက်ရှိအချိန်၌ စစ်ကောင်စီသည် မြေပြင်ရင်ဆိုင် တိုက်ပွဲများတွင်လည်း စစ်ရေး ရှုံးနိမ့်မှုများဖြင့် ရင်ဆိုင်နေ ရသလို လူမှုရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံတကာရေးရာ စသည့် စစ်မျက်နှာများတွင်လည်း ကျရှုံးနေလျက် ရှိသဖြင့် လက်အောက်ခံတပ်ဖွဲ့ဝင်များ၊ ထောက်ခံသူများ စိတ်ဓာတ်မြှင့်တင်ရေး ပြန်လည်ဖော်ဆောင်နိုင်ရေးနှင့် နိုင်ငံတကာကို ဝါဒဖြန့်ချိနိုင်ရေးတို့အတွက် နိုင်ငံရေးဗျူဟာ ပြောင်းလဲခြင်းမျိုးသာဖြစ်ကြောင်း တော်လှန်ရေးအင်အားစုများက ဆိုသည်။

**"အခု ဖိတ်ခေါ်မှုဆိုတာကလည်း ရယ်စရာပြက်လုံးတခုအဆင့်ထက် မပိုပါဘူး၊ ဘာသက်ရောက်မှုမှ ရှိလာမှာမဟုတ်သလို ဘာမှလည်း ဖြစ်လာမှာမဟုတ်ပါဘူး၊ လက်ရှိ တော်လှန်ရေးအင်အားစုတွေအားလုံးက စစ်အာဏာရှင် ချုပ်ငြိမ်းတဲ့အထိ အမြစ်ပြတ်အောင် တိုက်သွားဖို့ပဲ ရှိပါတယ်၊ တကယ်ဆွေးနွေးရေးလမ်းစဉ်ကို လိုလားတယ်ဆိုရင်တော့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတကြီး ဦးဝင်းမြင့်အပါအဝင် ဖမ်းဆီးထားသူတွေအားလုံးကို အကြွင်းမဲ့လွှတ်ပေးရမယ်၊ ပြည်သူတွေ မဲပေးဆုံးဖြတ်ထားတဲ့ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို အပြည့်အဝ လက်ခံရ**

**လေကြောင်းတိုက်ခိုက်မှုများ အဆက်မပြတ် ပြုလုပ်နေသဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေးပြောနေသည့် စစ်ကောင်စီအား မည်သူကမှ အယုံအကြည် မရှိကြသည့်အပြင် သဘောထားမှန်သည်ဟုလည်း မယူဆကြတော့...။**

**မယ်၊ ဒီလိုမျိုးတွေ လက်ခံနိုင်မှသာ ဆွေးနွေးရေးစကားဝိုင်းတွေ ဖြစ်လာလိမ့်မယ်လို့ ပြောချင်ပါတယ်**”ဟု စစ်ရေးလေ့လာသုံးသပ်သူတဦးက ပြောသည်။

နိုင်ငံရေးပါတီဖွဲ့၊ ရွေးကောက်ပွဲလမ်းကြောင်းဝင်ဟု ဆိုနေသော်လည်း ရွေးကောက်ပွဲက တက်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရကို ဖမ်းဆီးထိန်းသိမ်းထားရာ အာဏာသိမ်းစဉ် NLD ခေါင်းဆောင်များအပါအဝင် တက်ကြွလှုပ်ရှားသူ ၂၇,၄၆၃ ဦး ဖမ်းဆီးခံခဲ့ရသည့်အနက်မှ ၂၀,၉၆၉ ဦးမှာ ထိန်းသိမ်းခံရဆဲဖြစ်သည်ဟု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က ထုတ်ပြန်သည့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စာရင်းဇယားများအရ သိရသည်။

ထို့အတူ K3C-NUG အနေဖြင့် စစ်တပ်သည် နိုင်ငံရေးက လုံးဝ ထွက်ခွာရန်၊ စစ်တပ်သည် အရပ်သားအစိုးရ အုပ်ချုပ်မှု အောက်တွင်သာရှိရန်၊ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများအတွက် ထိုက်သင့်သည့် အပြစ်ပေးအရေးယူခံယူရန်စသည့် အချက်များပါဝင်သည့် ဘုံသဘောထားထုတ်ပြန်ချက်ကို ဇန်နဝါရီလအတွင်းက ထုတ်ပြန်ထားသည်။

တိုင်းရင်းသားတော်လှန်ရေး မဟာမိတ်တပ်များ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)များ အနေဖြင့် ဘုံသဘောထား ထုတ်ပြန်ချက်အတိုင်း ဆက်သွားမည်ဟုလည်း ထုတ်ပြန်အသိပေးထားကြသည်။

မြန်မာနိုင်ငံသည် ၁၉၂၂ ခုနှစ်မှစ၍ အထွေထွေရွေးကောက်ပွဲပေါင်း ၁၇ ခု ကျင်းပခဲ့ပြီး ဖြစ်ကာ ရွေးကောက်ပွဲ အားလုံးကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူကျင်းပခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံး ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် သောင်းပြိုကမ်းပြိုအနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (NLD) ကို မဲလိမ်သည်ဟု စွပ်စွဲပြီး စစ်တပ်က၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းပိုက်ခဲ့သည်။


ထိုသို့ စစ်တပ်က အာဏာသိမ်းမှုကို လက်မခံသော ပြည်သူများက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့သည်ကို စစ်ကောင်စီက အကြမ်းဖက် ဖြိုခွဲဖမ်းဆီး သတ်ဖြတ်မှုများ ပြုလုပ်ခဲ့သဖြင့် ပြည်သူများက လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ကာ နွေဦးတော်လှန်ရေးကို ဖော်ဆောင်ခဲ့ပြီး နောက် လက်ရှိအချိန်တွင် စစ်ကောင်စီသည် နိုင်ငံကိုထိထိရောက်ရောက် မထိန်းချုပ်နိုင်တော့ဘဲ နိုင်ငံ့လူဦးရေ ၆၇ ရာခိုင်နှုန်းနေထိုင်သည့် မြန်မာနိုင်ငံပိုင်နက် ၈၆ ရာခိုင်နှုန်းကို လက်လွှတ်ထားရသည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ကောင်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိ နိုင်ငံရေးပါတီ မှတ်ပုံတင်ရာတွင်လည်း ရခိုင်တွင် အမတ်နေရာအများစု အနိုင်ရခဲ့သည့် ရခိုင် အမျိုးသားပါတီ (ANP) အား မှတ်ပုံတင်ခွင့်မပြုခြင်း၊ အချို့ပါတီများကိုလည်း အလားတူ မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်းများ ပြုလုပ်နေလျက်ရှိကာ တရားဝင်ခွင့်ပြုပေးထားသည့် ပါတီ ၅၀ ကျော်ရှိကြောင်းသိရသည်။


**"ရွေးကောက်ပွဲအလွန်မှာ ဘာတွေ ဖြစ်လာနိုင်သလဲဆိုတာကတော့ တော်တော်လေးကို စိတ်ဝင်စားစရာ ကောင်းပါတယ်၊ သေချာတာကတော့ လာမယ့် ၂၀၂၅ မှာ ကျနော်တို့နိုင်ငံမှာ အလှည့်အပြောင်းကြီးတွေ ဖြစ်လာလိမ့်မယ်လို့တော့ မြင်မိပါတယ်၊ တော်လှန်ရေးဘက်ကလည်း ပြင်ဆင်နေကြတဲ့ အချိုးအကွေ့တွေရှိတယ်၊ အဲဒီလိုပဲ အကြမ်းဖက်စစ်တပ်ဘက်ကလည်း ပြင်ဆင်နေတာတွေလည်း ရှိတယ်ပေါ့ဗျာ၊ ဆိုတော့ဘာတွေဖြစ်လာမလဲ၊ ဒေါ်အောင်ဆန်းစုကြည်များ လွတ်မြောက်လာမလား၊ လွတ်မြောက်လာခဲ့မယ်ဆိုရင် တော်လှန်ရေးအင်အားစုတွေက ဘယ်လို ရှုမြင်မလဲ၊ ဒါတွေကအရမ်းကို စိတ်ဝင်စားစရာကောင်းတဲ့ နိုင်ငံရေးအခင်းအကျင်းတွေဖြစ်လာမယ်လို့ သုံးသပ်မိပါတယ်"** ဟု စစ်ရေး နိုင်ငံရေး လေ့လာသုံးသပ်သူ ဦးစိုးဝင်းဆွေကပြောသည်။

လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော် ၂၂၄ နေရာတွင် ၁၆၈ နေရာ၊ ပြည်သူ့လွှတ်တော် နေရာ ၄၄၀ တွင်လည်း ၃၃၀ အတွက်သာ ယှဉ်ပြိုင်ကြရပြီး အမျိုးသားလွှတ်တော်မှ ၅၈ နေရာ၊ ပြည်သူ့လွှတ်တော်မှ နေရာ ၁၁၀ သည် ၂၅ ရာခိုင်နှုန်း ရယူထားသည့် တပ်မတော် ကိုယ်စားလှယ်များအတွက် ဖြစ်သည်။

**ရိုးသက်**




Federal Journal Facebook **စာမျက်နှာတွင် အကြောင်းအရာ စုံလင်စွာ ဝင်ရောက် လေ့လာနိုင်ပါသည်**




အရင်ဆုံးစတာကတော့ Holy Roman Empire ပါ။ အဲဒါက အေဒီ ၉၆၂ ကနေ ၁၈၀၆ လောက် အထိပါပဲ။ အဲဒါကတော့ အင်ပါယာဖြစ်တယ်၊ ဧကရာဇ်ဘုရင်ရှိသော်လည်းပဲ ဧကရာဇ်ဘုရင်ကအာဏာ စွဲကိုင်ထားသည့်တိုင်အောင် အကြွင်းမဲ့အာဏာ သူ့မှာမရှိဘူး။ သူက ဘုရင့်နိုင်ငံလေးတွေလည်းရှိတယ်။

မြို့စားနဲ့အုပ်ချုပ်တဲ့ နိုင်ငံငယ်လေးတွေလည်းရှိတယ်။ မင်းသားတွေအုပ်ချုပ်တဲ့ နိုင်ငံလေးတွေလည်းရှိတယ်။ နောက်ပြီးတော့ Free City ဆိုတဲ့ လွတ်လပ်တဲ့ မြို့တွေလည်း ရှိတယ်။ အဲဒီလိုသွားတဲ့အခါကြတော့ ဒီဥစ္စာကနောက်ပိုင်းမှာ ဂျာမနီနိုင်ငံရဲ့ဖက်ဒရယ်စနစ်ပေါ်ထွန်းလာဖို့အတွက်အခြေခံအုတ်မြစ်ဖြစ်လာတာ ဖြစ်တယ်။

အဲဒါပြီးတော့ ဘာလာသလဲဆိုတော့ German Confederation ဆိုတာလာတယ်။ German Confederation ဆိုတာ ၁၈၁၅ကနေ ၁၈၆၆ အထိ။ အဲဒါက Holy Roman Empire ကြီး ပြိုကွဲသွားတဲ့အခါမှာ အရင်တုန်း ကတော့ Holy Roman Empire လို့ ခေါ်တယ်။ နောက်ပိုင်းမှာ Holy Roman Empire of the German Nation လို့လည်း ခေါ်တယ်။ နာမည်ကတော့ အမျိုးမျိုး ခေါ်တာပေါ့။

အဲဒါပြိုကွဲသွားတဲ့ အချိန်မှာ German Confederationဆိုတာ ပေါ်လာတာ ဖြစ်တယ်။ သူကလည်း အဲဒီလိုပဲ၊ ဂျာမန်စကားပြောတဲ့ ပြည်နယ် ၃၉ ပြည်နယ်ရှိခဲ့တယ်။ အစုအဖွဲ့တစ်ခုတော့ရှိတယ်၊ ဒါပေမယ့် အဲဒီဗဟိုအာဏာက အဲဒီလောက်အထိ မပြင်းထန်ဘူး။ လျော့လျော့ရဲရဲတော့ရှိတယ်၊ အဲဒါကြောင့် Federal Assembly လို့ ခေါ်တာပေါ့။ အဲဒီလို Confederation နဲ့ နေခဲ့ဖူးတယ်။

အဲဒီနောက် Unification of the German Empire ပေါ်နေ၊ အဲဒီဂျာမန်အင်ပါယာအသစ်ကြီး ပြန်ပေါ်လာတယ်။ ဂျာမန်လူမျိုးတွေ နေထိုင်တဲ့ နေရာတွေ အကုန်လုံးကို ၁၈၇၁ ကနေ ၁၉၁၈ အထိ Prussia ကနေအားလုံးကို ဦးဆောင်ပြီးတော့ စုစည်းပေးလိုက်တာ ဖြစ်တယ်။ ဒါပေမယ့် အဲဒီလိုစုစည်းပေးပေမယ့် အင်ပါယာရှိတယ်၊ ကေရာဇ်ဘုရင်ရှိသော်လည်း တခြားဘုရင့်နိုင်ငံလေးတွေကိုလည်း သူကချန်ထားတယ်။ အပြတ်ကြီး သိမ်းပိုက်ပြီးတော့ တစ်ခါတည်း အကုန်လုံးကို ချုပ်ကိုင်လိုက်တာမဟုတ်ဘူး။

ဆိုတော့ ကေရာဇ်ဘုရင်သာ ရှိတာ၊ Federal Monarchy လို့လည်း သူ့ကိုခေါ်တယ်။ Monarchy တော့ Monarchy ပဲ၊ ဘုရင်စနစ်ပဲ၊ ပဒေသရာဇ်စနစ်ပဲ။ ဒါပေမယ့် ဖက်ဒရယ်ပုံစံ၊ ပဒေသရာဇ်နိုင်ငံငယ်လေးတွေ ပေါင်းထားတဲ့ ပုံစံမျိုးပေါ့။ အားလုံးပေါင်းတော့ ပြည်နယ်ပေါင်း ၂၅ ပြည်နယ်ရှိတယ်။

အဲဒီထဲမှာမှ ဘာတွေပါလဲဆိုတော့ ဘုရင့်နိုင်ငံ ၄ ခုပါတယ်။ Prussia ပါတယ်၊ Prussia ကနေ ဦးဆောင်ပြီးတော့ ဒီဟာကြီးကို စုစည်းပေးလိုက်တာ ဖြစ်တယ်။ သို့သော်လည်း Prussia က သူ့နိုင်ငံနဲ့သူ ဆက်ရှိနေတာ ဖြစ်တယ်။ Bavaria ကလည်း သူတို့နိုင်ငံနဲ့သူ ဆက်ရှိနေတယ်။ Saxony ကလည်း သူ့နိုင်ငံနဲ့သူ ဆက်ရှိ နေတယ်။ Wurttemberg ဆိုတာကလည်း ရှိနေသေးတယ်။ Bavaria ကလည်း သူ့ဟာနဲ့သူ ဘုရင့်နိုင်ငံအဖြစ် ဆက်ရှိနေတယ်။ ဆိုတော့ အားလုံးဟာ သူ့ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိုယ်စီကိုယ်စီနဲ့ ရှိနေတယ်။ သူ့ရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံနဲ့သူ ရှိနေတယ်။ သူ့အစိုးရနဲ့သူ ရှိနေတယ်။ သူတို့ရဲ့ ပညာရေးကိုလည်း သူတို့ဟာသူတို့ လွတ်လပ်စွာ စီမံခန့်ခွဲတာ ဖြစ်တယ်။ ဒါကြောင့် ဒီ Confederation ကလည်း တော်တော်လေးကို ဖက်ဒရယ် ဆန်ပါတယ်။ Federal Monarchy လို့လည်း ခေါ်တာပေါ့လေ။

ဒါပေမယ့် Weimar Republic ပေါ်လာတဲ့ အခါကြတော့ ပုံစံတမျိုးဖြစ်သွားပြီ။ ၁၉၁၉ ကနေ ၁၉၃၃ အထိပေါ့။ အဲဒီ Weimar Republic ကို ကျင့်သုံးတဲ့အခါကြတော့ ဖက်ဒရယ်ကို

ဆက်သယ်သွားခဲ့ပေမယ့် အဲဒီအခါကြတော့ ၁၇ပြည်နယ်ပေ့ါလေ။ ဘာအားနည်းချက်ရှိလဲဆို တော့ သူတို့က ဗဟိုအစိုးရကို အာဏာနည်းနည်းတိုးပေးလိုက်တယ်။ အဲဒီလိုတိုးပေးလိုက်တဲ့အခါ ကြတော့ အစဉ်အလာအရ သူတို့က ဖက်ဒရယ် ဆန်ဆန် နေလာကြတာဆိုတော့ ဒေသန္တရအစိုးရ တွေနဲ့ ဒေသအသီးသီးကို အုပ်ချုပ်တဲ့ အစိုးရတွေနဲ့ ပွတ်တိုက် မှုတွေ ရှိလာတယ်။ တည်ငြိမ်မှု သိပ်မရှိဘူးပေ့ါ။ အဲဒါကတော့ မလုပ်သင့်တဲ့ ဟာပေ့ါလေ။ ဒီဂျာမနီလို နိုင်ငံ မျိုးမှာ အင်မတန်မှ Diverse ဖြစ်တဲ့ နိုင်ငံကိုး။

သူတို့က လူမျိုးတစ်မျိုးတည်းဆိုပေမယ့် ဘာသာစကားက အများကြီးကွဲတယ်။ သမိုင်း ကြောင်းတွေကလည်း တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။ အုပ်ချုပ်ပုံတွေလည်း မတူဘူး။ စနစ်တွေကလည်း နည်းနည်းကွဲ နေတာ။ ဂျာမန်ဘာသာစကားက တစ်မျိုးတည်းသုံးတယ်ဆိုပေ မယ့် သူ့မှာ အမျိုးမျိုးကွဲနေတာ၊ ကျွန်တော်တို့ ချင်းပြည်နယ်မှာလိုပေ့ါ။ ဘာသာစကားမျိုးကွဲတွေ က အများကြီးရှိနေတာ၊ ဂျာမန်ဘာသာစကားမှာလည်းပေ့ါလေ။ တစ်ယောက်နဲ့ တစ်ယောက် တောင်မှ နားမလည်တာတွေ အများကြီးရှိတယ်။

တစ်နေရာနဲ့ တစ်နေရာမှာ အဲဒီလိုအများကြီးရှိနေတဲ့ အခါကြတော့ အဲဒီလောက်ထိ Diverse ဖြစ်ပြီးတော့မှ မတူကွဲပြားမှု တွေရှိနေတဲ့ နိုင်ငံတစ်ခုမှာ၊ Weimar Republic အတွင်းမှာ ဗဟိုဦးစီးစနစ်ကို ဦးစားပေးလိုက်တဲ့ အခါကြတော့ ပွတ်တိုက်မှုတွေက နည်းနည်းရှိလာတယ်။ အဲ ဒါက မလုပ်သင့်တဲ့အရာပေ့ါ။

ဒါပေမယ့် အဲဒီနောက်ပိုင်း ၁၉၃၃ကနေ ၁၉၄၅ အထိ နာဇီခေတ်ဖြစ်တယ်။ နာဇီခေတ် ဆိုတော့ အထူးတော့ ပြောစရာမလိုဘူးထင်တယ်။ မိရိုးဖလာဖက်ဒရယ်လစ်ဇင်တွေ နားမလည် ဘူး။ အကုန်လုံးကို ဖျက်သိမ်း၊ အဲဒီလို ဖျက်သိမ်းပြီးတော့မှ ပြည်နယ်တွေ အကုန်လုံးက ဟစ်တ လာရဲ့အောက်မှာ၊ ဗဟိုအစိုးရရဲ့ အောက်မှာ နာဇီအစိုးရရဲ့ အောက်မှာ တင်းတင်းကြပ်ကြပ် ဆွဲပြီး အုပ်ချုပ်လိုက်တာ။ ဒါကတော့ အသေးစိတ် ကျွန်တော်တို့ ဘာမှပြောစရာမလိုဘူး။ အားလုံး သိ ကြပါတယ်။ အဲဒါပြီးတော့ စစ်ပြီးသွားတဲ့အခါမှာ ဂျာမနီက နှစ်ပိုင်းကွဲ သွားတယ်။ Federal Republic of Germany ဆိုတာကတော့ ဖက်ဒရယ်စနစ်ဆိုတာ အဲဒီမှာ ပေါ်လာပြီ။ တကယ့် အမေရိ ကန်စတိုင်ပေ့ါ။

အရင်တုန်းက ပြောနေတဲ့ ဖက်ဒရယ်၊ ဖက်ဒရယ်ဆိုတာက တကယ့်ဖက်ဒရယ် မဟုတ် သေးဘူး။ ဒီခေတ်မှာ ကျွန်တော်တို့သိတဲ့ ဖက်ဒရယ်မဟုတ်သေးဘူး။ အဲဒီတုန်းက Monarchy

တွေလေ။ ပဒေသရာဇတ်ခေတ် လက်အောက်မှာရှိတဲ့ ဖက်ဒရယ်ဖြစ်တယ်။ ကျွန်တော်တို့ဆီမှာလည်း Federated Shan State တို့ ဘာတို့ရှိတာပဲ။ စော်ဘွားတွေတောင်မှ ဖက်ဒရယ်နဲ့ မှီကြသေးတာပဲ။ ဒါပေမယ့် ဒီမိုကရေစီမရှိဘူးလေ။ အဲဒါက ရှေးဟောင်းဖက်ဒရယ်ဖြစ်တယ်။ ပဒေသရာဇတ်ခေတ်ဖက်ဒရယ်ဖြစ်တယ်။

ဒါပေမယ့် ဒီ ၁၉၄၉ ကနေ ၁၉၉၀အထိ ဂျာမနီနိုင်ငံ နှစ်ပိုင်းကွဲသွားတဲ့အခါမှာ အနောက်ဂျာမနီက Federal Republic of Germany သမ္မတနိုင်ငံ။ အဲဒီကနေပြီးတော့မှ တကယ့်အမေရိကန်ရဲ့ စတိုင်ပေါ့နော်။ ဒီမိုကရေစီပါတယ်၊ ဖက်ဒရယ်ပါတဲ့ (၁၁)ပြည်နယ်နဲ့ အနောက်ဂျာမနီမှာဖွဲ့စည်းပြီးတော့ ဒေသန္တရအစိုးရ တွေကလည်း အရမ်းအားကောင်းတယ်။

ဒါပေမယ့် အရှေ့ဂျာမနီမှာကတော့ အဲဒီလိုမဟုတ်ဘူး။ ဆိုရှယ်လစ်ဂျာမနီပါတီကနေ အုပ်ချုပ်တယ်။ ကွန်မြူနစ်တွေပေ့ါလေ၊ သူက ကွန်မြူနစ်နိုင်ငံ ဖြစ်သွားတာကိုး။ နောက်ပြီး ပြည်နယ်တွေကိုလည်း ဖျက်သိမ်း လိုက်ပြီးတော့ ခရိုင်အဆင့်အထိကို လျှော့ချလိုက်တာ။ ဆိုတော့ ၁၉၉၀မှာ ဘာလင် Wall ကြီး ပြိုသွားတဲ့ အခါကြတော့ အရှေ့ဂျာမနီနဲ့ အနောက်ဂျာမနီတို့ ပေါင်းသွားတဲ့ အခါမှာ အရှေ့ဂျာမနီက အနောက်ဂျာမနီရဲ့ စနစ်ထဲကို integrated ဖြစ်သွားတာ ပေ့ါလေ။



Salai Kipp

ဖက်ဒရယ်ရေးရာနှင့် ပင်လုံသမိုင်းကြောင်းဆိုင်ရာ ကျွမ်းကျင်သူ

ဘာကြောင့်လဲဆို ကွန်မြူနစ်နိုင်ငံကလည်း ပြိုကွဲသွားတာကိုး။ အရှေ့ဥရောပနိုင်ငံတွေပြိုကွဲသွားတဲ့ အခါကြတော့ အရှေ့ဂျာမနီရဲ့ ကွန်မြူနစ်ဝါဒကလည်း ပျက်စီးသွားတယ်။ ကွန်မြူနစ်တွေ ပြိုလဲပြီးတော့ FRGပေ့ါ၊ ဂျာမနီရဲ့အောက်မှာသူတို့ integrated ဖြစ်သွားပြီးတော့ အဲဒီမှာ ပထမက (၁၁)ပြည်နယ် ကနေပြီးတော့ အခု (၁၆)ပြည်နယ် ဖြစ်သွားတယ်။

အဲဒီလို ၁၆ပြည်နယ်ဖြစ်သွားပြီးတော့ သူ့ရဲ့ဖွဲ့စည်းပုံက တော်တော်လေးကောင်းတယ်။ ပြည်နယ်တွေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ

အပြည့်အဝရှိတယ်။ ဒါက သူရဲ့ သမိုင်းရေခံမြေခံနောက်ခံ ပေါ့လေ။ ဖက်ဒရယ်စနစ် ထွန်းကားဖို့ အတွက်ဂျာမနီနိုင်ငံရဲ့သမိုင်းနောက်ခံပေါ့။ ဒီလောက်ဆိုရင်တော့ပထမပိုင်းကလုံလောက်ပါတယ်။

ဂျာမနီနိုင်ငံရဲ့ ဒေသန္တရအစိုးရနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နည်းနည်းလေး စပြီးတော့ ဆွေးနွေးမယ်။ သူ့နိုင်ငံတစ်ခုလုံးရဲ့ နိုင်ငံရေးတည်ဆောက်ပုံပေါ့။ သူ့ရဲ့တည်ဆောက်ပုံအကြမ်း ဖျဉ်းကို ကျွန်တော်စပြီးတော့ ပြောပြမယ်။ သူ့မှာ ၅ လွှာရှိတယ်။ အုပ်ချုပ်ရေးက ၅ လွှာရှိတယ်။ အမြင့်ဆုံးကတော့ ပြည်ထောင်စု အစိုးရ၊ ဗဟိုအစိုးရပါ။ ဒုတိယအလွှာမှာကတော့ ပြည်နယ်တွေ ရှိတာပေါ့။

ပြည်နယ်မှာလည်း ၂ မျိုးရှိတယ်။ ပြည်နယ် အစိုးရရိုးရိုးပြည်နယ်တွေ ရှိတယ်။ မြို့ ပြည်နယ်က ၃ ခုရှိတယ်။ သူတို့သမိုင်းကြောင်းအရ လွတ်လပ်တဲ့ ပြည်နယ်တွေပေါ့။ လွတ်လပ်တဲ့ မြို့ပြတွေပေါ့လေ။ မြို့နိုင်ငံလေးတွေပေါ့၊ သူတို့က ဂျာမနီပြည်ထောင်စုတည်ထောင်တဲ့အခါမှာ ပြည်နယ်တွေအနေနဲ့ ပါဝင်လာတာဖြစ်တယ်။ မြို့ပြည်နယ်တွေပေါ့။ အားလုံးပေါင်း ၁၃ ပြည်နယ် နဲ့ မြို့ပြည်နယ် ၃ ခုပေါင်း ၁၆ ပြည်နယ်ပေါ့။

တတိယအလွှာမှာက ပြည်နယ် ၆ ခုမှာပဲရှိတဲ့ အစိုးရခရိုင်အုပ်ချုပ်ရေးပေါ့။ အဲဒီ ၃လွှာ စလုံးက ထိပ်ဆုံးက ပြည်ထောင်စုအစိုးရရယ်၊ ပြည်နယ်အစိုးရရယ်၊ နောက်ပြီးတော့ ပြည်နယ် ၆ ခုရဲ့ အစိုးရခရိုင်အုပ်ချုပ်ရေးတွေက ဒေသန္တရအစိုးရ မဟုတ်သေးဘူး။ ကျန်တဲ့ အလွှာတွေ



အကုန်လုံးက ဒေသန္တရအစိုးရပါ။ ကျန်တဲ့ အလွှား ဒေသန္တရအစိုးရမှာ နောက်ထပ် ၄နဲ့ ၅ရှိမှာ ပေါ့။ ကျေးလက်ဒေသန္တရအစိုးရပေါ့၊ Rural District လို့လည်းခေါ်တယ်။ သူ့မှာ ၂ မျိုး ၂ စားရှိ တယ်။ Rural District နဲ့ Urban District လို့ ခေါ်တယ်။ လွတ်လပ်သော မြို့ပြ အုပ်ချုပ်ရေးများ လို့ ကျွန်တော်ရေးထားတယ်။

ကျေးလက်ဒေသန္တရအစိုးရကြားထဲမှာ နယ်မြေကျယ်ပြန့်ပြီး မြို့အင်မတန်ကြီးမားတဲ့ အင်မတန်မှ လူနေထူထပ်တဲ့ မြို့ကြီးတွေကို သီးသီးခြားခြားလွတ်လွတ်လပ်လပ် အုပ်ချုပ်ခိုင်း ထားတာ ဖြစ်တယ်။ ကျေးလက်ဒေသန္တရအုပ်ချုပ်ရေးထဲမှာမပါဘူး။ သူက နာမည်ကစ ကွဲလွဲ သွားတယ်၊ တာဝန်တွေကလည်း ၂ ခုဖြစ်သွားတယ်။ District ရဲ့တာဝန်ကော၊ County တွေရဲ့ တာဝန်ကော ၂ခုစလုံးကို တာဝန်ထမ်းဆောင်သွားရတာပေါ့။

အဲဒီအောက်မှာကြတော့ မြူနီစီပယ်တွေ ဖြစ်တယ်။ ဒါက နောက်ဆုံးအလွှားပေါ့။ အဲဒီ မှာ ၂ပိုင်းခွဲထားတာက အားလုံးက မြူနီစီပယ်တွေပါပဲ။ သီးခြားအုပ်ချုပ်နိုင်တဲ့ မြူနီစီပယ်တွေ က သီးခြား သူ့ဟာနဲ့သူ အုပ်ချုပ်တယ်။ ဒါပေမယ့် ဝန်ဆောင်မှုတွေကို အားလုံးစုပေါင်းပြီးတော့ လုပ်မှအဆင်ပြေမယ့်ဟာတွေကြတော့ စုပေါင်းပြီး လုပ်တာရှိတယ်။ အဲဒါကြောင့်မလို့ မြူနီစီပယ် သမဂ္ဂများလို့ အလွယ်တကူ ကျွန်တော်နာမည်ပေးထားတယ်။ အမှန်ကတော့ association တွေပါ ပဲ။ မြူနီစီပယ် association တွေလို့ အင်္ဂလိပ်လို ခေါ်တယ်။

ဒီနေရာမှာ အစောနားကပြောတဲ့ ပြည်နယ် ဖြစ်ရဲ့ အစိုးရခရိုင်များ၊ အစိုးရခရိုင်အုပ်ချုပ် ရေးတွေ constitution ထဲမှာ အာမမခံထားဘူး။ သူတို့ရဲ့ အခွင့်အရေးသော်လည်းကောင်း၊ တခြားအရာတွေသော်လည်းကောင်း တည်ရှိဖို့အတွက် ဘာမှအာမမခံထားဘူး။ ဒါကဘာလဲဆို တော့ အုပ်ချုပ်ရေးလွယ်ကူအောင်လို့သာ လုပ်ထားတာ။ ဘာကြောင့်လဲဆိုတော့ ပြည်နယ် ဖြစ်ရဲ့ အစိုးရခရိုင်တွေက သူတို့အောက်မှာရှိတဲ့ ဒေသန္တရ အစိုးရတွေ မလုပ်နိုင်တဲ့ အရာတွေကို သူတို့ က လုပ်ရတာ။ နောက်ပြီးတော့ အပေါ်က ပြည်ထောင်စုအစိုးရရဲ့ တာဝန်တချို့ကိုလည်း တာဝန် ထမ်းဆောင်မယ်။ ပြည်နယ်အစိုးရရဲ့ တာဝန်တချို့ကိုလည်း ထမ်းဆောင်ရမယ်။ ဒါကြောင့်ပဲ

ဥပမာ-လမ်းတံတားကြီးတွေ ဆောက်လုပ်ရေးလုပ်တာတို့၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးတို့၊ တက္ကသိုလ် ကြီးတွေ စသဖြင့် သူတို့က ဒေသန္တရအစိုးရတွေ မလုပ်နိုင်တဲ့ဟာတွေ လုပ်ရတာပေါ့။ သူတို့က အုပ်ချုပ်ရေးနဲ့ ဘာမှ မဆိုင်ဘူး။ ဒေသန္တရအုပ်ချုပ်ရေးကို သူတို့ဘာမှ ဝင် မစွက်ဘူး။ သူတို့ကလည်း ရွေးကောက်ခံ မဟုတ်ဘူး။ ဒီအလွှားတစ်ခုပဲ။ ပြည်နယ် ဖြစ်ရဲ့ အစိုးရ

ခရိုင်များဆိုတဲ့ဟာကပေါ့။ သူတို့ကလည်း ရွေးကောက်ခံ မဟုတ်ဘူး။ သူတို့ကို အပေါ်ကခန့်အပ်တာဖြစ်တယ်။ ရှင်းရှင်းပြောရမယ်ဆိုရင် ဝန်ထမ်းတွေပေါ့။ ပြည်နယ်တွေရဲ့ ဝန်ထမ်းတွေလည်း ဖြစ်တယ်။ တချို့ကလည်း ပြည်ထောင်စုက ခန့်အပ်ထားတာဖြစ်တယ်။ ဒါက ရွေးကောက်ခံ မဟုတ်ဘူး။

ကျန်တာတွေ အကုန်လုံးကရွေးကောက်ခံပဲ။ ပြည်ထောင်စုအစိုးရဖြစ်ဖြစ်၊ ပြည်နယ်အစိုးရပဲဖြစ်ဖြစ် ဒီဒေသန္တရအစိုးရတွေ အကုန်လုံးက အောက်ခြေက ပြည်သူလူထုက မရွေးဘဲနဲ့ သူတို့ အာဏာမရနိုင်ဘူး။ အာဏာတွေကို အဲဒီလိုခွဲဝေထားတာ ဖြစ်တယ်။ ဆိုတော့ ဒီမှာအခေါ်အဝေါ်တွေကို ကြည့်မယ်ဆိုရင် ကျေးလက် ဒေသန္တရအစိုးရက Rural District လို့လည်း အင်္ဂလိပ်လို ခေါ်တယ်။ အခေါ်အဝေါ်တွေက ကွာသွားတယ်။ အဲဒါတွေကို ကြည့်လိုက်ရင် ဘာမြင်ရလဲဆိုတော့ အမေ ရိကန်နိုင်ငံနဲ့လည်း မတူဘူး။ ဆွစ်ဇာလန်နိုင်ငံနဲ့လည်းမတူဘူး။ သူတို့က တော်တော်လေးရှင်းတယ်။

အမေရိကန်နိုင်ငံကလည်း သူတို့ကအပေါ်ကနေ ဌာနေတိုင်းရင်းသားတွေကို အနိုင်ကျင့်ပြီး သိမ်းပိုက်ထားတဲ့ နယ်မြေတွေက ခပ်များများလေ။ ၂၃ နဂိုမူလ ၁၃ ပြည်နယ်ကလွဲရင် ကျန်တာတွေက ဝယ်ယူထားတာတွေ၊ သိမ်းပိုင်ထား တာတွေချည်းပဲ။ အဲဒီကနေပြီးတော့မှ ရှင်းရှင်းပြောရရင် သူတို့က တကယ်တမ်း သဘာဝအရ မရှိတဲ့ ပြည်နယ်တွေကို ရွှေ့ပြောင်းပြီးတော့ နေထိုင်တဲ့လူတွေက နွားခြံလိုလို လေးထောင့်ပုံလေးတွေနဲ့ ဖွဲ့စည်းတဲ့ ပြည်နယ်တွေဖြစ်တယ်။ သူတို့က ရှင်းတယ်၊ ပြည်နယ်ပေါင်း ၅၀ ပေါ့။

နောက်ပြီးတော့ ဆွစ်ဇာလန်နိုင်ငံကလည်း ရှင်းတယ်။ သူတို့က မိရိုးဖလာအရ နေလာတာဆိုတော့ ၁၆ ပြည်နယ်၊ ဒါကအရမ်းရှင်းတယ်။ ဒါပေမယ့် ဒီဂျာမနီကြတော့ ရှုပ်တယ်၊ သမိုင်းကြောင်းလည်း ရှုပ်တယ်။ နောက်ပြီးတော့ မတူကွဲပြားမှုကလည်း အရမ်းများတယ်။ ဆွစ်ဇာလန်နိုင်ငံလိုပဲ၊ ဒါပေမယ့် ဂျာမနီနိုင်ငံက ပိုပြီးတော့မှ မတူကွဲပြားမှုများသေးတယ်။ ဒီနေရာမှာ ကျွန်တော်တို့ သတိထားရမှာက ဂျာမနီနိုင်ငံကဲ့သို့ပဲ ကျွန်တော်တို့နိုင်ငံမှာလည်း မတူကွဲပြားမှုတွေ အရမ်းများတာ ဖြစ်တယ်။ သမိုင်းကြောင်းရှုပ်ထွေးမှုကလည်း ကျွန်တော်တို့ဟာ အရှုပ်ထွေးဆုံးဖြစ်တယ်။ ကမ္ဘာမှာတောင်မှ သမိုင်းကြောင်းအရှုပ်ထွေးဆုံးလို့ ပြောလို့ရတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလောက်ရှုပ်ထွေးတဲ့ နိုင်ငံတစ်ခုကို ကျွန်တော်တို့က နှစ်ပေါင်း ၇၀ လောက် Top–Down နဲ့ လုပ် အုပ်ချုပ် လာတာကိုး။

ဂျာမနီတို့၊ အမေရိကန်တို့၊ ဆွစ်ဇာလန်တို့က ဘာဖြစ်လို့ ဒီလောက်တိုးတက်နေသလဲ။ ဒီလောက်ရှုပ်ထွေး ကြီးမားပြီးတော့ မတူကွဲပြားမှုတွေ များနေတဲ့ နိုင်ငံတွေက ဘာကြောင့် ဒီလောက်စည်းလုံးနေရသလဲ။ ဘာဖြစ် လို့ ဒီလောက် တိုးတက်နေရသလဲ။ ဘာဖြစ်လို့ ကြီးကျယ်ခမ်းနားတဲ့ ပြည်နယ်တွေ ဖြစ်နေရသလဲဆိုရင် သူတို့က Top-Down နဲ့ မလုပ်ခဲ့ဘူး။ ဒီမိုကရေစီစနစ်ကို တိုး သုံး ပြီးတော့ အောက်ခြေပြည်သူ လူထုကို အခြေပြုပြီး တော့ Bottom-up-နဲ့ တည်ဆောက်တဲ့ နိုင်ငံတွေဖြစ်တယ်။ ဒါကြောင့်လည်း တိုးတက်နေတာ ဖြစ်တယ်။ ရှုပ်ထွေးတာခြင်းအတူတူ၊ မတူကွဲပြားမှု များတာခြင်းအတူတူ ကျွန်တော်တို့နိုင်ငံကြတော့ အုပ်ချုပ်တဲ့ ခေါင်းဆောင်တွေက တောက်လျှောက်လုံး နှစ်ပေါင်း ၇၀ကျော် အင်မတန်မှပိန်းတဲ့ ခေါင်းဆောင်တွေက အုပ်ချုပ်ခဲ့တာ။

အကုန်လုံး က Top-Down နဲ့ အာဏာနဲ့ ကို ဖိချုပြီးတော့ အုပ်ချုပ်ခဲ့တာ ဖြစ်တယ်။ Top-Down နဲ့ အုပ်ချုပ်ခဲ့တဲ့ အတွက် ဒီနေ့အထိ အဆင်းရဲဆုံးနိုင်ငံလည်း ဖြစ်ခဲ့တယ်။ သွေးမြေကျပြီးတော့ နိုင်ငံတောင်မှ ပျက်စီးသွား မလား၊ ပျောက်ဆုံးသွားမလားဆိုပြီး စိုးရိမ်နေရတဲ့အဆင့်ကို ရောက်နေတာ ဖြစ်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ အခုချိန်မှာလည်း Bottom-up federalismကို တည်ဆောက်ဖို့ ကြိုးစားနေတဲ့ အချိန်မှာ Bottom-upဟာ ကြောက်စရာကောင်းတယ်၊ အစိပ်စိပ်အမွှာမွှာ ကွဲသွားနိုင်တယ်။ ဘာညာ ဂွိကွ ဖြစ်သွားနိုင်တယ်ဆိုပြီး ရေးနေတဲ့ ကောင်တွေ ရှိတယ်။ အဲဒါတွေက ကြောက်စရာကောင်းတယ်။

**THE FEDERAL REPUBLIC OF GERMANY**

1854 - 1919



နောက်ပြီးတော့ အဲဒါက ဖက်ဒရယ်ဟာ ခွဲထွက်ရေးမူဖြစ်ပါသည်ဆိုပြီး ဗိုလ်နေဝင်းပြောခဲ့တာနဲ့ ခပ်ဆင်ဆင်ပဲ။ အခုချိန်ထိကို ရေးနေကြတုန်း၊ တချိန်မှာ ဒါတွေကို ကျွန်တော်တို့ဖော်ထုတ်မှာ ဖြစ်တယ်။ နောက်ပြီးတော့ မျိုးနွယ်စု၊ လူမျိုးအခြေပြု၊ တိုင်းရင်းသား အခြေပြု၊ ပြည်နယ်အခြေပြုတွေ တည်ရှိနေလို့ရှိရင် အန္တရာယ်ရှိတယ် ဘာညာပြောနေတဲ့ လူတွေလည်း ရှိတယ်။ အခု ကျွန်တော်တို့ သိပြီးပြီ။ ဒီအမေရိကမှာ လည်း သူတို့ ဌာနေတိုင်းရင်းသားတွေရဲ့ နာမည်တွေ သုံးတယ်။ ဂျာမနီမှာလည်း သူတို့ရဲ့ Ethnic ရေးဟောင်း နာမည်တွေနဲ့ တပ်ထားတဲ့ ဟာတွေ ရှိတယ်။ ပြည်နယ်တွေ ရှိတယ်။ ဒါတွေက ဘာမှ မဖြစ်ဘူး။ ဆွစ်ဇာလန် မှာလည်း လူမျိုး ၃မျိုးနေတာပဲ။ အဲဒါတွေက ဘာမှ ဖုံးကွယ်စရာမလိုဘူး။ ဂျာမန်လို့မသုံးပါနဲ့၊ ပြင်သစ်လို့ မသုံးပါနဲ့၊ အီတာလျံလို့ မသုံးပါနဲ့ဆိုပြီး ဒါတွေက သွားပြောလို့ မရဘူးလေ။

အဲဒါကို ကျွန်တော်တို့နိုင်ငံမှာလည်း ပြည်နယ်နာမည်တွေတပ်လို့ ပြဿနာတက်ခဲ့သလိုလို ဘာလိုလို ပြောနေတဲ့ လူတွေရှိတယ်။ အဲဒါက အင်မတန်ကြောက်စရာကောင်းတယ်။ အဲဒါတွေက ကျွန်တော်တို့ရဲ့ Identity ကို မလိုချင်တာ။ အဲဒါက လူမျိုးရေးကြီး ဝါဒကို ဖုံးကွယ်လို့မရဘူးနော်။ အဲဒီမှာ ပေါ်နေတာပဲ။ ဒီလူမျိုးတွေကို ဖျောက်ဖျက်စေချင်တာ။ ရှင်းရှင်းပြောရရင် ဗိုလ်ခင်ညွန့်ပြောခဲ့သလို တချိန်မှာ မင်းတို့တွေ ပြတိုက်မှာပဲ ရှိမယ်ဆိုတာမျိုးတွေပေါ့။ ကျွန်တော်တို့ကို ပြတိုက်မှာများ ထားချင်သလား မသိဘူး။

ဒီဂျာမနီနိုင်ငံနဲ့ ပါတ်သက်ပြီးတော့ ကျွန်တော်တို့နောက်ပိုင်းမှာ ဆွေးနွေးစရာတွေ အများကြီးရှိတယ်။ အဲဒါက ဘာတွေလည်း ဆိုတော့ ဥပမာ–ဥပဒေနဲ့ ဒေသန္တရအစိုးရတွေ အခွင့်အရေးတွေကို ဘယ်လိုကာကွယ်ထားသလဲ။ တကယ်ကို သူတို့ရဲ့ အုပ်ချုပ်ရေးအုပ်ချုပ်ပိုင်ခွင့်တွေ၊ လွတ်လပ်စွာ အုပ်ချုပ်ပိုင်ခွင့်ကို ကာကွယ်ထားတာ။ နောက်ပြီးတော့ ပွတ်တိုက်မှုတွေလည်း ရှိတယ်။

အဲဒါတွေကိုလည်း ကျွန်တော်ရှင်းပြမယ်။ နောက်ပြီးတော့ EU ကလည်း အပေါ်မှာရှိနေသေးတယ်။ EUနိုင်ငံမှာလည်း ဂျာမနီနိုင်ငံက အင်မတန်အရေးကြီးတယ်။ EU နိုင်ငံတွေရဲ့ economic powerhouse ဆိုရင်လည်းမှန်တယ်။ အဲဒါကြောင့် ဂျာမနီနိုင်ငံက သိပ်အရေးကြီးတဲ့ နိုင်ငံဖြစ်တယ်။ ဒီထက်မကလည်း နောက်ပိုင်းမှာ ကျွန်တော်ဆွေးနွေးအုံးမယ်။


ဆိုတော့ အရေးကြီးတာက ဒီဒေသန္တရအဆင့် ဟိုးအောက်ဆုံးက အစိုးရတွေ၊ ပြည်သူတွေ

က ရွေးကောက်ထားတဲ့ အစိုးရတွေ၊ ပြည်သူတွေနဲ့ အနီးစပ်ဆုံး အစိုးရတွေမှာလည်း လုပ်ပိုင်ခွင့်တွေအများကြီးပေးထားတယ်။ ဒီပြည်နယ်အဆင့် ဆုံးဖြတ်ချက်တွေ၊ ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်တွေ၊ EU အဆင့် ဆုံးဖြတ်ချက်တွေကိုတောင်မှ ဝင်စွက်ဖက်လို့ရအောင်လုပ်ထားတဲ့ စနစ်တွေ ရှိတယ်။ အဲဒါကလည်း အင်မတန်မှစိတ်ဝင်စားစရာကောင်းတယ်။

ကျွန်တော်တို့ နောင်အနာဂါတ်မှာ မကြာခင်မှာ ကျွန်တော်တို့ တည်ဆောက်တော့မယ့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသည် အသစ်တည်ဆောက်တော့မယ့် အခါမှာ ဒါတွေက ကျွန်တော်တို့ အတွက် အတုယူစရာတွေ၊ မှီငြမ်းစရာတွေ အများကြီးဖြစ်လာပါလိမ့်မယ်။ အထူးသဖြင့် ဒီဂျာမနီနိုင်ငံကလည်း ကျွန်တော်တို့ ပိုပြီးတော့မှီငြမ်းစရာတွေများမယ်လို့ ကျွန်တော်ကတော့ ထင်တယ်။ အဲဒါကြောင့် အကျယ်တဝင့်လည်း ကျွန်တော်ဆက်လက်ဆွေးနွေးပါအုံးမယ်။

**Salai Kipp**

**ဖက်ဒရယ်ရေးရာနှင့် ပင်လုံသမိုင်းကြောင်းကျွမ်းကျင်သူ**




မွန်ပြည်ဖက်ဒရယ်ကောင်စီရဲ့ ဒုတိယညီလာခံအပြီးမှာ ထပ်မံလှုပ်ရှားနေတဲ့ လှုပ်ရှားမှုတွေ၊ ၂၀၂၄ ခုနှစ်အတွင်းမှာ တိုးတက်လာတဲ့ မွန်ပြည်ဖက်ဒရယ်ကောင်စီရဲ့ လှုပ်ရှားမှုအခြေအနေတွေနဲ့ ပါတ်သက်ပြီး တော့ ဆွေးနွေးမေးမြန်းထားတာ ဖြစ်ပါတယ်။

**(၁) MSFC ရဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ လှုပ်ရှားခဲ့တာတွေရဲ့ တိုးတက်မှုလေးတွေကို ပြောပြပေးပါဦး။**

၂၀၂၄ခုနှစ်အတွင်းမှာ ကျွန်တော်တို့အနေနဲ့ ဒုတိယအကြိမ်ညီလာခံကိုလည်း ကျင်းပနိုင်ခဲ့တယ်။ အဲဒီဒုတိအကြိမ် ညီလာခံမှာလည်း ဒီတော်လှန်ရေးကာလနဲ့ အသွင်ကူးပြောင်းရေးကာလအတွက် နိုင်ငံရေး အရ အရေးကြီးတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေလည်း ကျွန်တော်တို့ ပြန်လည်ဆန်းစစ်တာ (Review)တွေ လုပ်ခဲ့ရတယ်။ ဒီလိုပြန်လည်ဆန်းစစ်တာ လုပ်ရတဲ့ အကြောင်းအရင်းကတော့ ကျနော်တို့ ဖက်ဒရယ်ဒီမိုက ရေစီ Chalterအပေါ်မှာ အခြေခံပြီးတော့ သော်လည်းကောင်း၊ အနာဂါတ်မှာ ဖြစ်လာမယ့် အသွင်ကူးပြောင်း ရေးဖွဲ့စည်းပုံအခြေခံဥပဒေမူနဲ့ သော်လည်းကောင်း ကျနော်တို့သွားရောက်ဆွေးနွေးတဲ့ အခါမှာ ကျနော်တို့ ပြည်နယ်ရဲ့ တည်ဆောက်မှုပုံစံ၊ ပြည်နယ် အတွင်းမှာ စည်းလုံးမှုနဲ့ အချုပ်အခြာ အာဏာတွေကို ဒီပြည်နယ် သားတွေ ပြည့်ပြည့်ဝဝ ပိုင်ဆိုင်နိုင်ဖို့ ဆိုပြီး အဲဒါတွေကို ရည်ရွယ်ချက်ထားပြီးတော့ ရေးဆွဲတာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဒီတော်လှန်ရေးကာလမှာပဲဖြစ်ဖြစ်၊ အသွင်ကူးပြောင်းရေးကာလမှာပဲ ဖြစ်ဖြစ် ပြည်နယ်တစ်ခုမှာ ရှိသင့်ရှိထိုက်တဲ့ အာဏာခွဲဝေမှုကိစ္စတွေလည်း ကျနော်တို့ အကြမ်းဖျဉ်းအားဖြင့်

တော့ ပြန်လည်ဆန်းစစ်တာတွေ လုပ်ထားတာ ရှိပါတယ်။ ဒီကိစ္စတွေကလည်း NUCCရဲ့ အစည်းအဝေးတွေမှာပဲ ဖြစ်စေ၊ နောက်ပြီးတော့ တခြားသော NUGနဲ့ ဆက်စပ်တဲ့အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတွေမှာပဲ ဖြစ်စေ၊ တခြားသောပြည်နယ်ယူနစ်တွေနဲ့ ဆက်စပ်တဲ့ လုပ်ငန်းတွေမှာပဲဖြစ်စေ ကျနော်တို့ ပြင်ဆင်ထားတာမျိုးတော့ ရှိပါတယ်။

ဒုတိယတချက်အနေနဲ့ကတော့ ပြီးခဲ့တဲ့ဒုတိယအကြိမ်ညီလာခံမှာ အခြေခံမှုကတော့ နိုင်ငံရေးနဲ့ စစ်ရေး ပူးပေါင်းဆောင်ရွက်မှုတွေကို ကျနော်တို့အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ဆိုပြီး တော့မှ ဆွေးနွေးထားကြပါတယ်။ အဲဒါနဲ့တချိန်တည်းမှာပဲ မွန်ပြည်သစ်ပါတီ စစ်အာဏာရှင် ဆန့်ကျင်ရေးအဖွဲ့လည်း ထွက်လာတယ်။ အဲဒီကြားထဲမှာတော့ ကျနော်တို့က ကြိုဆိုတာပေါ့နော်။ တခြားသော ပြည်နယ်တွေ၊ ဒေသတွေနဲ့ ယှဉ်မယ်ဆိုရင်တော့ ကျနော်တို့မွန်ပြည်နယ်ရဲ့ နိုင်ငံရေး အင်အားက နည်းနည်းအားလျော့တယ်လို့ ပြောလို့ရတယ်။ အာဏာသိမ်းပြီးကတည်းက စစ်အာဏာ ရှင်ကို တွန်းလှန်ရာမှာ အားလျော့တယ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့်လည်းပဲ မွန်ပြည်သစ်ပါတီ (AD) ထွက်ပေါ် လာတယ်။ ဒီတော်လှန်မွန်ပြည်သစ် ပါတီရဲ့ ခေါင်းဆောင်တချို့တွေက ဆုံးဖြတ်ချက် ချပြီးတော့ ဒီတော်လှန်ရေးကို ဝင်ပါလာကြတယ်။ အဲဒီအပေါ်မှာ ကျနော်တို့အနေနဲ့ ဝမ်းမြောက် ဝမ်းသာစွာနဲ့ အထူးပဲကြိုဆိုခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ မွန်ပြည်သစ်ပါတီ(AD)နဲ့ ကျနော်တို့ မွန်ပြည်ဖက်ဒရယ်ကောင်စီကြားမှာ ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းတွေကို ချမှတ်ခဲ့ပါတယ်။ သဘောကတော့ တစ်ဖက်နဲ့ တစ်ဖက် ညှိနှိုင်းရေး အဖွဲ့တွေ ကျနော်တို့ဖွဲ့စည်းပြီးတော့မှ ဘယ်လုပ်ငန်းတွေကို အတူတကွလုပ်နိုင်မလဲစသဖြင့် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ နောက်ပြီး တချိန်တည်းမှာပဲ စစ်ရေး ပူးပေါင်းမှု ဆိုတဲ့အပိုင်းမှာကြတော့ ကျနော်တို့MSFCနဲ့ နီးနီးကပ်ကပ်ရှိနေတဲ့ မွန်ပြည် တော်လှန်ရေးတပ်ရယ်၊ မွန်ပြည်ကာကွယ် ရေးတပ်ပေါ့နော်။ ဒီတပ်၂ခုနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါတယ်။

ကျနော်တို့ဟာ နိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့အလျောက် အဲဒီတပ်တွေရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေး ကိစ္စ တွေမှာ လိုအပ်တဲ့ အကူအညီတွေကို တတ်နိုင်သလောက် ပံ့ပိုးပေးနေပါတယ်။ စစ်လက်နက် ပစ္စည်းတွေကလွဲရင် ကျန်တဲ့လိုအပ်တဲ့အကူအညီတွေ၊ သင်တန်းဆိုင်ရာ အကူအညီတွေ၊ သူတို့ရဲ့ စားစရိတ်ကအစ ဆေးဝါးအဆုံး တတ်နိုင်သလောက်ကူညီတယ်။ နောက်ပြီးတော့ ဒီတပ်တွေ တစ်ဖက်နဲ့ တဖက် ပိုမိုပြီးတော့ စည်းလုံးအောင်၊ အချင်းချင်းနားလည်မှုတွေ ပိုရလာအောင် ဆိုပြီးတော့ အလျဉ်းသင့်သလို အစည်းအဝေးတွေ ခေါ်ပါတယ်။ နောက် ဒီမွန်တော်လှန်ရေးနေ့လိုမျိုး အခမ်းအနားမျိုးမှာလည်း မွန်ပြည်နယ်တောင်ပိုင်းမှာရှိတဲ့ မဟာမိတ်တပ်တွေ အားလုံးကော၊ မွန်လူမျိုးကို အခြေပြုတဲ့ မွန်



တော်လှန်ရေးတပ်တွေ အားလုံးကော ကျနော်တို့ခေါ်ပြီးတော့မှ အချင်းချင်းနားလည်မှုတွေ ပိုရလာအောင်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုတွေ ပိုရလာအောင် ဆောင်ရွက်ခဲ့ပါတယ်။

တချိန်တည်းမှာပဲ နိုင်ငံရေးအရ တချို့သောကိစ္စတွေမှာ အမြင်ချင်းမတူတာတွေတော့ ရှိကောင်းရှိနိုင် တယ်။ ဒါပေမယ့် စစ်အာဏာရှင်စနစ်ကို တိုက်ခိုက်တဲ့နေရာမှာတော့ ကျနော်တို့တော်လှန်ရေး အင်အားစုတွေအားလုံးက စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်။ ဒါကြောင့်လည်း မကြာခင်ကပဲ MSFCနဲ့ နီးစပ်တဲ့ မွန်ပြည်တော်လှန်ရေးတပ်ရယ်၊ မွန်ပြည်ကာကွယ်ရေးတပ်ရယ်၊ NMSP၊ MNLA(AD)၊ MLAစတဲ့တပ်တွေ တွေ့ဆုံနိုင်ခဲ့တယ်။ ဒါကတော့ စစ်ရေး၊ နိုင်ငံရေးအပိုင်းပေါ့နော်။

နောက်ပြီး တချိန်တည်းမှာပဲ MSFCအနေနဲ့ အုပ်ချုပ်ရေးကော်မတီအနေနဲ့ ပြည်သူလူထုတွေကို ပေါ့၊ အဓိကကတော့ စစ်ဘေးရှောင်ပြည်သူလူထုတွေအတွက် လိုအပ်တဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူသား ချင်းစာနာမှုစတဲ့ အကူအညီတွေကို မွန်ပြည်နယ်မြောက်ပိုင်း၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံနဲ့ မွန်ပြည်နယ် တောင်ပိုင်း၊ ရေး၊ ဖြူး၊ တနင်္သာရီဒေသအပါအဝင် မွန်ပြည်နယ်အလယ်ပိုင်း၊ ကျိုက်မရော မြို့နယ်ကအစ ကျ နော်တို့တတ်နိုင်သလောက် ကူညီဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။

**(၂) MSFC အနေနဲ့ ဒုတိယအကြိမ်ညီလာခံ ပြီးတဲ့အချိန်မှာ လုပ်ငန်းကော်မတီ ၁၀ခုဖွဲ့စည်းမယ်ဆိုတာ ကြားသိခဲ့ရတယ်။ အဲဒီအပေါ်မှာကော အခု ၂၀၂၄ ခုနှစ်အတွင်းမှာ ကော်မတီ ဘယ်နခုလောက် ဖွဲ့စည်း နိုင် ခဲ့ပြီးပြီလဲ။ နောက်ပြီး ဒီကော်မတီတွေရဲ့ လှုပ်ရှားမှုတွေအနေနဲ့ကော ဘာတွေရှိနေသလဲဆိုတာ ပြောပြ ပေးပါဦး။**

ကျနော်တို့ ဒုတိယအကြိမ် ညီလာခံရဲ့ ဆုံးဖြတ်ချက်အရ မွန်ပြည်နယ်အတွင်းမှာ အာဏာ (၃)ရပ် ကိစ္စ ပေါ့နော်။ ပြည်နယ်ယူနစ်အနေနဲ့ အာဏာ (၃)ရပ်ကိစ္စကို ချမှတ်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဒီအချိန် မှာ ရွေးကောက်ပွဲကြောင့် မဟုတ်ဘဲနဲ့ တော်လှန်ရေးကာလမှာရှိနေတဲ့ ကျနော်တို့ရဲ့ တရားဝင်မှုကို အသုံးပြု

တယ်။ မွန်ပြည်နယ်မှာ ကျနော်တို့ကိုယ်စားပြုနေတဲ့ သဘောပေါ့နော်။ ကျနော်တို့က ရွေးကောက်ပွဲက လာတာမဟုတ်ပေမယ့်လည်း ပြည်သူလူထုနဲ့ နီးနီးကပ်ကပ်လုပ် ဆောင်နေတယ်။ ပြည်သူလူထု လိုအပ်တဲ့ အကူအညီတွေကို တတ်နိုင်သလောက် ပံ့ပိုးပေးနေတယ်။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေတယ်ဆိုတဲ့ ကျနော်တို့ရဲ့ တရားဝင်မှုကို အသုံးပြုပြီးတော့ ဥပဒေပြုရေး ကော်မတီရှိတယ်၊ တရားစီရင်ရေး ကော်မတီရှိတယ်။ အုပ်ချုပ်ရေးကော်မတီဆိုတာ ရှိပါတယ်။

ဥပဒေပြုရေးကော်မတီကတော့ အစောနားက ကျနော်ပြောတဲ့ ပါလီမန်ထဲမှာ၊ လွှတ်တော်ထဲမှာ ဥပဒေပြုနေတဲ့ အနေအထားတော့ မဟုတ်ဘူး။ ဒါပေမယ့် အစောနားက ကျနော်ပြောတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေကို ဘယ်လိုပြင်ဆင်ရမလဲဆိုတာတွေ ရှိမယ်။ နောက်ပြီးတော့ အသွင်ကူး ပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရေးဆွဲတဲ့အခါမှာ ဘယ်လိုပါဝင်မလဲပေါ့နော်။ ဒါကလည်း ဥပဒေပြုရေး လုပ်ငန်းတစ်ခုပါပဲ။ တော်လှန်ရေးကာလမှာ ဒါက အရေးကြီးပါတယ်။ အဲဒီမှာ ပါဝင်နေပါတယ်။

တချိန်တည်းမှာပဲ MSFCမှာ အုပ်ချုပ်ရေးကော်မတီက ချမှတ်တဲ့မူဝါဒတွေ တော်တော်များများကတော့ ဥပဒေပြုရေးကော်မတီကနေပြီးတော့ စိစစ်ရတယ်၊ တည်းဖြတ်ရတယ်။ ပြန်လည်မေးမြန်း ရတာတွေ ရှိတယ်။ နောက်ဆုံးသူတို့ရဲ့ အတည်ပြုချက်နဲ့ပဲ ကောင်စီက အတည်ပြုချက်ပေးရတာ ဖြစ်ပါတယ်။ ကျနော်ကတော့ ဒီလိုမျိုး ဒီမိုကရေစီနည်းလမ်းအရ ကော်မတီတစ်ရပ်နဲ့ တစ်ရပ် ချိန်ညှိပြီးတော့မှ အလုပ်လုပ်တာမျိုးတွေ ဆောင်ရွက်ခဲ့ပါတယ်။

တရားရေးကော်မတီကြတော့ လောလောဆယ်မှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ကိစ္စတွေ၊ လာမယ့် အနာဂါတ်အသွင်ကူးပြောင်းရေး ကာလမှာဆိုရင် တရားမျှတမှုကိစ္စတွေကို စဉ်းစားနေတယ်။ နောက်ပြီးတော့ ဖက်ဒရယ်နိုင်ငံတစ်ခု တည်ဆောက်တော့မယ်ဆိုရင် မိရိုးဖလာ ထုံးတမ်းစဉ်လာအရ အသုံးပြုနေတဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ customarily lawတွေနဲ့ main stream lawတွေ ကြားထဲမှာ ဒါတွေကို ဘယ်လိုလုပ်ရမလဲဆိုတာတွေကို ကျနော်တို့ဖက်က လေ့လာသုံးသပ်နေတာတွေ ရှိပါတယ်။

နောက်ပြီးတော့ တချိန်တည်းမှာပဲ တရားရေးအနေနဲ့ အဓိကကတော့ မကြာခင်မှာ ရင်ဆိုင်ရ လာနိုင်တဲ့ ကိစ္စတွေကိုကြတော့ ပြည်နယ်ရေးဌာနနဲ့ အလုပ်လုပ်ရမှာပေါ့နော်။ ပြည်ထဲရေးဌာနအနေနဲ့ တကယ်လို့ နောက်ပိုင်းမှာ စစ်သုံ့ပန်းကိစ္စတွေပေါ်လာမယ်ဆိုရင်လည်း ဒါကို တရားရေးဖက်က ဘယ်လို ပြစ်မှု ပြစ်ဒဏ်တွေ ပေးမလဲ၊ ဘယ်လိုထိန်းသိမ်းမလဲ၊ ဘယ်လိုစောင့်ရှောက်မလဲစသဖြင့် ဒါတွေကိုလည်း သူတို့ဖက်က စဉ်းစားနေတာ ရှိသလို လက်တွေ့လုပ်ဆောင်နေတာတွေလည်း ရှိပါတယ်။

ဒါကြောင့်လည်းပဲ နောက်ဆုံးတော့ အုပ်ချုပ်ရေးကော်မတီက ဌာနက (၁၀)ခု လျာထားပါတယ်။ ဒါပေမယ့်လည်း လက်ရှိမှာတော့ (၉)ဌာနပဲ ကျနော်တို့ဖွင့်လှစ်နိုင်ပါသေးတယ်။ အဲဒီ (၉)ဌာနကတော့ အစောနားက ကျနော်တို့ပြောတဲ့ ကာကွယ်ရေးပါမယ်။ ပြည်ထဲရေးပါမယ်၊ ပညာရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှု၊ အမျိုးသမီးနဲ့ လူငယ်တွေ၊ သတင်းပြန်ကြားရေးနဲ့ ပြင်ပ ဆက်ဆံရေး ကိစ္စတွေနဲ့ ဘဏ္ဍာရေးဌာနတွေပါ။ အဲဒီဌာနတွေကို ဖွင့်လှစ်နိုင်ခဲ့တယ်။ ဒီနေရာမှာလည်း ဌာနရဲ့ ဌာနမှူး၊ ဒုဌာနမှူးတွေကိုလည်း ကျနော်တို့ ခန့်အပ်ခဲ့တယ်။ အဲဒီဌာနအသီးသီးကတော့ သူ့လုပ်ငန်းတွေ လည်ပါတ်ရေးအတွက် သူတို့လုပ်ဆောင်နေတာ ရှိပါတယ်။

ဒီဌာနတွေအားလုံးထဲမှာတော့ ကောင်းကောင်းမွန်မွန်နဲ့ အလုပ်အများဆုံးဌာနကတော့ ကာကွယ်ရေး ဌာန ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ အလုပ်နည်းနည်းများတဲ့ ဌာနကတော့ လူသားချင်းစာနာမှုနဲ့ ကယ်ဆယ်ရေးဌာနနဲ့ ကျန်းမာရေးဌာနတွေ ဖြစ်ပါတယ်။ ဒါတွေက သူ့ရဲ့ အပိုင်းလိုက်၊ သူတို့ရဲ့ လုပ်ငန်းတွေကို သူတို့ အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ကျနော်တို့ အကောင်အထည် ဖော်နေတဲ့ ဦးတည်ချက်တွေကတော့ မွန်ပြည်နယ်တစ်ခုလုံး အပါအဝင် ကျနော်တို့မွန်ပြည်နယ်နဲ့ ဆက်စပ်နေတဲ့ မြေဖြူမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှာလည်း သက်ဆိုင်ရာမဟာမိတ်တွေနဲ့ ပူးပေါင်းပြီးတော့မှ ကျနော်တို့ ဆောင်ရွက်နေတာမျိုးလည်း ရှိပါတယ်။

**(၃) နောက်ထပ်မေးခွန်းတစ်ခုအနေနဲ့ မွန်ပြည်ဖက်ဒရယ်ယူနစ်အတွက် ဖွဲ့စည်းပုံ ရေးဆွဲတဲ့ကိစ္စတွေ၊ ကြားကာလ ဖွဲ့စည်းပုံရေးဆွဲတဲ့ ကိစ္စတွေက ဘယ်အတိုင်းအတာအထိကို ရောက်နေပြီလဲဆိုတာ ရှင်းပြပေးပါဦး။**

အခုနောက်ဆုံး ကြားကာလ (ဇီးရိုးဒရပ်ဒင်း)ကိုတော့ ကျနော်တို့ရောက်တယ်။ ဒါပေမယ့် ကျနော်တို့ အဖွဲ့အစည်းအတွင်းမှာပဲ ကြားကာလဖွဲ့စည်းပုံကို အသုံးပြုမလားပေါ့။ အသုံးပြုမယ်ဆိုရင် ပြည်သူလူထုတစ်ရပ်လုံးရဲ့ mandateတွေ ပါလာဖို့ လိုတာပေါ့။ ဒါကြောင့် ဖွဲ့စည်းပုံအနေနဲ့ကတော့ ကျနော်တို့ရေးထားတယ်။ ဒါပေမယ့် ဒီဖွဲ့စည်းပုံကို ကြားကာလမှာ အသုံးမပြုနိုင်သေးသည့်တိုင် အသွင်ကူးပြောင်းရေးကာလမှာ ဒါကိုထပ်ဆောင်းပြီးတော့ ပြန်လည်ဆန်းစစ်ပြီးတော့ လိုအပ်တဲ့ အချက်အလက်တွေ၊ လိုအပ်ချက်တွေကို ကျနော်တို့ ပြန်လည်ပြင်ဆင်ပြီးတော့ ဖြည့်စွက်ပြီးတော့ အသွင်ကူးပြောင်းရေးအတွက် အသုံးချနိုင်မှာ ဖြစ်ပါတယ်။

အခုနောက်ပိုင်း ကျနော်တို့ကောင်စီရဲ့ အစည်းအဝေးတွေမှာ၊ ကျနော်တို့ အချင်းချင်းတွေ့တဲ့ မဟာဗျူဟာရေးဆွဲတဲ့ အပိုင်းတွေမှာကြတော့ တော်တော်များများကတော့ လောလောဆယ် တော်လှန်ရေး

ကာလမှာကြတော့ တော်လှန်ရေးကာလအစီအမံတစ်ရပ်အနေနဲ့ သွားဖို့ ပြောကြပါတယ်။ ကျနော်တို့က ဇီးရိုးဒရပ်အထိ ပြီးထားပါပြီ၊ ဒါပေမယ့် ဒီဖွဲ့စည်းပုံကို အသုံးချပြီးတော့ တချို့သော NUG၊ NUCCနဲ့ စကားပြောတဲ့အခါမှာပဲဖြစ်ဖြစ်၊ တခြားသော ဖက်ဒရယ်ယူနစ်တွေနဲ့ စကားပြောတဲ့ အခါမှာပဲဖြစ်စေ ဒီတော်လှန်ရေးကာလမှာ ဒီပြည်နယ်တွေမှာ ရှိသင့်ရှိထိုက်တဲ့ အာဏာတွေကိုလည်း ဒီဖွဲ့စည်းပုံထဲမှာ ရှိတယ်ဆိုပြီးတော့ ဖြစ်တဲ့အတွက် ကျနော်တို့ concentration လုပ်တဲ့အခါမှာလည်း ပိုမိုလွယ်ကူလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**(၄) မွန်ဒေသအတွင်းမှာ နယ်မြေစိုးမိုးရေး၊ ဒီနယ်မြေစိုးမိုးရေးရဲ့ နောက်ဆက်တွဲမှာလည်း တရားဥပဒေ စိုးမိုးရေးကို ဘယ်လောက်အထိ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ပြီလဲ။**

ဒီနယ်မြေစိုးမိုးရေးအပိုင်းကိုကြတော့ ကျနော်တို့အနေနဲ့ ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ်ဆိုရင် အားနည်း နေသေးတယ်။ အဓိကကတော့ မဟာမိတ်တပ်များနဲ့ ပူးပေါင်းပြီးတော့ ရေးကနေ ထားဝယ်အထိ ကားလမ်းထိန်းချုပ်တဲ့ ကိစ္စတွေကို ကျနော်တို့အနေနဲ့ အဓိကထားပြီး ဆောင်ရွက်နေပါတယ်။ အဲဒီမှာ ဆိုရင်တော့ ကျနော်တို့ တိုင်းရင်းသား လူမျိုးစုတွေ တော်တော်များပါတယ်။ ဥပမာ-မွန်ရှိမယ်၊ ကရင် ရှိမယ် ပေါ့။ ဒါပေမယ့်လည်း ကျနော်တို့ နယ်မြေမထိန်းချုပ်နိုင်သည့်တိုင် အဲဒီဒေသမှာရှိတဲ့ ရွာတွေ တော်တော်များများကတော့ တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ဆက်စပ်မှုတွေရှိလာတယ်။ နောက်ပြီးတော့ စစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မလုပ်ဖို့ကိစ္စရပ်တွေကိုလည်း ကျနော်တို့က သူတို့ကို ပြောထားတာတွေ ရှိပါတယ်။

တချို့ကလည်း မလွှဲမရှောင်သာလို့ စစ်ကောင်စီက Instructions လုပ်တာမျိုးတွေပေါ့နော်၊ အမိန့်ပေး တာမျိုးတွေ ရှိလာခဲ့ရင်လည်း သူတို့မှာ တတ်နိုင်သလောက် သူတို့ နည်းလမ်းတွေရှာပြီးတော့မှ သူတို့



အလုပ်မိအောင် ပြောထားတာ ရှိပါတယ်။ နောက်ပြီးတော့ အားလုံးသိတဲ့အတိုင်းပဲ ဒီဒေသ တော်တော်များများမှာလည်း ရန်သူကတော့ တစ်ခါတစ်လေ ထိုးစစ်ရောက်လာတာ ရှိတယ်။ များသော အားဖြင့်ကတော့ တစ်ခါတစ်လေပဲ ရောက်လာတာ ရှိတာပါ။ ဒါကြောင့် ကျနော်တို့ကတော့ ဒီလမ်းမကို ကောင်းကောင်း ထိန်းချုပ်နိုင်တယ်လို့ ပြောလို့ရပါတယ်။ လမ်းမတလျှောက်မှာ ရှိနေတဲ့ ရွာတွေ၊ လမ်းမရဲ့ အနောက်ဘက်ပိုင်းမှာ ရှိနေတဲ့ နေရာကနေ ပင်လယ်ကမ်းခြေအထိ ရှိနေတဲ့ရွာတွေကိုလည်း အဆင်ပြေပြေနဲ့ လုပ်ဆောင်နေတာ ရှိပါတယ်။

ဒါပေမယ့် အခြေအနေတွေ နည်းနည်းတည်ငြိမ်လာတယ်ဆိုရင်တော့ နောက်ပိုင်းမှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ကျနော်တို့ တတ်နိုင်သလောက် စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးတော့ ကျနော်တို့ ချလို့မရသေးပါဘူး။ ဒါပေမယ့် ကျနော်တို့ကတော့ အုပ်ချုပ်ရေး ချတဲ့အခါမှာ တတ်နိုင်သလောက် ဒီဒေသမှာရှိတဲ့ အုပ်ချုပ်ရေးမှူးဖြစ်ဖြစ်၊ ဒေသခေါင်းဆောင် ဖြစ်ဖြစ်ပေါ့၊ သူတို့ကို ကျနော်တို့တွေကလည်း အင်အားသုံး ဖယ်ရှားဖို့မလိုဘဲနဲ့ သူတို့နည်းသူတို့ဟန်နဲ့ ကျနော်တို့ လိုချင်တဲ့ မူဝါဒတွေ၊ လိုချင်တဲ့ပေါ်လစီတွေ အပေါ်မှာ သူတို့ဝိုင်းပြီး အကောင်အထည် ဖော်ရင် ဒါကလည်း ဖြစ်နိုင်ပါတယ်။ ဒါက တချက်ပေါ့။

နောက်တချက်ကတော့ ဒီဒေသမှာ လိုအပ်နေတဲ့ တခြားသော ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုတွေလည်း နောက်ပိုင်းမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကကတော့ ကျနော်တို့ ဘယ်လိုပဲဖြစ်ဖြစ် ဒီတိုင်းရင်းသား၊ ကျနော်တို့ရဲ့ မူဝါဒအရ၊ ပညာရေးမူဝါဒအရဆိုရင် ဒီဒေသအတွင်းမှာ ရှိနေတဲ့ တိုင်းရင်းသားရွာတွေမှာ မိခင်ဘာသာစကား အခြေပြုပညာရေး လုပ်ငန်းတွေ ပေါ်ပေါက်လာအောင်လည်း ကျနော်တို့အနေနဲ့ တဖြည်းဖြည်းနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တချိန်တည်းမှာပဲ ထွက်ပြေးတိမ်းရှောင်နေရတဲ့ IDP တွေအတွက် ပညာရေး၊ ကျန်းမာရေးနဲ့ လူသားချင်း စာနာမှုကိစ္စတွေကိုလည်း အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံးဖြစ်အောင် ကျနော်တို့အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**(၅) မွန်ပြည်ဖက်ဒရယ်ကောင်စီ(MSFC)ရဲ့ လက်ရှိလုပ်ဆောင်ချက်တွေနဲ့ ပါတ်သက်ပြီးတော့ အဓိကစိန်ခေါ်မှုတွေက ဘာတွေရှိလဲ။ နောက်တချက်က မွန်ဒေသမှာရှိတဲ့ ပြည်သူတွေက အခုကာလမှာ ဘယ်လိုပြဿနာမျိုးတွေကို အဓိက ရင်ဆိုင်နေရသလဲ။ ဒီအပေါ်မှာလည်း ဆရာ့ရဲ့ သုံးသပ်ချက်လေးကို ပြောပေးပါအုံး။**

အခုကတော့ မွန်ပြည်နယ်မှာ လူငယ်တွေကော၊ လူကြီးတွေကော၊ ပြည်သူတွေကော အားလုံး

ရင်ဆိုင်နေရတဲ့ အခက်အခဲကတော့ စစ်ကောင်စီရဲ့ စစ်တပ်ထဲကို သွတ်သွင်းတဲ့ ကိစ္စပေါ့။ ကျနော်တို့နယ်ကတော့ အားလုံးသိတဲ့အတိုင်းပဲ ရခိုင်တို့လို၊ ကချင်တို့လို မဟုတ်နေဘူး။ ကရင်ပြည်နယ်လိုလည်း ဟုတ်မနေဘူး။ ဒေသရဲ့ ၇၀ရာခိုင်နှုန်းလောက်ကိုတော့ စစ်ကောင်စီက ထိန်းချုပ်ထားတဲ့ ဒေသတွေ ဖြစ်နေတယ်။ နောက်ပြီးတော့ စစ်ကောင်စီအုပ်ချုပ်ရေးမှူးတွေက ရွာတွေကို စစ်တပ်ကမလာနိုင်ရင်တောင် သူတို့က သွားနေရတုန်းပဲ။ မြို့နယ်တွေကို သွားနေရတုန်းပဲ ဖြစ်တယ်။ အဲဒီလိုဖြစ်နေတော့ သူတို့ရဲ့ မြို့နယ်အုပ်ချုပ်ရေးတွေကနေတဆင့် အမိန့်ထုတ်လိုက်တဲ့ ကိစ္စတွေမှာ စစ်သားစုဆောင်းရေးမှာ ဆိုရင် လူငယ်တွေပေါ့နော်။ ကျနော့်ခန့်မှန်းချက်အရဆိုရင် မွန်ပြည်နယ်က လူငယ် ၆၀၀လောက်က စစ်သင်တန်းတက်ထားပြီးပြီ။ သူတို့ကို တခြားနေရာတွေမှာ ပို့ဆောင်တာတွေလည်း ရှိတယ်။ ရှေ့တန်းတွေကို ပို့ဆောင်ပြီး ဖြစ်ပါတယ်။ ဒါကတော့ ကျနော်တို့ရဲ့ မတားဆီးနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။

ကျနော်တို့တော်လှန်ရေးရဲ့ အားနည်းနေတဲ့ အခြေအနေပေါ်မှာ မူတည်ပြီးတော့ စစ်ကောင်စီက ဒါတွေကို လုပ်ဆောင်နိုင်နေတာ တွေ့ရပါတယ်။ အခုလောလောဆယ်မှာ ကြတော့လည်း ကျနော်တို့ ဖက်က ထုတ်ပြန်ထားပြီးဖြစ်တယ်။ သူတို့ပြောတဲ့ ပြည်သူ့လုံခြုံရေးအဖွဲ့လားတော့ မသိဘူး။ အကြမ်းဖက်နှိမ်နင်းရေးနဲ့ ကြီးကြပ်ရေးအဖွဲ့လား မသိဘူး။ အဲဒါကို ဖွဲ့ဖို့လည်း ရွာတွေထဲမှာ အမိန့်ထုတ် ထားတာတွေ ရှိတယ်။ အုပ်ချုပ်ရေးမှူးတွေကို အမိန့်ပေးထားတာတွေ ရှိတယ်။ ကျနော်တို့လည်း ထုတ်ပြန်ကြေညာချက်တစ်ခု ရှိပါတယ်။ အဲဒီကိစ္စနဲ့ ပါတ်သက်ပြီးတော့ စစ်ကောင်စီနဲ့ ပူးပေါင်းဆောင် ရွက်မှုမရှိဖို့ပေါ့။ ဒါတွေကို ကျနော်တို့ ပြောထားတယ်။ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

ဒါပေမယ့် လက်တွေ့တကယ့်မြေပြင်မှာတော့ စစ်ကောင်စီထိန်းချုပ်ထားတဲ့ ချောင်းဆုံတို့၊ မုဒုံတို့၊ မော်လမြိုင်တို့ တဝိုက်မှာရှိတဲ့ အဲဒီဒေသတွေမှာ ဆိုရင်တော့ သွားပြီးတော့မှ အရေးယူဖို့ နည်းနည်းခက်ခဲနိုင်တယ်။ ဒါပေမယ့် ကျန်တဲ့ဒေသတွေမှာကြတော့ ကျနော်တို့ တတ်နိုင်သလောက် အခြားသောတော်လှန်ရေးအင်အားစုတွေနဲ့ ဆွေးနွေးပြီးတော့ ဒီလိုမျိုးကိစ္စတွေ မပေါ်လာအောင် တတ်နိုင်သလောက် တားဆီးသွားမှာ ဖြစ်ပါတယ်။ စစ်ကောင်စီရဲ့ လုပ်ရပ်ကတော့ မွန်ပြည်နယ်တစ်ခုလုံးကို စစ်မီးလျှောင်တိုက်ထဲ သွင်းတယ်လို့ပဲ ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က မွန်အချင်းချင်း သတ်ခိုင်းတဲ့ သဘောပါပဲ။ သူတို့ကလည်း ဒီမွန်လူမျိုးတွေဖြစ်တဲ့ အုပ်ချုပ်ရေးမှူးတွေ၊ ပြည်သူ့စစ်တွေကို လက်နက်တပ်ပေးလိုက်မယ်။ ဒီဘက်မှာရှိတဲ့ ကျနော်တို့ တော်လှန်ရေးအင်အားစု တွေကလည်း သူတို့ရဲ့စခန်းတွေ၊ ဘာတွေကို တိုက်လာမယ်ဆိုရင်တော့ အဲဒီလူတွေကို ပြန်အသုံးချ ပြီးတော့ ပြန်တိုက်ခိုက်ခိုင်းမယ့် အနေအထား ရှိတာပေါ့နော်။

ဒီကျေးရွာလုံခြုံရေးလောက်ပဲ မဟုတ်ဘူးလို့ ကျနော်မြင်ပါတယ်။ ရွာလုံခြုံရေးလောက်ပဲ ဆိုရင်တော့ အဲဒီလောက်အထိ မလိုပါဘူး။ အခုက သင်တန်းတွေ ပေးတယ်၊ လက်နက်တွေ သေချာတပ်ဆင်ပေးတယ်ဆိုတော့ ကျနော်တို့နဲ့ တိုက်ခိုက်မှာလို့ပဲ ယူဆပါတယ်။ ဒါကြောင့် မွန်အချင်းချင်း တိုက်ခိုင်းပြီး စစ်မီးလောင်တိုက်သွင်းတဲ့ ကိစ္စမှာ မွန်လူကြီးတွေ၊ မွန်လူမျိုးတွေအနေနဲ့ တတ်နိုင်သလောက် ဒါကို မလုပ်မိကြဖို့ ကျနော် တိုက်တွန်းလိုပါတယ်။ တချိန်တည်းမှာပဲ တကယ်လို့ ထွက်ပြေးတိမ်းရှောင်စရာ နေရာမရှိခဲ့ဘူးဆိုရင် ကျနော်တို့ကို ဆက်သွယ်လို့ ရပါတယ်။ ကျနော်တို့ကတော့ ထွက်ပြေး တိမ်းရှောင် ခိုလှုံလို့ရမယ့် နေရာတွေ ပေးအပ်ဖို့ ရှိပါတယ်။ ဒါကိုလည်း ကျနော်တို့အနေနဲ့ အသိပေး ချင်ပါတယ်။

**(၆) နောက်ဆုံးမေးခွန်းအနေနဲ့ ရှေ့ဆက်ပြီးတော့ မွန်ပြည်နယ်ရဲ့ တော်လှန်ရေး အရွေ့တစ်ခု ဖြစ်လာအောင် နယ်မြေစိုးမိုးရေးတွေ ပိုမိုအားကောင်းလာအောင်၊ အုပ်ချုပ်ရေး အားကောင်းလာအောင် MSFCရဲ့ လုပ်ငန်းစဉ်တွေကို ဖော်ဆောင်ဖို့အတွက် ဦးစားပေးပြီး လုပ်ဆောင်သွားဖို့ စီစဉ်ထားတာတွေ ရှိပါသလဲ။**

ဦးစားပေးလုပ်ငန်းစဉ်အနေနဲ့ကတော့ စစ်ရေးမဟာမိတ်ပေါ့နော်၊ စစ်ရေးမဟာမိတ်ပေါ်လာအောင် အရင်ဆုံး ကြိုးစားဖို့ လိုတယ်။ အခုလည်း ကျနော်တို့တတ်နိုင်သလောက် တပ်မှူးတွေက သွားရောက်ပြီး တပ်မှူးအချင်းချင်းတွေ သွားရောက်တွေ့ဆုံ ဆွေးနွေးနေကြတာ ရှိပါတယ်။ အဓိကက မွန်လူမျိုးတွေ ဦးဆောင်တဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေပေါ့နော်၊ ဒါက အမြန်ဆုံး ကျနော်တို့ စည်းလုံးညီညွတ်မှုတွေ ရလာမယ်။ ရအောင်လည်း ကြိုးစားမယ်။ နောက်ပြီး တချိန်တည်းမှာပဲ ကျနော်တို့ MSFCနဲ့ ကျနော်တို့တပ် MSRFပေါ့နော်၊ ဒါကတော့ နွေဦးတော်လှန်ရေးကနေ ပေါ်ပေါက်လာတဲ့ တော်လှန်ရေးတပ်တွေ၊ PDFတပ်ဖွဲ့တွေနဲ့ မဟာမိတ်တည်ဆောက်ခဲ့တာ ၂နှစ်ရှိခဲ့ပါပြီ။ အဲဒီလို မဟာမိတ်တည်ဆောက်ခဲ့တာ ခိုင်ခိုင်ခံ့ခံ့ရှိနေတယ်။

တချိန်တည်းမှာပဲ မွန်လူမျိုးတွေ ဦးဆောင်တဲ့ တော်လှန်ရေးတပ်တွေ၊ အဖွဲ့အစည်းတွေနဲ့လည်း နောက်ထပ် မဟာမိတ်တည်ဆောက်မှုတွေ ထပ်မံလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ မတူညီတဲ့ ဒီ မဟာမိတ်တွေကြားမှာလည်း နောက်ထပ် ဒီထက်ပိုမိုကောင်းမွန်တဲ့ မဟာမိတ်တွေနဲ့ မဟာမိတ် အင်အားစုတွေ ဖြစ်လာဖို့ကိုလည်း ကျနော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ကျနော်တို့အားလုံး သိတဲ့အတိုင်းပဲ မွန်ပြည်နယ်မှာရှိနေတဲ့ ရန်သူစစ်ကောင်စီတပ်ရဲ့အင်အားက နည်းတာမဟုတ်ဘူး။ ဒီမွန်ပြည်နယ်ကိုပဲ အခြေချပြီးတော့ပဲ လူစုတယ်၊ အရင်းအမြစ်တွေ ရှာသွားတယ်။ ဒါတွေကို သူတို့ အမြဲတမ်းလုပ်နေတယ်။ ဒါတွေကို ကျနော်တို့ အမြဲတမ်းပြောသလိုပဲ၊ မွန်ပြည်နယ်ကတော့ သူတို့ရဲ့ နောက်ဆုံးခံစစ်ဖြစ်သွားနိုင်တယ်။

ဒါကြောင့် ကျနော်တို့ကတော့ သူတို့ကို တိုက်ခိုက်တဲ့အခါမှာတော့ တော်တော်လေးတော့ အင်အား




နည်းလို့ မရဘူး။ ဒါကတော့ တစ်ခုရှိမယ်။ နောက်ပြီးတော့ တခြားသော တော်လှန်ရေးအင်အားစု တွေလည်း ကျနော်တို့ မွန်တော်လှန်ရေးအင်အားစုတွေကို အကူအညီတွေပေးပါ။ အကူအညီတွေ ပေးဖို့ လိုတယ်။ မွန်ပြည်နယ်မှာ ရှိနေတဲ့ တော်လှန်ရေးအင်အားစုတွေကိုလည်း အကူအညီတွေ ပေးဖို့လိုပါတယ်။ တခြားဒေသမှာတော့ လွတ်လပ်သွားတယ်ဆိုပေမယ့် မွန်၊ တနင်္သာရီတို့လည်း လွတ်လပ်ဖို့လိုတာပေါ့နော်။ တစ်နိုင်ငံလုံး လွတ်လပ်မှသာလျှင် စစ်အာဏာရှင်စနစ်ကနေ ကျနော်တို့ထွက်သွား နိုင်မှသာလျှင် အနာဂါတ်ဖက်ဒရယ်တည်ဆောက်ရေးအတွက် ပိုပြီးတော့ အခြေအနေတွေ ခိုင်မာမယ်လို့ ကျနော်ကတော့ ထင်ပါတယ်။

ပြည်သူတွေကို မှာကြားချင်တာကတော့ ကျနော်တို့မွန်တွေ တော်လှန်ရေးလုပ်ခဲ့တာ နှစ်ပေါင်း(၇၀) ရှိခဲ့ပါပြီ။ ကြားထဲမှာ တော်လှန်ရေးက ရပ်သွားလိုက်၊ ပြန်ထွက်ပေါ်လာလိုက်၊ အပစ်အခတ်ရပ်စဲရေး တွေလည်း ဝင်လာလိုက်နဲ့ ရေစုန်မျောပြီးတော့မှ ကျနော်တို့လူမျိုးတွေ တော်လှန်ရေးမှာ အင်အား မရှိကြဘူးပေါ့နော်။ အဲဒါကြောင့် တခြားသော လူမျိုးတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် တော်တော်လေးကို အားနည်းတယ်လို့ပဲ ဝန်ခံပါတယ်။ ဒါကြောင့် ဒီကနေ့တော်လှန်ရေးမှာ ကျနော်တို့အားလုံး သိတဲ့အတိုင်း ဒါဟာ အခွင့်ကောင်းပဲ။ ဒီလိုမျိုး အခွင့်အရေးကို ကျနော်တို့မွန်တွေ လက်မလွှတ်ရ အောင် တော်တော်လေး အရေးကြီးပါတယ်။ အရင်တုန်းက တော်လှန်ရေးခေါင်းဆောင်တွေက သူတို့ တာဝန်တွေ ကျေပွန်စွာနဲ့ လုပ်ဆောင်ခဲ့တာ ပြီးသွားပါပြီ။ ကျနော်တို့မျိုးဆက်သစ်တွေ၊ လူငယ်တွေ အနေနဲ့ ကျနော်တို့ရဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ဖို့ လိုပါတယ်။ အဲဒီလိုပဲ ကျွန်တော် မှာကြားချင်ပါတယ်။

**အယ်ဒီတာအဖွဲ့**



# ချင်းပြည်အစိုးရ၏ အစိုးရလုပ်ငန်းများနှင့် တော်လှန်ရေး အရွေ့များ

## Chinland Council ဒု−ဥက္ကဋ္ဌ Pu Bawi Kung နဲ့တွေ့ဆုံခြင်း

**၁။ ChinLand Council အနေနဲ့ ၂၀၂၄ ခုနှစ်အတွင်း ဘယ်လို တိုးတက်မှုတွေကို လုပ်ဆောင်နိုင်ခဲ့လဲ။**

၂၀၂၄မှာကြတော့ ချင်းပြည်အဆင့်မှာ နိုင်ငံရေးဖော်ဆောင်မှုကော၊ အုပ်ချုပ်ရေးကော၊ တရားစီရင်ရေးကော၊ လွှတ်တော်ကော ဖော်ဆောင်နေပါတယ်။ နောက်ပြီးတော့မှ ဒေသန္တရအစိုးရမှာလည်း ပီပီပြင်ပြင်နဲ့ အုပ်ချုပ်ရေးကို ဖော်ဆောင်နိုင်ခဲ့ပြီလို့ ပြောလို့ ရပါတယ်။

**၂။ လက်ရှိ ချင်းပြည်အတွင်းမှာ အုပ်ချုပ်ရေး လုပ်ငန်းတွေကို ဘယ်လိုအကောင်အထည် ဖော်ဆောင်ရွက်နေတာ တွေရှိလဲ။**

ကျနော်တို့က ဝန်ကြီးဌာနက ၁၄ခုရှိတယ်။ ဝန်ကြီးဌာနဝန်ဆောင်မှုကို သူတို့အတတ်နိုင်ဆုံး ပေးနေတယ်။ နောက်ပြီးတော့မှ အုပ်ချုပ်ရေးကြတော့ လက်ရှိပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့မှ ဒေသန္တရအုပ်ချုပ်ရေးကို ဦးဆောင်ပြီးတော့မှ လည်ပတ်နေတာ တွေ့ရပါတယ်။ လွှတ်တော်ကတော့ ဥပဒေ ၅ခု ပြဌာန်းနိုင်ခဲ့ပါပြီ။ တရားရေး ကလည်းပဲ သူတို့ဆီမှာရောက်လာတဲ့၊ ချင်းပြည်အဆင့်မှာ ရောက်လာတဲ့ အမှုတွေကို ရာဇဝတ်ပဲဖြစ်ဖြစ်၊ တရားမပဲ ဖြစ်ဖြစ် တရားစီရင်နိုင်တာကိုလည်း ကျနော်တို့ တွေ့ရပါတယ်။

**၃။ ချင်းပြည် အစိုးရပေါ်ပေါက်လာပုံနဲ့ ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင်ကျင့်သုံးနေပုံကို သိလိုပါတယ်။**

ချင်းပြည်ဖွဲ့စည်းပုံ အခြေခံဥပဒေကတော့ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်နေ့မှာ အတည်ပြုပြီးသား ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရှိတော့ ကောင်စီပေါ်လာတယ်။ ထို့နည်းလည်းကောင်းပဲ ကောင်စီကနေပြီးတော့မှ ချင်းပြည်အစိုးရအဖွဲ့ကို ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ လွှတ်တော်ကိုလည်းပဲ အဲဒီအခြေခံဥပဒေအရ ပေါ်ပေါက်လာတယ်။ တရားရေးကလည်း အတူတူပါပဲ၊ အစောနားကပြောသလို အဲဒီအခြေခံဥပဒေအရပဲ ဒေသန္တရအစိုးရက ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ လောလောဆယ်မှာ ဒေသန္တရအစိုးရကတော့

အားလုံး ၁၈ဖွဲ့ရှိပါတယ်။ ၉မြို့နယ်ကို ကျနော်တို့ အခြေမခံတော့ ပါဘူး။ ၉မြို့နယ်ကတော့ အဆင်မပြေဘူး။ အဲဒါကြောင့် ကျနော်တို့ လက်ရှိချင်းပြည်ရဲ့ ပကတိအခြေအနေအရ တော်လှန်ရေးရဲ့ အခြေအနေအရ တော်လှန်ရေးကာလမှာ ရေးဆွဲထားတဲ့ အခြေခံဥပဒေ ဖြစ်တယ်။ တော်လှန်ရေး ကာလမှာ အသုံးပြုမယ့် အခြေခံဥပဒေဖြစ်တဲ့အတွက် ချင်းပြည်ရဲ့ ရှိရင်းစွဲ ၉မြို့နယ်ကိုတော့ ကျနော်တို့ အခြေမခံတော့ဘူး။

အဲဒါကြောင့် ကျနော်တို့ မြို့နယ် ၇ခုနဲ့ ဟိုဖက်ကနိုင်ငံရေးအရ ကလေး၊ ဂန့်ဂေါ၊ ကဘော်ဖက်က KKG ခေါ်တာပေါ့။ အဲဒါရယ်၊ နောက်ပြီးတော့မှ အသစ်သောဒေသ ၁၀ခုပေါ့။ အဲဒါကတော့ မြို့နယ်နဲ့ အညီအမျှ ပါပဲ။ သူတို့က သီးသန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် မြို့နယ်ပေါ့။ သူတို့အုပ်ချုပ်ရေးကို သူတို့ဖော်ဆောင်နိုင်တာ ဖြစ်ပါတယ်။ ဒါက ကျနော်တို့အခြေခံ ဥပဒေအရ ပေါ်ပေါက်လာတဲ့ အခင်းအကျင်း ဖြစ်ပါတယ်။

အဲဒီတော့ ချင်းပြည်ကတော့ အရင်ကလို မဟုတ်တော့ဘူး။ ပြောင်းလဲသွားပါပြီလို့ ကျနော်ပြောချင်ပါတယ်။

**၄။ ချင်းပြည်အတွင်းနယ်မြေစိုးမိုးရေး၊တရားဥပဒေစိုးမိုးရေးကိုလည်းဘယ်လောက်အထိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီလဲ။**

အထူးသဖြင့်ကတော့ ဟားခါးမြို့ပေါ်မှာက မလုပ်နိုင်သေးဘူး။ စစ်ကောင်စီ ရှိနေသေးတယ်။ အဲဒီလိုပဲ တီးတိန်မြို့ပေါ်၊ ဖလမ်း၊ မင်းတပ်၊ ကန်ပက်လက်လည်း ကျန်ခဲ့သေးတယ်။ ပလက်ဝကတော့ လောလောဆယ်မှာ AAက ဖော်ဆောင်နေတယ်လို့ ထင်တယ်။ ဒါပေမယ့် သူများပြည်နယ်မှာဆိုတော့ ပြည်သူတွေနဲ့ ကတောက်ကဆ ဖြစ်တော့ မဖော်ဆောင်နိုင်ဘူး။

လောလောဆယ်မှာတော့ တွန်းဇံမြို့နယ်မှာဆိုရင် ကောင်းကောင်း ဖော်ဆောင်နိုင်တယ်။ ဒေသလို့ခေါ်တဲ့ မြို့တွေဆီမှာတော့ ကျနော်တို့ ကောင်းကောင်းဖော်ဆောင်နိုင်တယ်။ ဥပမာ–ရီခေါ်ဒါရ်မြို့ဆိုတာက ဟွာလ်းငိုးရမ်း(Hualngoram)ဒေသ၊ လိုင်လင်းပီ၊ နောက်ပြီးတော့မှ ရေဇွာဆိုတဲ့ဟာက ဥပမာ–ဗိုတုန်ဒေသ၊ နရိန်ဆိုတဲ့မြို့က လောက်တူဒေသ အဲဒီလိုပုံစံမျိုး ကျွန်တော်တို့က သွားနေပါပြီ။ မြို့တိုင်းမှာကြတော့ ကျနော်တို့က အေးအေးဆေးဆေး ဖော်ဆောင်လို့ရတယ်။

သို့သော် မြို့နယ်ရဲ့ မြို့တွေမှာ ဟားခါးမြို့ပေါ်၊ ဖလမ်းမြို့ပေါ်၊ တီးတိန်မြို့ပေါ်၊ ကန်ပက်လက်မြို့ပေါ်၊ မင်းတပ်မြို့ပေါ် အဲဒီနေရာတွေမှာတော့ အကောင်အထည် မဖော်ဆောင်နိုင်သေးဘူးလို့ ကျနော်တို့ ဝန်ခံရမယ်။ ကျန်တဲ့နေရာကြတော့ အရင်တုန်းက ပုံမှန်အစိုးရနီးနီး ဖော်ဆောင်နိုင်နေပြီလို့ ပြောလို့ရပါတယ်။

**၅။ ChinLand Council ရဲ့ လက်ရှိဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး အဓိက စိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။ ချင်းဒေသက ပြည်သူတွေက ဘယ်လို ပြဿနာ တွေကို ရင်ဆိုင်နေရလဲ။**

ပြည်သူတွေကော၊ ကျနော်တို့ နိုင်ငံရေးသမားတွေကော စိန်ခေါ်မှုကြီးကြီးမားမားကို ရင်ဆိုင်နေရတယ်။ ပထမ အချက်အနေနဲ့ စိန်ခေါ်မှုအကြီးမားဆုံးက ရခိုင်ပြည်နယ်မှာရှိတဲ့ ကျနော်တို့ညီအစ်ကိုတွေ AAတွေကနေ ကျနော်တို့ကို လာကျူးကျော်တဲ့အတွက် အဲဒါက စိန်ခေါ်မှု အကြီးမားဆုံးဖြစ်ပါတယ်။ နောက်ပြီးတော့ AAတွေနဲ့ တွဲပြီးတော့မှ သူတို့နိုင်ငံရေး အသက်ရှင်လို့ ရအောင်၊ နိုင်ငံရေး ကစားလို့ရအောင်၊ ချင်းပြည်ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပေါ်ပေါက်လာတဲ့ မဏ္ဍိုင်ကြီး ၃ရပ်နဲ့ ကောင်စီကို ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့ တချို့ပုဂ္ဂိုလ်တွေက နိုင်ငံရေးကစားနေတဲ့ အချိန်ဖြစ်တဲ့အတွက် ဒါကလည်း ဒုတိယစိန်ခေါ်မှုဖြစ်ပါတယ်။ စစ်ကောင်စီရဲ့ စိန်ခေါ်မှုကတော့ အဲဒီလောက်မကြီးမားပါဘူး။ ကြာလာရင်တော့ ကျနော်တို့ သိမ်းသွားမှာပါ။ ဆိုတော့ စိန်ခေါ်မှု ၂ချက်ကို ကျနော်တို့ ကြုံတွေ့နေရတာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**၆။ ရှေ့ဆက်ပြီး Chinland Council အနေနဲ့ ဘယ်လို လုပ်ငန်းစဉ်တွေကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ရှိလဲ။**

ကျနော်တို့ Chinland Council ကနေပြီးတော့မှ စစ်ရေးနဲ့ နိုင်ငံရေးကို ဟန်ချက်ညီညီ သွားရမယ်ဆိုတာ မူဝါဒချထားတာ ရှိပါတယ်။ စစ်ရေးနဲ့ နိုင်ငံရေးကို ဟန်ချက်ညီတဲ့နေရာမှာ ကျနော် တစ်ခုပြောမယ်။ ချင်းပြည်အစိုးရက ဝင်ငွေစုစုပေါင်း GDPရဲ့ ၆၅ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် အသုံးပြုပါတယ်။ အဲဒီတော့ စစ်ရေးကို ကျနော်တို့က တော်တော်လေး ဦးစားပေးပါတယ်။ ဘယ်နိုင်ငံမှာမရှိတဲ့ income ရဲ့ ၆၅ရာခိုင်နှုန်းကို စစ်ရေးအတွက် အသုံးပြုနေပါတယ်။ ဒါကြောင့် ဘာကိုဦးစားပေးနေသလဲဆိုတာ သိလိမ့်မယ်ထင်ပါတယ်။





### ၇။ နောက်ဆုံးအနေနဲ့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောပေးပါအုံး။

ချင်းပြည်မှာ ဘာဖြစ်နေသလိုဆိုတဲ့ဟာကို မြေပြင်မှာမသိတဲ့သူတွေအတွက် ပြောပြချင်တာ ရှိပါတယ်။ သိဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးသမားတွေ၊ ပြည်သူတွေအားလုံး ကြိုးစားဖို့လိုမယ်။ ဆိုရှယ်မီဒီယာကနေ၊ အွန်လိုင်းကနေ ရေးနေတဲ့ဟာတွေကတော့ သိပ်မယုံဖို့ အရေးကြီးမယ်လို့ ကျနော်ထင်ပါတယ်။ မြန်မာနိုင်ငံမှာ တော်လှန်ရေးမှာ အခက်ခဲဆုံး နိုင်ငံရေးကစားဖို့ လွယ်ကူတာကတော့ ၂၁ရာစုမှာ ဆိုရှယ်မီဒီယာရဲ့ကောင်းကျိုးနဲ့ ဆိုးကျိုးကို ရောပြီးတော့မှ ခံစားနေရတဲ့အတွက် တကယ့်ဖြစ်စဉ် နိုင်ငံရေးအခင်းအကျင်းသည် ဘာဖြစ်နေသလဲ ဆိုတာကို မေးပြီးမှ ဘာမှမသိပဲနဲ့ အွန်လိုင်းကိုယုံပြီးမှ ပြောဆိုတာတို့၊ ဝေဖန်တာတို့၊ သုံးသပ်တာတို့၊ စိတ်ညစ်တာတို့၊ ပျော်တာတို့ဆိုတာကတော့ မကောင်းပါဘူး။ အဲဒါကြောင့် ချင်းပြည်ကို ဘာဖြစ်နေသလဲလို့ သိချင်တယ်ဆိုရင်တော့ ချင်းပြည်ကို လာလည်ကြပါ။ ကျနော်တို့ကတော့ မြေပြင်မှာ ရုံးတွေကောင်းကောင်းဖွင့်၊ ရုံးတက်ရုံးဆင်းနဲ့ အရင်ကပုံမှန်အစိုးရလို့မျိုး လည်ပတ်နေပြီဖြစ်တာကြောင့် လာလည်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**အယ်ဒီတာအဖွဲ့**

# တိုင်းရင်းသား၊ အမျိုးသားနှင့် နိုင်ငံသားစသည်တို့ကို ရောထွေးမသုံးစေလို

## Ethnic, National နှင့် State တို့၏ တူညီမှုနှင့် ကွာခြားချက်များ

ဆလိုင်းထောင်း



**Attributes of Ethnies(ethnics) and Nations**

**တိုင်းရင်းသားနှင့် လူမျိုးကို ပေါ်ပေါက်စေသော ကြင်အင်များ**

| **Ethnie (Ethnic) တိုင်းရင်းသား** | **Nation လူမျိုး(အမျိုးသား)** |
|---|---|
| Proper name<br>(သင့်လျော်သော အမည်) | Proper name<br>(သင့်လျော်သော အမည်) |
| Common myths of ancestry, etc.<br>(မျိုးရိုးဆိုင်ရာ ဘုံဒဏ္ဍာရီ) | Common myths<br>(ဘုံဒဏ္ဍာရီ) |
| Shared *memories*<br>(ဘုံမှတ်ညဏ်/အမှတ်တရများ) | Shared *history*<br>(တူညီသော/ဘုံ သမိုင်း) |
| Cultural differentia(e)<br>(ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှု) | Common public culture<br>(ဘုံပြည်သူ့ယဉ်ကျေးမှု) |
| *Link* with homeland<br>(ဌာနေဒေသ ထိစပ်ချိတ်ဆက်မှု) | *Occupation* of homeland<br>(ဌာနေဒေသကို ထိန်းချုပ်မှု) |
| Some(elite) solidarity<br>တစ်ချို့(အထက်တန်းလွှာ) စုစည်းညီညွတ်မှု | *Common rights and duties*<br>(စုပေါင်းအခွင့်အရေးနှင့် တာဝန်များ) |
| | *Single economy*<br>(တစ်ခုတည်းသော စီးပွားရေး) |

အထက်ပါ ဝေါဟာရများသည် ဗမာစာပေဖြင့် မဆိုထားဘိ အင်္ဂလိပ်ဘာသာဖြင့်ပြင်လျှင် အဓိပ္ပါယ် အတိမ်အနက်၊ အနံအလျား တိုင်းတာရန် ခက်ခဲလှပါသည်။ ပညာရှင်များလည်း ငြင်းခုန်ကြပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ လူမျိုးပေါင်းစုံအကြားမှာ ပဋိပက္ခဖြစ်သော အသိုက်အဝန်းတွင် အထက်ပါ ဝေါဟာရများဖြင့် စာရင်းပြုအုပ်စုခွဲသတ်မှတ်ရန်ရေးမှာ ပိုမိုခက်ခဲပါသည်။ သို့သော် နိုင်ငံရေးအရသော် လည်းကောင်း၊ မသိနားမလည်မှုကြောင့်သော်လည်းကောင်း၊ အလွန်အကျွံ အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် အလွဲသုံးစား ပြုလုပ်မှုများအထိ ရှိလာသည့်အတွက် အောက်ပါ အတိုင်း ပြန်လည်စဉ်းစားသုံးသပ်နိုင်ကြစေရန်ဆွေးနွေးလိုပါသည်။

## Nation နှင့် Ethnic တူညီမှုနှင့် ကွာခြားမှု (အမျိုးသားလား၊ တိုင်းရင်းသားလား)

လူမျိုး(အမျိုးသား)နှင့် တိုင်းရင်းသားတို့၏ ကြင်အင်လက္ခဏာများ တူညီမှုနှင့် ကွာခြားမှုများကို ပညာရှင်များက အမျိုးမျိုး ရေးသားဖော်ပြကြပါသည်။ ပညာရှင် Anthony D. Smith က ဇယားဖြင့် နှိုင်းယှဉ်ဖော်ပြထားသည့်အချက်သည် အရိုးရှင်းဆုံးဖြစ်မည်ထင်လို့ အောက်မှ ဖော်ပြထားပါသည်။ သူ့စာရင်းအရ ethnic ခေါ် တိုင်းရင်းသားတစ်ခုက Nation (al) ခေါ် အမျိုးသားအဆင့်သို့ ရောက်ရှိနိုင်ရန် အထူးသဖြင့် 'ဘုံပြည်သူ့ ယဉ်ကျေးမှု(common public culture) ရှိရန် လိုအပ်သည်ကို တွေ့ရသည်။ ထို့ပြင် ဘုံသမိုင်း၊ ဘုံစီးပွားရေးနှင့် ဌာနေဒေသတစ်ခုကို လွှမ်းမိုးစုစည်းနိုင်မှုတို့ လိုအပ်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသား/လူမျိုး ၂၀ ကျော် ရှိပါသည်။ စစ်အစိုးရအဆက်ဆက်က ၁၃၅ ရှိသည်ဆိုသည်မှာ မှားယွင်းပါသည်။ အထက်ပါ အင်္ဂါရပ်များအရ လည်းကောင်း၊ မိမိလက်လှမ်းမှီသလောက် မနုသဗေဒရှုတောင့်အရ ထောက်ရှုလျှင်သော်လည်းကောင်း၊ မြန်မာနိုင်ငံက အများစုသည် 'ethnic' အဆင့် ဖြစ်ကြပြီး ဆယ်ဂဏန်းအောက်သာ 'national' အင်္ဂါရပ်ဖြင့် ပြည့်စုံသည်ဟု ဆိုရပေမည်။

ခြုံငုံသုံးသပ်လျှင် တစ်ချို့ 'ethnic'အဆင့်ကို ကျော်လွန်ပြီဖြစ်သော လူမျိုးများကို 'ethnic group'ထဲမှာ ဆက်ပြီးထားရှိသတ်မှတ်ခြင်းသည် မသင့်တော်ဘူးလို့ ယူဆသည်(ဥပမာ- ရခိုင်)။ အလားတူတစ်ချို့ ethnic အဆင့်သာရှိသော လူမျိုးစုငယ်(လူဦးရေအရ 'ငယ်'သည်ဟု ဆိုလိုခြင်းမဟုတ်) များက သူတို့နာမည်ရှေ့မှာ 'national' ဟု သုံးနှုန်းတတ်သည်ကလည်းမသင့်တော်ပေ။ ဤနေရာမှာ အင်္ဂလိပ်ဝါဟာရ အပေါ်မှာသာ အခြေခံ၍အနက်ဖွင့် ခွဲခြမ်းခြင်းဖြစ်ပြီး ဗမာဝေါဟာရဖြစ်သည့် တိုင်းရင်းသား၊ အမျိုးသား၊ လူမျိုး စသည်တို့သည် မိမိနားလည်သလို ဘာသာပြန်ခြင်းဖြစ်သည်။

## အမျိုးသားနှင့် နိုင်ငံသား ကွာခြားချက် (Nation versus State)

National ကို မြန်မာဘာသာဖြင့် 'အမျိုးသား'ဟု အားလုံးက ဘာသာပြန်ကြသော်လည်း Nation ကိုမူ လူမျိုးဟူ၍လည်းကောင်း၊ နိုင်ငံဟူ၍လည်းကောင်း ဘာသာပြန်ကြသည်ကို တွေ့ရသည်။ အလားတူ State ကိုလည်း နိုင်ငံဟုလည်းကောင်း၊ ပြည်နယ်ဟုလည်းကောင်း၊ သုံးနှုန်းလေ့ရှိသည်။

ယင်းကဲ့သို့ ရှုပ်ထွေးနေရခြင်းသည် ဗမာစာတစ်ခုတည်းကြောင့်မဟုတ်ဘဲ မူရင်းအင်္ဂလိပ်

ဘာသာစကား ပြောဆိုသည့် မဲမသမာနိုင်ငံများတွင် ၁၇ ရာစုဝန်းကျင်မှာ Nation–Building ခေါ် အမျိုးသားတည်ဆောက် ရေးနှင့် State–Building ခေါ် နိုင်ငံတော်တည်ဆောက်ရေး နှစ်ခုစလုံးကို ရောထွေးခဲ့မှုကြောင့် ဖြစ်သည်။ ထိုကဲ့သို့ ပြိုင်တူ တည်ဆောက်မှုကြောင့် ဥရောပနိုင်ငံ အများစုသည် ယနေ့တွင် အမျိုးသားနိုင်ငံ(Nation–State)ခေါ် လူမျိုးတစ်ခုကို အခြေခံသည့် နိုင်ငံတော်များ ဖြစ်လာကြသည်။

ထို့ကြောင့် သူတို့နိုင်ငံတွင် လူမျိုးလည်းနိုင်ငံ၊ နိုင်ငံလည်းလူမျိုး၊ ဖြစ်လာသည့်အတွက် လူမျိုးနှင့်နိုင်ငံကို အတူတူ ခေါ်ဆိုသုံးနှုန်းနိုင်ပြီဖြစ်သည်(interchangeable)။ တနည်းအားဖြင့် အမျိုးသားနှင့် နိုင်ငံသား (Nation နှင့် State) သည် သူတို့နိုင်ငံတွင် အတူတူဖြစ်လာသည်။

သို့သော်လည်း ကျွန်တော်တို့နိုင်ငံကဲ့သို့သော လူမျိုးပေါင်းစုံမှ အတူယှဉ်တွဲနေထိုင်ရေး (coming together) မှုဖြင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ ဖွဲ့စည်းတည်ထောင်သည့် နိုင်ငံသစ်များကို Multi–national State သို့မဟုတ် State–National ဟု ခေါ်ကြသည်။ ဤကဲ့သို့သော Nation–State မဟုတ်သည့် နိုင်ငံမျိုးတွင် State/Union ခေါ် 'နိုင်ငံတော်'နှင့် Nation ခေါ် 'လူမျိုး/ အမျိုးသား'ကို ရောထွေးသုံးနှုန်းခြင်းသည် ရှုပ်ထွေးမှုရှိစေသည်။

အဘယ်ကြောင့်ဆိုသော် ထိုသို့သုံးနှုန်းခြင်းအားဖြင့် မဲမသမာနိုင်ငံများကဲ့သို့ နိုင်ငံတစ်ခုအတွင်း လူမျိုးတစ်ခု တည်း ရှိနေသယောင်ယောင် အဓိပ္ပါယ် သက်ရောက်စေပြီး နိုင်ငံထဲမှာ အကြီးဆုံးလူမျိုး (အမျိုးသား) က ကျန်ရှိသော လူမျိုးငယ်များကို အသိအမှတ်မပြုရာ ရောက်သွားတတ်သည်။ လူမျိုးကြီးဝါဒ သို့မဟုတ် ဝါးမြိုရေးဝါဒ(assimilation) ၏ လျှို့ဝှက်ဗျူဟာလည်း ဖြစ်တတ်သည်။

ထို့ကြောင့် National (အမျိုးသား) ဆိုသည့် ဝေါဟာရကို သက်ဆိုင်ရာလူမျိုးများအတွက်သာ ဖြစ်သင့်သည်။ တစ်နိုင်ငံလုံးကို ခြုံငုံပြီးခေါ်သည့်အခါ Union, Federal, State, Statewide (နိုင်ငံ၊ နိုင်ငံတော်၊ နိုင်ငံတဝှမ်းလုံး၊ ပြည်ထောင်စု) စသည်ဖြင့် ခေါ်သင့်ပါသည်။ 'တိုင်းပြည်' ဟူ၍လည်း ခေါ်ဝေါ်လို့ရတန်ရာသော်လည်း တချို့လူမျိုးများက သူတို့ကို 'ပြည်' သို့မဟုတ် 'ပြည်ထောင်' (သာဓက–မွန်ပြည်၊ ချင်းပြည်ထောင်) ဟု သုံးနှုန်းကြသည်ကိုလည်း သတိချပ်ရမည်။ 'ပြည်'သည် လူမျိုးကို ညွှန်းသည်ဟုယူဆသည်။

အလျင်းသင့်၍ အားနာနာဖြင့် ပြောရလျှင် CRPH ဦးဆောင်မှုဖြင့် ဖွဲ့စည်းလိုက်သည့် မြန်မာပြည်ထောင်စု အစိုးရ (NUG) ၏ အမည်နာမတွင် National (အမျိုးသား)ဟု သုံးနှုန်းသည်က

လည်း သင့်တော်မှုမရှိဘူးဟု ထောက်ပြရပါမည်။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ဆိုတာမျိုး သည် Israel (အစ္စရေး) နိုင်ငံကဲ့သို့သော အမျိုးသားနိုင်ငံ(Nation-State)များတွင် ဖွဲ့စည်းသုံးနှုန်းခဲ့ ခြင်းဖြစ်ပြီး မိမိတို့ လူမျိုးပေါင်းစုံနိုင်ငံတွင် ယင်း National(အမျိုးသား) စကားလုံးသည် နိုင်ငံတစ် ခုလုံးအတွက် သုံးနှုန်းရန်မသင့်ပေ။ ယင်းအစား Federal သို့မဟုတ် Union သို့မဟုတ် National-ities ဆိုသည့်ဝေါဟာရများကို ရွေးချယ်သင့်သည်။

**မှတ်ချက်။** စစ်ကောင်စီအမြစ်ပြတ်ခြေမှုန်းရေးကို အဓိကထားပြီး ဆင်နွှဲနေသည့်ကာလဖြစ် သည့်အတွက် ဤအချိန်မှာ အချင်းချင်းအကြား ညီညွတ်မှုကျဆင်းစေမည့် ရေးသားမှု ရှောင်ရှား နိုင်ရေး အရေးကြီးပါသည်။ မှန်ပါသည်။ သို့သော် စစ်အုပ်ချုပ်ရေးရပ်တန့်ပြီးမှ တိုင်းရင်းသား/ လူမျိုးအရေးကိုပြောဆိုဆွေးနွေးမည်ဆိုတော့လည်း နှစ်ပေါင်း ၆၀ ကျော်ပြီဆိုတော့ မဖြစ်သေး ဘူး။ ထို့ကြောင့် အခုကတည်းက အပြုသဘောဖြင့် ပြောဆိုဆွေးနွေးရပါလိမ့်မည်။

### Attributes of Ethnies(ethnics) and Nations

### တိုင်းရင်းသားနှင့် လူမျိုးကို ပေါ်ပေါက်စေသော ကြင်အင်များ

| Ethnie (Ethnic) တိုင်းရင်းသား | Nation လူမျိုး(အမျိုးသား) |
|---|---|
| (သင့်လျော်သော အမည်)<br>Common myths of ancestry, etc.<br>(မျိုးရိုးဆိုင်ရာ ဘုံဒဏ္ဍာရီ)<br>Shared memories<br>(ဘုံမှတ်ညဏ်/အမှတ်တရများ)<br>Cultural differentia(e)<br>(ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှု)<br>Link with homeland<br>(ဌာနေဒေသ ထိစပ်ချိတ်ဆက်မှု)<br>Some(elite) solidarity<br>တစ်ချို့(အထက်တန်းလွှာ) စုစည်းညီညွတ်မှု | (သင့်လျော်သော အမည်)<br>Common myths<br>(ဘုံဒဏ္ဍာရီ)<br>Shared history<br>(တူညီသော/ဘုံ သမိုင်း)<br>Common public culture<br>(ဘုံပြည်သူ့ယဉ်ကျေးမှု)<br>Occupation of homeland<br>(ဌာနေဒေသကို ထိန်းချုပ်မှု)<br>Common rights and duties<br>(စုပေါင်းအခွင့်အရေးနှင့် တာဝန်များ)<br>Single economy<br>(တစ်ခုတည်းသော စီးပွားရေး) |

# အနာဂတ် ဒီမိုကရေစီ – ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်တည်ဆောက်ဖို့အတွက် အခက်အခဲဖြစ်နိုင်ဆုံးအချက်များ

ဟန်နရီမင်း



## နိဒါန်း

လက်ရှိနိုင်ငံရေးအခြေအနေဟာ ရေတိုနဲ့ ပြီးမြောက်နိုင်မဲ့အနေအထားကို မတွေ့ရဘူး။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတုန်းက ကျွန်တော့်အသိမိတ်ဆွေတွေကို ၁၉၈၈ အရေးအခင်းကို မမှီလိုက်ပေမဲ့ မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းနဲ့ လက်ရှိအနေအထားကို ကြည့်လိုက်တဲ့အခါ နှစ်ရှည်ဖြစ်သွားနိုင်တယ်လို့ ပြောခဲ့မိတာ တကယ်လည်း ဒီလိုအခြေအနေဖြစ်လာခဲ့ပါတယ်။ စကစအနေနဲ့ လက်ရှိအချိန်အထိ မြန်မာပြည်သူတွေကို စာနာထောက်ထားတဲ့ စိတ်ထားရှိပြီး ဖြစ်ခဲ့တာတွေအတွက် တာဝန်ယူကာ NUG ရော၊ တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့ပါ ညှိနှိုင်းမဲ့ပုံ မပေါက်ဘူး။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ၂၀၂၁ မတိုင်မှီ များနေပြီးသား လက်နက်ကိုင်အဖွဲ့ အစည်းတွေထဲသို့ ထပ်ပေါင်းလိုက်တဲ့နောက်ပိုင်း ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တွေဟာလည်းရာဂဏန်းပါပဲ။

မြန်မာနိုင်ငံက အာဏာသိမ်းမှုဖြစ်စဉ်တွေကို လေ့လာကြည့်ရင် ဖြစ်စဉ်တိုင်းမှာ ပြည်မက ကျောင်းသား၊ သူများနှင့်နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူတွေဟာ နယ်စပ်ဒေသက တိုင်းရင်းသားနယ်မြေတွေဆီကို အလုအယက်သွားရောက်ခိုလှုံတာ၊ တိုက်ခိုက်ရေးတပ်ဖွဲ့တွေ ဖွဲ့ကြစမြဲပါပဲ။

ဗမာ့နိုင်ငံရေးသမားများနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့“ဖက်ဒရယ်ပြည်ထောင်စု” အတွက် ရည်မှန်းထားခဲ့ကြတဲ့ ဘုံရည်မှန်းချက်ဟာ ခုချိန်အထိတော့ ဖြစ်မလာသေးပါဘူး။ လက်ရှိအနေအထားမှာ အင်အားရှိတဲ့သူက သိမ်းယူထားတဲ့နယ်မြေအကုန်ယူစနစ်(Winners take all) နဲ့ပဲ သွားနေကြတာ ထင်ထင်ရှားရှားတွေ့ရပါတယ်။ ဒီအချက်တွေက အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ဖို့အတွက် အခက်အခဲကိုသာဖြစ်စေပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတဲ့ အချက်တစ်ချို့ကို အတတ်နိုင်ဆုံးတင်ပြသွားပါမယ်။

**၁။ ၂၀၂၁ ခုနှစ်မတိုင်မီကတည်းက ရှိနှင့်ပြီးသား EAOs များက NUG အပေါ် ဘယ်အတိုင်းအတာအထိ ယုံကြည်မှုရှိနိုင်သလဲ.....?**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းမှာ နိုင်ငံရေးခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် ကျောင်းသား အများစုက ဒီတိုင်းရင်းသားလက်နက်ကိုင်တွေ(NCA ထိုးပြီးသား ၂၁၂၁ နွေဦးနဲ့အတူ ပါလာသောအုပ်စုနှင့် NCA မထိုးခဲ့သော အဖွဲ့အစည်းများကို ရည်ညွှန်းပါသည်။ UWSA ကို ချန်လှပ်ထားပါသည်)ထံသို့ သွားရောက်ခိုလှုံကြပါတယ်။ ဒီအထဲမှ တချို့သော နိုင်ငံရေးသမား/ လွှတ်တော်အမတ်တွေ၊ NLD ခေါင်းဆောင် တချို့ဟာ ယခင်က အချုပ်ထောင်တွေထဲနေခဲ့ကြရ ပြီးနောက် ဦးသိန်းစိန် အစိုးရခေတ်လောက်မှ ပြန်လွတ် လာကာ၊ ဒေါ်အောင်ဆန်းစုကြည် အစိုးရထဲမှာ သူ့ရဲ့ အရှိန်အဟုန်နဲ့အတူ မြန်မာ့နိုင်ငံရေးလောကထဲသို့ ပါလာခဲ့ကြပါတယ်။ နေပြည်တော်နှင့် ရန်ကုန်မြို့ကြီးထဲက Aircon အခန်းတွေကြားမှာသာ စကားရည်လုနေ ခဲ့ကြတဲ့ ဒီနိုင်ငံရေးသမားတွေဟာ ရုပ်တရက်ကြီး တောတွေ၊ တောင်ထဲရောက်လာခဲ့ကြတယ်ဆိုရင် မှားမယ် မထင်ဘူး။

ဒီပုဂ္ဂိုလ်တွေဟာ နိုင်ငံရေးသီအိုရီတွေ၊ လွှတ်တော်ဥပဒေတွေကိုတောင် ဘယ်လောက်အထိ နားလည်သလဲ ဆိုတာမသိနိုင်ဘူး။ ဒီလိုအချက်တွေကြောင့်လားတော့ မသိဘူး၊ ၂၀၂၀ ခုနှစ်တုန်းက Institute for Strategy and Policy- Myanmar(ISP)နှင့် Hanns Seidel Foundation တို့ပူးပေါင်းပြီး “မြန်မာ့ဖက်ဒရယ်နှင့် ဒီမိုကရေစီအခြေခံမူများအပေါ် ဥပဒေပြုလွှတ်တော်ကိုယ်စား လှယ်များ၏ နားလည် သဘောပေါက်မှုအား ဆန်းစစ်လေ့လာချက်” ဆိုတဲ့ သုတေသနစာတမ်းရှည်ကြီးကို ရေးသားထုတ်ဝေခဲ့ ကြပါသေးတယ်။ ဒါကြောင့် စစ်ရေးမဟာဗျူဟာနှင့် နိုင်ငံရေးရဲ့ သိမ်မွေ့မှုတွေကို တိုင်းရင်းသားခေါင်းဆောင်တွေလောက် နားလည်မလားဆိုတာ ပြောဖို့ခက်ပါတယ်။ တိုင်းရင်းသားတွေက လက်တွေ့ခံစားခဲ့ကြတာတွေ လွတ်လပ်ရေးရပြီး

ကတည်းကလို့တောင် ပြောနိုင်ပါတယ်။ တိုင်းရင်းသားတွေက သူတို့ခံစားခဲ့ ကြတာတွေကို တစ်ခါတစ်လေမှာ စာပေမှတ်တမ်းဆိုတာထက် လက်တွေ့ခံစားရမှုတွေကို နှုတ်ပြောသမိုင်းအရ လက်ဆင့်ကမ်းကြပါတယ်။ အလိမ်ခံခဲ့ရတာ၊ သွေးခွဲခံခဲ့ကြရတာ တွေကလည်း မနည်းတော့ပါဘူး။ ဒီအချက်တွေနဲ့ ပတ်သက်ပြီး အများကြီးပြောစရာရှိပေမဲ့ မရေးတော့ပါဘူး။ ဒါတွေကိုသတိပြုမိစေချင်ရုံပါပဲ။

ဒုတိယအချက်တစ်ခုက NUG မှာ တိုင်းရင်းသားတချို့ကို ထည့်သွင်းထားပေမဲ့လို့ တကယ့်ဦးနှောက်က ဘယ်ကနေ ကိုင်တွယ်ထားသလဲဆိုတာ ဘယ်သူမှသေချာမသိနိုင်ပါဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုတောင် NUG ရဲ့ တချို့လူကြီးတွေက ၁၀၀ % ပယ်ဖျက်ချင်ပုံမပေါ်ဘူး။ ဒါကြောင့် “အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ” (National Unity Consultative Coun–cil –NUCC) နဲ့လည်း တစ်ခါတစ်လေ ပွတ်တိုက်မိကြတာတွေလည်း တွေ့လာရပါတယ်။

ဒီ့အပြင် အင်စတီကျူးရှင်း/အဖွဲ့အစည်းခိုင်မာမှုအပိုင်းမှာ နှစ်ပေါင်း(၇၀)ကျော် ဗမာလူမျိုးကြီးဝါဒနဲ့အတူ စစ်တပ်ရဲ့ လူမဆန်သော လုပ်ရက်တွေကို ကြံ့ကြံ့ခံလာခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ လောက်တောင် ခိုင်မာမှုမရှိနိုင်တဲ့ ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေတတ်တဲ့ ဗမာ့လူမျိုးနိုင်ငံရေး ခေါင်းဆောင်တွေနှင့် ရုတ်တရက်ကြီး ပေါ်ပေါက်လာတဲ့ ဒီလိုမျိုး ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို (၇၅)% အထိတောင် အယုံအကြည်ရှိမလားဆိုတာ စဉ်းစားလို့ရနိုင်မယ်ထင်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ မြန်မာနိုင်ငံမှာ လက်နက်ကိုင်ထားတဲ့သူ၊ မြေပြင်ကို တကယ်ထိန်းချုပ်နိုင်တဲ့သူကသာ အမြဲတမ်းအနိုင်ယူစမြဲ ဖြစ်တယ်ဆိုတာ သိထားကြတော့သေနတ်ကိုင်ထားတဲ့ အင်အားစုကြီးနဲ့ အပေးအယူလုပ်မယ် ဆိုရင်တောင် သူတို့ စဉ်းစားမိလာနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာ့နိုင်ငံရေးရဲ့ နိုင်ငံရေးပလ္လင်ပေါ်မှာ စကားပြောချင်ရင် လက်နက်အင်အားရှိမှ ဒီလိုအခွင့်အရေးရှိတယ်။ မဟုတ်ဘူးဆိုရင် စကစဘက်က သူတို့ကို ဂရုတောင် မစိုက်ဘူးဆိုတာကို သမိုင်းကနေ သင်ယူလာခဲ့ကြပြီးသားဖြစ်ပါတယ်။

ဒါကြောင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတွေက NUG အပေါ် ယုံကြည်မှု အပြည့် အဝမရှိဘူးဆိုရင် မြန်မာနိုင်ငံရဲ့လက်ရှိဖက်ဒရယ်တပ်ပေါင်းစုဖွဲ့စည်းရေးနှင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးက အလှမ်းဝေးနေဦးမှာပါ။

**၂။ ယခုအချိန် ဖက်ဒရယ်တပ်ပေါင်းစုအဖြစ် မဖွဲ့စည်းနိုင်ရင် ဘယ်တော့ဖြစ်နိုင်မလဲ? တိုင်းရင်းသား**

**လက်နက်ကိုင်တွေ ဘယ်လောက်အထိ သဘောထားကြီးနိုင်သလဲ.....?**

ဒီအချက်က မဖြစ်နိုင်ဆုံးအချက်ထဲက ဒုတိယအချက် ဖြစ်ပါတယ်။ ဥပမာ စကစကို မြန်မာနိုင်ငံကနေ အမြစ်ပြတ်ဖယ်ရှားနိုင်တယ် သို့မဟုတ် စကစနဲ့ ညှိနှိုင်းအောင်မြင်သွားတယ် ဆိုပါစို့။ ဖက်ဒရယ်ဒီမိုကရေစီကို အခြေခံတဲ့နိုင်ငံတော်သစ်ကို တည်ဆောက်ဖို့အတွက် "ပြန်လည် တပ်ပေါင်းစုဖွဲ့စည်းရေး" အစီအစဉ်ကို လုပ်ဆောင်ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါ် မှာ ဘယ်နိုင်ငံမဆို စစ်ဘက်ရေးရာကဏ္ဍဆိုရင် အမြဲတမ်း ပုံစံ(၂)မျိုးနဲ့ဘဲ သွားနေကြ တယ်လို့ ပြောလို့ရပါတယ်။ ဥပမာ လူမျိုးစုအခြေခံဖွဲ့စည်းထားတဲ့ ကာကွယ်ရေး၊ လွတ်မြောက်ရေးတပ်ဖွဲ့ တွေဟာ "ပြည်နယ်" သို့ "ပြည်ထောင်စုတပ်မတော်သားများ" အဖြစ်သို့ ထပ်ဆင့် ပြန်လည်တာဝန် ထမ်းဆောင်တာ (သို့) တချို့က နယ်ခြားစောင့်အဖြစ် အတိုင်းအတာ တစ်ခုအထိ သီးခြားရပ်တည် ကြပေမဲ့ ပြည်ထောင်စုတပ်မတော်ရဲ့အမိန့်အောက်မှာပဲ ရှိနေကြ တာကို တွေ့မြင်နိုင်ပါတယ်။ တချို့က စစ်ဘက်ရေးရာကနေ အရပ်ဝတ်ဘက်လဲတာ သို့မဟုတ် အပြီးအပိုင် အနားယူသွားတာ တွေလည်း ရှိကြပါတယ်။ အနာဂတ်မှာ မြန်မာပြည်နိုင်ငံရဲ့ နယ်မြေဖွဲ့စည်းမှုအား ပြည်နယ်/တိုင်း ကို လူမျိုးကြီး(၈)မျိုးအရ ခွဲလိုက်တယ် ဆိုပါတော့။ ဥပမာအနေနဲ့ ချင်းပြည်နယ်နဲ့ ကချင်၊ ကရင်ပြည်နယ် (၃)ခုက လက်နက်ကိုင်တွေဖြစ်ကြတဲ့ KIA ဖြစ်ဖြစ်၊ CNA ဖြစ်ဖြစ်၊ KNU/A ဖြစ်ဖြစ် ပြည်နယ်/တိုင်းအတွင်းမှာ နယ်ခြားစောင့်တပ်အနေနဲ့ ဆက်လက်ရပ်တည်မလား? သို့မဟုတ် ပြည်ထောင်စုတပ်မတော်သားတွေအဖြစ် တပ်ဖွဲ့ပြန်လည် ပေါင်းစည်းရေးထဲကို ပါဝင်မလား? ဆို တာ စဉ်းစားကြည့်ရင်တောင် မလွယ်ကူတဲ့ ကိစ္စပါ။ ဘာဖြစ်လို့လဲဆိုတော့ KIA၊ KNU နှင့် CNAဆိုတဲ့ တပ်ဖွဲ့ကြီးတွေကို ဆယ်စုနှစ်ပေါင်းများစွာအထိ အစိုးရအသေးစားသဖွယ် စစ်တပ်ရဲ့ တိုက်ခိုက် မှုမှန်သမျှကို ကြံ့ကြံ့ခံရင်း ပျောက်ကွယ်သွားရတော့မယ့် အခြေအနေမျိုး ဖြစ်ပါတယ်။

ရာဂဏန်းကျော်ရှိတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကို ကိုင်တွယ်ညှိနှိုင်းဖို့အတွက် မလွယ်ကူနိုင်ပါဘူး။ တစ်ဖက်မှာလည်း ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြတဲ့အခါ ပြည် သူက ရွေးကောက်တဲ့ ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ စစ်ဘက်ရေးရာသည်လည်းပဲ အရပ်သားရဲ့ အုပ်ချုပ်မှု၊ အမိန့်ပေးမှုအောက် မှာသာ ရပ်တည်ရပြီး၊ ပြည်နယ်တစ်ခု၊ ပြည်ထောင်စု တစ်ခုမှာ အမျိုးသားတပ်မတော်တစ်ခုတည်းပဲ အင်အား ကျစ်လစ်စွာ တည်ရှိနေရာမှာ မို့လို့ဖြစ်ပါ တယ်။

ဒါကြောင့် ဒီတပ်ပြန်လည်ပေါင်းစည်းရေးက မြန်မာနိုင်ငံအနေနဲ့ တိုင်းရင်းသားပေါင်းစုံရဲ့

အလိုဆန္ဒနဲ့အညီ ဖက်ဒရယ်ပြည်ထောင်စုအဆင့်နဲ့ စတင်လျှောက်လှမ်းနိုင်ခဲ့မယ် ဆိုရင်တောင် ယုံကြည်မှုတည်ဆောက်ရအုံးမှာ ဖြစ်သလို၊ တိုင်းရင်းသားတပ်ဖွဲ့တွေရဲ့ ခေါင်းဆောင်တွေက သဘောထားကြီးကြီး ရှိလာနိုင်မှ နှစ်ပေါင်း (၃၀) အတွင်း ဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။

**၃။ နှစ်ပေါင်း (၈၀)နီးပါးလောက်တည်ဆောက်လာခဲ့လို့ ခိုင်မာကျစ်လစ်တဲ့ Institution တစ်ခုကို ရေတိုနှစ်များအတွင်း အလုံးစုံ ဖြိုချနိုင်ဖို့ ဖြစ်နိုင်ခြေ ဘယ်လောက်ရှိသလဲ.......?**

၁၉၄၅ ခု မတ်လ ၂၇ နေ့ကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ စတင်ဖွဲ့စည်း ပေါ်ပေါက် လာခဲ့ပေမဲ့လို့၊ အာဏာရှင်တိုင်းရဲ့ အသုံးချခံ လက်ရှိ "မြန်မာ့တပ်မတော်"ဟာ မြန်မာ နိုင်ငံမှာ နှစ်ပေါင်း (၈၀) နီးပါး တည်ရှိလာတဲ့ အခိုင်မာဆုံးသော အင်စတီကျူးရှင်းတစ်ခုဖြစ်တယ် လို့ ပြောလို့ ရပါတယ်။ ဒီလောက်ခိုင်မာတဲ့ အင်စတီကျူးရှင်းတစ်ခုကို ၂၀၂၁ ခုနှစ်မှ ပေါက်ဖွားလာ တဲ့ တော်လှန်ရေးအင်အားစုက တိုက်ဖျက်ပစ်ရမယ်ဆိုတဲ့ ဖြစ်နိုင်ခြေကို စဉ်းစားကြည့်တဲ့အခါ ဖြစ် နိုင်ခြေကအတော့်ကို နည်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစစ်တပ်မှာ –

၁။ ကိုယ်ပိုင် ဥပဒေ

၂။ ကိုယ်ပိုင် ဘဏ်

၃။ ကိုယ်ပိုင် ကျောင်း၊ တက္ကသိုလ် –ကိုယ်ပိုင်ပညာရေးစနစ်

၄။ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း

၅။ ကိုယ်ပိုင် နယ်မြေ

၆။ ကိုယ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း

၇။ ကိုယ်ပိုင် ရုပ်သံလွှင့်၊ ရေဒီယိုအသံအလွှင့်ဌာနများ

၈။ ကိုယ်ပိုင် ဆက်သွယ်ရေးကုမ္ပဏီ

၉။ ကိုယ်ပိုင် လက်နက်ထုတ်လုပ်စက်ရုံ

၁၀။ ကိုယ်ပိုင် ဆေးရုံ

၁၁။ နိုင်ငံတစ်ခုလုံးရဲ့ ကာကွယ်ရေးနှင့် ဥပဒေ အကောင်အထည်ဖော်ဆောင်ရေး၊ ဝန်ထမ်းစိစစ် ခန့်အပ်ရေးတို့ အထိ အခရာနေရာများ ယူထားခြင်း

စသဖြင့် မြန်မာအစိုးရအုပ်ချုပ်ရေးကဏ္ဍက အဓိကနေရာတွေကို ယူထားပါတယ်။ ဒီအခန်း ကဏ္ဍ (၁၀) ခု လောက်မှာ ပါဝင်နေတဲ့သူတိုင်းကို ထုတ်ပစ်မှရတဲ့အနေအထားဖြစ်ပါတယ်။ ဘာ ဖြစ် လို့လဲဆိုတော့ ဒီအထဲမှာ ပါဝင်နေတဲ့သူတိုင်းနီးပါးက စစ်တပ်နဲ့ တနည်းတဖုံ ဆက်စပ်နေကြ

ပြီး၊ အများစုက သဘောထားခိုင်မာ လွန်းတာ၊ စစ်တပ်နဲ့တန်းတူစိတ်သဘောထားရှိတဲ့သူတွေ ဖြစ်ကြလို့ပါပဲ။

သူတို့(စကစခေါင်းဆောင်များ)ခွင့်ပြုချက်မရှိဘဲ ဘာမှ မလုပ်နိုင်တဲ့ အရပ်သား တစ်ပိုင်း–စစ်တပ်တစ်ပိုင်း အုပ်ချုပ်ရေးစနစ်ကို ၂၀၁၁ခုနှစ်မှာ ဦးသိန်းအစိုးရကို အုပ်ချုပ်ရေးနဲ့ တခြားအခန်းကဏ္ဍတွေကို လွှဲပြောင်း ခဲ့ပေမဲ့လို့ အထက်ပါ အခန်းကဏ္ဍ(၁၀)ကတော့ သူတို့ လက်ထဲမှာပဲ ထားရှိခဲ့ကြပါတယ်။ အချက်(၃)၊ (၉)နှင့် (၁၀)တို့ကို သူတို့ ဆက်လက် ထိန်းချုပ် ထားလို့ ရပေမဲ့လို့ သူ့(စစ်ဘက်)မှ အရပ်သားအစိုးရကို လွှဲပြောင်းလို့ရတဲ့ ကျန်တဲ့လုပ်ငန်းတွေကို လွှဲပြောင်းပေးခဲ့တာမရှိပါဘူး။

ဒါကြောင့် မြန်မာနိုင်ငံဟာ ၂၀၁၁ ခုနှစ်ကတည်းကနေ ခိုင်မာတဲ့အစိုးရ (စစ်တပ်) နှင့် အခြေမခိုင်တဲ့ အရပ်သားအစိုးရဆိုပြီး၊ အစိုးရ(၂)ရပ်တည် ရှိလာခဲ့တာ အများစုက သိရှိပုံ မပေါက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တချို့တိုင်းရင်းသားတွေက ဒေါ်အောင်ဆန်းစုကြည်အစိုးကို တစ်ခုခု မလုပ်ပေးနိုင်တဲ့ အချိန်တိုင်းမှာ အပြစ်တင်ခဲ့ကြပါတယ်။ တကယ်တော့ အရပ်သားအစိုးရ နှစ်ရပ်စလုံးက မမြင်ရတဲ့ စစ်ဘက်ခေါင်းဆောင်တွေ ခွင့်မပြုဘဲ နိုင်ငံတော်နဲ့ သက်ဆိုင်တဲ့ အကြီးစားအလုပ်တွေကို ဘာတစ်ခုမှ လုပ်ဆောင်လို့ မရဘူးဆိုတာ မသိခဲ့ကြဘူး။ ဥပမာ–နိုင်ငံခြားသား တစ်ယောက် မြန်မာနိုင်ငံကို လာမယ်ဆိုရင် ကက(ကြည်း)ဆီ အရင်သတင်းပို့ ကြရပါတယ်။

နောက်တစ်ချက်က အစိုးရယန္တရားလည်ပတ်ဖို့အတွက် နိုင်ငံခြားက ချေးငွေတွေယူပြီး လည်ပတ်ခဲ့ရတာလည်း အရပ်သားအစိုးရဟာ ထင်သလောက်ခရီးမပေါက်ခဲ့တဲ့ အချက်တစ်ခု ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အစိုးရဘတ်ဂျက်ခွဲတမ်းတောင် မလောက်မငှတဲ့ အနေအထားပါ။ ဒီလိုအခြေအနေကို ရိပ်မိသွားတဲ့ ချင်းပြည်နယ်က ဆောက်လုပ်ရေးဝန်ကြီးတောင် သူ့တာဝန် ကနေ နုတ်ထွက်သွားခဲ့ပါတယ်။

ဒီလိုစစ်တပ်က နောက်ကွယ်ကနေ ကိုင်တွယ်နေတာ (သို့) အရပ်သားအစိုးရ အထိန်းတော်လိုလို ရှိနေခဲ့တဲ့ အပြင်၊ Civil Supremacy ဆိုတဲ့ ဦးဆောင်မှု အောက်မှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့အတွက်ကြောင့်ရယ် ဘယ်အချိန်မဆို စစ်တပ်က အာဏာသိမ်းလို့ရတဲ့ အခြေအနေမျိုးရှိနေခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တိုင်းရင်းသားလက်နက်ကိုင်တွေအားလုံးနှင့် NUG ရဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့က ပြတ်သားခိုင်မာမှု ဘယ်လောက်အထိရှိသလဲ?။ အခုစကစကို တိုက်ခိုက်နေကြ

တဲ့ အဖွဲ့အစည်း သေးသေးလေးတွေ အားလုံးကို စုပေါင်းအင်အား(collective force)အဖြစ် ဆင့်ကဲအမိန့်ပေးစနစ်(chain of command)နဲ့ သေချာလည်ပတ်နိုင်မှ ဒီအင်စတီကျူးရှင်းကို ဖယ်ရှားပစ်နိုင်မဲ့ အနေအထားမှာ ရှိနေပါတယ်။ လက်နက်အားကိုးတဲ့ စကစကို စကားစစ်ထိုးလို့ ပြုတ်ကျမှာမဟုတ်ဘူး။

ဒါ့အပြင် ဒီလို ကျစ်လစ်ခိုင်မာတဲ့ စစ်ဘက်အင်စတီကျူးရှင်းတစ်ခုကို ဘယ်လိုဖြိုချနိုင်မလဲ ဆိုတာကို မဟာ ဗျူဟာကျကျ စဉ်းစားနိုင်မှ အဖြေတွေ ထွက်လာကောင်း ထွက်လာနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိအနေအထားနှင့် NUG ရဲ့ ချဉ်းကပ်မှုပုံစံတွေနဲ့တော့ ဒီစစ်တပ်ကြီးကို တော်ရုံ ဖြိုချဖို့ မလွယ်ကူဘူးဆိုတာကို ထောက်ပြ လိုပါတယ်။ ချဉ်းကပ်မှုပုံစံမပြောင်းဘဲ ရလဒ်ကို ပြောင်းလဲဖို့ ကြိုးစားတာက နည်းနည်းလွဲနေတဲ့ အနေထားပါ။

### ၄။ မြောက်ပိုင်းအဖွဲ့ (၃)ဖွဲ့အခြေအနေ။

၁၀၂၇ စစ်ဆင်ရေးကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ(၂၇)ရက်နေ့ကစပြီး မြောက်ပိုင်း ညီနောင်မဟာမိတ် သုံးဖွဲ့ဖြစ်ကြတဲ့ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA)၊ တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့က တခြားသောပြည်သူ့စစ်အဖွဲ့များနဲ့အတူ စကစကို တိုက်ခိုက်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်း နယ်မြေ အတော်များများကို သိမ်းပိုက်နိုင်ခဲ့ကြပါတယ်။ အခုဆိုရင် ၁၀၂၇ ဒုတိယအဆင့် စစ်ဆင်ရေးအထိပင် လုပ်ဆောင်နိုင်ခဲ့ကြပြီးဖြစ်ပါတယ်။

ဒီ(၃)ဖွဲ့ဟာ ၂၀၂၁ခုနှစ်နောက်ပိုင်း မြန်မာ့နွေဦးတော်လှန်ရေးနဲ့ ခပ်လှမ်းလှမ်းနေခဲ့တဲ့ အဖွဲ့အစည်းတွေ ဖြစ်ပေမဲ့လို့ အချိန်တစ်ခုရလာတာနဲ့အမျှ အခွင့်ကောင်းကို အမိအရ ဖမ်းယူနိုင်ခဲ့တဲ့ အုပ်စုလို့ ဆိုနိုင်ပါတယ်။ ဒီအဖွဲ့အစည်းတွေထဲမှ တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်(TNLA)နှင့် ရက္ခိုင့်တပ်တော် (AA)တို့မှလွဲပြီး ကျန်တဲ့(၁)ဖွဲ့ကတော့ ကွန်မြူနစ်တစ်ဝက်လို့ ခေါ်လို့ရတဲ့ အနေအထားမှာ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ချဉ်းကပ်တဲ့အခါ လက်တွေ့မြေပြင်မှာ လုပ်ငန်း အကောင်အထည်ဖော်ဆောင်(ဥပမာ- တရားစီရင်ရေး)တာ၊ စစ်ယူနီဖောင်းကအစ ကွန်မြူနစ်ဆန်နေတာ သိသာ ထင်ရှားလွန်းပါတယ်။ ဒါ့အပြင် တရုတ်လွှမ်းမိုးမှုလည်း အများဆုံးခံရတဲ့ အဖွဲ့အစည်း ဖြစ်မယ်လို့ ယူဆ ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအဖွဲ့အစည်းတွေရဲ့ အောင်မြင်မှုရရှိလာတဲ့ အပေါ် တော်လှန်ရေးပြည်သူတွေက မျှော်လင့်ချက်ကြီးစွာ ကြိုဆိုခဲ့ကြပါတယ်။ မကြာမီ မန္တလေး၊ နေပြည်တော်အထိပါ သိမ်းနိုင်

တယ်ဆိုတဲ့ ယူဆချက်တွေလည်း ရှိနေခဲ့ကြပါတယ်။

ဒါပေမဲ့ ဒီ၁၀၂၇ စစ်ဆင်ရေးနဲ့အတူ ၎င်းစစ်ဆင်ရေးရဲ့ ရည်ရွယ်ချက်က ဘယ်အတိုင်းအတာ အထိလဲ....?။ ဘာတွေအတွက်လဲ? ဆိုတဲ့ အချက်တွေက အဓိကကျမယ် ထင်ပါတယ်။ မြောက်ပိုင်း အဖွဲ့(၃)ခုထဲမှာ ရက္ခိုင့်တပ်တော်(အေအေ)က ညီနောင် (၂)ဖွဲ့နဲ့အတူ အတိုင်းအတာ တစ်ခုအထိ ပါဝင်တိုက်ကူပေးပေမဲ့၊ သူ့ရဲ့ အဓိကနယ်မြေက ရှမ်းမြောက်နဲ့ သီးသန့်တစ်နေရာမှာရှိတဲ့ ရခိုင်နဲ့ ပလက်ဝဒေသပါပဲ။ ရှမ်းမြောက်ဒေသ အားလုံးနီးပါး လက်ဝယ်ရရှိပြီးတဲ့အခါ ညီနောင်(၂)ဖွဲ့က လည်း သူတို့နယ်မြေအတွင်း ပြန်လည်ထူထောင်ရေး နှင့် နယ်မြေတည်ငြိမ်ရေး လုပ်ငန်းတွေပဲ စတင်လုပ်ဆောင်ကြပါတော့တယ်။

ရက္ခိုင့်တပ်တော်ကလည်း ရခိုင်နဲ့ ပလက်ဝတို့မှာ အတော့်ကို ခရီးရောက်နေပြီ ဖြစ်ပါ တယ်။ ဒါပေမဲ့ မေးစရာကတော့ မြန်မာ ပြည်သူတွေရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ နေပြည်တော် သိမ်းပိုက်ရေး (သို့) မြန်မာ့စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းရေးအတွက် ပြည်မဘက်မှာ ဆက် လက်ပြီး ခြေလှမ်း လှမ်းတာတွေတော့ မတွေ့ရသေးဘူး။ သူတို့ရဲ့ နယ်နိမိတ်တွေရဲ့ ပြင်ပဘက်ကို ထွက်မလာကြသေးလို့ ဆိုနိုင်ပါတယ်။

ဒီ(၃)ဖွဲ့အားလုံးသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့လည်း ရေလိုက်ငါးလိုက် ရှိ နေကြတာထက်တော့ ပိုမယ်မထင်ဘူး။ ဒီအဖွဲ့အစည်းတွေထဲမှာ MNDAA နှင့် AA တို့က NUG ကို ပင် သိပ်သဘောကျပုံမရဘူး။ နောက် NUG ကို ပိုမကြိုက်စေတဲ့ တချို့သောအချက်တွေလည်း ရှိ သေးတယ်။ NUG က ရခိုင်ကရိုဟင်ဂျာအရေးမှာ နိုင်ငံရေးအတွက် အသုံးချနေတယ်လို့ ရက္ခိုင့်တပ် တော်(အေအေ) က စွပ်စွဲခဲ့သလို၊ ၂၀၂၂ တုန်းက NUG ရဲ့ ရိုဟင်ဂျာအပေါ် မူဝါဒထုတ်ပြန်ကြေညာ လိုက်တဲ့အချိန်မှာ အေအေရဲ့ အရပ်သားအုပ်ချုပ်ရေးအဖွဲ့ဖြစ်တဲ့ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်(ULA) က NUG ကို လုံးဝအသိအမှတ်မပြုကြောင်း statement တစ်စောင်တောင် ထုတ်ပြန်ခဲ့ပါသေး တယ်။ အမှန်တော့ စကစ၊ အေအေရော၊ NUG တို့ (၃)ဖွဲ့စလုံးက ရိုဟင်ဂျာတွေကို အသုံးချနေကြ တာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တကယ့်စစ်မြေပြင်မှာဆိုရင် စကစနဲ့ အေအေတို့က ပိုပြီး လက်တွေ့အသုံးချနေတာတွေ ရှိနိုင်တဲ့အတွက် နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းတွေက လည်း ဒီအချက်နဲ့ပတ်သက်ပြီး ထုတ်ပြန်ချက်တွေပြုလုပ်ခဲ့ကြပါတယ်။ မကြာသေးမီ ကာလတုန်း က မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) လည်းပဲ ၎င်းရဲ့ Facebook စာမျက်နှာ ကနေတစ်ဆင့် ထုတ်ပြန်ချက် (၃) ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ NUG နဲ့ ပူးပေါင်း

ဆောင်ရွက်မှု မရှိဘူးဆိုတဲ့အချက်ပါဝင်ခဲ့ပါတယ်။ နောက်ပိုင်းသူတို့ရဲ့ Post ကို ပြန်လည်ဖျက်ချသွားတယ်လို့ သိရပါတယ်။ ဒီအဖွဲ့(၃)ဖွဲ့ရဲ့ အဓိက စစ်ရေးရည်မှန်းချက်က သူတို့သတ်မှတ်ထားတဲ့နေရာတွေကိုရရင် စကစကို ဆက်တိုက်ဖို့ရည်ရွယ်ချက်မရှိဘူးဆိုသာ အခုလောက်ဆိုရင် စာဖတ်သူတွေ သတိပြုမိလောက်ပါပြီ။ စကစကသာ သူတို့ သိမ်းပြီးတဲ့နေရာတွေကို ပြန်တိုက်ခိုက်မှသာ သူတို့က ခုခံစစ်အနေနဲ့ တိုက်ခိုက်ကြမှာပဲဖြစ်ပါတယ်။ NUG နဲ့ ဥပမာ CNA၊ KIA၊ KNU၊ KNDF အုပ်စုတွေရဲ့ နိုင်ငံရေးရည်မှန်းချက်တွေ အများစုတူကောင်းတူနိုင်ပေမဲ့ ဒီမြောက်ပိုင်းညီနောင်တွေရဲ့ နိုင်ငံရေးရည်မှန်းချက်က အတော်များများ မတူနိုင်တဲ့ အတွက် ရည်မှန်းချက်မတူတဲ့သူတွေက သူတို့ရည်မှန်းချက်ကိုယ်စီကိုသာ အာရုံစိုက်နေကြမှာပါပဲ။

အပေါ်မှာပြောသလို တိုင်းရင်းသားအဖွဲ့အစည်းအားလုံးရဲ့ ရည်ရွယ်ချက်က ဖက်ဒရယ်ပြည်ထောင်စုဖွဲ့မယ်ဆိုရင်တောင် သူတို့ရဲ့ ကိုယ်ပိုင်ပြည်နယ်အရေးကိုပဲ အဓိက အလေးပေးမှာဖြစ်ပါတယ်။ သူတို့နယ်မြေ၊ နယ်နိမိတ်ရရှိရေးသည်သာ အဓိကဖြစ်နေတဲ့အတွက် EAOs တွေက ဦးဆောင်ပြီးတော့ နေပြည်တော်ကို တိုက်မှာ မဟုတ်ဘူးဆိုတာ သေချာသိထားရပါမယ်။

ဒါပေမဲ့လို့ NUG က နိုင်ငံရေးအခန်းကဏ္ဍမှာ ခိုင်ခိုင်မာမာဦးဆောင်နိုင်ပြီး သူ့ရဲ့ ပေါင်းစပ်ထားတဲ့ တပ်ဖွဲ့တွေက ဆင့်ကဲကွက်ကဲမှုတစ်ခုအောက်မှာရှိနေပြီး၊ ပြည်မအဓိကနေရာတွေကို တိုက်ခိုက်နိုင်ဖို့အတွက်ပြင်ဆင်နေမှု၊ တိတိကျကျပြောရမယ်ဆိုရင် နေပြည်တော်တို့ကို မဟာဗျူဟာကျကျ၊ လက်နက်အင်အားပြည့်ဝစွာနဲ့ တိုက်ခိုက်တော့တဲ့ အချိန်မှ ညီနောင် (၃) ဖွဲ့အပြင်၊ တခြား EAOS အဖွဲ့ဝင်တွေက လာကူပေးနိုင်ပါတယ်။ ဒီအခြေအနေမျိုးကိုတော့ ရည်မှန်းချက်မတူညီသည့်တိုင် ဘယ်လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းမဆို လက်ပိုက်ကြည့်နေမယ် မထင်ဘူး။

## နိဂုံး

ဒီလိုခက်ခဲရှုပ်ထွေးလွန်းနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေတွေဟာ မတူညီတဲ့ နိုင်ငံရေးရည်မှန်းချက်တွေကြောင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားနက်ကိုင် အဖွဲ့အစည်းအားလုံးက စကစအမြစ်ပြုတ်အောင် တိုက်ဖို့ရည်ရွယ်ချက်မရှိသလို၊ ၎င်းအဖွဲ့အစည်းတွေအားလုံးကို စစ်ဦးစီးချုပ်တစ်ဦးတည်း (သို့) စစ်ဦးစီးများအဖွဲ့ကို ဖွဲ့စည်းပြီး၎င်းတို့ရဲ့ လက်အောက်ကနေမှ ဆင့်ကဲအမိန့်ပေးစနစ်နဲ့ စကစကို တိုက်ခိုက်ဖို့အတွက်လည်း ဘယ်တော့မှလုပ်ဆောင်လို့ ရနိုင်တဲ့ အနေအထားမှာ မရှိတဲ့အတွက် မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းဖို့က နတ်ဘုရားတောင် ဆင်း


ကယ်ပြီး မဖြေရှင်းပေးနိုင်ဘူးဆိုတဲ့ စကားက မှန်ကောင်းမှန်ပါလိမ့်မယ်။

ဒါကြောင့် NUG ရဲ့ နိုင်ငံရေးအရရော၊ စစ်ရေးမဟာဗျူဟာအရပါ ပထမဦးဆုံး ဗမာ့တိုင်းရင်းသားများကို အခြေခံတဲ့ ကာကွယ်ရေးတပ်ဖွဲ့တွေကို ပေါင်းစပ်နိုင်ပြီး၊ ခိုင်မာတဲ့ တပ်ဖွဲ့ငယ်ကလေးတွေကို တပ်ရင်း၊ တပ်မဟာအဆင့်နဲ့ တည်ဆောက်ပြီး ဆင့်ကဲအမိန့်ပေးစနစ်နဲ့ လက်နက်အင်အား ခိုင်ခိုင်မာမာရှိမှ အများစုသော တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ ယုံကြည်မှုပိုမိုရရှိပြီး သူတို့နဲ့အတူ ခိုင်မာတဲ့ နိုင်ငံရေး ရည်မှန်းချက်တွေ တည်ဆောက်နိုင်မှသာလျှင် စကစနဲ့ စကားပြောနိုင်တဲ့အဆင့်ရှိလာပြီး၊ နေပြည်တော်ကို အချိန်မရွေး ခြိမ်းခြောက်နိုင်တဲ့အဆင့်ရှိလာမှမြန်မာ့နိုင်ငံ ရေးရဲ့ ကြီးမားတဲ့ အပြောင်းအလဲ ရောင်ခြည်အစပြုလာမှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

**ဟန်နရီမင်း**

ဖက်ဒရယ်အကြောင်းအရာများ၊ သတင်းများနှင့် တိုင်းရင်းသားအကြောင်းအရာများကို ဖက်ဒရယ်ဂျာနယ်၊ မြန်မာ
**Website** စာမျက်နှာတွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါပြီး

**https://www.youtube.com/@federaljournalnews3182**






ဖားစည်ဟာ ကရင်နီလူမျိုးတို့ရဲ့ အထွတ်အမြတ်ထားရာ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဖားစည်ကို ယိုးဒယား အခေါ်နဲ့ ဗောစာရလို့ခေါ်ပြီး ကြေးနက်စည်ဖြစ်ပါတယ်။ ကယားပြည်နယ်ရဲ့ ထူးခြားသောအထိမ်းအမှတ်ပစ္စည်းဖြစ်တဲ့ ဖားစည်ခေါ် ကြေးနက်စည်ကြီးကို ငွေတောင်ပြည်မှာ သွန်းလုပ်ခဲ့တာ ဖြစ်လို့ဆိုပါတယ်။

ဌာနေတိုင်းရင်းသား မျိုးနွယ်စုတွေဖြစ်ကြတဲ့အတွက် ကရင်နီလူမျိုးတွေဟာ မိမိတို့ရဲ့ မိရိုးဖလာ ရိုးရာဖားစည်ကို အထွဋ်အမြတ်ထားကြပါတယ်။ တချိန်ကကယား (ကရင်နီ) ပြည်ငယ်လေးထဲမှာ ဖားစည်တွေမြောက်များစွာရှိခဲ့ပေမဲ့ ခေတ်တကွေ့ရဲ့ စီးပွားရေးအခြေအနေ အကြပ်အတည်းနဲ့ နှစ်ပေါင်းရှည်ကြာကြီး ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်တို့ရဲ့ အကျိုးဆက်တွေကြောင့် ဖားစည်တွေတဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ကြရပါတယ်။

အရင်က ဖားစည်ကိုရပ်ထဲ၊ ရွာထဲမှာလွယ်လွယ်ကူကူနဲ့မြင်တွေ့နိုင်ပေမယ့် အခုချိန်မှာ ဖားစည်ကို အလွယ်တကူကြည့်ရှုချင်တယ်ဆိုရင်တော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာရှိတဲ့ ယဉ်ကျေးမှုပြခန်းမှာသာ သွားကြည့်ရတော့မှာဖြစ်ပြီး ယခုဆိုရင် ပြခန်းမှာဖားစည်အလုံးရည်ပေါင်း ၁၆ လုံးလောက်သာ ထိန်းသိမ်းထားနိုင်ခဲ့တယ်လို့ အထောက်အထားတွေအရသိရပါတယ်။

ကယားဖားစည်ကို ပဥ္စလောဟာခေါ် ကြေးနီ၊ သွပ်၊ ခဲမဖြူ၊ ဘော်၊ ရွှေစတဲ့ သတ္တု ၅ မျိုးကို ကြေးနက်ဖြစ်လာအောင် အချိုးကျပေါင်းစပ်ပြီး သွန်းလုပ်ထားတာဖြစ်ပါတယ်။ ဖားစည်ရဲ့

ပုံသဏ္ဍာန်ဟာ အပေါ်ကား၊ အောက်ရှုးဖြစ်ပြီး မျက်နှာဝက အပိတ်ဖြစ်ပြီးတော့ ပြေပြစ်စွာ သွယ်ဆင်းကာ အောက်ဖက်မှာ အပေါက်ရှိတဲ့ တဖက်ပိတ်စည် ဖြစ်ပါတယ်။ ဖားစည်ရဲ့မျက်နှာပြင်ဗဟိုမှာ ရောင်ခြည်ဖြာလျက် နေဝန်းထွက်ပေါ်လာပုံရှိပြီး အဲဒီနေဝန်းကို တစ်လက်မစီခြားကာ လိုင်းတွေကြားမှာ ဖားရုပ်၊ ငါးရုပ်၊ ခရုရုပ်စတာတွေကို စီရီဝန်းရံပြီး ထုလုပ်ထားတာဖြစ်ပါတယ်။ စက်မှုနည်းပညာတွေနဲ့ လုပ်ထားတာမဟုတ်ပေမဲ့ လက်ရာက အရမ်းကို သေသပ်ပါတယ်။

“မင်္ဂလာဖားစည်” ဆိုရင် ဖားရုပ်တွေကတစ်ကောင်နောက်ကို တစ်ကောင်လိုက်နေကြပါတယ်။

“အမင်္ဂလာဖားစည်”ဆိုရင်တော့ ဖားရုပ်တွေက တစ်ကောင်နဲ့ တစ်ကောင် မျက်နှာချင်းဆိုင်နေကြပါတယ်။

မင်္ဂလာဖားစည်ကို မင်္ဂလာရှိတဲ့ အခမ်းအနားတွေ (မင်္ဂလာပွဲ၊ အိမ်သစ်တက်ပွဲ၊ ဂတိသစ္စာခံတဲ့အချိန်) မှာ အသုံးပြုကြပြီးတော့ အမင်္ဂလာဖားစည်ဆိုရင် အသုဘတို့အစရှိတဲ့ အမင်္ဂလာအခမ်းအနားတွေမှာ အသုံးပြုကြပါတယ်။

ဒါ့အပြင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ အသုံးပြုနေတဲ့ကရင်နီနိုင်ငံတော်အလံနဲ့ တံဆိပ်တွေမှာလည်း ဖားစည်ပုံကို ထည့်သွင်းထားတာကိုတွေ့ရပါတယ်။

ဖားစည်ရဲ့အလယ်ဗဟိုမှာ အရွယ်အစားတူညီစွာဖြာထွက်နေတဲ့ ရောင်ခြည်တန်းကတော့ ကရင်နီပြည်တွင်းရှိ လူမျိုးအားလုံးကို တန်းတူမှုအခြေခံမှုအပေါ်ပေါင်းစည်းထားတာကို ဖော်ပြတာဖြစ်ပြီး အလံတော်ရဲ့ အဖြူကွက်မှာ ထားရှိခြင်းကတော့ ကရင်နီပြည်တွင်းရှိ လူမျိုးတွေရဲ့ ဖြူစင်သန့်ရှင်းဖြောင့်မတ်တဲ့ ရည်ရွယ်ချက်နဲ့ ပေါင်းစည်းထားတာကို ဖော်ပြခြင်းဖြစ်တယ်လို့ အဓိပ္ပါယ် ဖွင့်ဆိုထားပါတယ်။



၁၉၄၈ ခုနှစ်နောက်ပိုင်း လွတ်လပ်ရေးရပြီးတဲ့နောက် ပထမဆုံးဝန်ကြီးချုပ် စောဝဏ္ဏ လက်ထက်တုန်းက ဆိုရင်လည်း ကယားကလူ(ကလို)ပွဲတော်ဆို



ပြီး ပြည်နယ်အစိုးရကလည်း ဖားစည်ကို တန်ဖိုးထားထိန်းသိမ်း ကျင်းပပြုလုပ်ခဲ့ဖူးတယ်။

ဖားစည်မျက်နှာပြင်ရဲ့ လေးဖက်မှာကတော့ ဖား (၁)ကောင်၊ (၂)ကောင်ထပ်၊ (၃)ကောင်ထပ်၊ (၅)ကောင်ထပ် စသည်ဖြင့် ရုပ်လုံးဖော်တပ်ဆင်ထားပါတယ်။ ရှေးယခင်က ဖားစည်ကို ပိုက်ဆံနဲ့ မဝယ်ယူကြဘဲ ရွှေနဲ့ လဲလှယ်ကြတာ ဖြစ်ပါတယ်။ ဖားတဆင့်သာရှိတဲ့ ဖားစည်ကို ရွှေ တစ်ကျပ်ခွဲ၊ ဖား (၂)ကောင့်ဆင့်ရှိတဲ့ ဖားစည်ကို ရွှေ (၃)ကျပ်သား၊ ဖား (၃)ကောင်ဆင့်ဆိုပါက ရွှေ (၄)ကျပ်သားစသဖြင့် ဖားအဆင့် အကောင်ရေပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ကြတာ ဖြစ်ပါတယ်။

စည်လုံးကိုယ်ထည်ရဲ့ နံဘေးတဖက်မှာ အထက်မှ အောက်သို့ ရုပ်လုံးဖော်ဆင်ရုပ်တွေကို ဖားစည်အနေ အထားပေါ်မူတည်ပြီး ကြီးစဉ်ငယ်လိုက် တစ်ရုပ်ကနေ (၅)ရုပ်အထိ စီတန်းတပ်ဆင် ထားပါတယ်။ ဖားစည်ရဲ့ အရွယ်အစားဟာ ဆန်တစ်ပြည်ဝင်ကနေ ဆန်နှစ်တင်းဝင်အထိ အရွယ်အစားရှိပြီး မျက်နှာဝမှာ ၉လက်မကနေ ၂၅လက်မအထိရှိကာ အမြင့်မှာ (၅)လက်မကနေ (၂၀)လက်မအထိ ရှိပါတယ်။

ကယားဖားစည်ကို တီးခတ်တဲ့အခါ အသံအုပ်အုပ်သာ ထွက်ပေါ်ပေမယ့် အလွန်ဝေးကွာသော တောတောင်ထူထပ်သော ဒေသကပင် ကြားနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကယား အမျိုးသားတွေက စစ်ချီတက်ရာမှာ လည်းကောင်း၊ လူအများ အစုအဝေးရောက်လာ စေလိုပါက လည်းကောင်း ဖားစည်ကို အသုံးပြုကြပါတယ်။

ဒွါအပြင် နှစ်စဉ်နှစ်တိုင်း မိုးဦးမကျမီ ကလူမင်္ဂလာပွဲကျင်းပတဲ့အခါမှာ ဆန်၊ ရေ၊ စပါး ပေါ်များစေဖို့အတွက် လည်းကောင်း၊ ကျွန်းသစ်လုပ်ငန်း ကောင်းမွန်စေဖို့အတွက် လည်းကောင်း ရည်ရွယ်ပြီး လာမယ့်နှစ် မိုးကောင်း စေဖို့အတွက် ဖားစည်တီးပြီး မိုးခေါ်ကြပါတယ်။ ဖားစည် အပြင် ဗုံတို၊ ဗုံရှည်၊ မောင်း၊ လင်းကွင်း၊ ပုလွေစတဲ့ တူရိယာတွေကိုသုံးပြီး တံခွန်တိုင်အက၊ အိမ်တက်မင်္ဂလာအက၊ ဒီကူးအကများကို ကကြပါတယ်။

ဖားစည်ကို ရှေ့နှစ်ပေါင်းများစွာတုန်းက ကယားပြည်နယ်ရဲ့အရင်က ငွေတောင်ပြည် လို့ ခေါ်ဆိုတဲ့ (ငွေတောင်) ပရေ့လဖဲ့ကျေးရွာမှာ သွန်းလုပ်ကြတာပါ။ ဖားစည်ကို အထွဋ်အထိပ် အမြတ်တနိုးထိန်းသိမ်းထားကြပေမဲ့ ၁၉၈၀၊ ၁၉၉၀၊ ၂၀၀၀ခုနှစ်ဝန်းကျင်လောက်မှာ စီးပွားရေး ကျပ်တည်းမှု၊ စားဝတ်နေရေး အဆင်မပြေမှုတွေ ကြောင့် ဖားစည်တစ်လုံးကို ဆယ့်ငါးသိန်း၊ သိန်း နှစ်ဆယ်လောက်နဲ့ ရောင်းခဲ့ကြတာတွေ ရှိတယ်လို့ သိရပါ တယ်။

ကယားလူမျိုးတွေမှာ (အဲ့ဒိုပေါမီ) လို့ခေါ်တဲ့ ဒီးကူရိုးရာပွဲ၊ ကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင် ပွဲတော်တွေရှိပြီးတော့ ရိုးရာပစ္စည်းတွေဆိုရင် ဗုံ၊ မောင်းတူရိယာ၊ ဖားစည်တွေရှိပါတယ်။ ရိုးရာ ဝတ်စားဆင်ယင်မှု အမှတ်လက္ခဏာတွေရှိပါတယ်။

သို့သော် ဖားစည်ဟာ တစ်ဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားသလို လူမျိုးတွေကလည်း တစ် ဖြည်း ဖြည်းနဲ့ သိမ်ကွဲလာတာကြောင့် ဒီကနေ့ခေတ်လူငယ်တွေအနေနဲ့ ရိုးရာတွေကို လက် ဆင့် ကမ်း ထိန်းသိမ်းထားသင့်တယ်လို့လည်း အကြံပြုမှုတွေ ရှိနေပါတယ်။

**အယ်ဒီတာအဖွဲ့**



# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

တအာင်းနိုင်ငံရေးအကျဉ်းသားဟောင်း
**မိုင်းဆိုပ်ခြိုဝ်း**



**၁။ စစ်ကောင်စီကကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲ ဆိုတာ တော်လှန်လူငယ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

ရွေးကောက်ပွဲကျင်းပချင်နေတဲ့ စစ်ကောင်စီဟာ ရွေးကောက်ပွဲက သူ့ရဲ့နိုင်ငံရေးထွက်ပေါက်မဟုတ်ဘူး။ နိုင်ငံရေးကစားကွက်သာဖြစ်တယ်။ ရွေးကောက်ပွဲအကြောင်းပြုပြီး အာဆီယံနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ထောက်ခံမှုရရှိဖို့ ကြိုးစားနေတာသာဖြစ်တယ်။ အဓိက တရုတ်နဲ့ အိန္ဒိယကို သူ့ရဲ့ သက်တမ်း တိုးမယ့်အပေါ် ထောက်ခံမှုရယူတာသာဖြစ်တယ်။ တကယ်တမ်း ၂၀၀၈ခြေ/ဥအရ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို သူတို့ကိုယ်တိုင် ဖျက်ဆီးပြီး ပြန်တည်ဆောက်ပြမယ်ဆိုတာ ဘယ်လိုမှယုံကြည်လို့ရတဲ့ ရလဒ် ထွက်လာနိုင်မှာ မဟုတ်ပါဘူး။ နောက်တစ်ခုက အစိုးရတရပ်ကဲ့သို့ ရပ်တည် လာတာ ၄နှစ်နီးပါးဖြစ်လာပြီ ဆိုတော့ တော်တော်အရသာ တွေ့သွားပြီ။ NLD ဦးဆောင်တဲ့ အစိုးရကဲ့သို့ ပြန်တည်ဆောက်မှာ မဟုတ်ဘူး။ စင်ပြိုင်အာဏာ ခွဲဝေမှုကို သူတို့ကလက်မခံနိုင်ခဲ့ဘူး။ ကြိုးကိုင်လို့ရတဲ့ ကြံ့ခိုင်ရေးအစိုးရ ကဲ့သို့သာ လက်ခံနိုင်မှာဖြစ်တယ်။ အိမ်နီးချင်းနိုင်ငံတွေကလည်း စစ်အစိုးရနဲ့ စစ်တပ်ကြိုးကိုင်နိုင်တဲ့ အစိုးရကို သဘောကျတယ်။

အဓိကက တရုတ်နိုင်ငံက နိုင်ငံရဲ့ သယံဇာတ၊ လူသားအရင်းအမြစ် လက်လွတ်စပယ် ဖြုန်းတီးရဲတဲ့ ဦးသန်းရွှေ စစ်အစိုးရကို ပိုသဘောကျ တယ်။ မြန်မာနိုင်ငံဟာ တရုတ်ရဲ့ပင်လယ်ထွက်ဖြစ်တဲ့အတွက် စီမံကိန်းကို မြန်မြန်ဆန်ဆန်လုပ်ချင်တယ်။ လူထုကို အလေးထားတဲ့ NLDဦးဆောင်တဲ့ အစိုးရနဲ့ အလုပ်လုပ်ရင် များစွာကြန့်ကြာနိုင်တယ်။ ဒါကြောင့် စစ်ကောင်စီ က ဦးဆောင်ပြုလုပ်မယ့် ရွေးကောက်ပွဲကို လိုအပ်တဲ့ အကူအညီထောက်ပံ့

ပေးမယ်လို့ ပြောကြားတာဖြစ်တယ်လို့ မြင်ပါတယ်။ တရုတ်ရဲ့ထောက်ခံမှုက အင်မတန်အရေးကြီးတယ်။ ဗီတိုအာဏာ လက်ကိုင်ထားတဲ့ တရုတ်ရဲ့ထောက်ခံမှုက စကစရပ်တည်မှုကို များစွာအထောက်အကူပြုတယ်။ တရုတ်နဲ့အဆင်ပြေမယ့် အစိုးရကို ဖွဲ့ပေးချင်တာ ဖြစ်တယ်။ အမှန်ဆို အရပ်သားအစိုးရကို မဖြစ်စေချင်သေးဘူး။ သူတို့နဲ့ အပြီးလုပ်ချင်တယ်။ အာဏာသိမ်းပြီး ၂၀၂၁ကစလို့ သူ့ယန္တရားက ကောင်းကောင်းမလည်ပတ်နိုင်ဘူး။ တော်လှန်ရေးအင်အားစုတွေက နယ်မြေသိမ်းယူလာနိုင်တဲ့ အခြေအနေရောက်လာတော့ သူ့အကြပ်အတည်း ပိုဖြစ်စေတယ်။ စီမံကိန်း တော်တော်များများလည်း ရပ်တန့်သွားတယ်။ ရှမ်းမြောက်၊ မန္တလေး၊ စစ်ကိုင်း၊ ရခိုင်ဟာ အဓိက တရုတ်ပင်လယ်ထွက်ပေါက် CMEC စီမံကိန်းကြီး နယ်မြေတချို့ကို လက်လွှတ်လိုက်ရတယ်။ မန္တလေးနဲ့ စစ်ကိုင်းမှာ နေ့စဉ်နဲ့အမျှ နယ်မြေ ဆုံးရှုံးနိုင်မှု စိုးရိမ်နေရတဲ့ အနေအထားရှိနေတယ်။ ဒါကို တရုတ်က လက်မခံနိုင်ဘူးဖြစ်နေတယ်။ ဒါကြောင့် တော်လှန်ရေး အင်အားစုတွေကို ခြိမ်းခြောက်အကြပ်ကိုင်တာ ဖြစ်တယ်။ တဖက်မှာလည်း စစ်ကောင်စီ အစိုးရကို အကူအညီတွေ ပေးနေတယ်။

**၂။ စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေးပြောပေးပါအုံး။**

ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်တဲ့ အဖွဲ့အစည်းက ရွေးကောက်ပွဲကျင်းပရင် ဘယ်လိုမှ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲ ဖြစ်မှာမဟုတ်ဘူး။ ဇာတ်ညွှန်းရွေးကောက်ပွဲ တစ်ပုဒ်ပဲ ထွက်လာမယ်။ ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်တဲ့ အဖွဲ့အစည်းက ရွေးကောက်ပွဲဦးဆောင် ပြုလုပ်ခွင့် မရှိဘူး။ လူထုအနေနဲ့လည်း လက်မခံနိုင်ဘူး၊ လက်လည်း မခံသင့်ဘူး။ စစ်ကောင်စီရဲ့ လက်ရှိအခြေအနေအရ ရွေးကောက်ပွဲ လုပ်နိုင်တဲ့ အခြေအနေမရှိဘူး။ လုပ်နိုင်တဲ့ ဘတ်ဂျက်အင်အား မရှိထားဘူး၊ လုံခြုံရေးလည်း မပေးနိုင်ဘူး။ အရေးကြီးတာ တစ်ခုရှိတယ်။ အဲဒါက လူထုလက်ခံမှုပဲ။ သူတို့ကို ဘယ်လူထုမှ မယုံကြည်ဘူး။ မထောက်ခံဘူး။ အဲဒါက အဓိက စိန်ခေါ်မှုပဲ။ နိုင်ငံတကာလက်ခံနိုင်မှုလည်း အရေးကြီးတယ်။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လိုသက်ရောက်မှုရှိလာ နိုင်မယ်လို့ ယူဆမိပါသလဲ။**

တစ်ခုရှိတာက တရုတ်က ကျောထောက်နောက်ခံပေးထားနိုင်ရင် သူက အတင်းအကြပ် ရအောင် သူထိန်းချုပ်နိုင်သေးတဲ့ ဒေသတွေမှာ အတင်းအဓမ္မ ပြုလုပ်လာနိုင်ခြေရှိတယ်။ အဲဒီလို ဖြစ်လာခဲ့ရင်တောင် ဖက်ဒရယ်ဒီမိုကရေစီတော်လှန်ရေးအပေါ် သက်ရောက်မှုက သိပ်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့အလိုအတိုင်း သွားမယ့် အစိုးရတရပ်ဆိုတော့ သိသိသာသာပြောင်းလဲမယ့် အစိုးရ ထွက်လာမှာမဟုတ်တဲ့အတွက် လက်ရှိအနေအထားပဲရှိမယ်။ တော်လှန် ရေးက စနစ်တည်ဆောက်တဲ့ တော်လှန်ရေးဖြစ်တယ်။ စနစ်ဖြိုချပြီး စနစ်သစ်လဲတဲ့ တော်လှန်ရေးမှာ ဘာအခက်အခဲ စိန်ခေါ်မှုမဆို ရင်ဆိုင်တော်လှန်ရမယ်။ ရန်သူဘက်က သက်ရောက်မှုကို ကြောက်စရာမဟုတ်ဘူးလို့ မြင်တယ်။

**အယ်ဒီတာအဖွဲ့**



## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

ခွန်ဇော်မိုး (ပအိုဝ်းတိုင်းရင်းသား)

**၁။ စစ်ကောင်စီကကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လူငယ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

စစ်ကောင်စီအနေနဲ့ ရွေးကောက်ပွဲလုပ်မယ်မလုပ်ဘူးဆိုတာဟာ သူ့အတွက် ရှင်ခြင်းနဲ့ သေခြင်းကို ရွေးရသလို ဖြစ်ပါတယ်။ ဆိုတော့ သူ့အနေနဲ့ ရွေးကောက်ပွဲကို ကျင်းပချင်တယ်ဆိုတာဟာ ရှင်ခြင်းကို ရွေးချယ်လိုတယ်လို့ ယူဆလို့ရပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာ အခွင့်အခါသင့်မှ နောက်ထပ် အာဏာသိမ်းမယ်ဆိုတဲ့ စဉ်းစားချက်လည်းဖြစ်ပါလိမ့်မယ်။ ပြောရရင် စစ်ကောင်စီဟာ ခြေကျိုးလက်ကျိုးနေတဲ့ ဟောင်လွန်းပြီး မိုက်မဲတဲ့ခွေးဖြစ်ပါတယ်။ ခြေကျိုးလက်ကျိုးဖြစ်လို့ သူ့နေရာသူပြန်ပြီး အားမွေးချင်နေတာပါ။ အားပြည့်ပြီး ဒဏ်ရာသက်သာလာရင် ပြန်ပြီးမိုက်မဲလာနိုင်တဲ့အပြင် ပတ်ဝန်းကျင်ကိုလည်း ဒုက္ခပေါင်းစုံပေးနိုင်ပါလိမ့်မယ်။ ကျနော်တို့ရဲ့ အိမ်နီးချင်းတွေဟာ ရွေးကောက်ပွဲကနေတဆင့် ခြေကျိုးလက်ကျိုးဖြစ်နေတဲ့ စစ်ကောင်စီကို ထွက်ပေါက်ပေးနေတာဟာ ကျနော်တို့ရဲ့ တောက်ပလာမယ့်နိုင်ငံ့အနာဂတ်ကို အာဏာရှင်စနစ်အဝတ်မည်းနဲ့ ဆက်ပြီးအုပ်ထားနိုင်ဖို့ ကြိုးစားနေကြတာ ဖြစ်ပါတယ်။ ဒီအတွက် ဒီကနေ့ကျွန်တော်တို့ တော်လှန်ရေး အင်အားစုတွေအနေနဲ့ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲဟာ တရားမဝင်ပါဘူးလို့ နှုတ်ထွက်စကားနဲ့ ပြောနေတာ ထက် ပိုတဲ့အဖြေတွေကို ရှာနိုင်ကြဖို့ လိုပါတယ်။ ရွေးကောက်ပွဲကို လက်နက်နဲ့ ဖြတ်မယ်ဆိုတဲ့ တချို့ပေါကြောင်ကြောင်အတွေးတွေနဲ့ အဖြေမထုတ်စေချင်ပါဘူး။

**၂။ စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေးပြောပေးပါအုံး။**

ရွေးကောက်ပွဲလုပ်ခွင့်ရှိ၊ မရှိဆိုတာထက် ရိုးရိုး သားသားနဲ့ ရှင်းရှင်းလင်းလင်း ပြောရရင် ရွေးကောက်ပွဲ ရလဒ်ကို လက်မခံပဲ ပယ်ဖျက်တဲ့ အဖွဲ့အစည်းအနေနဲ့ ကျင်းပ

မယ့် ရွေးကောက်ပွဲဟာ တရားဝင်မှုမရှိတဲ့အပြင် လုပ်ပိုင်ခွင့်လည်းမရှိပါဘူး။ ဒါပေမယ့် စစ်ကောင်စီ အနေနဲ့ ရွေးကောက်ပွဲလုပ်ပိုင်ခွင့် မရှိသည့်တိုင် သူထိန်း ချုပ်တဲ့မြို့နယ်မှာ ရွေးကောက်ပွဲကို ဖြစ်အောင်လုပ်ခွင့်တော့ ရှိနေပါတယ်။ စစ်ကောင်စီအနေနဲ့ ရွေးကောက်ပွဲ ကို လက်နက်နဲ့ချိန်ပြီး အကြပ်ကိုင်ဖြစ်အောင်လုပ်နိုင် သလို ရွေးကောက်ပွဲ ရလဒ်ကို ကိန်းဂဏန်းအရ လိမ်လည်ပြီးဖြစ်အောင် လုပ်နိုင်ခွင့်ရှိပါတယ်။ စစ်ကောင်စီ အနေနဲ့လည်း လုပ်ခွင့်ရှိမရှိနဲ့ တရားဝင်မှုရှိမရှိကို ဂရုစိုက်တာမျိုး မရှိပါဘူး။ သူ့အနေနဲ့ ရွေးကောက်ပွဲဖြစ်အောင်လုပ်ပြီး ရွေးကောက်ခံအစိုးရရုပ်လုံး ပေါ်အောင်သာ ကြိုးစား နေတာ ဖြစ်ပါတယ်။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လို သက်ရောက်မှုရှိလာနိုင်မယ်လို့ ယူဆမိပါသလဲ။**

ရိုးရိုးသားသားပြောရရင် ဒီအပေါ်မှာ ကျနော့်အနေနဲ့ စိုးရိမ်ချက်ရှိပါတယ်။ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲဟာ တရားဝင်မှုမရှိဘူးလို့ ကျနော်တို့အနေနဲ့ လက်မခံသည့်တိုင် သူ့ရဲ့သက်ရောက်မှုက ကျနော်တို့ တော်လှန်ရေးအပေါ် ကြီးမားတဲ့သက်ရောက်မှုရှိ နိုင်ပါတယ်။ ရွေးကောက်ပွဲကနေတဆင့် ရွေးကောက်ခံအစိုးရရုပ်လုံး ပေါ်လာရင် တော်လှန်ရေးအပေါ် အားပေးထောက်ခံတဲ့ တချို့သောနိုင်ငံတကာရဲ့ ပါဝင်မှုတွေဟာ အပြောင်း အလဲ ဖြစ်လာနိုင်ပါတယ်။ ပြောရရင် နိုင်ငံတကာကလည်း မြန်မာနိုင်ငံကို အခုလိုကာလမှာ အားကောင်းကောင်းနဲ့ ထောက်ပံ့တာမျိုးမရှိနေဘူး။ အဲဒီလိုအခြေ အနေမှာ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကနေတဆင့် ရွေးကောက်ခံအစိုးရရုပ်လုံးသာ ပေါ်ထွက်လာရင် နိုင်ငံတကာအနေနဲ့ တော်လှန်ရေးအင်အားစုတွေကို စစ်ကောင်စီနဲ့ စေ့စပ်ညှိနှိုင်းဖို့ တွန်းအားပေးလာနိုင်တဲ့အထိဖြစ်လာနိုင်ပါတယ်။

အခုတောင် ကျနော်တို့ရဲ့ အိမ်နီးချင်းတရုတ်နိုင်ငံက ရွေးကောက်ပွဲကနေ စစ်ကောင်စီကို ထွက်ပေါက်ပေး နေသလို တော်လှန်ရေးအရှိန်တွေကိုလည်း ဖျက်လိုဖျက်ဆီး လုပ်ပြီး စေ့စပ်ညှိနှိုင်းတဲ့လမ်းကြောင်းပေါ်ကို အတင်းတွန်းပို့နေတာပါ။ စစ်ကောင်စီရဲ့ ထုတ်ပြန်ချက်အရဆိုရင် လာမည့်နှစ် ၂၀၂၅ မှာ ရွေးကောက်ပွဲ ဖြစ်အောင်လုပ်မယ်လို့ ပြောထားတာရှိပါတယ်။ ပြောရရင် တော်လှန်ရေးအင်အားစုတွေအနေနဲ့ စစ်ကောင်စီ ပြုတ်ကျရေးနဲ့ ရွေးကောက်ပွဲမဖြစ် မြောက်ရေးအတွက် အားကုန်ကြိုးပမ်းရမယ့်အချိန်

ဟာ အချိန်အားဖြင့် တစ်နှစ်စွန်းစွန်းရှိပါတယ်။ အဲဒီတစ်နှစ် ဆိုတဲ့ကာလတခုမှာ တော်လှန်ရေးအင်အားစုတွေအနေနဲ့ အားကောင်းတဲ့ ထိုးစစ်အရှိန်နဲ့အတူ စစ်ကောင်စီ ပြုတ်ကျရေးကို လုပ်ဆောင်ရမှာဖြစ်သလို အခြားတဘက် မှာလည်း တိုင်းရင်းသား နယ်မြေမဟုတ်တဲ့ ပြည်မ ဘက်က နယ်မြေတွေကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းချုပ်နိုင်ဖို့ လိုပါတယ်။ ဒါမှသာ စေ့စပ်ညှိနှိုင်းရေးလမ်း ကြောင်းမှာ စစ်ကောင်စီကို စစ်ရေးအသာ၊ နိုင်ငံရေးအသာဆိုတဲ့ ရလဒ်နဲ့ စကားပြောနိုင်မှာ ဖြစ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင် ထိန်းချုပ်နယ်မြေဆိုတာ အတိုင်းအတာတခုထိ လုံခြုံတည်ငြိမ်ဖို့ဆိုရင် စစ်ကောင်စီနဲ့ ယာယီအပစ်ရပ်ထား ရမှာဖြစ်သလို အပစ်ရပ်ထားတဲ့ကာလမှာလည်း ပြည်မဘက်ကို ထိုးစစ် ဆင်နိုင်ဖို့ တိုက်ရိုက်အားဖြင့် ပါဝင်နိုင်ဖို့အလားအလာနည်းပါ တယ်။ အမျိုးသားညီညွတ်ရေးအစိုးရနဲ့ တော်လှန် ရေးအင်အားစုတွေရဲ့ ပေါင်းစည်းအား နဲ့သာ ပြည်မကို ကျယ်ကျယ်ပြန့်ပြန့်ထိန်းချုပ်နိုင်ဖို့ ကြိုးစားရမှာပါ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းမပါပဲ ကျယ်ပြန့်တဲ့ ပြည်မဘက်ကို စနစ်ကျတဲ့ ထိုးစစ် မဟာဗျူဟာနဲ့ ထိုးစစ်ဆင် နိုင်ဖို့ NUG အနေနဲ့ လာမယ့်တစ်နှစ်တာကာလမှာ လုပ်ဆောင်နိုင်ဖို့ အရေးကြီးပါတယ်။

တကယ်လို့ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကနေ ရွေးကောက်ခံအစိုးရရုပ်လုံးပေါ် လာတာဖြစ်ဖြစ် ဒါမှမဟုတ် စစ်ကောင်စီရဲ့ ရွေးကောက်ပွဲပြုလုပ်နိုင်ဖို့ နိုင်ငံရေးဆိုင်ရာ ဖြေလျော့မှုလုပ်လာခဲ့ရင်ပဲဖြစ်ဖြစ် ဖြစ်လာရှိလာခဲ့ရင် တော်လှန်ရေးအင်အားစုတွေ အကြားအက်ကြောင်းတွေပိုပြီး ပေါ်လာနိုင်သလို ပိုပြီးရှုပ်ထွေးလာနိုင်ပါတယ်။ နောက်ဆုံး အကြီးမားဆုံးသော အကျိုးသက်ရောက်မှုက တော်လှန်ရေးအရှိန်လည်း တန့်သွားနိုင် တာမျိုးဖြစ်နိုင်ပါတယ်။ တော်လှန်ရေးအချိန်ကြာမြင့်မှုနဲ့ စစ်ကောင်စီပုံ ဖော်တဲ့ ရွေးကောက်ခံအစိုးရရုပ်လုံး အချိန်ကိုက်ပေါ်လာတာမျိုးက သတိထားရမယ့် ကိစ္စဖြစ်ပါတယ်။ ဒီလိုကိစ္စကို နှုတ်ထွက်စကားနဲ့ သိပ်ပြီး ထိရောက်တာမျိုးမဟုတ်တော့ ပိုပြီးကောင်းတဲ့အဖြေနဲ့ ဖြေနိုင်ကြဖို့ လိုပါတယ်။

**အယ်ဒီတာအဖွဲ့**

# ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

Current Political Science Student
Salai(ချင်းလူငယ်)



**၁။ စစ်ကောင်စီကကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လူငယ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

လက်ရှိစစ်ကောင်စီက နေကျင်းပဖို့စီစဉ်နေတဲ့ရွေးကောက်ပွဲဟာ နိုင်ငံရေး ဆိုင်ရာရွေးချယ်မှုပြုလုပ်ဖို့အတွက် ယုံကြည်ရလောက်တဲ့အဖွဲ့အစည်းဟုတ်မဟုတ်ဆို တာကို ပြည်သူတွေသိပြီးသားပါ။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲလုပ်မယ်ဆို တာ ဒီချိန်ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ပြည်သူတွေရဲ့အခြေခံသဘာဝ အခွင့်အရေး ဖြစ်တဲ့ အသက်ရှင်သန်ပိုင်ခွင့်ကိုတောင် အာမခံချက်မပေးနိုင်ဘဲ ကျူးလွန်နေတဲ့သူက ဦးဆောင် မယ်ဆိုတာ ဘယ်ဘုရားမှ ယုံလို့မရပါဘူး။ ပြည်သူတွေရဲ့ အခွင့်အရေးတွေကို အာမခံ ချက်ပေးနိုင်မယ်လို့ စစ်ကောင်စီဖက်က ပြောရင်တောင် ဘာနဲ့အာမခံချက်ပေးမှာလဲ ပေါ့။ဆိုလိုတာက ပြည်သူ့ဆန္ဒနဲ့ရေးဆွဲထားတဲ့ ဖွဲ့အုပ်ချုပ်ပုံအခြေခံဥပဒေတွေရှိလား ပေါ့။ သူ့ဆီရှိတာဆိုလို့ စစ်တပ်အာဏာတည်တံ့ရေးဥပဒေတွေပဲ ရှိတာပါ။ သူ့ရဲ့ ရွေးကောက်ပွဲလမ်းစဉ်နဲ့ နိုင်ငံရေးဖိအားလျှော့ချဖို့ ကြိုးစားတာကို တရုတ်ကတောင် မ ယုံကြည်လို့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ၂၀၂၃ ခုနှစ်အထိ တရုတ်သံအမတ်တွေ မြန်မာနိုင်ငံကို ၂ ကြိမ် လာခဲ့သေးတယ်။ ၂၀၂၃ ခုနှစ်ကတည်း ရွေးကောက်ပွဲပြုလုပ်သွား မယ် ဆိုပြီး သူကြေညာထားခဲ့ပေမဲ့လို့ တကယ်အောင်မြင်လား ဆိုတော့ ဘာမှ သူမလုပ် နိုင်ပါဘူး။

**၂။ စစ်ကောင်စီက ရွေးကောက်ပွဲလုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေး ပြောပေးပါအုံး။**

စစ်ကောင်စီအနေနဲ့ ရွေးကောက်ပွဲကျင်းပခွင့်၊ ဦးဆောင်ခွင့်ရှိလားဆိုတော့ ခေတ်ပျက် အောင်ဖန်တီးပြီးတော့ ရွေးကောက်ပွဲတွေ တောက်လျှောက်လုပ်လာတာ အဲ့ဒီလူတွေပဲ။ သူတို့အနေနဲ့ ရွေးကောက်ပွဲလုပ်ခွင့် ရှိပါတယ်။ မတရားအသင်းလည်း ကြေညာပိုင်ခွင့် ရှိ

ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ကဥပဒေရဲ့အထက်မှာလေ။ ဘယ်ဥပဒေမဆို ပြည်သူ့ဆန္ဒကိုဆန့်ကျင်ထားတော့ အဲ့ဥပဒေတွေက သူတို့တွေရဲ့လက်ကိုင်တုတ်ဖြစ်ရုံ ပေါ့။ အဲဒါကြောင့် လုပ်နိုင်တယ်လို့ ပြောတာပါ။ နောက်ထပ်တစ်ခုကလက်ရှိမှာစစ်ရေးအရှုံးတွေနဲ့ ရင်ဆိုင်နေ ရတဲ့ စစ်ကောင်စီအတွက် ထွက်ပေါက်ရယ်လို့ တရုတ်အကျိုးတော် ဆောင်ကော်မတီဝင်လုပ်ဖို့ပဲ ကျန်တာပါ။ ပြီးတော့ တဖက်မှာ စစ်ကောင်စီဟာ တရုတ်ရဲ့ နိုင်ငံရေးဝွင်ထဲက လုံးဝရုန်းလို့မရတဲ့ အနေအထားတစ်ခု ဖြစ်နေပြီ။ ဘာလို့လဲဆိုရင် တရုတ်ဟာ သူ့ရဲ့အကျိုးအမြတ်အတွက် နိုင်ငံရေးဝွင်နှစ်ခုကို ဆင်ပြီး မြန်မာပြည်မှာ စစ်ရေးဖော်ဆောင်နေတယ် လို့ပြောလို့ရပါတယ်။

တရုတ်နဲ့ ဆက်ဆံရေးပျက်ခဲ့ရင် တရုတ်ဟာ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးထူထောင်လာတာနဲ့ စစ်ကောင်စီရဲ့ နယ်မြေတွေဟာ ပိုမိုဆုံးရှုံးလာမှာကိုသူတွက်ဆထားတယ်။ အဲဒါကြောင့် တရုတ်ရဲ့မူဖြစ်တဲ့ ရွေးကောက်ပွဲလမ်းစဉ်ကို သူသွားလိမ့်မယ်။ စစ်ကောင်စီဟာ တရုတ်နဲ့ ပိုမိုကောင်းမွန်တဲ့ဆက်ဆံရေးထူထောင်လာနိုင်ဖွယ် ရှိပြီး တရုတ်ခိုင်းတဲ့အလုပ်တွေကို ပီပီပြင်ပြင် လုပ်ဆောင်လာမယ်လို့ သုံးသပ်မိပါတယ်။ ဥပမာ-စစ်ကောင်စီရဲ့ ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့မှာ မြန်မာစစ်ကောင်စီရဲတပ်ဖွဲ့ ကို တရုတ်က ယွမ် ၅သန်းတန်ဖိုးရှိတဲ့ ရဲလုပ်ငန်းအသုံးအဆောင်ပစ္စည်းတွေကို ထောက်ပံ့ခဲ့ပါသေးတယ်။ ဆိုတော့ တရုတ်အကူအညီနဲ့ သူတို့ရဲ့ ရွေးကောက်ပွဲဟာ ဒီမိုကရေစီနည်းမကျတဲ့ လမ်းစဉ်တွေနဲ့ ရွေးကောက်ပွဲကို လုပ်ခွင့်ရှိတယ်လို့ မြင်ပါတယ်။

### ၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လိုသက်ရောက်မှု ရှိနိုင်လာမယ် လို့ ယူဆသလဲ။

စစ်ကောင်စီအနေနဲ့ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တရုတ်ရဲ့ဝင်ရောက်စွက်ဖက်မှုကို အရင်နားလည် ရပါမယ်။ ပထမအချက်က ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှာ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးက "တရုတ်ဟာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တာ မလုပ်တဲ့မူဝါဒကို ကိုင်စွဲထားပြီး မြန်မာပြည်သူတွေ ဦးဆောင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လိုက်နာတယ်လို့" ထုတ်ပြန်ထားပေမဲ့ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှာ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ကို တရုတ်က

သတိပေးစာ ပေးပို့ခဲ့ ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအပေါ် တရုတ်ရဲ့အခန်းကဏ္ဍပါ။ ပြီး တော့ တဖက်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့က MNDAA အနေနဲ့ တရုတ်က ကြားဝင်ဖြေရှင်းပေးဖို့ တောင်းဆိုထားတာကိုလည်း တွေ့ရပြန်တယ်။ ဒါတွေဟာ တရုတ်နိုင်ငံရဲ့ စစ်ကောင်စီစီစဉ်နေတဲ့ ရွေးကောက်ပွဲအပေါ် သိသာမြင်သာစေတဲ့ လုပ်ရပ်တွေ ဖြစ်ပါတယ်။ဒါကြောင့် သူ့ရဲ့ရွေးကောက်ပွဲဟာဖြစ်မြောက်ခဲ့ပေမဲ့လို့ တရုတ် ရဲ့အကျိုးအမြတ် အကာအကွယ် ဖြစ်ရေးသာ ဖြစ်တယ်လို့ မြင်ပါတယ်။

ဒုတိယအချက်က စစ်ကောင်စီအတွက် ဖိအားဖြစ်စေတာက အိန္ဒိယရဲ့အခန်း ကဏ္ဍပါ။ ၂၀၂၄ ခုနှစ် စက်တင် ဘာလ ၂၁ ရက်နေ့မှာ အိန္ဒိယအစိုးရကို အရပ်ဘက်အဖွဲ့ ၂၆၈ ဖွဲ့ကနေ စစ်ကောင်စီနဲ့ ထိတွေ့ ဆက်ဆံတာ တွေမလုပ်ဘဲ တော်လှန်ရေးအင်အားစု တွေနဲ့ စတင်ထိတွေ့ ဆက်ဆံဖို့ အိတ်ဖွင့်ပေးစာပေးပို့ လိုက်ပြီးနောက် စက်တင်ဘာလ ၂၃ ရက်နေ့မှာ NUG/CNF/KIA/AA စတဲ့လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဖို့ အိန္ဒိယ အစိုးရက ဖိတ်ကြားလာတာကိုတွေ့ရတယ်။ သေချာတာက အိန္ဒိယလို ဒီမိုကရေ စီနိုင်ငံအနေနဲ့ ဒီမိုကရေစီ နည်းကျမဟုတ်တဲ့ ရွေးကောက်ပွဲတွေကို သူထောက်ခံမယ်လို့ တော့မမြင်ပါဘူး။

တရုတ်ရဲ့အကူအညီတွေနဲ့ ရွေးကောက်ပွဲလုပ်နိုင်ခဲ့ရင် ကျနော်တို့တော်လှန်ရေး အင်အားစုတွေအတွက် ပိုမိုကောင်းမွန်တဲ့ရလဒ်ကို ပိုရစေမှာပါ။ ဆိုလိုတာက နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ ဒီမိုကရေစီနိုင်ငံတွေ ကလည်း သူ့ရဲ့ရွေးကောက်ပွဲရလဒ် နဲ့တရားဝင်မှု ရှာတော်ပုံကို အသိအမှတ်ပြုမှာမဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံ တွေဖြစ်တဲ့ အိန္ဒိ၊ ဘင်္ဂလား ဒေ့ရှ် စတဲ့ နိုင်ငံတွေလည်း တရားဝင်တယ်လို့အသိမှတ်ပြုမှာမဟုတ်ပါဘူး။သေချာ တာက ရှမ်းမြောက်ပိုင်းမှာ စစ်ပွဲတွေငြိမ်လာတာလောက်ပဲ တွေ့ရမှာပါ။

နိဂုံးချုပ်ပြောရရင် ပြည်သူမပါတဲ့ရွေးကောက်ပွဲဟာ တရုတ်အတွက်အကျိုးသာ ဖြစ်ပြီးတော့ စစ်မှန်တဲ့ ဒီမိုကရေစီတိုက်ပွဲဝင်သူအတွက် အကျိုးတစ်စုံတရာရှိမှာ မဟုတ် ပါဘူး။ တရုတ်ရဲ့ထောက်ပံ့မှုနဲ့ ပြုလုပ်မဲ့ရွေး ကောက်ပွဲကို ကျနော်တို့အနေနဲ့ ဆန့်ကျင်၊ ကန့်ကွက်ရပါမယ်လို့ မြင်ပါတယ်။

**အယ်ဒီတာအဖွဲ့**



## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

ကိုဇက် (ကရင်နီလူငယ်)

**၁။ စစ်ကောင်စီကကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လူငယ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

ရွေးကောက်ပွဲက ဒီကာလကြီးမှာ ကျင်းပပြုလုပ်နေစရာမလိုဘူးလို့ထင်ပါတယ်။ဘာကြောင့်လဲဆိုတော့ ရွေးကောက်ပွဲကျင်းပနိုင်တဲ့နေရာက သူတို့ထိန်းချုပ်နိုင်ထားတဲ့ ဒေသတွေမှာပဲလုပ်လို့ရမှာ။ တော်လှန်ရေး အင်အားစုတွေထိန်းချုပ်ထားတဲ့ ဒေသတွေနဲ့ ထိန်းချုပ်ဖို့ကြိုးစားနေတဲ့ ဒေသတွေမှာတော့ သူတို့အနေနဲ့ ရွေးကောက်ပွဲမှ မဟုတ်ဘူး၊ ဘာမှလုပ်လို့ရမှာမဟုတ်ဘူး။ လေကြောင်း၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်တာ၊ ထိုးစစ်ဆင်တာကလွဲလို့ပေါ့။ သူတို့ထိန်းချုပ်ထားတဲ့နေရာတွေမှာလည်း ရွေးကောက်ပွဲကလုပ်စရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာတွေမှာ သူတို့က အာဏာရှိတုန်း အဲဒီအာဏာကိုအစွမ်းကုန်အသုံးချပြီး ကြိုက်တာလုပ်နေကြတာပဲလေ။

**၂။ စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေးပြောပေးပါအုံး။အ**

ပြည်သူလူထုတရပ်လုံးက မဲပေးရွေးချယ်ထားတဲ့ ရလဒ်ကို လက်မခံပဲမဲမသမာမှုကို အကြောင်းပြပြီး အတင်းအဓမ္မ အာဏာသိမ်းယူထားတဲ့ စစ်ကောင်စီက ရွေးကောက်ပွဲကို ကျင်းပခွင့်မရှိဘူးလို့ ပြောလို့ရတယ်။ သူတို့အနေနဲ့ အတင်းမဖြစ်မနေ လုပ်ခဲ့မယ်ဆိုရင်လည်း အသိအမှတ်ပြုစရာမရှိပါဘူး။ ဒါက ပြည်သူတရပ်လုံး ရွေးချယ်တင်မြှောက်မယ့် နိုင်ငံတော်အစိုးရမဟုတ်ဘဲ သူတို့အချင်းချင်းပြန်ရွေးချယ်တင်မြှောက်မှာဆိုတော့ ဒီလူ၊ ဒီပုံစံ၊ ဒီစရိုက်လက္ခဏာနဲ့ပဲ ထပ်ဖြစ်လာမှာပါပဲ။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လို သက်ရောက်မှု ရှိလာနိုင် မယ်လို့ ယူဆမိပါသလဲ။**

ဒါကတော့ ရွေးကောက်ပွဲကို သူတို့က ကျင်းပနိုင်သွားခဲ့ရင်လည်း ကျနော်တို့

ကတော့ ယုံကြည်ချက်နဲ့ တွန်းလှန်နေတာဖြစ်တဲ့အတွက် ဆက်လက်ပြီးတော်လှန်နေမှာပါပဲ။ သူတို့လုပ်မယ့် ရွေးကောက်ပွဲက ကျနော်တို့ သွားနေတဲ့တော်လှန်ရေးအပေါ် ဘယ်လိုသက်ရောက်မှုမှ ရှိလာမှာမဟုတ်ပါဘူး။ တပြည်လုံး အနှံ့ တိုက်ပွဲတွေ ဖြစ်နေတယ်၊ တရားဥပဒေစိုးမိုးမှု လုံးဝမရှိတဲ့ အနေအထား၊ နိုင်ငံသားတွေရဲ့ အခြေခံ အခွင့်အရေးတွေ ပျောက်ဆုံးနေတယ်၊ လူမှုတရားမျှတမှုတွေ ပျောက်ဆုံးနေတဲ့အချိန်မှာ ရွေးကောက်ပွဲ ကျင်းပမယ်ဆိုတာ ဖြစ်နိုင်မယ်လို့လည်း မထင်ပါဘူးလို့ ယူဆမိပါတယ်။

**အယ်ဒီတာအဖွဲ့**



## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား ကိုပြည့် (မွန်တိုင်းရင်းသားတော်လှန်လှုငယ်)

**၁။ စစ်ကောင်စီကကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လှုငယ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

ကျွန်တော့်အနေနဲ့ကတော့ စစ်ကောင်စီကလုပ်ဖို့စီစဉ်နေတဲ့ ရွေးကောက်ပွဲကို တရားမဝင်ရွေးကောက်ပွဲလို့ပဲ မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အတုအယောင် ရွေးကောက်ပွဲဆိုတာထက်ကို တရားမဝင်ရွေးကောက်ပွဲ လို့ပိုပြီးတော့မြင်တယ်။ အတုအယောင်လို့ပြောလိုက်မယ်ဆိုရင် တရားဝင်မှုကိုနည်းနည်းလေး ပေးသလို ဖြစ်နေသေးတယ်။ ဒါကြောင့် တရားမဝင်ရွေးကောက်ပွဲလို့ပဲမြင်တယ်။ ဘာကြောင့်လဲလို့ပြောရမယ်ဆိုရင် နိုင်ငံတစ်နိုင်ငံမှာ ပြည်သူလူထုရဲ့ထောက်ခံမှုအများဆုံးရထားတဲ့ ပါတီရဲ့ ခေါင်းဆောင်တွေနဲ့ ပါတီဝင်တွေကို အကျဉ်းထောင်တွေထဲမှာထားပြီးတော့ ပြင်ပမှာ ရွေးကောက်ပွဲလုပ်တယ်ဆိုတာက ဘယ်လိုမှတရားမျှတမှု ရှိလာမယ့် ရွေးကောက်ပွဲလည်း ဖြစ်လာမှာမဟုတ်ဘူး။

နောက်တစ်ခုက ပြည်သူတွေကို မဲမပေးမနေရပုံစံမျိုးလုပ်ပြီးတော့မှ သူတို့အနေနဲ့ သူတို့မဲစာရွက်မှာရှိတဲ့ ပါတီ တစ်ခုကိုပဲရွေးရမယ်ဆိုတာက သူတို့ပါတီချည်းပဲဖြစ်နေမှာပေါ့လေ။ ဆိုတော့ ဒါကဘယ်လိုမှတရားမျှတမှု ရှိလာမှာမဟုတ်ဘူး။ တရားဝင်မှုရှိလာမှာလည်း မဟုတ်ဘူး။ ပြည်သူတွေရဲ့ တကယ့်သဘောထားဆန္ဒဖြစ်မှာ လည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ စစ်ကောင်စီကကျင်းပပြုလုပ်ဖို့ ပြင်ဆင်နေတဲ့ ရွေးကောက်ပွဲဟာ တရားမဝင်ရွေးကောက်ပွဲလို့ပဲ ယူဆပါတယ်။

**၂။ စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေးပြောပေးပါအုံး။**

စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတာကို ကျွန်တော်တို့အနေနဲ့ ပြောရမယ်ဆိုရင် ၂၀၂၁ခုနှစ် ကတည်းက သူတို့ကိုယ်တိုင်ဆွဲထားတဲ့ ၂၀၀၈ဖွဲ့စည်းပုံအခြေခံ

ဥပဒေကို သူတို့ကိုယ်တိုင်ဖောက်ဖျက်ခဲ့တယ်။ မဲစာရင်းတွေလိမ်ပါတယ်ဆိုပြီးတော့ သူတို့က အာဏာကောက်သိမ်းလိုက်တယ်။ လက်နက်အားကိုးပြီးတော့ အာဏာကောက်သိမ်းလိုက်တယ်။ ပြီးတော့ အဲဒီ၂၀၀၈စာအုပ်အစိမ်းထဲမှာရှိနေတဲ့ဟာတွေကို ကျော်လွန်ပြီး တော့မှ ၆ လတစ်ကြိမ်၊ ၆ လတစ်ကြိမ် သက်တမ်းတွေတောက်လျှောက်တိုးလာတယ်။ နောက်ဆုံးဘယ်လိုမှ တိုးလို့အဆင်မပြေတော့မှ သူတို့လက်ခုပ်ထဲကရေဖြစ်တဲ့ ဒုသမ္မတကို အနားပေးပြီးတော့မှ သူကသမ္မတလုပ်ပါ တယ်တွေဘာတွေ ထလုပ်တာပေ့ါနော်။

အဲဒီလိုဆိုတော့ မင်းအောင်လှိုင်ပြောသလိုပဲ သူ့အနေနဲ့ မလုပ်ရဲတာ ဘာမှမရှိဘူးဆိုတဲ့အတိုင်းပဲ ကျွန်တော်တို့က ဘယ်လောက်ပဲလုပ်ခွင့်မရှိဘူးလို့ပဲပြောပြော၊ လုပ်ခွင့်မရှိဘူးလို့ပဲမြင်မြင် သူကတော့ သူရချင် တာကိုတော့ သူရအောင်လုပ်မှာပဲ။ အနုနည်းနဲ့ မရရင် အကြမ်းနည်းနဲ့လုပ်ပါလိမ့်မယ်။ ဘယ်တော့မှ အနုနည်းနဲ့လုပ်တဲ့သူတွေမဟုတ်ဘူး။ ပြည်သူတွေကို ဘယ်လိုမျိုးခြိမ်းခြောက်ဖိနှိပ်ပြီးတော့မှ လုပ်ရမလဲဆိုတဲ့ဟာတွေကို သူတို့က အမြဲတမ်းလက်ကိုင်ထားကြတဲ့သူတွေပဲ။

ဆိုတော့ ကျွန်တော်တို့အနေနဲ့ ၂၀၂၁အာဏာသိမ်းပြီးတဲ့နောက်မှာ ငြိမ်းချမ်းစွာဆန္ဒပြတယ်။ သူတို့က မျက်ရည်ယိုဗုံး၊ မျက်ရည်ယိုဗုံးကနေ ရာဘာကျည်ဆံ၊ ရာဘာကျည်ဆံကနေ ကျည်ဆံအစစ်တွေ၊ အဲဒီကနေ ဝုန်းဒိုင်းကြဲပြီးတော့မှ ငြိမ်းချမ်းစွာဆန္ဒပြကြသူတွေကို အသက်သေဆုံးတဲ့အထိ လူအုပ်ကြီးကို ပစ်ခတ်ဖြိုခွဲ တယ်။ ပြည်သူတွေက မခံနိုင်တဲ့အဆုံး လက်နက်ကိုင်တိုက်ပွဲဝင်လာတဲ့အခါမှာကြတော့ အပြစ်မဲ့ ကျေးရွာတွေကို မီးရှို့တာတွေ လုပ်လာကြတယ်။ တဖြည်းဖြည်းနဲ့ သူတို့ကိုပြန်ပြီးခုခံလာနိုင်တယ်ဆိုတော့ အခုဆိုရင် လေကြောင်းနဲ့ အပြစ်မဲ့အရပ်သားတွေနေထိုင်တဲ့ကျေးရွာတွေကို ဗုံးကြဲလာတာကြောင့် ပြည်သူတွေ အများကြီးသေဆုံးရတယ်။

သူတို့အနေနဲ့က မလုပ်ရဲတာမရှိဘူး။ ကျွန်တော်တို့က လုပ်ခွင့်မရှိဘူးလို့ ဘယ်လောက်ပဲပြောပြော၊ သူတို့က လုပ်ချင်ရင်လုပ်မှာပဲ။ ဆိုတော့ ကျွန်တော်တို့အနေနဲ့က သူတို့လုပ်လာခဲ့ရင် ဘယ်လိုမျိုးဆန့်ကျင်ကြမလဲ၊ ဘယ်လိုမျိုး အတတ်နိုင်ဆုံး ဆန့်ကျင်တွန်းလှန် ကြမလဲဆိုတဲ့ အရာတွေကို စဉ်းစားထားကြဖို့ လိုပါတယ်။ နောက်ဆုံး သူတို့ကိုကျောထောက်နောက်ခံပေးနေတဲ့ မဟာမိတ်တွေ၊ နိုင်ငံတွေကို ကျွန်တော်တို့ ဘယ်လို

မျိုး တိုက်တွန်းပြောဆိုကြမလဲ၊ ဖိအားပေးကြမလဲ၊ နိုင်ငံတကာကို ဘယ်လိုမျိုးတောင်း ဆိုကြမလဲ။ ဒါက လုံးဝတရားမဝင်ဘူးဆိုတာကို သူတို့သိအောင် ကျွန်တော်တို့ဘယ်လို လုပ်ကြမလဲပေါ့။ ဒါမျိုးတော့ ကျွန်တော်တို့လုပ်လို့ရမယ်။

နောက်တစ်ခုအနေနဲ့က ရွေးကောက်ပွဲတစ်ခုလုပ်ဖို့ဆိုတာက ပြောရမယ်ဆိုရင် နိုင်ငံတည်ငြိမ်မှုပေါ့နော်။ နိုင်ငံတည်ငြိမ်မှုဖို့ဆိုရင် နယ်မြေတည်ငြိမ်ဖို့လိုအပ်တယ်။ လက်ရှိအနေအထားမှာဆိုရင် တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့က စစ်ရေးဇုန်ဖြစ်နေ တာပေါ့လေနော်။ နေရာတိုင်းမှာ ကျွန်တော်တို့က တိုက်ပွဲတွေ ဖြစ်နေတယ်။ အဲဒီတော့ သူတို့အနေနဲ့က ဘယ်လိုနေရာကိုပဲ ရွေးကောက်ပွဲကိုကွက်လုပ်ပြီးတော့မှ ဒါက မြန်မာ နိုင်ငံမှာရှိတဲ့ ပြည်သူတွေရဲ့ သဘောထားဆန္ဒပါဆိုပြီး သူတို့က ဘယ်လိုမျိုးချပြမှာလဲဆို တာပေါ့။ ဒါကဘယ်လိုမှ အဆင်မပြေနိုင်တဲ့အရာ၊ နိုင်ငံတည်ငြိမ်မှုရှိအောင်ဆိုပြီး သူတို့ အနေနဲ့ အချိန်ဆွဲလာတာ တစ်နှစ်ပြီးတစ်နှစ်လည်း ရှိနေပြီပေါ့လေ။ ဆိုတော့ ကျွန်တော် တို့အနေနဲ့က သူတို့လုပ်ခွင့်ရှိတယ်၊ မရှိဘူး ပြောနေတာထက် သူတို့လုပ်လို့မရအောင် တောက်လျှောက်ဖိအားပြန်ပေးနေဖို့ လိုအပ်ပါတယ်။ အဲဒီလိုတော့ ကျွန်တော့်အနေနဲ့ မြင်မိပါတယ်။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လို သက်ရောက်မှုရှိလာနိုင်မယ်လို့ ယူဆမိပါသလဲ။**

သူတို့အနေနဲ့ ရွေးကောက်ပွဲသာ လုပ်နိုင်ခဲ့ရင် ကျွန်တော်တို့တော်လှန်ရေးအပေါ် မှာ ဘယ်လောက်ထိ အကျိုး သက်ရောက်မှုရှိမလဲဆိုတာကတော့ ပထမဆုံးအနေနဲ့ ကတော့ သူတို့အနေနဲ့ တရားဝင်မှုရမယ်။ အခုထပ်ပြီးတော့ တရားဝင်မှုထပ်ရမယ်။ အခု ဆိုရင်တောင်မှ သူတို့အနေနဲ့ အနီးစပ်ဆုံးအာဆီယံပေါ့နော်။ အာဆီယံမှာဆိုရင် မင်း အောင်လှိုင်ကိုသာ မတက်ရဘူးပြောထားပေမယ့် တခြားသောဝန်ကြီးဌာန အဖွဲ့အစည်း တွေ၊ အစည်းအဝေးတွေမှာဆိုရင် လက်ရှိစစ်အုပ်စုရဲ့ ကိုယ်စားလှယ်တွေကသာ တောက် လျှောက်တက်ခွင့်ရနေသေးတယ်။ ဒါကို ဖိအားပေးတောင်းဆိုနေတဲ့ အဖွဲ့အစည်းတွေ လည်း အများကြီးရှိနေပါတယ်။ ဆိုတော့ အနည်းဆုံးကတော့ အာဆီယံမှာ Defence လုပ်နေတဲ့ အစည်းအဝေးတွေရှိမယ်။ စီးပွားရေးနဲ့ပါတ်သက်ပြီး လုပ်နေတဲ့ အစည်းအဝေးတွေရှိမယ်။ အဲဒီနေရာတွေမှာ သူတို့အနေနဲ့ တရားဝင်မှုတွေ ရနေတယ်။

တကယ်လို့ သူတို့အနေနဲ့သာ ဒီရွေးကောက်ပွဲကို လုပ်နိုင်မယ်ဆိုရင် ပိုပြီးတော့မှ တရားဝင်မှုကို ထပ်ရမယ်ပေါ့နော်။ သူတို့တရားဝင်မှုရလာတာနဲ့အမျှ ဒီဖက်တော်လှန်ရေးဖက်အခြမ်းကို ပိုပြီးတော့မှ ရိုက်ခတ်မှုတွေ ပိုမြင့်တက်လာနိုင်တယ်။ နောက်တစ်ခုက လက်ရှိအနေအထားမှာ ၂၀၂၁ အာဏာသိမ်းပြီးတဲ့အခါမှာ နိုင်ငံတကာမှာ အခြေစိုက်ထားတဲ့ သံရုံးတွေရဲ့ သံအရာရှိတချို့က အခုလက်ရှိမှာ စစ်ကောင်စီရဲ့ လက်အောက် ခံဖြစ်နေတယ်။ ဆိုတော့ စစ်ကောင်စီကလုပ်တဲ့အရာတွေကို သူတို့အခြေစိုက်ထားတဲ့ နိုင်ငံတွေကို ပြန်ပြီး တော့ ဝါဒဖြန့်တာတွေရှိတယ်။ ဒါပေမယ့် တချို့ဟာတွေကြတော့ သူတို့ဝါဒဖြန့်သလို အောင်မြင်နေပေမယ့် တချို့ဟာတွေကြတော့ မအောင်မြင်ပဲရှိပါတယ်လေဆိုပြီးတော့ ဒီတိုင်းထားထားတာတွေ ရှိတာပေါ့လေ။

အဲဒီတော့ ဒီအနေအထားမှာတောင် သူတို့အနေနဲ့ ဒီလောက်အထိတရားဝင်မှု ရနေတယ်။ တကယ်လို့ ရွေးကောက်ပွဲလုပ်တဲ့အခါမှာဆိုရင် ပြီးတော့မှ သူတို့အတွက် ခိုင်မာတဲ့အဖြေတစ်ခုဆိုတာ အလိုလိုချပြလို့ရမှာပေါ့။ နောက်တစ်ခုကကြတော့ သူတို့ပြောခဲ့သလို ရွေးကောက်ပွဲလုပ်ပြီးသွားလို့ရှိရင် ဒီအနိုင်ရပါတီကို အာဏာပြန်လွှဲမယ်ဆိုတာ ဒါကလည်း အရှေ့မှာ ကျနော်ပြောခဲ့သလို ပြည်သူအများစုထောက်ခံတဲ့ နိုင်ငံရေးပါတီဝင်တွေကိုကြတော့ အကျဉ်းချထားပြီးတော့မှ သူတို့ရဲ့ ခရိုနီအသိုင်းအဝိုင်းနဲ့ လက်ဝေခံ အသိုင်းအဝိုင်းကို ပါတီတွေထောင်ခိုင်းပြီးတော့၊ ပါတီတွေထဲထည့်သွင်းပြီးတော့ အနိုင်ပေးမယ်။ အဲဒီလူတွေကို အာဏာလွှဲမယ်၊ နောက်ကွယ်ကနေ သူတို့ကအကုန်လုံးကို ထိန်းချုပ်သွားမယ် ဆိုတာပါပဲ။ ဘာမှမထူးခြားနေဘူး။

သို့ပေမယ့် အဲဒါက နိုင်ငံတကာနဲ့ပြန်ကြည့်မယ်ဆိုရင် လက်ရှိမှာ စစ်တပ်က အာဏာပြန်လွှဲလိုက်ပြီ။ အရပ်သားအစိုးရ ဖြစ်သွားပြီဆိုပြီးတော့ အဲဒီလိုမျိုး ပေါ်လွင်စေတယ်။ ဒါကြောင့်မလို့ ဒီလိုမျိုးဖြစ်သွားတဲ့အခါ၊ ဖြစ်သွားမယ်ဆိုလို့ရှိရင် ကျနော်တို့တော်လှန်ရေးအင်အားစုတွေဖက်ကို အမြင်တွေက တမျိုးပြန်ပြီး ပြောင်းလဲသွားစေနိုင်ပါတယ်။ ဒါကြောင့်မလို့ ကျနော်တို့က သူတို့အနေနဲ့ ဒီရွေးကောက်ပွဲကို ဘယ်လိုမှ လုပ်ခွင့်မရအောင် အဘက်ဘက်ကနေပြီးတော့မှ တားဆီးနေဖို့လိုတယ်။ ဆန့်ကျင်နေဖို့လိုပါတယ်။ ဆန့်ကျင်တဲ့နေရာမှာလည်း တစ်ဦးတစ်ယောက်ချင်းစီတိုင်းက ဆန့်ကျင်နေဖို့လိုပါတယ်။

**အယ်ဒီတာအဖွဲ့**



## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

## မနွေးအိအိကျော် (အင်းတိုင်းရင်းသား တော်လှန်လူငယ်)

**၁။ စစ်ကောင်စီကကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လူငယ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

စစ်ကောင်စီအနေနဲ့ လက်ရှိအနေအထားနဲ့ နိုင်ငံရေးအခြေအနေအကျင်းအရ ရွေးကောက်ပွဲလုပ်လည်း သူတို့အတွက် ထွက်ပေါက်မရှိဘူးလို့ မြင်ပါတယ်။ နိုင်ငံတကာကလည်း ရေဘေးမှာတောင် သူတို့ကို လှည့်မကြည့်တာ၊ ရွေးကောက်ပွဲဆို ပိုဆိုးမှာပေါ့လေ။ ဒါပေမယ့် တရုတ်၊ ထိုင်းနဲ့ အိန္ဒိယတို့ကတော့ ရွေးကောက်ပွဲကို ကူညီမယ်လို့ ပြောထားတာတွေ့တယ်။ သူတို့ကတော့ စစ်အုပ်စုဒါမှမဟုတ် စစ်အုပ်စုက ကြိုးကိုင်ခြယ်လှယ်ထားတဲ့ အစိုးရတက်လာလေ ပိုကြိုက်လေပဲ။ ဒါမှလည်း မြန်မာနိုင်ငံကနေ သူတို့ ရသမျှ အကုန်နှိုက်ယူလို့ ရမှာလေ။ ဒါကြောင့်လည်း စစ်ကောင်စီကို သူတို့က တရားဝင်မှုရရှိအောင် ရွေးကောက်ပွဲလုပ်ဖို့ ထွက်ပေါက်ပေးနေတာ။ စစ်ကောင်စီကလည်း နိုင်ငံတဝှမ်းလုံးမှာ စစ်ရေးအရက တောက်လျှောက်ရှုံးနေတယ်၊ ဒါကြောင့် သူတို့ထိန်းချုပ်နိုင်သေးတဲ့ ဒေသမှာ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်လုပ်ပြီး တရားဝင်မှုရရှိဖို့နဲ့ သူတို့ထွက်ပေါက်ရဖို့၊ သက်ဆိုးရှည်ဖို့၊ နောက်ဆုံးအချိန်ထိ အာဏာကိုဆွဲကိုင်ထားဖို့ ကြိုးစားနေတာလို့ မြင်ပါတယ်။

**၂။ စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေးပြောပေးပါအုံး။**

၂၀၀၈ ခြေဥကို ချိုးဖောက်ပြီး အာဏာသိမ်းထားတဲ့ ဒီအုပ်စုက ရွေးကောက်ပွဲလုပ်ခွင့်တော့ ရှိမှာမဟုတ်ဘူးလို့ နားလည်ထားပါတယ်။ ဒါပေမယ့်လည်း သူတို့သက်ဆိုးရှည်ဖို့အတွက် သူတို့ကတော့ လုပ်လို့ရတာမှန်သမျှအကုန်လုပ်နေတာဆိုတော့ ရွေးကောက်ပွဲကိုလည်း မဖြစ်မနေမရရအောင်အတင်းအကြပ်လုပ်မှာပဲ။ ဒါပေမယ့် ရွေးကောက်ပွဲဖြစ်လာနိုင်ချေကတော့ ၃၀ ရာခိုင်နှုန်း၊ ၄၀ရာခိုင်နှုန်းလောက်တော့ ရှိ

တယ်။ ၅၀ရာခိုင်နှုန်းကို ကျော်လွန်ပြီးတော့မှ ဘယ်လိုမှ မဖြစ်လာနိုင်ဘူးလို့ ယူဆမိပါတယ်။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လိုသက်ရောက်မှုရှိလာနိုင်မယ်လို့ ယူဆမိပါသလဲ**

ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လိုသက်ရောက်မှုရှိလာနိုင်မလဲဆိုရင် မရှိနိုင်ဘူးလို့ပဲ ပြောရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ဟန်ပြရွေးကောက်ပွဲပဲ ဖြစ်လာမှာမလို့ပါ။ ကျွန်တော်တို့ဟာ ဒီစစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်နိုင်ဖို့အတွက် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် တော်လှန်ရေးကလည်း အရမ်းကြီးအားရကျေနပ်စရာတော့ မဟုတ်သေးဘူး ဆိုပေမယ့် ခရီးပေါက်သင့်သလောက်တော့ ပေါက်နေပါပြီ။ တော်လှန်ရေးအရှိန်ကို ဖျက် လိုဖျက်ဆီးပြုလုပ်လာနိုင်မယ့် အရာမှန်သမျှကို လက်နက်ကိုင် တိုက်ပွဲဝင်နေကြသူတွေကော၊ ရရာနည်းလမ်းတွေနဲ့ တော်လှန်နေကြသူတွေကော၊ တော်လှန်ပြည်သူတစ်ဦးတစ်ယောက်ချင်းစီက ရရာနည်းလမ်းတွေနဲ့ ဆန့်ကျင်တွန်းလှန်ရမှာဖြစ်ပါတယ်။

**အယ်ဒီတာအဖွဲ့**



## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

မခိုင်ရတနာဦး (ရခိုင်တိုင်းရင်းသူ)

**၁။ စစ်ကောင်စီက ကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လူငယ် တစ်ဦးအနေနဲ့မှတ်ချက်ပြုပေးပါအုံး။**

သူတို့ရပ်တည်ရှင်သန်ရေးအတွက် သူတို့အလုပ်၊ သူတို့လုပ်တာပဲ။ တော်လှန်ရေးအဖွဲ့အစည်းတွေကလည်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေဖို့ပဲလိုပါတယ်။ ပြည်သူတွေဘက်လည်း အာဏာရှင်အုပ်ချုပ်တာမကြိုက်ဘူး၊ လက်မခံဘူးဆိုရင် တော်လှန်ရေးမှာ ပိုမိုအားထည့်ကူညီပေးဖို့လိုပါတယ်။ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိပါတယ်။

**၂။ စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေးပြောပေးပါအုံး။**

ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခွင့် ရှိမရှိဆိုတာ အာဏာရှိသူက အာဏာနဲ့ လုပ်ချင်ရာလုပ်လို့ရတယ်။ တရားတာ၊ မတရားတာ၊ ပြည်သူကြိုက်တာ၊ မကြိုက်တာ၊ လက်ခံတာ၊ လက်မခံတာကတစ်ပိုင်းပေ့ါ။ အခုလည်း သူတို့ကမတရားအာဏာသိမ်း အုပ်ချုပ်နေတာပဲ။ ဥပဒေဆိုတာ အာဏာရှင်ခေတ်မှာ သူတို့ပါးစပ်က ထွက်တာမှန်သမျှ အကုန်အတည်ပဲ။ အာဏာရှင်ကိုမကြိုက်လို့ ပြည်သူအများစုက တော်လှန်နေကြတာ။ သူတို့လက်ဝယ်မှာ အာဏာမရှိတော့ရင် ရွေးကောက်ပွဲမပြောနဲ့၊ ဘာဆိုဘာမှလုပ်လို့ရမှာ မဟုတ်တော့ပါဘူး။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လိုသက်ရောက်မှုရှိလာနိုင်မယ်လို့ ယူဆမိပါသလဲ။**

အတိုဆုံးအနေနဲ့ အနှစ်ချုပ်ပြောရရင် ဘာမှမရှိနိုင်ပါဘူး။ အထက်ကပြောခဲ့သလို သူတို့လည်း သူတို့အလုပ် သူတို့ဆက်လုပ်နေသလို တော်လှန်ရေးဘက်ကလည်း ကိုယ့်ရည်မှန်းချက်ပန်းတိုင်အထိရောက်ဖို့ဆက်လက်တော်လှန်ချီတက်နေဖို့ပဲလိုပါတယ် စုစည်းညီညွတ်စွာနဲ့ တော်လှန်တပ်ပေါင်းစုကြီးဖွဲ့ပြီး စစ်ကောင်စီကို တိုက်နိုင်ရင် ပန်းတိုင်ကို မြန်မြန်ရောက်ပါမယ် အာဏာရှင်စနစ်မြန်မြန်ကျဆုံးပါမယ်လို့ ယူဆပါတယ်။

**အယ်ဒီတာအဖွဲ့**

## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

Justice Naw (ကချင်တိုင်းရင်းသားလူငယ်)



**၁။ စစ်ကောင်စီက ကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လူငယ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

စစ်ကောင်စီက ကျင်ပချင်နေတဲ့ ရွေးကောက်ပွဲအပေါ်အမြင်သဘောထားမှာ

- ပထမအချက်အနေဖြင့် မဲခိုးမှုရှိသည့်အတွက် စစ်တပ်က အာဏာသိမ်းသော်လည်း မဲခိုးမှုရှိကြောင်း သက်သေပြနိုင်မှုမရှိဘဲ ပြည်သူများ၏ ဆန္ဒမဲများကို မထီမဲ့မြင်ပြုလုပ်စေခဲ့ပြီး လက်ရှိအချိန်တွင် ရွေးကောက်ပွဲကျင်းပဖို့ လုပ်ဆောင်နေခြင်းသည် ပြည်သူများကို အရွဲ့တိုက်သကဲ့သို့ဖြစ်နေသည်။
- ပြည်တွင်းတွင်ရှိသည့် နေရာဒေသ အတော်များများကို လက်လွတ်လိုက်ရသည် အတွက် သူတို့၏ အာဏာတည်မြဲရေးကို အလျင်အမြန်ဆောင်ရွက်လိုခြင်း
- နိုင်ငံတကာတွင် တရားဝင်မှုရှိကြောင်းကို လက်ဆုတ်လက်ကိုင်ပြလိုခြင်း
- တရုတ်၏ပြောချက်တွင် "စစ်တပ်အနေဖြင့် တရားဝင်ရွေးကောက်ပွဲဖြင့် အာဏာရယူပြီးမှသာ တရုတ်အနေဖြင့် တရားဝင်ဆက်ဆံမှုပြုမည်" ဟုပြောဆိုချက်ကို အလေးထားဆောင်ရွက်လာနေခြင်း
- နိုင်ငံရေး၊ စစ်ရေးအဖက်ဖက်တွင် ဆုံးရှုံးမှုများလာသည့်အတွက်နောက်ဆုံး နိုင်ငံ ရေးထွက်ပေါက် အနေဖြင့် လုပ်ဆောင်လာခြင်း ဖြစ်သည်ဟု မှတ်ချက်ပြုလိုသည်။

**၂။ စစ်ကောင်စီက ရွေးကောက်ပွဲလုပ်ခွင့် ရှိ၊ မရှိ ဆိုတဲ့အပေါ် အမြင်သဘောထားလေး ပြောပေးပါအုံး။**

စစ်ကောင်စီအနေဖြင့် ရွေးကောက်ပွဲလုပ်ခွင့် မရှိပေ။ သူတို့အသက်ဖြင့် ကာကွယ်စောင့်ရှောက် ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် လိုက်နာဆောင်ရွက်မှု မရှိဘဲ အာဏာသိမ်းခဲ့သည်ကို တွေ့ရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇၊

၄၁၈ အရ အရေးပေါ်ကာလ ကြေညာပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ညှိနှိုင်းမှုဖြင့် သမ္မတမှတဆင့် ကာကွယ်ရေးဦးစီးချုပ်မှ အာဏာရယူခဲ့ခြင်းမျိုးမရှိပေ။ ထို့ကြောင့် စစ်ကောင်စီသည် တရားမဝင်အစိုးရသာဖြစ်သည်။ ထိုသို့တရားမဝင်အစိုးရအနေဖြင့် ရွေးကောက်ပွဲ ကျင်းပမှုသည် ကမ္ဘာပေါ်တွင်မည်သည့်နိုင်ငံတွင်မှမရှိပေ။ ထို့အပြင် စစ်ကောင်စီအနေဖြင့် လက်တွေ့ကျင့်သုံးနေ သေးသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုလျှင် ပုဒ်မ ၄၂၆ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အားနိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေသည့် အမိန့်ကို ပယ်ဖျက်ပြီးနောက် ပုဒ်မ ၄၂၈၊ ၄၂၉၊ ၄၃၀ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှသာ ရွေးကောက်ပွဲကိုကျင်းပခွင့်ရှိသည်ကိုတွေ့ရသည်။ ၎င်းအချက်သည် စစ်ကောင်စီအနေဖြင့် ရွေးကောက်ပွဲကို မည်သည့်အခြေအနေအောက်တွင်မှ ကျင်းပခွင့် မရှိသည်ကိုတွေ့ရသည်။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လိုသက်ရောက်မှုရှိလာနိုင်မယ်လို့ ယူဆမိပါသလဲ။**

စစ်ကောက်စီအနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့လျှင် နိုင်ငံတကာမှအမြင်ပြောင်းလဲလာနိုင်သည်။ စစ်တပ်၏ မဟာမိတ်နိုင်ငံများအနေဖြင့် စစ်တပ်ကို တရားဝင်အစိုးရအနေဖြင့်သတ်မှတ်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အထွေထွေရွေးကောက်ပွဲ ဖြင့်တက်လာသည့်အစိုးရဖြစ်ကြောင်း ကမ္ဘာတင်ချပြသွားနိုင်သည်။ ထိုသို့ဖြစ်လာပါက တော်လှန်ရေးအစိုးရဟု ခံယူထားသည့် NUC, CRPH, NUCC နှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များတင် သက်ရောက်မှုရှိလာနိုင်သည်။ လက်ရှိအချိန်တွင် တော်လှန်ရေးဖက်နှင့် ဆက်ဆံနေသည့် နိုင်ငံများနှင့် ဆက်ဆံရာတွင် သက်ရောက်မှုရှိနိုင်ခြင်း၊ နိုင်ငံတကာ အကူအညီယူရာတွင် ခက်ခဲမှုပိုမိုရှိလာနိုင်ခြင်း၊ ပြည်တွင်းမှပြည်သူများအနေဖြင့် စစ်ကောင်စီ၏ အုပ်ချုပ်မှုအောက်တွင် ယခုထက် ပို၍လွှမ်းမိုးခံရနိုင်ပြီး စစ်ကောင်စီ၏ ခြိမ်းခြောက်မှုကြောင့် ပြည်သူများအနေဖြင့် ထိန်းချုပ်မှုအောက်တွင်သာရှိသည့်အတွက် တော်လှန်ရေးဘက်သို့ ထောက်ပံ့မှုပေးနိုင်ရန် ခက်ခဲမှုရှိလာနိုင်သည့် သက်ရောက်မှုများရှိလာနိုင်သည်။

**အယ်ဒီတာအဖွဲ့**

## ရွေးကောက်ပွဲက စစ်ကောင်စီရဲ့ နိုင်ငံရေးထွက်ပေါက်လား

Justin (ပြည်မအခြေစိုက်တော်လှန်လှုပ်ယှဉ်)



**၁။ စစ်ကောင်စီကကျင်းပချင်နေတဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်မိသလဲဆိုတာ တော်လှန်လှုပ်ယှဉ်တစ်ဦး အနေနဲ့ မှတ်ချက်ပြုပေးပါအုံး။**

စစ်ကောင်စီဟာ ပြည်သူကအပ်နှင်းပြီး ရွေးချယ်ထားတဲ့ ပြည်သူ့အစိုးရဆီက အာဏာသိမ်းဖို့ ကြိုးစားခဲ့တာဟာ အခုသုံးနှစ်ကို ရှိလာခဲ့ပြီဖြစ်ပေမဲ့ မအောင်မြင်ခဲ့တာ အားလုံးအသိပါပဲ။ သူတို့ရဲ့ နစကာသက်တမ်းကို ဥပဒေနဲ့အညီ မဟုတ်ပဲ ၆ လတစ်ခါ ထပ်ထပ်တိုးသွားခဲ့တာက သက်သေတစ်ခုပါပဲ။ အခုရွေးကောက်ပွဲ ကျင်းပမယ် ဆိုပြီး အရှုံးကနေ ရုန်းထွက်ဖို့ ထွက်ပေါက်ရှာတာထက်အပြင် အဖက်ဖက်က ယိုယွင်းနေတဲ့ တိုင်းပြည်ရဲ့ အခြေနေကိုသူတို့ဘယ်လိုမှ ဖြေရှင်းလို့မရတော့ဘူးဆိုတာရဲ့ အဖြေတစ်ခု လို့ပဲမြင်ပါတယ်။ ရွေးကောက်ပွဲလုပ်ပြီး ကိုယ်လွတ်ရုန်းချင်တာပေါ့။ အရှေ့က အာဏာရှင်တွေရဲ့ စာအုပ်ကြီးလမ်းစဉ်ပါပဲ။

**၂။ စစ်ကောင်စီက ရွေးကောက်လုပ်ခွင့်ရှိ၊ မရှိဆိုတဲ့အပေါ် အမြင်သဘောထားလေး ပြောပေးပါအုံး။**

ရွေးကောက်ပွဲ လုပ်ခွင့်ရှိ၊ မရှိဆိုတာက ကျနော်တို့အတွက် နည်းနည်းတောင် ဟာသဆန်နေတယ်။ စကစက အာဏာသိမ်းတယ်ဆိုတဲ့ ထုတ်ပြန်ချက်တွေ၊ ဖြစ်စဉ်တွေတောင်မှ လုပ်ခွင့်မရှိတဲ့ ဥပဒေပြင်ပအလုပ်တွေနဲ့ လုပ်သွားတာ။ သူတို့လုပ်တာမှန်သမျှ ဘာတခုမှ ဥပဒေနဲ့အညီ မဟုတ်နေဘူး။ ကြားကာလ ရွေးကောက်ပွဲ တစ်ခုပြန်လုပ်မယ်ဆိုရင် လွှတ်တော်ကို တင်ပြ၊ ဥပဒေမူကြမ်းတွေ ရေးဆွဲ၊ တာဝန်ခွဲ၊ မဲခွဲဆုံးဖြတ်ပြီးမှ လုပ်ရတာဖြစ်တယ်။ ဒီ (၃)နှစ်အတွင်း လွှတ်တော်ဆိုတာ ဘယ်နေရာမှာမှ မပါခဲ့ဘူး။ လွှတ်တော်နဲ့ပတ်သက်တာလည်း ဘာတခုမှမလုပ်နိုင်ခဲ့ဘူး။ ဥပဒေတွေသာ စာရွက်ရှိတိုင်း ထုတ်ချင်သလိုထုတ်နေတာ။ အမှန်က အဲဒီဥပဒေတွေ ဖြစ်လာဖို့က လွှတ်တော်ဆုံးဖြတ်ချက်နဲ့အညီ အတည်ပြုရတာ။ ဒါလည်းမလုပ်နိုင်ဘူး။ ရှင်းရှင်း ပြော

ရင်တော့ ဥပဒေမဲ့ရွေးကောက်ပွဲပဲ ဖြစ်လာမှာပါပဲ။ ဝင်ပြိုင်တဲ့ပါတီတွေကလည်း ပြည်သူ မျက်နှာကို မကြည့်ပဲ စစ်တပ်နဲ့ပေါင်းပြီး အကျိုးစီးပွားရှာဖို့ တခုတည်းကလွဲလို့ အခြား ရည်ရွယ်ချက် ရှိပုံမရဘူး။ သူတို့ဒီလိုရွေးကောက်ပွဲကို လုပ်ခွင့်မရှိဘူးဆိုတာတောင် မစ ဉ်ႇးစားနိုင်တဲ့ ဥာဏ်နိမ့်တဲ့ သက်ကြားအိုတွေ လုပ်တဲ့ အတုအယောင် ရွေးကောက်ပွဲ တစ်ခုထက် ပိုမလာနိုင်ပါဘူး။

**၃။ စစ်ကောင်စီက ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ရင် တော်လှန်ရေးအပေါ် ဘယ်လို သက်ရောက်မှုရှိလာနိုင်မယ်လို့ ယူဆမိပါသလဲ။**

စကစက ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ရင်တောင် တော်လှန်ရေးအပေါ် သက်ရောက် မှု ကြီးကြီးမားမားတော့ ဖြစ်မလာနိုင်ပါဘူး တစ်ခုပဲရှိပါတယ်။ တချို့တော့ စဉ်းစားဆင်ခြင်မှု အားနည်းတဲ့သူတွေကတော့ ဒါဟာ ပြုပြင်ပြောင်းလဲမှုလို့ ထင်ပြီး ဘက်ပြောင်းတဲ့ လေသံမျိုးတွေနဲ့ တော်လှန်ရေး လုပ်နေကြတဲ့သူတွေကို ဝေဖန်လာနိုင် ကြပါလိမ့်မယ်။ တချို့ကတော့ အာဆီယံနိုင်ငံတွေကလည်း သူတို့ကို ထောက်ခံသ ယောင် သံပြိုင်ဟစ်လာကြနိုင်ပါတယ်။ တော်လှန်ရေးဖက်က ခံယူချက်ကတော့ ရှင်းပါ တယ်။ ဒီတော်လှန်ရေးဟာ အောင်မြင်မှုပန်းတိုင်ကို မြင်နေရပြီဖြစ်တဲ့အတွက် အဆုံးထိ ဆက်သွားကြမှာပါပဲ။ နိုင်ငံတော်ပုန်ကန်မှုကို ကျူးလွန်ထားတဲ့ ရာဇဝတ်သားတွေ ကျင်းပတဲ့ အမည်ခံရွေးကောက်ပွဲကိုတော့ အသိအမှတ်ပြုစရာ အကြောင်းကို မရှိသလို အဲဒီရာဇဝတ်သားတွေကို နိုင်ငံတကာစစ်ခုံရုံးကိုတင်ပြီး ကျူးလွန်ခဲ့သမျှကို အရေးယူနိုင် ဖို့ လုပ်သွားမှာပဲဖြစ်ပါတယ်။ ဒါမှသာ တော်လှန်ရေးကာလအတွင်း ပေးဆပ်ခဲ့ရတဲ့ ဘဝ တွေအတွက် တူညီတဲ့တရားမျှတမှုရမှာပါ။ သူတို့ရဲ့ ရွေးကောက်ပွဲအတုအယောင်အပေါ် မှာ ဒီလိုပဲကျတော်တို့အနေနဲ့ခံယူပါတယ်။

**အယ်ဒီတာအဖွဲ့**